ခက်ဇော်

WHISPER OF WORDS

Ebook မှတ်တမ်း

ဆရာ ခက်ဇော် ၏ Facebook စာမျက်နှာ မှ စာယူ၍

Whisper Of Words မှ Ebook ပြုလုပ်ပါသည်။

Whisper Of Words

mm-lib.com

ရှာလမ်း

ခက်ဇော်

အပိုင်း(၁)

ညနေ ငါးနာရီ ဆို ဒီလမ်းကလေးဟာ မှောင်ခြည်သန်းပါပြီ။

ရိုးချောင်းလေးတစ်ဖက်မှာ ပေါက်နေတဲ့ သစ်ပင်ကြီးတွေဟာ လမ်းကလေးပေါ် ကျရောက်မယ့် ဝင်လက်စ နေရောင်ခြည်ကို ကွယ်ပေးလိုက်ကြပါတယ်။

လမ်းကလေးရဲ့ ဒီမှာတဖက်ခြမ်း လယ်ကွင်းတွေဆီက လေနုအေးရဲ့ ရနံ့လည်းရပြီ။

ကျွန်တော်ဟာ သစ်ပင်ရိပ်ကောင်းတဲ့ လမ်းကွေ့လေးတစ်ခုဆီမှာ စကော်ပီ ဆိုင်ကယ်ကို ထိုးရပ်လိုက်တယ်။

ဆိုင်ကယ်ရပ်ရပ်ခြင်းပဲ ကျွန်တော့်ရဲ့ ခွေးကလေး ကီးဟာ လွှားခနဲ ပြေးဆင်းတယ်။ ကွန်ကရစ်လမ်းနဲ့ ရိုးချောင်းအစပ် ခြုံပုတ်ဘေးမှာ ခန္ဓာကိုယ်ကို သုံးလေးပတ် ပတ်ပြီးတာနဲ့ အီအီးပါပါတယ်။

အဲ့ဒီအချိန် ကျွန်တော်ကတော့ ကီး နဲ့ ခပ်လှမ်းလှမ်းမှာ လမ်းလျှောက်နေပါပြီ။

လေးလံမှုကို စွန့်ထုတ်ပြီးတဲ့ ကီးလေးဟာ ကျွန်တော့်နောက်ကို အသားကုန်ပြေးလိုက်လာပြီ...ကျွန်တော်နဲ့အတူ လမ်းလျှောက်ပါတယ်။

ဒါက ကျွန်တော်နဲ့ ကီးရဲ့ ညနေတိုင်း လမ်းလျှောက်တဲ့ အစီအစဉ်ပါ။

ကျွန်တော်နေတဲ့ ဘန်တဝမ်ရွာလေးနဲ့ စံပဝမ် ရွာကို ချိတ်ဆက်ထားတဲ့ ဒီလမ်းကလေးဟာ ရိုးချောင်းကလေးတစ်ခုနဲ့ လယ်ကွင်းတွေချည်းရှိတာမို့ လူအတော်ရှင်းပါတယ်။

ဟိုးဘက်မှာလည်း နောက်ထပ် ရွာချင်းဆက် လမ်းမကြီးတစ်ခုရှိတာမို့ ဒီလမ်း ကိုတော့ လူတွေ သိပ်မသုံးကြတဲ့ပုံပါပဲ။

လမ်းဘေးဝဲယာလည်း လူနေအိမ်မရှိပဲ၊ ရိုးချောင်းတစ်ခုရယ်၊ အင်းတွေရယ်၊ ဥယျာဉ်ခြံတွေရယ်၊ လယ်ကွင်းတွေရယ်ပဲရှိပါတယ်။

ဥယျာဉ်ခြံတွေဆိုတာကလည်း လိုင်နိသီး ၊ လေချူသီး၊ ကြို့သီး၊ သမင်မျက်လုံး ဘာလာဘလာ ဗမာလို မျိုးစုံခေါ်နေတဲ့ လိုင်ချီးနဲ့ဆင်တူတဲ့

အသီးတွေချည်းစိုက်ထားတာပါ။

အဲ့ဒီစိုက်ခင်းတွေကလည်း တနွေလုံး ၊ တမိုးလုံးပစ်ထားပြီး မိုးအကုန် ဆောင်းအကူးမှ အလုပ်သမားတွေနဲ့ အသီးဆွတ်လေ့ရှိပါတယ်။

ဒီတော့ သာမန်အားဖြင့် ဒီလိုရာသီမှာ ဥယျာဉ်အများစုဟာ တဲအလွတ်တွေသာရှိပြီး လူရှိနေလေ့မရှိပါဘူး။

ရိုးချောင်းရဲ့အဖျား တဖက်ခြမ်းက အင်းလိုလို ကန်လိုလို ရေပြင်ကြီးဘေးမှာတော့ အမြဲတမ်း ငါးမျှားနေတတ်တဲ့ ငါးမျှားသမားသုံးယောက် အမြဲတမ်းရှိပါတယ်။

သူတို့သုံးယောက်ဟာ ငါးမျှားတဲ့သူက မျှား၊ ကန်ဘေးက ကုက္ကိုရုံပင်ရိပ်မှာ မီးဖိုပြီး ငါးတွေကို တံ့စို့ထိုးပြီး ကင်တဲ့သူက ကင်၊ တချက်တချက် အရက်မူးတဲ့ လေသံတွေနဲ့ ဗလုံးဗထွေး ပြောသံလည်းကြားရတတ်ပါတယ်။

သူတို့နဲ့ ကျွန်တော်လျှောက်နေတဲ့ လမ်းကလေးကြား ရိုးကို ဖြတ်ထိုးထားတဲ့ ဝါးတံတားလေးပဲ ခြားတယ်။

ဒါပေမယ့် သူတို့အသံတွေက ဟိုးအဝေးကြီးက လာတဲ့အသံတွေလိုမျိုးပဲ။ ကျွန်တော်လည်း ထိုင်းဘာသာစကားနားမလည်တော့ သူတို့ပြောတာတွေ နားမလည်ပါဘူး။

လမ်းလေးအတိုင်း သူတို့ဘေးက ကျွန်တော်ဖြတ်သွားတဲ့အခါတိုင်းလည်း ကျွန်တော့်ကို တချက်တောင် အဖက်လုပ်မကြည့်ကြပါဘူး။

နေ့တိုင်းသူတို့လုပ်မြဲ အလုပ်ကို လုပ်နေကြတာပဲ။ ဒီကန်ကြီးကို အမှီပြုပြီး တံငါလုပ်စားနေကြတဲ့ ခြေသလုံးအိမ်တိုင်တွေထင်ပါရဲ့။

ဒီလူတစုက လွဲလို့ လမ်းကလေးဟာ အတော်လေး အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်ရှိပါတယ်။

ညနေငါးနာရီခွဲဆိုရင်တော့...ဘေးတွဲဆိုင်ကယ်တစ်စီးနဲ့အတူ အဘိုးပြုံးတို့ သားအဖ ဒီလမ်းလေးအတိုင်း ပြန်လာကြပါပြီ။

အဘိုးပြုံး ဆိုတာ ကျွန်တော့်ကို တွေ့တိုင်း အမြဲ ပြုံးပြတတ်လို့ ကျွန်တော့်ဟာ ကျွန်တော် ပေးထားတဲ့နာမည်ပါ။

အဘိုးပြုံးရဲ့ ဘေးတွဲဆိုင်ကယ်ရှေ့မှာ အားနဲ့မာန်နဲ့ ပြေးနေတာကတော့ သူ့ရဲ့သား "ထိုဆမ်" ပါပဲ။

"ထိုဆမ်" ဆိုတာ အဖိုးပြုံးရဲ့ အိမ်မွေးခွေးလေးပါ။

တိတ်ဆိတ်နေတဲ့ ညနေခင်းထဲမှာ အဘိုးပြုံးနဲ့ "ထိုဆမ်" တို့ သားအဖဟာ ကျွန်တော်တို့ ဘေးက ဖြတ်သွားလေ့ရှိပါတယ်။

တခါတရံလည်း ထိုဆင်က အဘိုးပြုံးရဲ့ ဘေးကပြေးလိုက်လို့၊ တခါတရံလည်း အဘိုးပြုံးရဲ့ BSA အမျိုးအစားရှေးဟောင်းဆိုင်ကယ်ရဲ့ ဘေးတွဲပေါ်မှာ "ထိုဆမ်" က လျှာလေး တစ်လစ်နဲ့ လိုက်ပါလို့။

"ထိုဆမ်" ဟာ ပုပု ရှည်မျောမျော ခန္ဓာကိုယ်၊ နှုတ်သီး ချွန်ချွန် လုံးလုံး နဲ့

နားရွက်ဖားဖားကြီး တွေ ရှိပြီး ဘာအမျိုးအစားလဲတော့ ကျွန်တော်လည်း သေချာမသိပါဘူး။

အဘိုးပြုံးရဲ့ ဘေးတွဲဆိုင်ကယ်ကြီးပေါ်မှာတော့ ဖိနပ်ချုပ်တဲ့ အပ်တွေ၊ ကြိုးတွေ၊ သားရည်ဖိနပ်၊စစ်ဖိနပ် အဟောင်းတွေ ပါလာတတ်တာ သတိထားမိပါတယ်။

အဘိုးပြုံးဟာ ဒီနားက ဈေးတခုခုမှာ ဖိနပ်ချုပ်တဲ့အလုပ်လုပ်ပုံပဲ။ ဒီလိုခေတ်ကြီးထဲ ဒီလိုနိုင်ငံမျိုးမှာ တော့ အတော်ရှားပါးနေပြီဖြစ်တဲ့ အသက်မွေးဝမ်းကြောင်းပါ။

အဘိုးပြုံး ဟာ ကျွန်တော့်ဘေးက ဖြတ်သွားတိုင်း "ထိုဆမ်" "ထိုဆမ်" ဆိုပြီး သူ့ ခွေးကလေးနာမည်ကို ခေါ်ခေါ်သွားတတ်ပါတယ်။

ဒါနဲ့ပဲ..အဘိုးပြုံးနာမည် ကို ကျွန်တော်မသိပေမယ့်..ထိုဆမ် ကိုတော့ သိနေရခြင်းပါ။

ကီးကတော့ ထိုဆမ် တို့သားအဖ အဝေးက လာတာမြင်တိုင်း တဝုတ်ဝုတ် ထိုးဟောင်တော့တာပဲ။

အဲ..သူတို့ ကျွန်တော်တို့နား ရောက်ချိန်ဆိုရင်တော့ အမြီးကုပ်သွားလေ့ရှိတယ်။

သူ့ထက် အကောင်ပိုကြီးတဲ့ "ထိုဆမ်" ကို ကြောက်တာထင်ပါတယ်။

အဘိုးပြုံးနဲ့ "ထိုဆမ်" ဟာ ကျွန်တော်တို့ကို ကျော်သွားပြီးရင်..အင်းကြီးရဲ့ နဘေးက ဥယျာဉ်ခြံလေးထဲ ဆိုင်ကယ်ကို မောင်းဝင်သွားကြတယ်။

ဥယျာဉ်ခြံ ကလေးထဲက တဲတစ်တဲမှာ သူတို့နေကြတယ် ထင်ပါရဲ့။

အဘိုးပြုံးတို့သားအဖ ပြန်လာပြီးပြီဆို နေလည်းဝင်ပြီမို့ ကျွန်တော်လည်း ကီးကို ဆိုင်ကယ်ပေါ်တင်ပြီး အိမ်ပြန်လာတော့တာပါပဲ။

ဒီနေ့ ညနေဟာ ထူးဆန်းနေပါတယ်။

အဘိုးပြုံး ဟာ ဘေးတွဲဆိုင်ကယ်ကို မောင်းလာပေမယ့် အရင်လို ပြုံးမနေဘူး။

သူ့မျက်နှာဟာ စိုးရိမ်မှုတွေ၊ သောကတွေနဲ့ လွှမ်းနေတယ်။

"ထိုဆမ်" "ထိုဆမ်"

အဘိုးပြုံးရဲ့ ပါးစပ်က ထိုဆမ် ရဲ့ နာမည်ကို တကြော်ကြော် ရေရွတ်နေတယ်။

ထိုဆမ်လေး တခုခုဖြစ်သွားတာလား။ ဒါမှ မဟုတ် ပျောက်သွားတာလား။

ကျွန်တော် အဘိုးပြုံးကို တခုခုမေးဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် မေးရအောင်လည်း သူတို့ဘာသာစကားကို ကျွန်တော်မတတ်ဘူး။

အင်္ဂလိပ်လို မေးကြည့်လို့ရနိုင်ကောင်းပေမယ့် အဘိုးပြုံးဟာ ကျွန်တော့်ကို မရှိတဲ့လူတစ်ယောက်လို သဘောထားပြီး ဆိုင်ကယ်နဲ့ ကျော်သွားခဲ့ပါပြီ။

ကီးကတော့ သိတဲ့အတိုင်း။ "ထိုဆမ်" မပါပေမယ့် အရင်လို ထိုးဟောင်မြဲ၊ အနားရောက်ရင် အမြီးကုပ်မြဲ။

ကျွန်တော်လည်း ပဟေဠိများစွာနဲ့..အိမ်ကို ဆိုင်ကယ်မောင်းပြန်လာခဲ့လိုက်တယ်။

စိတ်ထဲတော့...အဘိုးပြုံး ရဲ့ ထိုဆမ်လေး ကို ပြန်တွေ့ပါစေလို့ ဆုတောင်းနေမိ။

နောက်တနေ့ ညနေဟာ ပိုထူးဆန်းနေတယ်။

အင်းကြီးနားက ဖြတ်သွားတဲ့အခါ ငါးဖမ်းသမားသုံးယောက်ဟာ အရင်ကထက် ပိုမှုးနေကြသလိုပဲ။

ငါးမျှားမနေကြတော့ပဲ..မီးဖိုထားလေ့ရှိတဲ့ ကုက္ကိုရ်ပင်အောက်မှာ သုံးယောက်လုံး ဝိုင်းအုံနေကြတယ်။ အသံတွေကလည်း ပိုပိုကျယ်လာကြသလိုပဲ။ ဒေါသတကြီးနဲ့ ဗလုံးဗထွေး ပြောနေကြတဲ့ အသံတွေ။

ကျွန်တော်လည်း သူတို့ရဲ့ အသံတွေကြောင့် ကိုယ့်ကိုယ်ပါ ပြဿနာရှာမှာစိုးတာနဲ့ ကီးကို ခေါ်ပြီး နောက်ပြန်လှည့်လာလိုက်တယ်။

အဘိုးပြုံး ဟာ ကျွန်တော့် ဘေးက ဆိုင်ကယ်မောင်းပြီး ဖြတ်သွားပြန်တယ်။

ဒီတခါမှာတော့ အဘိုးပြုံးရဲ့ မျက်လုံးတွေဟာ မှိုမောက်နီရဲပြီး ရီဝေနေပါတယ်။

သူ့မျက်နှာပေါ် အမြဲရှိနေတတ်တဲ့ အပြုံးကတော့ ရှိနေဆဲပါ။ ဒါပေမယ့် သူ့ အပြုံးဟာ အရင်နေ့တွေကလို လွတ်လပ်မနေတော့ဘူးလို့ ကျွန်တော် ခံစားရတယ်။

နာနာကျင်ကျင် ပြုံးတာမျိုး။ သိမ်သိမ်ငယ်ငယ်ပြုံးတာမျိုး။ အဲ့ဒီလိုဗျာ...အခိပ္ပါယ်တခုခုကို ကိုယ်စားပြုတဲ့ အပြုံးမျိုး။

သူ့မျက်လုံးတွေဟာလည်း မနေ့ကလို လမ်းဘေးဝဲယာကို ရှာနေတာမျိုးမရှိတော့ဘူး။ ပါးစပ်ကလည်း "ထိုဆမ်" နာမည်ကို အော်ခေါ်မနေတော့ဘူး။

ရှေ့တည့်တည့်ကို ငူငူကြီးကြည့်ပြီး ကျွန်တော့်ဘေးကနေ ဆိုင်ကယ်ကို ဖြတ်မောင်းသွားတယ်။

သေချာပါပြီ။

"ထိုဆမ်" တခုခု ဖြစ်သွားပြီ။

အဲ့ဒီညက တညလုံး ကျွန်တော် အိပ်မပျော်။ ထိုဆမ် ဘာဖြစ်သွားတာလဲ။

သေသွားတာလား။ ကျန်းကျန်းမာမာပြေးလွှားနေတဲ့ ခွေးကလေးက ဘာလို့ ရုတ်တရက်ကြီး သေသွားရတာလဲ။

ပြီးတော့ အသက် ၇၀ လောက်ရှိနိုင်တဲ့ အဘိုးပြုံး ဟာ မိသားစုရှိဟန်မတူဘူး။

တကယ်လို့ ထိုဆမ် နဲ့ သူ ဟာ နှစ်ယောက်တဘဝ မိသားစုလိုနေကြတဲ့..သခင်နဲ့ခွေးလေး ဖြစ်ခဲ့ရင်။

ထိုဆမ် ရုတ်တရက် တခုခုဖြစ်သွားတဲ့အခါ အဘိုးပြုံး ဘယ်လောက်ခံစားရလိုက်မလဲ။

မနက်ဖြန်ညနေတော့ အဘိုးပြုံးကို ကျွန်တော် ရအောင်တားပြီး တခုခု မေးကြည့်မှပါ။

တကယ်လို့ ထိုဆမ်လေး တခုခုဖြစ်သွားတယ်ဆို..သူ့ကို ကျွန်တော် နှစ်သိမ့်ပေးရမယ်။

ဒီညနေ ၊ ဒီလမ်းမှာ ဒီအချိန်ဆို တွေ့နေကျ လူတွေကြားက သံယောဇဉ်ပေါ့။

ညနေလမ်းဟာ တဖြည်းဖြည်း မှောင်အီလာပြီ။

အမှောင်နှင့်အတူ လယ်ကွင်းဘက်ဆီက ဖြုတ်လိုလို ခြင်လိုလိုကောင်တွေပါ ထွက်လာနေတယ်။

အဘိုးပြုံး ညနေလမ်းပေါ် ပြန်မလာသေး။

ကျွန်တော် လမ်းလျှောက်ပြီးပြီမို့ ဆိုင်ကယ်ပေါ်ထိုင်ရင်း စောင့်နေသည်မှာ တစ်နာရီပင်ရှိလုပြီ။

ဒီနေ့ ညနေက အတော်လေး စိတ်ရှုပ်စရာ။

အင်းဘေးတွင် အလုပ်ရှုပ်နေကျ ငါးမျှားသမားသုံးယောက်ကိုလည်း မတွေ့ရ။

အခုချိန်ထိ အဘိုးပြုံး လည်း ပေါ်မလာသေး။

ဘာတွေဖြစ်နေကြတာလဲ။

ခါတိုင်း တွေ့နေကျ မြင်ကွင်း၊ တွေ့နေကျလူများကို ဒီညနေလမ်း တွင် မတွေ့ရသည်က ကျွန်တော့်အတွက် တခုခု လိုအပ်နေသလို။ တခုခု မှားယွင်းနေသလိုပဲ။

လမ်းက ပို မှောင်မဲလာတယ်။

လူနေအိမ်မရှိတာမို့ လမ်းမီးလည်း မရှိ။

လယ်ကွင်းထဲက ပုဇဉ်းရင်ကွဲလိုလို ပုရစ်လိုလို အကောင်တွေရဲ့ အသံ က လွှဲလို့ တိတ်သည်ထက် တိတ်ဆိတ်လာနေတယ်။

အဘိုးပြုံး တခုခုများဖြစ်နေလား။ ဥယျာဉ်ခြံထဲက သူ့တဲလေးထဲ နေထိုင်မကောင်းများဖြစ်နေရင် ဒုက္ခပါပဲ။

ထိုဆမ် မရှိလို့ စိတ်ထိခိုက်ပြီး အိပ်ရာထဲ လဲနေပြီလား။

ငါ သူဝင်ဝင်သွားတဲ့ ဥယျာဉ်ခြံထဲ လိုက်သွားကြည့်ရမလား။

လမ်းမှာ ဒီတိုင်း မျက်မှန်းတမ်းမိရုံကလွဲလို့ သူနဲ့ငါ ဘာ ပတ်သက်မှု၊ ရင်းနှီးမှုမှလည်း ရှိတာမဟုတ်။

ငါ လိုက်သွားလို့ အဆင်ပြေပါ့မလား။

ဟိုငါးဖမ်းသမား ငမူးတွေကရော..ဘယ်ရောက်နေကြတုန်း။

ငါနဲ့ မဆိုင်ပါဘူးလေ။

ဘယ်နှယ့်လမ်းမှာတွေ့တဲ့ လူတွေကို ငါက ဘာကိစ္စ လိုက်စိတ်ပူနေတာတုန်း။

သူတို့လည်း သူတို့ဘဝနဲ့သူတို့။ ငါလည်း ငါ့ဘဝနဲ့ငါ။

ပြီးတော့ ဒီမှာ ငါက နိုင်ငံခြားသား။ ဧည့်သည်က ဧည့်သည်လိုပဲ နေသင့်တာပဲ။

ကီးကတော့ လမ်းလျှောက်ကြိုး ချည်ထားလျက်ကနေ ဆိုင်ကယ်ခြေနင်းပေါ် ထိုင်ရင်း မပြန်သေးဘူးလားဆိုတဲ့ ပုံနဲ့ ကျွန်တော့်ကို မော့ကြည့်နေလေရဲ့။

အင်း..သူလည်း ဗိုက်ဆာနေလောက်ပြီပဲ။

ကျွန်တော် စိတ်လျှော့ပြီး ဆိုင်ကယ်ကို စက်နှိုးလိုက်တယ်။

ကြိုးချည်ထားတဲ့ ကီးဟာ ရုတ်တရက် ဝုတ်ခနဲ ထိုးဟောင်ရင်း တအီအီနဲ့ အမြီးကုတ်သွားတယ်။

"ဟာ...ထိုဆမ်"

ကျွန်တော်ဆိုင်ကယ်ရဲ့ ရှေ့မီးကြီး အလင်းရောင်ကနေ ထိုဆမ် ဟာ ဖြတ်ပြေးသွားတယ်။

ဟုတ်တယ်။ ညနေတိုင်း ကျွန်တော်မြင်ခဲ့ရတဲ့ ပြေးပုံမျိုးပါပဲ။

နားရွက်ဖားဖား၊ နှုတ်သီးချွန်ချွန်၊ ဒါ ထိုဆမ်မှ ထိုဆမ်။ သေချာတယ်။

ကျွန်တော် ဆိုင်ကယ်ကို ပြန်ကွေ့ပြီး ထိုဆမ် နောက်ကို လိုက်တယ်။

ဆိုင်ကယ် မီးရောင်အောက်မှာ ထိုဆမ် ဟာ ရိပ်ခနဲ..ရိပ်ခနဲ ရှေ့က ပြေးနေတယ်။

ကျွန်တော် အရှိန်တင်ရင် ထိုဆမ် က လိုက်တင်တယ်။

ဟော့...ဝါးတံတားကို ဖြတ်ပြီး အင်းဘက်ကို ကူးသွားပြီ။ ကုက္ကိုရုံပင်မှောင်ရိပ်အောက်မှာ ထိုဆမ် ပျောက်သွားတယ်။

ကျွန်တော် က ကီးရဲ့ သိုင်းကြိုးကို ဆိုင်ကယ်လက်ကိုင်မှာ သေချာချည်လိုက်တယ်။

"ကီးရေ...ဒီမှာ ခဏနေခဲ့နော်"

ဆိုင်ကယ်စက်ကို ရပ်လိုက်တဲ့အချိန်...ပတ်ဝန်းကျင်တခုလုံး မှောင်မဲသွားတာပဲ။

ငါ လှည့်ပြန်ရကောင်းမလား။ ကျွန်တော်ချီတုံချတုံဖြစ်နေတယ်။

မျက်စိထဲ အဘိုးပြုံးရဲ့ ရီဝေကြေကွဲနေတဲ့ မျက်နှာကို ပြန်မြင်ယောင်လာတယ်။ ထိုဆမ်ကိုသာ ပြန်တွေ့ရင် သူဘယ်လောက် ဝမ်းသာလိမ့်မလဲ။

ဘောင်းဘီအိတ်ထဲက ဖုန်းကို အမြန်ထုတ် ၊ ဖုန်းမီးကို ဖွင့်လိုက်တယ်။

အဲ့ဒီတော့မှ ပတ်ဝန်းကျင်ကို ကျွန်တော်သတိထားမိလိုက်တာ။

ကုက္ကိုရုံပင်အုပ်အုပ်ဟာ အင်းရေပြင်ဘက်ကို ကိုင်းကျနေပုံက လူဘီလူးကြီးတစ်ယောက်ငုတ်တုတ်ထိုင်နေသလိုပဲ။

ဝါးတံတားရဲ့ တဖက်ကို မီးထိုးကြည့်လိုက်တယ်။

"ထိုဆမ်...ထိုဆမ်...ထိုဆမ်"

ကျွန်တော် အော်ခေါ်ကြည့်တယ်။

ကန်ရေထဲက ငါးတကောင် ပွက်လိုက်တဲ့ အသံကလွဲလို့ ဘာမှ မကြားရဘူး။

"ထိုဆမ်..ထိုဆမ်..ထိုဆမ်"

ခပ်တိုးတိုးအော်ခေါ်ရင်း ဝါးတံတားပေါ် ကျွန်တော် တက်လိုက်တယ်။

"ကျွီ"

ခနော်နီခနော်နဲ့ ဝါးတံတားရဲ့ အသံက အခုမှ ကြောက်စရာလာကောင်းနေပါလေရော။

ဝါးတံတားရဲ့ အလယ်ရောက်တော့ ကျွန်တော် ခဏ အံ့သြမှင်သက်သွားတယ်။

ဖုန်းမီးရောင်အောက်မှာ ကုက္ကိုရုံပင်ရင်း မြေပြင်ဟာ ရှင်းလင်းနေတယ်။ အရင်ကဆို ကျွန်တော်ဒီဘေးက ဖြတ်သွားတိုင်း ဟိုငါးမျှားသမားသုံးကောင်ရဲ့ မီးဖိုငွေ့ငွေ့နဲ့ ငါးကင်တဲ့ ဝါးတံစို့တွေ စိုက်ထားတာ တွေ့နေကျ။

အခုကျ အဲ့ဒီနေရာမှာ ဘာ မီးဖို ဘာပြာမှ မတွေ့။ တံစို့တွေလည်း မရှိ။ ကုက္ကိုရွက်ခြောက်တွေ က လွဲလို့ မီးဖိုထားတဲ့ ဘာခြေရာလက်ရာမှလည်း မတွေ့ရ။

"ဂျွတ်"

ကျွန်တော့် ခြေလှမ်းအချမှာ ဝါးတံတားက ထွက်လာတဲ့ အသံ။ ကျိုးကျသွားရင် ရိုးချောင်းထဲ ပြုတ်ကျမယ်။

ပြီးတော့ မှောင်ကြီးမဲကြီးထဲ။ ဒီနေရာမှာ ဘယ်သူမှလည်း မရှိ။

ငါ ရှေ့ဆက်သွားရမလား။

"ဝုတ်..ဝုတ်..ဝုတ်"

ဆိုင်ကယ်ပေါ်ကျန်ရစ်တဲ့ ကီးရဲ့ အလန့်တကြား ဟောင်သံ။

ကျွန်တော် နောက်ကို ပြန်ကြည့်လိုက်တယ်။

ဟော့...ဟိုဥယျာဉ်ခြံ ဘက်မှာ မီးရောင်သဲ့သဲ့။

ဟုတ်သားပဲ။

အဘိုးပြုံး နဲ့ ထိုဆမ် က ဒီဥယျာဉ်ခြံထဲ ဝင်ဝင်သွားတတ်တာလေ။

ထိုဆမ် က ငါခေါ်လို့မလာပေမယ့်သူ့သခင်အဘိုးပြုံးခေါ်ရင် လာမှာပဲ။

အဘိုးပြုံးဆီသွားပြီး သူ့ခွေးလေးကို အင်းဘက်မှာ တွေ့ထားကြောင်း ငါသွားပြောရမယ်။

ဘာဖြစ်လဲ...ထိုင်းလိုမတတ်လည်း လက်ဟန်ခြေဟန်နဲ့ ချတာပေါ့။

ကျွန်တော် တံတားကို ဆက်မကူးတော့ပဲ..ဆိုင်ကယ်ပေါ်က ကွတ်ကီးကီး ကို တချက် ပွတ်သပ်ပြီး..ဥယျာဉ်ခြံဘက် ခပ်သွက်သွက် ထွက်လာလိုက်တယ်။

အပင်ခပ်အုပ်အုပ်တွေကြား မီးရောင်ကို လှမ်းမြင်နေရတယ်။ မီးက

လျှပ်စစ်မီးအရောင်တော့မဟုတ်။

ရေနံဆီ မီးအိမ်လို ဝါဝါဖျော့ဖျော့။ မှိတ်ချည် မှိတ်တုတ်။

အဘိုးကြီး တယောက်တည်း ဒီလိုမျိုးနေရရှာတာ သိပ်အထီးကျန်မှာပဲ။

"ခပ်ဖုံ.....ခပ်ဖုံကျော့က်..ဆဝါဒီခ..."

ဒီတစ်နှစ်အတွင်း ကျွန်တော်တတ်ထားတဲ့ နှစ်ခုထဲသော ထိုင်းစကားနဲ့ အော်ခေါ်ကြည့်တယ်။

ဘာသံမှ မကြားရ။

ဟော့..မီးရောင်အောက်မှာ သစ်သားနှစ်ထပ်အိမ်တစ်လုံးပါလား။

ကျွန်တော်ထင်ထားတာက ဝါးတဲလေးပဲ ထင်ထားတာ.အခုတော့။

သစ်သားအိမ်ရဲ အပေါ်ထပ်က မှောင်မဲနေပြီး အောက်ထပ်က မီးအလင်းရောင်ထွက်နေတာ။

ကျွန်တော် အိမ်နားကို ကပ်သွားလိုက်တယ်။

ကီးကတော့ အပြင်လမ်းပေါ်မှာ တဝုတ်ဝုတ် ဟောင်နေဆဲ။ အမှောင်ထဲ ကြောက်နေရှာတာနေမှာ။ ဗိုက်လည်းဆာနေလောက်ပြီ။

အဘိုးပြုံးကို သူ့ခွေးလေးကို အင်းဘက်ခြမ်းမှာ တွေ့ကြောင်းပြောပြီး မြန်မြန်ပြန်မှပဲ။

ပတ္တာတစ်ခု ပြုတ်နေတဲ့ တံခါးကို ကျွန်တော် ခပ်ဟဟ တွန်းဖွင့်လိုက်တယ်။

".......''

အဘိုးပြုံးဟာ ကျွန်တော့်ကို ပြုံးပြီးမော့ကြည့်တယ်။ သူ့လက်ထဲမှာလည်း ဖိနပ်ချုပ်တဲ့ အပ်ကြီး က ကြိုးစတန်းလန်း။

သူ့ပေါင်ပေါ်မှာ လူတစ်ယောက်။ ဟင်..ဒါ ဒါ.. ငါးမျှားသမားတွေထဲက တစ်ယောက်ပဲ။

ငါးမျှားသမားရဲ့ နားရွက်နေရာက....ဟာ။

ဒါ..ထိုဆမ်ရဲ့ နားရွက်ဖားဖားတွေ။ ဟုတ်တယ်။

အဘိုးပြုံးဟာ ထိုဆမ်ရဲ့ နားရွက်နဲ့ ငါးမျှားသမားရဲ့ နားနေရာကို ဖိနပ်ချုပ်အပ်ကြီးနဲ့ တွဲချုပ်နေတာပါ။

အဘိုးပြုံးရဲ့ ပေါင်ပေါ်မှာ အသက်ငင်နေတဲ့ ငါးမျှားသမားဟာ နာနာကြင်ကြင်နဲ့ တအုအု အသံပဲ ထွက်နေတယ်။

ဟာ..သူ့ပါးစပ်တွေကိုလည်း အပ်နဲ့ ချုပ်ထားတာပါလား။

တအုအု အသံတွေကြားလို့ ဘေးကို ကျွန်တော်ကြည့်လိုက်မိတယ်။

သံကြိုးနဲ့လည်ပင်းကို ခတ်ခံထားရတဲ့ ငါးမျှားသမားနှစ်ယောက်။ သူတို့ဟာ သွေးရဲရဲ သံရဲရဲ နဲ့ မြေပြင်မှာလဲကျနေတယ်။

တယောက်ဟာ ထိုဆမ်ရဲ့ နှုတ်သီးချွန်ချွန်ကြီးကို နှာခေါင်းမှာ ကပ်ချုပ်ထားတာခံထားရတယ်။

နောက်တစ်ယောက်က သူ့မျက်လုံးတွေနေရာမှာ ခွေးတကောင်ရဲ့ မျက်လုံးအလုံးလိုက်ကြီးတွေကို အပ်တွေနဲ့ မတော်တရော်ကပ်ချုပ်ထားတာ သွေးစေးတွေတောင် ခြောက်လို့။

မြင်ကွင်းကို ကျွန်တော် ကြောင်ပြီး ကြည့်နေမိတယ်။

ဘာတွေလဲ။ ဘာကြီးတွေလဲ။

ကျွန်တော်ကြည့်ဖူးတဲ့ ဟောလီးဝုဒ်ကားတွေထဲကလို လူသားဖျံ၊ လူသားကင်းမြီးကောက်၊ အဲ့ဒီလိုမျိုး သိပ္ပံရူး ရူးနေတဲ့ အဘိုးကြီးက လူတွေကို စမ်းသပ်နေတာလား။ ဒါမျိုးက အပြင်မှာ တကယ်ရှိတာလား။

ဒီလောက် စက်ဆုပ်ပြီးရွံစရာကောင်းတဲ့ မြင်ကွင်းမျိုး ကျွန်တော် တခါမှ မမြင်ဖူးဘူး။

ကြောက်စိတ်ရော ပျို့အန်ချင်စိတ်ပါ ထိန်းမရတော့ဘူး။

ကျွန်တော် သတိဝင်လာချိန်မှာ အမှောင်ထုကြီးထဲ ကျွန်တော်ပြေးနေတာ။

ဖုန်းလည်း ဘယ်နားကျ ကျန်ခဲ့မှန်းမသိတော့ဘူး။

ကီးရဲ့ ဟောင်သံ သဲ့သဲ့ကြားတယ်။

အဲ့ဒီအသံလာရာဘက် ကျွန်တော် မှန်းပြီးပြေးတယ်။

သွေးညှီနံ့တွေ။ ပြီးတော့ ပိုများများလာတဲ့ ခွေးဟောင်သံတွေ။

ပြီးတော့...အဘိုးပြုံးရဲ့ မျက်နှာကြီး။

"ဝုန်း"

အမှောင်ထုကြီးထဲ ကျွန်တော် လဲကျသွားတော့တယ်။

အပိုင်း(၂)

ထိုင်းစကားပြန်ဟာ ကျွန်တော့်ကို ကြောင်ပြီး ကြည့်နေပါတယ်။

မင်းပြောပြတာတွေကို ငါတကယ်ဘာသာပြန်ပေးရမှာလားဆိုတဲ့ အကြည့်မျိုးပေါ့။

"တကယ်ပြောတာ...ညတုန်းက အဲ့ဒီနေရာမှာ လူသတ်မှုဖြစ်သွားခဲ့တာ..ကျွန်တော့် မျက်စိနဲ့ မြင်တယ်...ဟိုးကန်နား ငါးမျှားနေတဲ့ လူသုံးယောက်ကို ဖိနပ်ချုပ်တဲ့ အဘိုးကြီးက သူ့အိမ်အောက်မှာသတ်ထားတာဗျ"

စကားပြန်က ရဲတွေကို ထိုင်းဘာသာစကားနဲ့ ပြောပြလိုက်တယ်။

ထိုင်းရဲတွေလည်း အူလည်လည်ဖြစ်နေကြပုံပဲ။

ညက တညလုံးနီးပါး ကျွန်တော်သတိလစ်သွားခဲ့တာ။

မနက်မိုးလင်းတော့ ရွာလမ်းအတိုင်း ဆိုင်ကယ်နဲ့ ဖြတ်လာတဲ့ စုံတွဲတတွဲက ဥယျာဉ်ခြံရှေ့မှာလဲနေတဲ့ ကျွန်တော့်ကိုတွေ့ပြီး ရဲကို အကြောင်းကြားခဲ့တာတဲ့။

ပထမတော့ လူနာတင်ကားတွေရော၊ ရဲတွေပါရောက်လာပြီး ကျွန်တော့်ကို...ဆေးရုံပို့ဖို့လုပ်ကြသေးတယ်။

ကျွန်တော်ပြန်သတိရလာတော့ ပြင်ပဒဏ်ရာလည်းမတွေ့တာနဲ့ ဆေးရုံမသွားတော့ပဲ ရဲက အကျိုးအကြောင်းမေးနေတာပါ။

ရဲနှစ်ယောက်က ကျွန်တော်ညွှန်ပြတဲ့ ဥယျာဉ်ခြံထဲ ဝင်သွားကြတယ်။

ပြီးတော့ ပြန်လာကြပြီး စကားပြန်ကို တခုခုပြောတယ်။

"မစ္စတာဒေးဗစ်ရိုးမက်စ်....ခင်ဗျား ဝိတွေဘာတွေများ သုံးလား"

စကားပြန်က မေးတာပါ။

"ကျွန်တော်က အရက်ပဲ ကြိုက်တာ..ဝိ မသုံးဘူး..ပြီးတော့ မနေ့ညကလည်း ကျွန်တော် အရက်မသောက်ထားပါဘူး..ဘာဖြစ်လို့လဲ"

"ခင်ဗျား ပြောတဲ့ နေရာမှာ ဘာအိမ်မှ မရှိဘူး....နတ်စင်အဟောင်းတခုပဲ ရှိတယ်တဲ့..ပြီးတော့ ခင်ဗျားပြောတဲ့ အဘိုးကြီးနဲ့ခွေးလေးလည်း ဒီနေရာမှာ

မနေဘူး..ငါးမျှားတဲ့လူတွေကတော့ ဒီကန်နား ရံဖန်ရံခါရှိတတ်တာပဲ.."

"ဟာ...မဟုတ်သေးပါဘူး"

ကျွန်တော် လည်း ညက ဝင်သွားတဲ့လမ်းအတိုင်း ဝင်သွားလိုက်တယ်။

ဘုရားရေ။

တကယ်ဘာမှ မရှိတာဗျာ။

မသုံးတော့တာကြာလို့ ယိုင်နဲ့နေတဲ့ နတ်စင်အဟောင်းတခုပဲ တွေ့ရတယ်။

ခဏနေတော့ ကျွန်တော့်အလုပ်လုပ်နေတဲ့ ခရစ်ယာန်မစ်ရှင်အဖွဲ့က ဌာနေတာဝန်ခံ မစ္စတာ အွန်နာဝပ် ရောက်လာတယ်။

ခုနကပဲ အွန်နာဝပ်ကို ဖုန်းဆက်ပြီး ကျွန်တော့်အိမ်က အထောက်အထားတွေ ယူလာခိုင်းလိုက်တာပါ။ အွန်နာဝပ်ဟာ ဟိုစကားပြန်ထက်စာရင်တော့ အင်္ဂလိပ်စကားကို ပို နားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်တယ်မဟုတ်လား။

အွန်နာဝပ် က ရဲတွေနဲ့ စကားပြောတယ်။ ကျွန်တော့် ရဲ့ ပတ်စ်ပို့တွေ၊ ဗီဇာတွေပြပြီး ကျွန်တော်အလုပ်လုပ်တဲ့ ခရစ်ယာန်မစ်ရှင်နရီအဖွဲ့ အကြောင်း၊ ကျွန်တော်တာဝန်ယူထားတဲ့ ရာထူး၊ အလုပ်အကိုင်က အစ ရှင်းပြနေတယ်။

"မစ္စတာအွန်နာဝပ် ကျွန်တော့်ခွေးလေး ပျောက်သွားတာကိုလည်း သူတို့ကို ပြောပေးပါဦး"

ဟုတ်ပါတယ်။

ညက ဆိုင်ကယ်ပေါ် ကြိုးချည်ထားခဲ့တဲ့ ခွေးကလေး ကီး ဟာ ပျောက်ဆုံးသွားပါပြီ။

ရဲတွေက ကီးနဲ့ ပတ်သက်တဲ့ ပုံသဏ္ဌာန်၊အချက်အလက်ကိုမေးပြီး ပြန်သွားကြပါတယ်။

မပြန်ခင် ခြံထောင့်တနေရာက ရတဲ့ ကျွန်တော့်ဖုန်းကို ပြန်ပေးသွားကြတယ်။

ပြီးတော့ ကျွန်တော့်ကိုလည်း စိတ်မနှံ့တဲ့ လူတစ်ယောက်လိုလည်း ကြည့်သွားကြလေရဲ့။

"ဒေးဗစ်..ခင်ဗျားရဲ့ ဆိုင်ကယ်ကို ရုံးကလူတစ်ယောက်လွှတ်ပြီး ယူခိုင်းလိုက်မယ်...ခင်ဗျားကတော့ ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပေါ့"

ကျွန်တော်လည်း အွန်နာဝပ်ရဲ့ ဖိုးဝိုးကားပေါ်တက်ထိုင်လိုက်တယ်။

"ကျွန်တော် ဘယ်ကို ပို့ ပေးရမလဲ...ဒေးဗစ်..ခင်ဗျားအိမ်ကိုပဲလား"

"ခဏနေဦး...အွန်နာဝပ်...ကီး ကို ဒီနားမှာ ကျွန်တော်ရှာကြည့်ချင်သေးတယ်"

"ဖြစ်ပါ့မလား....ခင်ဗျားနားဖို့လိုတယ်လေ"

"ရတယ်...ကျွန်တော်ဘာမှမဖြစ်ဘူး..ခဏတော့စောင့်ပေးဗျာ"

ကျွန်တော်ကားပေါ်က ဆင်းလိုက်တယ်။

ညက ဆိုင်ကယ်ရပ်ခဲ့တဲ့ နေရာကို ပြန်လျှောက်သွားပြီး ကီး နာမည်ကို အော်ခေါ်ကြည့်တယ်။

ကီး ဟာ ညက မှောင်မှောင်မဲမဲ ကြောက်လန့်ပြီး...ဘေးက ရိုးထဲများ ကျသွားလား။

ဟိုဘက် ကုက္ကိုရုပ်ပင်ရှိတဲ့ အင်းကန်ဘောင်ဆီကိုများ...။

ဟာ။ မဟုတ်သေးပါဘူး။

တံတား။ တံတားက ဘယ်ရောက်သွားတာလဲ။

လွန်ခဲ့တဲ့ တလလုံးလုံး ဒီနေရာမှာ ရှိနေတဲ့ တံတားက ဘယ်ရောက်သွားတာလဲ။

ညကတောင် ဒီတံတားကို ကူးဖို့ ကျွန်တော်ကြိုးစားကြည့်သေးတယ်လေ။

"ဒေးဗစ်..သွားကြရအောင်ဗျာ...ခင်ဗျားနားသင့်ပြီး"

အွန်နဝပ် က ကျွန်တော့်ဘေးနားလာရပ်တယ်။

အွန်နဝပ်နဲ့အတူ အင်္ကျီနွမ်းနွမ်း၊ ဘောင်းဘီတိုနဲ့ ရာဘာဖိနပ်အရှည် ဝတ်ထားတဲ့ လူတစ်ယောက်လည်းပါလာတယ်။

"ဒါ ဟိုးအနောက်က ခြံထဲမှာ နေတဲ့သူပဲ....သူ့ကို ကျွန်တော် ပြောထားပြီးပြီ...ကီး ကိုတွေ့ရင် ကျွန်တော့်ဆီ ဖုန်းဆက်

အကြောင်းကြားပေးဖို့ပါလေ…ကျွန်တော်တို့ ပြန်ကြရအောင်"

အသက်ငါးဆယ်ကျော်လောက်ရှိတဲ့ အရပ်ပုပု လူက ကျွန်တော့်ကို ပြုံးပြတယ်။

"သူ့ကို မေးပေးပါဦး..အွန်နဝပ်..အရင်က.ဒီနေရာမှာ ဝါးတံတားတစ်ခုရှိခဲ့တယ် မဟုတ်လားလို့…ညက အထိတောင်ရှိနေသေးတယ်ဗျာ"

အွန်နဝပ်က ဟိုလူကို ထိုင်းလို မေးလိုက်တယ်။

ဟိုလူက အူကြောင်ကြောင်နဲ့ ခေါင်းခါပြလေရဲ့။

"သူလည်း ဒီဥယျာဉ်ခြံအနောက်မှာနေတာ နှစ်နှစ်ဆယ်ရှိပြီ..ဘာတံတားမှ မရှိပါဘူးတဲ့"

"ဟာ…ရှိပါတယ်ဗျာ…ပြီးခဲ့တဲ့ တလလုံး ကျွန်တော်နဲ့ ကီး လမ်းလျှောက်တိုင်း ဒီတံတားကို မြင်နေကျပဲ..တံတားဟိုဘက်က ကန်ဘောင်မှာ ငါးမျှားနေတဲ့ လူသုံးယောက်လည်း အမြဲရှိတယ်…နောက် ဒီဘက် ဥယျာဉ်ခြံထဲမှာနေတဲ့ အဘိုးကြီးနဲ့ ထိုဆမ် ဆိုတဲ့ ခွေးတကောင်လည်းရှိသေးတယ် "

"ထိုဆမ်"

ကျွန်တော့် ဆီက ထိုဆမ် ဆိုတဲ့ နာမည်ကြားတော့ ဟိုလူက အလန့်တကြားရေရွတ်ပါတယ်။

အွန်နာဝပ် က ကျွန်တော်ပြောတာတွေကို ဘာသာပြန်ပြပါတယ်။

ဟိုလူက ကြောက်လန့်သွားတဲ့ မျက်နှာနဲ့ တခုခုပြောပါတယ်။ ပြီးတော့ ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် ကြည့်ပြီး ကျွန်တော်တို့ အနားက ခပ်သုတ်သုတ်ထွက်သွားပါတော့တယ်။

"သူဘာပြောသွားတာလဲ….အွန်နာဝပ်"

"လာပါဗျာ…ကားပေါ်ရောက်မှ ကျွန်တော်ပြောပြမယ်…ပြန်ကြစို့"

ကျွန်တော်လည်း အွန်နာဝပ်ကို အားနာလာတာနဲ့ ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အွန်နာဝပ်ဟာ ကျွန်တော့်အိမ်ပြန်တဲ့ လမ်းတလျှောက် စကားတခွန်းမှ မပြောပါဘူး။

ကျွန်တော်လည်း စိတ်တွေရှုပ်ထွေးနေတာနဲ့ ဘာမှထပ်မပြောမိတော့ဘူး။

အထူးသဖြင့် ကီး ပျောက်သွားတဲ့ကိစ္စပဲ။

တကယ်တော့ ကီး ဟာ ကျွန်တော်မွေးခဲ့တာမဟုတ်ဘူး။ အရင် ကျွန်တော့်နေရာမှာ လုပ်သွားတဲ့ ဂျပန်အမျိုးသမီး မစ္စဟီနာ ရဲ့ ခွေးကလေး။

မစ္စဟီနာ က အာဖရိက က ဘာကီနာဖာဆိုနိုင်ငံကို ပြောင်းတော့ သူ့နေရာရောက်လာတဲ့ ကျွန်တော့်ကို အကူအညီတောင်းပြီး ကီး ကို စောင့်ရှောက်ဖို့ပေးခဲ့တာ။

အခု မစ္စဟီနာ ကို ကီး ကိစ္စ ကျွန်တော်ဘယ်လိုပြောရမှန်းမသိတော့ဘူး။

ပြီးတော့..ဒီနှစ်ကာလတွေထဲ..ကီး ကို ကျွန်တော်လည်း သံယောဇဉ် တွယ်နေပြီ။

ဟူး။

ကားက အိမ်ရှေ့မှာ ရပ်လိုက်တယ်။

ကျွန်တော်တံခါးဖွင့်ဆင်းဖို့လုပ်တော့ အွန်နာဝပ်က ကျွန်တော့်လက်ကို ဆွဲထားတယ်။

"ဒေးဗစ်..."

"ပြော..အွန်နာဝပ်"

"မင်း သရဲတစ္ဆေကို ယုံလား"

"တခါမှတော့ ငါ မမြင်ဖူးဘူး..ဘာလို့လဲ"

"ခုန လူက ပြောတယ်...မင်းပြောတဲ့ ထိုဆမ် ဆိုတာ ခွေး မဟုတ်ဘူးတဲ့...လွန်ခဲ့တဲ့ နှစ်ခုနှစ်ဆယ်လောက်က ဒီရွာမှာ ရှိခဲ့ဖူးတဲ့ လူတစ်ယောက်နာမည်တဲ့"

"ဘယ်လို"

"ဟုတ်တယ်...ခု ဒီဥယျာဉ်ခြံတွေထဲက နတ်ကွန်းတွေမှာ...ပသတဲ့အခါ ထိုဆမ် ကို ပသကြရတယ်တဲ့..ထိုဆမ် က ဒီနားတဝိုက်ရဲ့ ပူဆွန်ဖာအိုစပ် (Pu Som Fao Sap) ပဲ"

"ဘာလဲ ပူဆွန်ဖာအိုစပ် ဆိုတာ"

"ငါတို့ တောင်ပိုင်း အယုဒ္ဓယမှာတော့ ပူဆွန်ဝိညာဉ်တွေ ကို ယုံကြည်ကြတယ်....အယုဒ္ဓယကို ဗမာတပ်တွေ နောက်ဆုံးအကြိမ် အပြီးသတ်တိုက်ခိုက်တုန်းက ဘုရင်ရဲ့ ရွှေငွေတွေကို မြုပ်နှံထားပြီး အဲ့ဒီနေရာတွေကို စောင့်ရှောက်ဖို့ ကျင်းထဲထည့် စတေးခံရတဲ့ လူတွေရဲ့ ဝိညာဉ်ပေါ့...ပြောရရင် တခုခုကို စွဲလန်းလို့ဖြစ်ဖြစ် ကျိန်စာကြောင့်ပဲ ဖြစ်ဖြစ် စောင့်ရှောက်ပေးနေရတဲ့ ဝိညာဉ်တစ္ဆေတွေပေါ့..ခင်ဗျားလည်း ဗမာသွေးတဝက်ပါနေတာပဲ..ခင်ဗျားအမေကို မေးကြည့်ပေါ့...ထိုင်းတွေရော..ဗမာတွေရောမှာ ဒီလို အယူအဆတွေရှိတတ်တယ်"

"ခင်ဗျားဆိုလိုတာက ကျွန်တော်တွေ့ခဲ့တာတွေက သရဲတွေပေါ့...အဲ့ဒီလိုလား"

"ခင်ဗျားသိသင့်တယ်ထင်လို့ ပြောပြတာပါ....ဒေးဗစ်...မယုံလို့လည်းရပူတယ်..ဒါပေမယ့်..ခရစ်ယာန်မှာရော ဗုဒ္ဓဘာသာမှာရော ဒါမျိုးကိစ္စတွေ ရှိကြတာပဲ.."

အွန်နာဝပ်က ကျွန်တော့်ကို နှုတ်ဆက်ပြီး ကားမောင်းထွက်သွားတယ်။

ကျွန်တော်လည်း အိမ်ထဲဝင်ပြီး ဆိုဖာပေါ် ပစ်လှဲချလိုက်တယ်။

အရင်ကဆို ကျွန်တော်လှဲချလိုက်တာနဲ့ ကီးဟာ ကျွန်တော့်ဗိုက်ပေါ်တက်ပြီး မျက်နှာကို လျှာနဲ့ လျက်နေကျ။

ကီး ဘာမှ မဖြစ်ပါစေနဲ့။

ကျွန်တော် ဝီစကီသောက်ထားတယ်။

မနေ့က ညက ကြုံထားရတဲ့ အဖြစ်အပျက်ရော၊ တနေကုန် စိတ်ရှုပ်တာတွေရော ကြောင့် ဒီနေ့ ခါတိုင်းသောက်နေကျထက် ပိုသောက်မိတယ်ထင်ရဲ့။

ဆိုဖာပေါ်မှာပဲ မှေးခနဲ အိပ်ပျော်သွားတယ်။

"ဝု..ဝု...ဝု...ဝု"

အိမ်ရှေ့က အသံ။ ဒါ ကီး အသံပဲ။

ကီးများပြန်လာတာလား။

ကျွန်တော် ကမန်းကတန်း ထလိုက်တယ်။

အိမ်ရှေ့မှာ မှောင်မဲနေပြီ။

ခြံတံခါးရှေ့မှာ အရိပ်လေးတခု။ ဟုတ်တယ်။ ကီး ပြန်လာပြီ။

ကျွန်တော် ခြံတံခါးရှေ့ ပြေးသွားလိုက်တယ်။

ကီး မရှိတော့ဘူး။ ဘယ်ရောက်သွားတာလဲ။

တံခါးဖွင့်ပြီး အနီးအနားလိုက်ရှာတော့လည်း ဘာမှမတွေ့။

ဘေးအိမ်က ထိုင်းသီချင်းသံ သဲ့သဲ့ကလွဲပြီး ပတ်ဝန်းကျင်က တိတ်ဆိတ်လို့။

"ကီး ရေ....ကီး ရေ"

ကျွန်တော် ခပ်ကျယ်ကျယ်အော်ခေါ်ကြည့်သေးတယ်။ အမှောင်ကလွဲပြီး ဘာမှ မရှိ။

ဟော့..အိမ်ထဲက ဖုန်းမြည်းသံ။

ကျွန်တော် ခြံတံခါးပိတ်ပြီး အိမ်ထဲ ပြန်ဝင်လာလိုက်တယ်။

အွန်နာဝပ် ဆီက ဖုန်း။

ကီး ကိုများ ပြန်တွေ့ပြီလား။

"ဒေးဗစ်....မနက်က ခင်ဗျားပြောတဲ့ ထိုဆမ် အကြောင်း ကျွန်တော် သိလာတာတခုရှိလို့"

"ဘာများလဲ"

"ခင်ဗျားဆီက အပြန် ဘန်တဝမ်ရွာထိပ်က ဝက်သားခေါက်ဆွဲဆိုင်မှာ ကျွန်တော်ဝင်စားရင်း အဲ့ဒီက အဘွားဝမ်နဲ့ စကားစပ်မိတယ်။ ထိုဆမ် ဆိုတဲ့ နာမည်ကို ကျွန်တော် မေးကြည့်လိုက်မိတယ်"

"သူ သိတယ်တဲ့လား"

အွန်နာဝပ် ဟာ ခဏ တိတ်ဆိတ်သွားတယ်။

"ဟုတ်တယ်...ဒေးဗစ်....လွန်ခဲ့တဲ့ နှစ် ခုနှစ်ဆယ်လောက်က ဒီရွာမှာ ကြောက်စရာကောင်းတဲ့ လူသတ်မှုတစ်ခုဖြစ်ခဲ့တယ်.ဒီရွာဆိုတာထက် ခင်ဗျား ညက မေ့လဲကျနေတဲ့ ရွာလမ်းဘက်မှာပဲဆိုပါတော့....လူသုံးယောက် ရက်ရက်စက်စက် အသတ်ခံရတာ....လူသတ်တရားခံက အဘိုးကြီးတစ်ယောက်ပဲ..သူ့နာမည်က

ထိုဆမ် တဲ့"

"ဗျာ"

အပိုင်း(၃)

ကောင်းကင်မှာ စွန်လိုလို သိမ်းငှက်လိုလို သတ္တဝါတွေ ဝဲ နေတယ်။

ခြောက်သွေ့သွေ့လယ်ကွင်းတွေထဲက သူတို့စားလို့ရမယ့် တစ်ခုခုကို ရှာနေကြသလိုပဲ။

ရုံးဆင်းပြီးတာနဲ့ ကျွန်တော် အိမ်ကို မပြန်ဘဲ ဒီရွာလမ်းကို တန်းမောင်းလာလိုက်တာ။

ညက အွန်နာဝပ်နဲ့ ဖုန်းပြောအပြီး ကျွန်တော် တစ်ညလုံး အိပ်မပျော်တော့ဘူး။

သူပြောသလိုဆို ဟိုနေ့က ကျွန်တော်မြင်တဲ့ မြင်ကွင်းက လွန်ခဲ့တဲ့ နှစ်ခုနစ်ဆယ်က လူသတ်မှုတစ်ခုပေါ့။

ခွေးကလေးနာမည်က ထိုဆမ်မဟုတ်ဘူး။ အဘိုးပြုံး လို့ ကျွန်တော်နာမည်ပေးထားတဲ့ ဘိုးတော်နာမည်ကမှ ထိုဆမ် တဲ့။

အွန်နဝပ်အပြောအရဆို အဘိုးကြီးထိုဆမ်က ဟိုငါးဖမ်းသမားသုံးယောက်ကို သတ်လိုက်ပြီး ပျောက်ဆုံးသွားတာတဲ့။

ကျွန်တော်မြင်ခဲ့သလိုပဲ သတ်ပြီးတာတောင် ခွေးကလေးရဲ့ အစိတ်အပိုင်းတွေကို ဟိုလူတွေမျက်နှာမှာ တွဲဆက်ချုပ်ပေးထားခဲ့တာ။

လူတွေကတော့ ငါးဖမ်းသမားတွေဟာ သူချစ်တဲ့ ခွေးလေးကို သတ်လိုက်လို့ ပြန်လက်စားချေတာလို့ ကောက်ချက်ဆွဲကြတယ်။

အဲ့ဒီ ထိုဆမ်ဆိုတဲ့ လူသတ်တရားခံအဘိုးကြီးပျောက်သွားပေမယ့် နှစ်အတန်ကြာတဲ့အထိ အဲ့ဒီရွာလမ်းမှာ အဘိုးကြီးကို ဖြတ်ခနဲ တွေ့လိုက်သူတွေရှိသတဲ့။

ဒါနဲ့ပဲ..အဘိုးကြီးဟာ တစ်နေရာရာမှာသေပြီး ဒီရွာလမ်းမှာပဲ တစ္ဆေလာဖြစ်နေတယ်လို့ ရွာသားတွေက ယုံကြည်လိုက်ကြတော့တယ်။

အထူးသဖြင့် အဲ့ဒီရွာလမ်းဘေး ဥယျာဉ်ခြံက လူတွေက အဘိုးကြီးအတွက် နတ်ကွန်းပါလုပ်ပြီး ပသခဲ့ကြတယ်။

အခုတော့ နှစ်တွေကြာပြီး နတ်ကွန်းတွေလည်း မပြုမပြင်နဲ့ ပြိုပျက်ကုန်ကြပြီ။

ပြဿနာက ပြီးခဲ့တဲ့ တစ်လလုံး ကျွန်တော် ဒီရွာလမ်းမှာ မြင်နေရတာဟာ အဲ့ဒီ လူသတ်မှုဇာတ်လမ်းထဲက ဇာတ်ကောင်တွေဖြစ်နေတာပဲ။

ဘာကိစ္စ သူတို့ကို ကျွန်တော်က မြင်နေရတာလဲ။ ကျွန်တော်က အချိန်ခရီးသွားတွေလို အတိတ်ကို ပြန်ရောက်သွားတာလား။

ဒါမှမဟုတ် စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသလို ပါတီကယ်အမှုန်အမွှားတွေ ပြိုကွဲပြီး အတိတ်က ပုံရိပ်ထင်ကျန်မှုတွေကို ရုပ်ရှင်ကြည့်သလို ကျွန်တော် မြင်နေရတာလား။

အခုရော ဒီနေရာကို ကျွန်တော်ရောက်နေတာ တစ်နာရီလောက်ရှိနေပြီကို ဘာလို့ သူတို့ကို မမြင်ရပြန်တာလဲ။

ဘာဖြစ်ဖြစ် ကျွန်တော် ဒီနေရာကိုအခုလို ပြန်လာတာက ကီး ကို ပြန်ရှာတွေ့နိုးဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ်။

ကီးက ကျွန်တော့်ဆီ ရောက်အောင်ပြန်လာမယ်လို့လည်း ယုံတယ်။

တကယ်တော့ ကျွန်တော့်ရဲ့ အထီးကျန်ဘဝထဲ အဖော်ဆိုလို့ ခွေးကလေး ကီး ပဲ ရှိတာမဟုတ်လား။ ကီးက ကျွန်တော့်ရဲ့ မိသားစုဝင် ဖြစ်နေပြီ။

ဒီထိုင်းနိုင်ငံမှာ ကျွန်တော့်ပရော့ဂျက်ကာလပြီးသွားရင်တောင် ပြောင်းရတဲ့ နိုင်ငံထိ ကီး ကို ခေါ်သွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးသား။

အခုတော့။

စီးကရက်တွေ ဘယ်နှစ်လိပ်သောက်ပြီး ကျွန်တော် တွေးနေမိမှန်းမသိဘူး။ နေတောင် ဝင်တော့မယ်။

ဟော့..ဟိုရေကန်ဘက်မှာ အရိပ်တစ်ခု။

ကျွန်တော် ဆိုင်ကယ်သော့ကိုဖြုတ်ပြီး ရေကန်ရှိရာ ခပ်သုတ်သုတ်လျှောက်လာလိုက်တယ်။

တစ္ဆေတွေ၊ သရဲတွေဆိုတာထက်..တကယ်လို့ ဒီနားမှာနေတဲ့ လူတစ်ယောက်ယောက်ဆိုလည်း ကီး အကြောင်းကို လက်ဟန်ခြေဟန်နဲ့ ဖြစ်ဖြစ် မေးလို့ရတယ်။ အနည်းဆုံးတော့ အွန်နာဝပ်ကို ဖုန်းခေါ်ပြီး

စကားပြောခိုင်းလို့ရတယ်လေ။

ကျွန်တော် ကန်နားကို ရောက်တော့ ရုတ်တရက် အံ့သြစရာမြင်ကွင်းကြောင့် ခဏ မင်တက်မိသွားတယ်။

တံတား။

လမ်းကနေ ကန်ဆီကို ကူးသွားတဲ့တံတား။

တစ်လလုံးလုံး ကျွန်တော်မြင်ခဲ့ရပြီး ဟိုနေ့ကမှ ပျောက်သွားတဲ့ တံတား။

ဥယျာဉ်ခြံအစောင့်က လုံးဝမရှိပါဘူးလို့ ငြင်းထားတဲ့ တံတား။

ကျွန်တော် ဖုန်းကို ထုတ်ပြီး အမြန် ဓာတ်ပုံရိုက်လိုက်တယ်။

ဒီတံတားဟာ တကယ်ရှိကြောင်း အွန်နာဝပ်ကို ပြရမယ်။

တံတားတစ်ဖက်စွန်း ကန်စောင်းမှာတော့ အသက် ၅၀ ကျော် ၆၀ လောက်ရှိမယ့် အဒေါ်ကြီး တစ်ယောက်။ ရေကန်စပ်မှာ ငုတ်တုတ်ထိုင်ပြီး တစ်ခုခုကို ငုံ့ကြည့်နေတယ်။

အနွေးထည်နီညိုရောင်နဲ့ ဆံပင်က တိုတို ။ အောက်ကလည်း ဇင်းမယ်သူတွေဝတ်တဲ့ ထဘီအပွင့် နဲ့။

ကျွန်တော် တံတားကို ကူးဖို့ တက်လိုက်တယ်။ တံတားအလယ်ကို အရောက်မှာ..ရုတ်တရက် ကျွန်တော့်လက်ကို နောက်ကနေ တစ်ယောက်ယောက်က အားနဲ့ ဆောင့်ဆွဲတာ ခံလိုက်ရတယ်။

"ဝုန်း"

အရှိန်နဲ့ မို့ ကျွန်တော် တံတားနောက်ကို လန်ကျသွားတယ်။

"အား..ကျွတ်..ကျွတ်"

ကျွန်တော့် အပေါ် တည့်တည့်ကို ရောက်လာတဲ့ မျက်နှာတစ်ခု။

ပြီးတော့ ကျွန်တော့်ဆီ ကမ်းလာတဲ့ လက်ဖဝါးဖြူဖြူလေးတစ်စုံ။

"ထ.."

သူ့လက်ကို ဆွဲပြီး ကျွန်တော် အားယူထလိုက်တယ်။ နူးနူးအိအိနဲ့ ဝက်စတူးလို အထိအတွေ့ပဲ။ နောက်တော့ လျှပ်စီးတစ်ခု ကျွန်တော့်လက်ထဲ

ကူးယှက်သွားသလိုခံစားချက်။

"မင်း ဘာလုပ်တာလဲ"

"ရှင့်ကို ကယ်လိုက်တာလေ"

သူက အင်္ဂလိပ်စကားကို လေယူလေသိမ်းကောင်းကောင်းနဲ့ ပြန်ဖြေလိုက်တာ။ ဒီထိုင်းမ အီးစကေး ကောင်းသားဟ။

ငယ်ငယ်က ကြည့်ဖူးတဲ့ ဟောင်ကောင်ကားတွေထဲကလို ဆံပင်တိုတိုနဲ့။

စပို့ရှပ်အရောင်ဖျော့ဖျော့ နဲ့ ဂျင်းဘောင်းဘီအပြာကို ယောကျ်ားလျာတစ်ယောက်လို ဝတ်ထားတယ်။

မျက်နှာမှာလည်း မက်စ်ကို တပ်ထားသေး။

"မင်း...က ဘာကို ကယ်တာလဲ..ငါ့ဖာသာ တံတားကို ကူးနေတာလေ"

"ဘယ်မှာလဲ..ရှင့်တံတား"

ကျွန်တော် အနောက်ကို လှည့်ကြည့်လိုက်တယ်။

"ဟာ"

ဘာတံတားမှ ရှိမနေတော့။

ဝင်လက်စနေရောင်အောက်မှာ ကျွန်တော် ပြူးပြဲရှာမိတယ်။

ရိုးချောင်းထဲ စီးနေတဲ့ရေတွေကလွဲပြီး ဘာတံတားမှ ရှိမနေတော့။

"တံတားက ခုလေးတင် ရှိနေတယ်လေ...ဘယ်ရောက်သွားတာလဲ..ဟို မိန်းမကရော...ကန်ဘက်ကို ဘယ်လိုကူးသွားတာလဲ...မယုံရင် မင်း မိန်းမကြီးကို မေးကြည့်"

သူက ခေါင်းကို ခါလိုက်ပါတယ်။

"အဲ့ဒါ ဖိပေါ့ တစ်ကောင်ပဲ.... သူ့ဟာသူ အစာရှာနေတဲ့ ဖိပေါ့ ကို ရှင်သွားမနှောက်ယှက်သင့်ဘူး..."

"ဘာလဲ...ဖိပေါ့ ဆိုတာ"

"ရှင်ပြောတဲ့ မိန်းမကြီးကို ကြည့်လိုက်ပါဦး"

ကျွန်တော် ကန်စပ်ကို လှမ်းကြည့်လိုက်တယ်။ ဘယ်သူမှ မရှိတော့ပါလား။

"ရှင့် လက်ပေး"

ကျွန်တော့်လက်ကို သူ့လက်နဲ့ ရုတ်တရက်ဆွဲကိုင်လိုက်ပါတယ်။

ခုနလို ဝက်စတူးကိုင်ရင်း ခေတ်လိုက်တဲ့ အထိအတွေ့ပဲ။

"ကဲ..ခုန နေရာကို ပြန်ကြည့်လိုက်"

ဟော့..ဟိုမိန်းမကြီး ရှိနေပြန်တယ်။

ကန်ဘေးမှာ ထိုင်နေတဲ့ မိန်းမကြီးဟာ တစ်စုံတစ်ခုကို သူ့ပါးစပ်ထဲ ပလုတ်ပလောင်း ထိုးထည့်နေပါတယ်။

မျက်နှာတစ်ခုလုံးလည်း သွေးတွေ အညစ်အကြေးတွေ ပေပွလို့။

"အား..ဘာလဲဟ"

သေချာကြည့်တော့ အူအခွေလိုက်ကြီး။ သူ့ရှေ့ကန်ရေစပ်မှာက ဗိုက်ဟောင်းလောင်းပွင့်သေနေတဲ့ ကြောင်သေ တစ်ကောင်။ ကြောင်ရဲ့ ကလီစာတွေကို ပလုတ်ပလောင်းစားနေတာ။

သူက ကျွန်တော့်လက်ကို လွှတ်လိုက်တယ်။

မိန်းမကြီးဟာ ကျွန်တော့်မြင်ကွင်းကနေ ချက်ချင်းပျောက်သွားပါရော။

ကျွန်တော် သူ့ကို နားမလည်သလို ကြည့်လိုက်တယ်။

"ကျွန်မနာမည် ကန်ဒီ ပါ…Candy..သကြားလုံးပေါ့"

ကျွန်တော့် စိတ်တွေ မွန်းကျပ်လာတယ်။

"ငါ..ငါ..ခုန တွေ့လိုက်တာ..ဘာကြီးလဲ…ကန်ဒီ"

"သူတို့ကို ထိုင်းလို ဖိပေါ့ (Phi Pop) လို့ ခေါ်ကြတယ်…သူတို့က သတ္တဝါတွေရဲ့ ဝမ်းတွင်းကလီစာတွေကို အစိမ်း စားပြီး ရှင်သန်ကြတဲ့ လူတစ်ပိုင်း၊ မိစ္ဆာတစ်ပိုင်းတွေ..အခုလည်း ကန်ထဲက ငါးကို လာဖမ်းတဲ့ ကြောင်ကို သူ သတ်ပြီး ဗိုက်ဖောက်စားနေတာပဲ…ရှင်သာ ဟိုဘက်ကမ်းကူးသွားရင်တော့.ရှင့်ကို..သူ ဘာလုပ်မယ်ထင်လဲ ."

"သူတို့က လူကိုရော စားလို့လား"

"ဆာလောင်နေတဲ့ ဖိပေါ့ တွေ က လူရော၊ တိရိစ္ဆာန်ရော ဘာမှ ရှောင်လေ့မရှိဘူး"

"ဘာတွေလဲကွာ"

"ရှင် စိတ်တွေ လှုပ်ရှားနေတယ်..မဟုတ်လား..လာ...ဒီနေရာက အမြန်သွားရအောင်..မှောင်လာရင် နောက်ထပ် ပိုစက်ဆုပ်စရာတွေ ဒီနားမှာ အများကြီးပဲ..ရှင့်အတွက် ပိုအန္တရာယ်ရှိတယ်"

ဟုတ်သားပဲ။

အလင်းရောင်ကလည်း ယဲ့ယဲ့ပဲ ကျန်တယ်။ မှောင်စကလည်း ပျိုးပြီ။

"ဟိုဟာ ရှင့်ဆိုင်ကယ် မဟုတ်လား....သွားတော့"

"မင်းကရော"

"ကျွန်မ ဆိုင်ကယ်က ဟိုဘက်မှာ ရပ်ခဲ့တာ"

"မင်းက ဘာလို့ ဒီနေရာကို ရောက်နေတာလဲ...ပြီးတော့...မင်းက .."

"ရှင် သိချင်တာတွေ မနက်ဖန် ကျွန်မ အားလုံးရှင်းပြမယ်..မနက်ဖန် ညနေငါးနာရီ ကျွန်မတို့ ဒီလမ်းမှာပဲ ဆုံကြမယ်"

ကန်ဒီ ဟာ ကျွန်တော့်ကို ပြောပြီးတာနဲ့ ခပ်သွက်သွက်ထွက်သွားပါတော့တယ်။

အမှောင်ထုဟာ ကောင်းကင်တစ်ခုလုံးကို ဖုံးသွားခဲ့ပြီ။

ကန်ဒီဟာ ဘယ်သူလဲ။ ကျွန်တော့်နားကို ရုတ်တရက်ကြီး ဘာလို့ရောက်လာတာလဲ။

ပြီးတော့ ဖိပေါ့။

ကန်ဘက်ခြမ်းကို ကျွန်တော် တစ်ချက်လှမ်းကြည့်ပြီး ဆိုင်ကယ်ဆီ ခပ်သွက်သွက်လျှောက်လာလိုက်တယ်။

ကန်ဘေး က ကုက္ကိုရ်ပင်အိုကြီး ကို လေတိုးတဲ့အသံ တရှဲရှဲက ခပ်တိုးတိုးကျန်ရစ်။

အပိုင်း(၄)

"ဝုတ်..ဝုတ်....ဝုတ်"

ကျွန်တော့်အိမ်ဘေးခြံက ခွေးတွေရဲ့ တစ်ပြိုက်နက်တည်း စူးစူးဝါးဝါး ထိုးဟောင်လိုက်ကြသံ။

သန်းခေါင်ကျော်ပြီးလို့ နာရီပြန် တစ်ချက်တောင် ထိုးနေပြီ။

ဒီခွေးတွေဟာ ယဉ်ပါးနေတဲ့ အိမ်မွေးခွေးတွေမို့ ဒီလိုအချိန်ကြီး တစ်ပြိုင်တည်း ထူးထူးခြားခြား မဟောင်ဘူးကြဘူး။

အရင်ကလည်း ဒီအချိန်ဟောင်တာမျိုးရှိနိုင်တယ်။ ကျွန်တော်ပဲ ဒီအချိန်ဆို အိပ်ပျော်နေလို့ သတိမထားမိတာလားပေါ့။

ဒါမှမဟုတ် ကီး ပြန်လာတာလည်း ဖြစ်နိုင်တာပဲ။

မဖြစ်နိုင်ပါဘူး။ ဟိုတစ်နေ့ညကလည်း ကီး အသံဆိုပြီး ကျွန်တော်ထွက်ကြည့်တာ အရိပ်လိုလို ဘာလိုလိုက လွဲပြီး ဘာမှမရှိဘူး။

ကျွန်တော်ဟာ အရင်တုန်းကတည်းက သရဲ၊ တစ္ဆေဆိုတာကို မယုံကြည်သလို ကြောက်ရမှန်းလည်းမသိပါဘူး။

ကျွန်တော့်အဖေက ခရစ်ယာန်ဘာသာဝင် ဂျာမန်လူမျိုး၊ အမေက ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးပါ။

ဂျာမန်သံရုံး ယဉ်ကျေးမှုအဖွဲ့အစည်းရဲ့ ဓာတ်ပုံဆရာဖြစ်တဲ့ အဖေဟာ ၁၉၈၆ မှာ ရန်ကုန်တက္ကသိုလ်က သမိုင်းကထိက အမေနဲ့ ရန်ကုန်မှာပဲ ဆုံပြီး လက်ထပ်ခဲ့ကြတာပေါ့။

အမေနဲ့အတူ ရှိခဲ့စဉ်ကတော့ အမေပြောပြတဲ့ မြန်မာသရဲ တစ္ဆေ ပုံပြင်တွေ ကျွန်တော် နားထောင်ခဲ့ရတယ်။

သင်္ချိုင်းတွေကို စောင့်ရှောက်တဲ့ မဖဲဝါ တို့၊ လူ့ဘီလူးကြီးတွေကို စေခိုင်းနိုင်တဲ့ သိုက်နန်းရှင်တို့ ဘာတို့ပေါ့။

၁၉၉၆မှာ အဖေနဲ့ အမေ အိမ်ထောင်ကွဲကြတော့ ညီမလေးက အမေနဲ့အတူ မြန်မာပြည်မှာကျန်ခဲ့ပြီး ကျွန်တော်က အဖေနဲ့အတူ ဟမ်းဘတ်ကို ပါလာခဲ့တယ်။

အဲ့ဒီကစလို့ အမေ့ရဲ့ သရဲတစ္ဆေ ဇာတ်လမ်းတွေနဲ့ အဝေးကို ကျွန်တော် ရောက်သွားတာပါ။

ဒါပေမယ့်..အခုတော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲ။ တစ်စုံတစ်ယောက်က ကျွန်တော့်ခြံရှေ့မှာ လာစောင့်နေတာမျိုး ခံစားရတယ်။

မကြောက်တတ်ဘူးလို့ ဆိုပေမယ့်လည်း ဟိုနေ့က မြင်ခဲ့ရတာတွေရော၊ မနေ့က ဟိုကောင်မလေး ကန်ဒီနဲ့အတူ မြင်ခဲ့တဲ့ ဖိပေါ့ ဆိုတဲ့ သရဲမကြီးကိုရော တွေးမိတိုင်း စိတ်ထဲ ချောက်ချားလာတယ်။

စိတ်ပြေလက်ပျောက် မြန်မာပြည်မှာရှိနေတဲ့ အမေနဲ့ ညီမလေးကို ဖုန်းခေါ်ကြည့်ရမလား တွေးမိသေးတယ်။

ဒီအချိန်ဆို သူတို့လည်း အိပ်နေပါပြီ။ ပြီးတော့ မြန်မာပြည် အခြေအနေကလည်း ကြားရသလောက်တော့ လျှပ်စစ်မီးကမမှန်၊ အင်တာနက်ဆိုလည်း VPN ခံပြီးမှ ဖုန်းခေါ်ရတာမျိုးဆိုတော့ လက်လျှော့လိုက်ပါတယ်။

ချောက်ချားနေတဲ့ စိတ်ကို ပျောက်ဖို့ ဘာလုပ်ရမလဲ။

ဂျာမနီက အဒေါ်တွေဆီ ဖုန်းဆက်ရမလား။

ရုံးက ပရော့ဂျက်စာရင်းတွေ ထိုင်လုပ်ရမလား။

အရက်ထပ်သောက်ရမလား။

Netflix က ဇာတ်လမ်းတွဲတစ်ခု ကြည့်ရမလား။

သမ္မာကျမ်းစာပဲ ထိုင်ဖတ်နေရမလား။

ပြောသာပြောရတယ်။ ကျွန်တော်က အမည်ခံ ခရစ်ယာန်သက်သက်ပဲ။ ဘာသာရေးလည်း သိပ်ကိုင်းရှိုင်းတာမဟုတ်။

ဒီတော့ ဘာလုပ်ရမလဲ။

နောက်ဆုံးတော့...လက်ပ်တော့ဖွင့်ပြီး porn site တွေကနေ အောကားဝင်ကြည့်နေလိုက်တာပဲ အေးတယ်။

ဒီလို အချိန်မှာ ကြောက်စိတ်ကို ဖယ်ထုတ်ပြီး ကိုယ့်အာရုံကို စုစည်းနိုင်တာ ဒီနည်းပဲ ရှိမယ်လေ။

မီယာခါလီဖာ၊ ဇယ်လင်တီနာနက်ပီ၊ လာအဲ့ဂေါတီ၊ အဘယ်လာဒိန်းဂျား၊ ဒါနီဒယ်နီယယ်၊ အေမီဖူကူဒါ၊ မေထိုင်း.အင်း..မင်းသမီးတော့ရွေးရမယ်။

"ဂျစ်..ဂျစ်..ဂျစ်"

အသံ။ ကျွန်တော့် အိမ် ဝင်ပေါက် မှန်တံခါးကို လက်သည်းနဲ့ ခြစ်နေတဲ့ အသံ။

မဟုတ်ဘူး။ ဒါ ငါနားကြားမှားနေတာ။ အာရုံစိုက်စမ်း။

မီယာခါလီဖာ၊ အေမီဖူကူဒါ၊ အဘယ်လာဒိန်းဂျား။

"ဂျစ်..ဂျစ်...ဂျစ်..ဂျစ်"

မဟုတ်တော့ဘူး။ ကီး ရှိတုန်းကလည်း တစ်ခါတစ်လေ သူနေပူဆာလှုံနေလို့ ကျွန်တော် မှန်တံခါးကို ပိတ်မိရင် ဒီလို လာခြစ်နေကျ။

ကီးများလား။

မဟုတ်သေးပါဘူး။ ကီးက ရှေ့ခြံတံခါးကို ဖြတ်ပြီး ဘယ်လို ဝင်လာလို့ရမှာလဲ။ သူ ရှိတုန်းက မိတ်ထချိန်ဆို အပြင်ထွက်လို့မရအောင် ခြံတံခါးတွေအောက်က လွတ်နေတဲ့ နေရာကို စတီးလ်ကြိုးတွေနဲ့ ကျွန်တော်တားထားတာပဲကို။

ကီး..က အိမ်ထဲ ဘယ်လိုဝင်မှာလဲ။

ဗီဒီယို တစ်ခုခုတော့ ဖွင့်လိုက်ကွာ..လွှဲထားရမယ်.အာရုံ..အာရုံ။

"ဂျစ်..ဂျစ်..ဂျစ်..ဂျစ်..ဂျစ်"

ကုတ်ခြစ်သံက အားပို ပါလာတယ်။

မရတော့ဘူး။ ကျွန်တော်အခန်းထဲက ထွက်ပြီး အိမ်ရှေ့မှန်တံခါးဆီ ထွက်လာလိုက်တယ်။

မီးခလုတ်ကို ဖွင့်လိုက်တယ်။

မှန်တံခါးအပြင်မှာ။

လူတစ်ယောက်။ မဟုတ်ဘူး။

ခွေးတစ်ကောင်။ မဟုတ်ဘူး။

ခွေးခေါင်းနဲ့ လူခန္ဓာကိုယ်ကြီး။ ဘာကြီးလဲ။

ဖြဲနေတဲ့ သွားသွားတွေက သွားရည်တမြားမြား။ ကျွန်တော့်ကို မြင်တော့ သူ့လည်ပင်းတွေကို ခါလိုက်တဲ့အခါ ထောင်နေတဲ့ နားရွက်တွေက ဖလပ် ဖလပ် မြည်သွားတဲ့ အသံ။

"အား"

ကျွန်တော် အလန့်တကြားအော်ပြီး နောက်ဆုတ်လိုက်မိတယ်။

အနောက်စားပွဲကို တိုက်မိပြီး ပန်းအိုးဟာ ခွမ်းခနဲ။

ခွေးခေါင်းကြီးဟာ ကျွန်တော့် ကို တစ်ချက်မာန်ဖီပြီး လှစ်ခနဲ အမှောင်ထဲ ပြန်ပျောက်သွားပါတော့တယ်။

ဘာကြီးလဲ။ ငါမြင်လိုက်ရတာ ဘာကြီးလဲ။

ဟော့...ကျွန်တော့်အခန်းထဲက ခပ်တိုးတိုး ညည်းညူသံသဲ့သဲ့။ အိမ်ခန်းထဲထိ ရောက်နေပြီလား။

အခန်းတံခါးဆီ ဖြည်းဖြည်းလေးကပ်ပြီး ကြည့်လိုက်တယ်။

ဟာ....ခုန ဖွင့်ထားမိတဲ့ ဟိုကားထဲက အသံတွေပဲ...စောက်ရေးထဲမှကွာ။

စခရင်ပေါ် အချစ်တိုက်ပွဲဆင်နွှဲနေလေတဲ့ လက်ပ်တော့ကို သွားပိတ်ချလိုက်တယ်။

ပြီးတော့ ဝီစကီပုလင်းနဲ့ ခွက်ကို ယူလာပြီး အခန်းတံခါးကို ဂျက်ချထားလိုက်တယ်။

ဒီည ဘာသံကြားကြား အမူးသောက်ပြီး အိပ်မှ။

ရွာလမ်းကို ရောက်တော့ ကျွန်တော် အမူးတောင် မပြေသေးဘူး။

ညက ဝီစကီတစ်ပိုင်းလောက်ကျန်တာကို ကျွန်တော်တစ်ယောက်တည်းသောက်လိုက်မိတယ်။

မနက်ကျ ရုံးကို ခွင့်တိုင်လိုက်ရပါလေရော။

တစ်နေကုန် ခွေခေါက်ပြီး ဒီညနေတောင် ကန်ဒီ နဲ့ ထပ်တွေ့ရဖို့ မနည်းထလာ လိုက်ရတာ။

ခေါင်းကိုက်နေတာကြောင့် ဆိုင်ကယ်နဲ့ မဟုတ်ဘဲ ကားယူပြီး မောင်းထွက်လာလိုက်တယ်။

ကျွန်တော်ရောက်သွားချိန်မှာတော့ ကန်ဒီဟာ လယ်ကွင်းဘေးမှာမတ်တတ်ရပ်နေတယ်။ ဘယ်အချိန်ကတည်းက ရောက်နေလဲ မသိပါဘူး။

"ကန်ဒီ"

သူမ လှည့်ကြည့်တယ်။ ဒီနေ့တော့ တီရှပ်အနက်ရောင်ပွပွကို ဘောင်းဘီတိုနဲ့ တွဲဝတ်ထားလေရဲ့ ။ ကြည့်လို့ကောင်းပါတယ်။

"ဆောရီး..ငါ ညက သောက်တာများသွားလို့...အရက်နာကျနေတာ..မလာတော့ဘူးလို့တောင်နေတာ..မင်းစောင့် အားနာလို့"

ကန်ဒီက ရယ်တယ်။

"ရှင်မလာလည်း ကျွန်မက ရှင့်အိမ်လိုက်လာမှာပေါ့"

"ဟ...မင်းက ငါ့အိမ်ကို သိလို့လား"

"သိချင်လွယ်ပါတယ်"

"ကဲ.ထားလိုက်ပါတော့...မနေ့က ကိစ္စတွေ မင်းငါ့ကို ရှင်းပြမယ်ဆို.."

"ကျွန်မ က သရဲတွေ၊ တစ္ဆေတွေကို မြင်ရတယ်ဆိုတာ မနေ့က ကိစ္စမှာ ရှင်လက်ခံတယ် မဟုတ်လား"

"အင်း...မင်းက မှော်ဆရာလား...ဘာလို့ သူတို့ကို မြင်နေရတာလဲ"

"ကျွန်မ ဒုတိယနှစ်ကျောင်းသူဘဝတုန်းက လေ့လာရေးခရီးထွက်ကြတယ်။ အဝေးကြီးမဟုတ်ပါဘူး။ ဒွိုင်အီသန္တန်တောင်ပေါ်ကိုပါ။ ဒွိုက်အီသန္တန် တောင်ထိပ်နဲ့ မလှမ်းမကမ်း တောအုပ်ထဲမှာ အမွေးတိုင်တွေ ပူဇော်ထားပြီး သစ်သားတံခါးနဲ့ပိတ်ထားတဲ့ ရေတွင်းဟောင်းလေးတစ်ခုရှိတယ်။ ကျွန်မက သစ်တောက်ငှက်လေးတစ်ကောင်ကို လိုက်ကြည့်ရင်း အဲ့ဒီနေရာကို ရောက်သွားခဲ့တာ။ ရေတွင်းဟောင်းလေးမြင်တော့ သစ်သားတံခါးကို ဖွင့်ကြည့်ရင်း ဘယ်လိုဖြစ်တယ်မသိဘူး။ ကျွန်မ ရေတွင်းထဲ ပြုတ်ကျသွားတယ်။ အောက်က တစ်ခုခုက ဆွဲချသွားသလိုပဲ"

ကန်ဒီက စကားပြောတာကို ခဏရပ်ပြီး သူ့အိတ်ထဲက တစ်ခုခုကို ထုတ်လိုက်တယ်။

"ကံကောင်းချင်တော့…ကျွန်မရဲ့ ဖိနပ်မှာ စီးထားတဲ့ ဟော့ဒီဖဲပြားလေးက ရေတွင်းခြေရင်းမှာ ကျန်ရစ်တယ်..ကျွန်မပျောက်သွားတာကို လိုက်ရှာကြရင်း ဒီဖဲပြားလေးကို တွေ့လို့ ရေတွင်းဟောင်းထဲ ကျနေတဲ့ ကျွန်မကို ကယ်ဆယ်ရေးအဖွဲ့တွေက ကယ်တင်နိုင်ခဲ့ကြတာ…ဒါကြောင့် ဒီဖဲပြားလေးကို ကံကောင်းခြင်းအဖြစ် ကျွန်မ အမြဲဆောင်ထားခဲ့တယ်"

ကျွန်တော် ပေါက်လိုက်ပြီ။ ဒါမျိုးကို Horror ဇာတ်လမ်းတွေမှာ ကျွန်တော်ကြည့်ဖူးတယ်။

"အဲ့ဒီကတည်းက မင်းက သရဲတွေ၊ ဝိညာဉ်တွေကို မြင်ရနေတာပေါ့"

"ဟုတ်တယ်…ကျွန်မမြင်ရရုံတင်မကဘူး…ကျွန်မ လက်နဲ့ လူတစ်ယောက်ကို ထိထားလိုက်ရင် သူလည်း သရဲတွေ၊ ဝိညာဉ်တွေကို မြင်ရတယ်"

"အဲ့ဒါဆို မနေ့က မင်းလက်နဲ့ ထိထားလို့ ဟိုသရဲမကြီးကို ငါမြင်ရတာပေါ့..အဲ့ဒီလိုလား"

ကန်ဒီက ခေါင်းညိတ်ရင်း ပြုံးပြတယ်။

"ဒါပေမယ့်..အဲ့ဒီလမ်းမှာပဲ.ထိုဆမ်ဆိုတဲ့ အဘိုးကြီးနဲ့ ခွေးလေးရယ်၊ ငါးဖမ်းသမားသုံးယောက်ရယ် ကို ငါမြင်ခဲ့ရတယ်..ပြီးတော့ မင်းလက်နဲ မထိခင်က အဲ့ဒီ ဖိပေါ့ သရဲမကိုလည်း ငါမြင်ရသေးတယ်လေ…ငါလည်း သရဲတွေကို မြင်နေရတာပဲမဟုတ်လား"

"ဖိပေါ့တွေကိုက လူတိုင်းမြင်နိုင်ပါတယ်..ဒါပေမယ့် ရှင်မြင်တုန်းက သူ့ကို လူပုံစံပဲ မြင်ရတာမဟုတ်လား…ကျွန်မလက်နဲ့ထိမှ သွေးသံရဲရဲနဲ့ မိစ္ဆာပုံ မြင်ရတာလေ"

ကျွန်တော် ပြန်စဉ်းစားကြည့်လိုက်တယ်။ ဟုတ်သားပဲ။ ကျွန်တော် မနေ့က ကန်ဘေးမှာ မြင်ရတုန်းက အဘွားကြီးက သူ့ဖာသာ ထိုင်နေသလိုမျိုး။

ကန်ဒီရဲ့ လက်နဲ့ထိတော့မှ ကြောင်ကလီစာတွေကို စားနေတာမြင်ရတာကိုး။

"ငါတော့ စိတ်တွေတောင် အတော်ရှုပ်လာပြီ"

"ရှင့်အတွက် ဒီထက် စိတ်ရှုပ်စရာတွေလာဦးမယ်…ကျွန်မက ဝိညာဉ်တွေကို

မြင်ရပေမယ့် ရှင်မြင်နေရတဲ့ တံတားရယ်၊ အဘိုးကြီးထိုဆမ်ရယ်၊ ခွေးကလေးရယ်၊ ငါးဖမ်းသမားသုံးယောက်ရယ်ကိုတော့ မမြင်ရဘူး"

"ဘယ်လို"

"ဟုတ်တယ်...သူတို့ကို ရှင်ပဲ မြင်ရတာ"

"မင်းက သရဲတစ္ဆေတွေကို မြင်ရတယ်ဆို...သူတို့ကိုကျ ဘာလို့ မမြင်ရတာလဲ"

"ကျွန်မ မြင်ရတဲ့ ဝိညာဉ်တွေ၊ သရဲတစ္ဆေတွေနဲ့ သူတို့က မတူဘူး...သူတို့က လူလည်းမဟုတ်၊ ခွေးလည်းမဟုတ်၊ တစ္ဆေသရဲလည်း မဟုတ်တဲ့သူတွေ..သူတို့က ဆိုင်နိုဆက်ဖလိုင်တွေ"

"ဆိုင်နိုဆက်ဖလိုင်"

ကျွန်တော် တစ်ခါမှမကြားဖူးတဲ့ စကားလုံးပါပဲ။

"ဟုတ်တယ် Cynocephalyလို့ စာလုံးပေါင်းတယ်..Cynocephalus လို့ လည်းခေါ်ကြတယ်...ခွေးဦးခေါင်းနဲ့ လူခန္ဓာကိုယ်ပေါင်းစပ်ထားတဲ့ မိစ္ဆာတစ်မျိုးပေါ့.."

"ငါ..ငါက သူတို့ကို ဘာလို့မြင်နေရတာလဲ"

"ရှင်ဘာလို့ မြင်နေရတာလဲတော့...ကျွန်မ မသိဘူး...ကျွန်မမြင်နေရတဲ့ ဆက်သွယ်လို့ရတဲ့ ဝိညာဉ်တွေကတော့ ရှင့်ကို ကယ်တင်ပေးဖို့ ကျွန်မ ကို တိုက်တွန်းကြတယ်....ဆိုင်နိုဆက်ဖလိုင်တွေရယ်၊ Cynocephaly Bridge လို့ ခေါ်တဲ့ တံတားကို မြင်ရတဲ့သူဟာ လူဖြစ်ဖြစ် သရဲ တစ္ဆေဖြစ်ဖြစ် မကြာခင်မှာပဲ သူတို့သက်ဆိုင်ရာလောက ကနေ အပြီးတိုင် ပျောက်သွားရတတ်တယ်"

ညက ကျွန်တော် မြင်ခဲ့ရတဲ့ ခွေးခေါင်းနဲ့ လူခန္ဓာကိုယ်ကြီးက ''ဆိုင်နိုဆက်ဖလိုင်" ဆိုတာကြီးပေါ့။ သူတို့ ကျွန်တော့်အိမ်ရှေ့ ထိ တကယ်ရောက်လာတာလား။

"သူတို့က ငါ့ကို သတ်မှာလား"

"မဟုတ်ဘူး..ရှင့်ကို ဆိုင်နိုဆက်ဖလိုင် အဖြစ် အသွင်ပြောင်းဖြစ်ဖို့ သူတို့ ရွေးချယ်လိုက်တာ"

"ဟာ...ဒါဆို.. ညက ငါ့အိမ်ရှေ့ကို ခွေးခေါင်းနဲ့ လူခန္ဓာကိုယ်နဲ့

လာရပ်နေတာက...အဲ့ဒီ ဆိုင်နိုဆက်ဖလိုင်ပေါ့."

"ဟင်..ဟုတ်လား...ရှင့်ဆီ သူတို့လိုက်လာပြီလား...ဒါဆို..ရှင့်အတွက်အချိန်မရှိတော့ဘူး...ဒီညပဲ လူတစ်ယောက်ကို ရှင်အမြန်သွားတွေ့တော့"

"ဘယ်သူလဲ"

"ချင်းမိုင်၊ ချန်ကလန်ထဲမှာရှိတဲ့ စိန့်ဗလာဒီမာအောသို့ဒေါ့စ်ဘုရားကျောင်းကို ရှင်သိတယ်မဟုတ်လား...အဲ့ဒီမှာ စစ်စတာဂါဗီလီယာ ဆိုတဲ့ ဂရိသီလရှင်ကြီး ခဏတည်းနေတယ်...သူနဲ့ ရှင် အမြန်သွားတွေ့ပြီး ရှင့်အဖြစ်အပျက်ကို ပြောပြရမယ်တဲ့....ဒီညပဲ..အခုပဲ...ရှင်သွားတော့"

"မင်းလည်း လိုက်ခဲ့လေ"

"ကျွန်မမှာ အလုပ်တွေရှိသေးတယ်..ကျွန်မ ပါလာရင်လည်း စစ္စတာက ကြိုက်မှာမဟုတ်ဘူး...အချိန်မရှိဘူး သွားတော့...မှောင်လာရင်.. ဒီနေရာကလည်း အန္တရာယ်ရှိတယ်.."

"ကန်ဒီ နေပါဦး..မင်းကို ငါဘယ်လိုဆက်သွယ်ရမလဲ"

"ရှင်နဲ့ ကျွန်မ တွေ့ကြမှာပါ..စိတ်ပူမနေနဲ့..သွားတော့..ဒေးဗစ်"

အပိုင်း(၅)

အချိန်က ခြောက်နာရီခွဲကျော်ဆိုပေမယ့် ဒီလမ်းက လူသွားလူလာအတော်နည်းတယ်။

နန်ပင်ရွာဈေးကို ကျော်လာပြီးကတည်းက ပင်းမြစ်ဘေးတလျှောက်လမ်းဟာ လူနေအိမ်ခြေအတော်ကြဲပါတယ်။ မြစ်ရေကြီးတဲ့အခါ ရေမြုပ်တတ်တဲ့ နေရာမို့ လမ်းတဖက်ခြမ်းမှာတောင် လူသိပ်မနေကြဘူး။

ကားတစ်စီးစ ဆိုင်ကယ်တစ်စီးစ လောက်က လွဲပြီး ပတ်ဝန်းကျင်က လမ်းမီး မှိန်ဖျဖျအောက် ခြောက်ကပ်နေရော။

ချင်းမိုင်ရဲ့ ဆင်ခြေဖုံးဒေသတွေကို ကျွန်တော် မကြိုက်တာက အဲ့ဒီလမ်းမီး မှိန်ဖျဖျ ကိစ္စပဲ။

တခါတလေ မှောင်နေတာကမှ အဆင်ပြေဦးမယ်။ အဲ့ဒီ နီယွန်ဖျဖျအလင်းက လူရဲ့ စိတ်ကို ပိုထိုင်းမှိုင်းစေတယ်ထင်တာပဲ။

စိန့်ဗလာဒီမာအောသိုဒေါ့ဘုရားကျောင်းကို ကျွန်တော်သိတယ်။ အရင်က ချန်ကလန်ဘက်သွားရင် အဲ့ဒီလမ်းကြားကို ကျွန်တော်ရောက်ဖူးနေကြပဲ။

အောသိုဒေါ့ဘုရားကျောင်း တွေရဲ့ ခေါင်မိုးပုံစံက တခြားခရစ်ယာန်ဘုရားကျောင်းတွေလို ချွန်ချွန်မဟုတ်ပဲ ခပ်လုံးလုံး မို့ သတိထားမိတာပါ။

သိတယ်မဟုတ်လား။ ရုရှားက နန်းတော်တွေ၊ ဘုရားကျောင်းတွေလိုလေ။

နေပါဦး။ ကျွန်တော်က ဟိုကောင်မလေး ကန်ဒီ ပြောတာတွေကို ယုံပြီး အဲဒီကို တကယ်သွားနေတာလား။

စစ္စတာဂါဗီလီယာ ဆိုတာကိုလည်း တခါမှ မသိပဲ သွားတွေ့ရဦးမယ်။ နောက်သူပြောတဲ့ လူလိုလို ခွေးလိုလို ဆိုင်နိုဆက်ဖလိုက် ဆိုတာတွေကရော တကယ်ရှိတာလား။

ဒါပေမယ့်...ညက ကျွန်တော့်အိမ်မှန်တံခါးမှာ မြင်လိုက်ရတဲ့ ဟိုအကောင်ကြီးက..။

"ဝုတ်..ဝုတ်...ဝုတ်"

ဘယ်ကနေပေါ်လာမှန်းမသိတဲ့ လမ်းဘေးခွေးတသိုက်ဟာ ကျွန်တော့်ကားကို သဲကြီးမဲကြီးလိုက်ဆွဲကြတာပါ။

မြစ်ဘေးလမ်းမို့ ကျဉ်းမြောင်းပြီး အကွေ့ကလည်းများတော့ ကားကို အရှိန်မတင်ပဲ မောင်းလာတာမို့ ခွေးတွေဟာ ကျွန်တော့်ကားကို သဲသဲမဲမဲလိုက်လို့ရနေတယ်။

ကျွန်တော့်စိတ်ထဲ ဒိတ်ခနဲ ဖြစ်ပြီး လီဗာကို အားကုန်နင်းလိုက်တယ်။ နောက်ကြည့်မှန်ကို ကြည့်လိုက်တော့ ခွေးတအုပ်ဟာ အနောက်ဘက်မှာ တရွေ့ရွေ့ကျန်ခဲ့ပါပြီ။

"ဂျစ်..ဂျစ်..ဂျစ်"

ကျွန်တော့်ကားခေါင်မိုးပေါ်မှာ တခုခု။ လက်သည်းနဲ့ ခြစ်နေတာ။

ဘာလဲ။

မြို့ထဲ အမြန်ရောက်အောင် ကားကို လီဗာကုန် ထပ်တင်လိုက်ပါတယ်။

ရှေ့မှာ ဟန်ဒုံး နဲ့ စရဖိမြို့နယ်ကြားကူးတဲ့ တံတားလမ်းစုံက မီးအလင်းရောင်တွေ မြင်နေရပြီ။

ကားခေါင်မိုးပေါ်က တဂျစ်ဂျစ်အသံက ပိုကျယ်လာတယ်။ မသိရင် ကားခေါင်မိုးကို ထိုးခွဲတော့မယ့်အတိုင်းပဲ။

"ဘတ်"

ကျွန်တော့်ကားမှန်ရှေ့တည့်တည့်ပေါ် သွားရည်တွေစီးကျနေတဲ့ လျှာကြီး တစ်ချောင်း။

ကျွန်တော်ရှေ့ကို မမြင်ရတော့ဘူး။ ကားကို လမ်းဘေးချဖို့ အရှိန်လျှော့လိုက်တယ်။

အခြေအနေက ပိုဆိုးလာပြီ။

အမွေးညိုညိုကြီးတွေဖုံးနေပြီး လက်သည်းရှည်ညစ်ထပ်ထပ်တွေနဲ့ လက်နှစ်ထက်ဟာ ကားရှေ့ ကို ကျလာတယ်။

ပြီးတော့ အစွယ်ဖွေးဖွေး ခွေးကြီးတကောင်ရဲ့ ဦးခေါင်း။

ကားကို ထိုးရပ်လိုက်ချိန်မှာ...အရာဝတ္ထုတစ်ခုက ကျွန်တော့်ကားမှန်ဘေးကနေ ဝေါခနဲ ဖြတ်သွားတယ်။

နီယွန်မီး မှိန်မှိန်အောက် ကျွန်တော်မြင်လိုက်ရတာက မောင်းထောင်းတံလို အချောင်းကို ခွစီးထားပြီး လက်နှစ်ဖက်မှာ ဆန်ကောနှစ်ချပ်တပ်ထားတဲ့ အင်္ကျီချွတ်နဲ့လူ။

သူက လေပေါ်မှာ ပျံနေတာ။ ဘာလဲဟ။ စူပါမန်းလား။

"ဘုတ်"

သူ ခွစီးထားတဲ့ မောင်းထောင်းတံဟာ ကျွန်တော့်ကားရှေ့ ကပ်နေတဲ့ ခွေးလိုလိုလူလိုလိုကောင်ကြီးရဲ့ ဘေးဘက်ကို တိုက်ချလိုက်တယ်။

ကားဘေးကျသွားတဲ့ ဟိုကောင်ကြီးက ဝုန်းခနဲ ပြန်ထပြီး...မောင်းထောင်းတံပေါ်က လူကို လေထဲ ခုန်အုပ်လိုက်တယ်။

သူတို့နှစ်ယောက် လုံးထွေးနေကြတုန်း ကျွန်တော်လည်း ကားကို ဂီယာထိုးပြီး အရှိန်နဲ့ မောင်းလိုက်တော့တယ်။

ဟူး။ ကျွန်တော်လွတ်ပြီ။

တံတားအောက်မှာတော့ မီးတွေလင်းထိန်လို့။ တံတားဟိုဘက်က ညဈေးကလည်း စည်စည်ကားကား။

အမိုးပွင့်ကားနောက်မှာ ထိုင်ခုံကြီးနဲ့ထိုင်..... အလှူခံလာထည့်တဲ့သူတွေကို တံမြက်စည်းလိုဟာနဲ့ ခပ်စပ်စပ်ရိုက်ပြီး ပရိတ်ရည်ဖြန်းပေးနေတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါးတောင်ရှိနေသေး။

ကားကို ဘုန်းတော်ကြီးကားဘေးမှာ ရပ်လိုက်တယ်။

ပြီးတော့ ကျန်ရစ်ခဲ့တဲ့ အမှောင်ထုထဲ လှည့်ကြည့်မိတယ်။ သေချာတယ်။ ကျွန်တော့်မှာ အန္တရာယ်ရှိနေပြီ။

ကန်ဒီ ပြောတဲ့အတိုင်း ဟို သီလရှင်ကြီးနဲ့ သွားတွေ့မှဖြစ်မယ်။

စိန့်ဗလာဒီမာအောသို့ဒေါ့စ်ဘုရားကျောင်း။

ဝါဖျော့ဖျော့မီးရောင်ထွန်းထားတဲ့ အစိမ်းရောင်အဆောက်အဦ။

ဘုရားကျောင်းခေါင်မိုးပေါ် ရွှေချထားတဲ့ ဘုလုံးပုံအချွန်ရဲ့ထိပ်မှာ

ခရစ်တော်ရဲ့ သင်္ကေတ လက်ဝါးကပ်တိုင်ကို မြင်ရတယ်။

ခြံဝန်းတံခါးဟာ ပိတ်မထားပါဘူး။

ဘုရားကျောင်းလှေကားကို ကျွန်တော်တက်တက်လိုက်ချင်းပဲ ရုရှားလူမျိုးမျက်နှာပေါက်နဲ့ ခင်ကြီးတစ်ပါးထွက်လာတယ်။

ဆံပင်ရှည်အနက်ရောင် ပိပိပြားပြားကို အလယ်ခွဲထားပြီး နောက်က စည်းထားတယ်။

မုတ်ဆိတ်၊ပါးသိုင်းနက်နက်တွေရယ်၊ သူဝတ်ထားတဲ့ အော်သိုဒေါစ်ဘုန်းတော်ကြီးဝတ်ရုံအနက်ရယ်အပေါ်မှာ ငွေရောင်ဆွဲကြိုးနဲ့အတူ ငွေရောင် လက်ဝါးကပ်တိုင်ကြီးက ဟီးလို့။

သူ့ကိုမြင်ရတာ ဟိုးအရင် ၁၉၀၀ ပြည့်နှစ်တွေတုန်းက ရုရှားနန်းတွင်းမှာ နာမည်ကြီးခဲ့တဲ့ ဘုန်းတော်ကြီးရက်စပြူတင် ရဲ့ ဓာတ်ပုံကို ကြည့်နေသလိုမျိုးပဲ။

"ကျွန်တော် ဒီမှာတည်းနေတဲ့ ဂရိသီလရှင်ကြီးနဲ့ တွေ့ချင်လို့ပါ"

"စစ်စတာဂါဗီလီယာလား"

"ဟုတ်ပါတယ်..ဖာသာ"

"ဘုရားကျောင်းထဲမှာ ဆုတောင်းနေပါတယ်..ခုံတန်းတွေပေါ်က ခဏသွားစောင့်နေလိုက်ပါ"

ရုရှားသံဝဲနေတဲ့ အင်္ဂလိပ်စကားနဲ့အတူ ဖာသာဟာ ကျွန်တော့်ကို တချက်အကဲခတ်ပြီး ထွက်သွားတယ်။

အော်သိုဒေါ့စ်ဘုရားကျောင်းတွေဟာ အတော်လေးကို ရှေးရိုးဆန်ပြီး နန်းဆန်ပါတယ်။

ရွှေရောင်ကနုတ်တွေရယ်၊ နံရံပေါ်က စိိန့်သူတော်စဥ်တွေရဲ့ ပန်းချီကားတွေရယ်က အလယ်ခေတ်ဥရောပကို ပြန်ရောက်သွားသလိုခံစားချက်မျိုးပဲ။

Christ is Risen ဆိုတဲ့ စာတမ်းရဲ့အောက်က လက်ဝါးကပ်တိုင်ရှေ့မှာ သီလရှင်တပါး ဒူးထောက်ထိုင်နေပါတယ်။

ဘုရားကျောင်းထဲက အရာရာဟာ နန်းဆန်ပြီး တောက်ပနေတယ်။ ရွှေရောင်ကနုတ်လှလှတွေကွတ်ထားတဲ့ ခရစ်တော်ရဲ့ ပုံတော်ရှေ့က

ရွှေရောင်ခွက်ပေါ်မှာ ဖယောင်းတိုင်မီးကလည်း တလက်လက်။

"ညှော်သည်ထင်တယ်...ဘာကိစ္စများလဲ"

သီလရှင်ကြီးအသံကြောင့် ကျွန်တော်သတိပြန်ဝင်လာတယ်။

"စစ္စတာဂါဗီလီယာလားခင်ဗျာ"

ကျွန်တော်ထင်ထားတာထက် ပိုအိုမင်းနေတဲ့ ခါးကုန်းကုန်း သီလရှင်ကြီးဟာ တုတ်ကောက်ကို အားပြုရင်း ကျွန်တော့်ရှေ့လျှောက်လာတယ်။

"ငါ ဂါဗီလီယာပဲ..ဘာကိစ္စရှိလို့လဲ..လူငယ်လေး"

"ကျွန်တော် ဒေးဗစ်ရိုးမက်စ် ပါ...မက်သဒစ်မစ်ရှင်က ထိုင်းနိုင်ငံ မြောက်ပိုင်း ဒေသတာဝန်ခံအရာရှိပါ"

"မက်သဒစ်မစ်ရှင်က အောသိုဒေါ့စ်ကျောင်းတော်နဲ့ ဘာများဆိုင်လို့လဲ"

"အလုပ်ကိစ္စမဟုတ်ပါဘူး...ကျွန်တော့်ပြဿနာပါ..ကျွန်တော့်နောက်ကို ဆိုင်နိုဆက်ဖလိုင် တွေ လိုက်နေကြတယ်"

ကျွန်တော့်စကားအဆုံးမှာ သီလရှင်ကြီးရဲ့ မျက်လုံးအစုံဟာ ပြူးကျယ်သွားပါတယ်။

ပြီးတော့ တံခါးဝကို တချက်ကြည့်ပြီး သူ့ နှုတ်ခမ်းကို လက်ညှိုးနဲ့ ပိတ်ပြတယ်။

"ရှူး..ယုတ်ညံ့တဲ့ မကောင်းဆိုးရွားမိစ္ဆာတွေအကြောင်းကို မြင့်မြတ်သန့်ရှင်းရာဌာနမှာ မပြောရဘူး...မင်း..ငါနဲ့လိုက်ခဲ့..လူငယ်လေး"

သီလရှင်ကြီးဟာ လက်ထဲက ပုတီးကို ထုတ်ကိုင်ရင်း တုန်တုန်ချိချိနဲ့ ရှေ့က ဦးဆောင်သွားတယ်။

ဘုရားကျောင်းရဲ့ ဘေးနားက အဆောက်အဦလေးတစ်ခု ကို တံခါးဖွင့်လိုက်တယ်။

"ဟိုမှာထိုင်ပါ..လူငယ်လေး"

ကနုတ်ပန်းတွေချယ်ထားတဲ့ စားပွဲဘေးက သစ်သားခုံတခုံကို ကျွန်တော့်ကို ညွှန်ပြပြီး သီလရှင်ကြီးဟာ အခန်းတံခါးကို ဂျက်ချလိုက်တယ်။

ပြီးတော့ ကျွန်တော့်ရှေ့က ခုံမှာ သူ ဝင်ထိုင်လိုက်တယ်။

သူ့လက်တွေကတော့ ဖန်ပုတီးလေးကို တဂျောက်ဂျောက်စိပ်နေဆဲ။

"မင်းကို ငါ့ဆီ ဘယ်သူ လွှတ်လိုက်တာလဲ"

"ကန်ဒီ"

"ဘယ်သူ"

"ကန်ဒီ ဆိုတဲ့ ကောင်မလေးက လမ်းညွှန်လိုက်တာ..စစ္စတာ သူ့ကို သိတယ်မဟုတ်လား"

"အင်း..ထားလိုက်ပါတော့...မင်းကိစ္စ ငါ့ကို ပြောပြပါဦး"

ကျွန်တော်လည်း ခွေးလေး ကီး နဲ့ ညနေတိုင်း လမ်းလျှောက်လေ့ရှိတဲ့ ရွာလမ်းမှာ ကြုံရတဲ့ဇာတ်လမ်းကနေ...အခုလာတဲ့လမ်းမှာ ဆိုင်နိုဆက်ဖလိုင် တကောင် လိုက်လာတာအထိ ပြောပြလိုက်တယ်။

ကျွန်တော့်ဇာတ်လမ်းဆုံးတော့ အာတော်တော်ခြောက်သွားတယ်။

သီလရှင်ကြီးကတော့ အိပ်မျှားငိုက်နေလားမသိ။ မျက်လုံးတွေကို မှိတ်ထားပြီး ပုတီးကိုသာ နာနာစိပ်နေတယ်။

"စစ္စတာ..စစ္စတာ"

သီလရှင်ကြီးက လက်ကာပြတယ်။

"ဆိုင်နိုဆက်ဖလိုင်တံတားဟာ နောက်ဆုံးတော့ ဒီနေရာမှာ ပြန်ပွင့်သွားခဲ့ပြီပဲ...ငါ ဒီနေ့ကို စောင့်ခဲ့ရတာ နှစ်ခုနှစ်ဆယ်ရှိခဲ့ပြီ"

"ဗျာ"

"မင်းကို ငါရှင်းပြမယ် လူငယ်လေး"

သီလရှင်ကြီးဟာ ပြတင်းတံခါးဆီ လျှောက်သွားတယ်။ အပြင်ဘက်ကို တချက်ကြည့်လိုက်ပြီး လိုက်ကာတွေကို ပိတ်လိုက်တယ်။

ပြီးတော့ သူ့ရဲ့ ကုတင်ခြေရင်းက သေတ္တာကြီးကို ဖွင့်လိုက်တယ်။ သေတ္တာထဲကနေ အနီရောင် ကတ္တီပါလိပ်လို အရာဝတ္ထုတစ်ခုကို ထုတ်လာပြီး စားပွဲပေါ်တင်လိုက်တယ်။

သီလရှင်ကြီးဟာ ကတ္တီပါလိပ်ကို ဖြည်းဖြည်းခြင်း ဖြည်လိုက်တဲ့အခါ အနက်ရောင်လက်ဝါးကပ်တိုင်တခုထွက်လာတယ်။

ပိုထူးခြားတာက အနီရောင်ကတ္တီပါလိပ်ပေါ်က ပုံပဲ။

လက်ဝါးကပ်တိုင်ကို ကိုင်ထားပြီး အနီရောင်ဝတ်ရုံကို ခြုံထားတဲ့ စိန့်သူတော်စင်တစ်ယောက်ရဲ့ပုံ။

ထူးခြားတာက စိန့်သူတော်စဉ်ရဲ့ ခေါင်းဟာ ခွေးတစ်ကောင်ရဲ့ ဦးခေါင်းဖြစ်နေတာပဲ။

"ဒီပုံဟာ ဆယ်ရာစုက အရှေ့အော်သိုဒေါ့စ်ကျောင်းတော်က ပုံဖော်ထားတဲ့ စိန့်ခရစ္စတိုဖာ ရဲ့ ပုံပဲ"

"စိန့်ခရစ္စတိုဖာ"

"ဟုတ်တယ်..ဒီပုံကို မော်စကို အော်သိုဒေါ့စ်ကျောင်းတော်အပါအဝင် အော်သိုဒေါ့စ်ကျောင်းတော်အများစုက ပိတ်ပင်ထားတယ်. စိန့်ခရစ္စတိုဖာဟာ ဓမ္မဟောင်းကျမ်းမှာပါတဲ့ ခါနန်ပြည်အနီးက လူ့အသားကိုစားတတ်ပြီး ဟောင်တတ်သော မျိုးနွယ် ဆိုတဲ့ ခွေးတပိုင်းလူတပိုင်း ဆိုင်နိုဆက်ဖလိုင်မျိုးနွယ်စုကလို့ လျှို့ဝှက် ယုံကြည်မှုတွေရှိခဲ့တယ်"

ကျွန်တော် ကတ္တီပါပိတ်ချပ်ပေါ်က ပုံကို စူးစိုက်ကြည့်နေမိတယ်။

"မင်း အီဂျစ်နတ်ဘုရား အနူဘစ်ကိုတော့ သိမှာပေါ့....အဲ့ဒီလိုပဲ ခွေးဦးခေါင်းနဲ့ လူခန္ဓာကိုယ်ရှိတဲ့ ဆိုင်နိုဆက်ဖလိုင် တွေအကြောင်းက အီဂျစ်၊ အိန္ဒိယ၊ တရုတ် နဲ့ ဂရိဒိုင်ယာရီတွေမှာလည်း ပုံစံအမျိုးမျိုးနဲ့ရှိခဲ့တယ်...ဘီစီ ၅ ရာစုက ဂရိဆေးပညာရှင် Ctesias က အိန္ဒိယတိုက်ငယ်ဘက်က ဒေသတခုမှာ ခွေးခေါင်းနဲ့ လူခန္ဓာကိုယ်ရှိတဲ့ ဆိုင်နိုဆက်ဖလိုင်တွေကို တွေ့ခဲ့ဖူးတယ်လို့မှတ်တမ်းတင်ခဲ့တယ်..ဘီစီ ၃ ရာစုမှာတော့..ဂရိဘုရင်အလက်ဇန္ဒားဟာ အိန္ဒိယကို ဝင်ရောက်တိုက်ခိုက်တဲ့အခါ ဆိုင်နိုဆက်ဖလိုင် သုံးရာကျော်နဲ့ တိုက်ခိုက်ခဲ့ရတယ်လို့ သူ့ဆရာ အရစ္စတိုတယ်ကိုပေးတဲ့ ပေးစာတွေထဲ အခိုင်အမာရေးထားတယ်...မာကိုပိုလိုမှတ်တမ်းမှာကတော့ အိန္ဒိယနဲ့ မြန်မာနိုင်ငံကြားက အက်ဒမန်ကျွန်းစုတွေမှာ ဆိုင်နိုဆက်ဖလိုင်တွေကို တွေ့ရတယ်လို့ ရေးထားတယ်...ဒီတော့ ဟော့ဒီကမ္ဘာမြေပေါ်မှာ ဆိုင်နိုဆက်ဖလိုင်တွေဟာ တကယ်ရှိခဲ့တယ်..အခုထိရှိနေဆဲဆိုတာ..မင်း ကိုယ်တွေ့ ကြုံနေရပြီ မဟုတ်လား"

"သူတို့က ကျွန်တော့်ကို ဘာလို့ တိုက်ခိုက်နေရတာလဲ...သူတို့နဲ့ ကျွန်တော် ဘာဆိုင်လို့လဲ"

"သူတို့မင်းကို ရွေးချယ်လိုက်လို့ပဲ....မင်းဟာ ဆိုင်နိုဆက်ဖလိုင်တံတားကို မြင်လိုက်ရပြီ...မင်းနောက်ကို သူတို့လိုက်ပြီး..မင်းကို သူတို့ပုန်းနေတဲ့ ကမ္ဘာထဲ ခေါ်သွားကြတော့မယ်..ပြီးရင် မင်းကို သူတို့ထဲက တစ်ယောက်အဖြစ် အသွင်ပြောင်းပေးကြလိမ့်မယ်"

"အာ..ဘာတွေလဲဗျာ"

"ဆိုင်နိုဆက်ဖလိုင်တွေနဲ့ ပတ်သက်လို့ ခေတ်အဆက်ဆက်ပညာရှင်တွေ၊ သုတေသနသမားတွေရဲ့ ခန့်မှန်းချက်တွေအများကြီးပဲ...အဲ့ဒီထဲမှာမှ မနှစ်က ဟားဗက်တက္ကသိုလ်က Dr.Sam Ottewill တင်သွင်းတဲ့ City of Dog စာတမ်းဟာ အတော်လေးပြည့်စုံမှန်ကန်ပါတယ်...အဲ့ဒီမှာ ဒေါက်တာဆမ် ရဲ့ ကောက်ချက်တခုကတော့ ဆိုင်နိုဆက်ဖလိုင် တွေဟာ လူမဟုတ်ကြဘူးတဲ့...ဆိုလိုတာက သမန်းဝံပုလွေတွေ၊ သမန်းခွေးတွေဆိုတာ လူကနေ အသွင်ကူးပြောင်းကြတာ..ဆိုင်နိုဆက်ဖလိုင် တွေကတော့ အဲ့ဒါထက် ပိုနက်ရှိုင်းတယ်...သူတို့မှာ မှော်အစွမ်းတွေ၊ လူသားမျိုးနွယ်ကို ဖျက်စီးမယ့် အမှောင်စွမ်းအားတွေ ပိုများတယ်"

သီလရှင်ကြီးဟာ မောသွားဟန်တူပါတယ်။

ရေခွက်နှစ်ခွက်ကို ထယူပြီး ရေကရားထဲက ငှဲ့တယ်။ ပြီးတော့ ကျွန်တော့်ကို တခွက်ပေးပြီး သူက တခွက်သောက်တယ်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသောင်းလောက် ကတည်းက လူ နဲ့ ယဉ်ကျေးတဲ့ ဝံပုလွေတွေဟာ ထူးခြားတဲ့ ဆက်ဆံရေးရှိကြတယ်...ယဉ်ကျေးတဲ့ ဝံပုလွေဆိုတာ တနည်းအားဖြင့် ဒီနေ့ခေတ် ခွေးလို့ ခေါ်ကြမယ့် သတ္တဝါပေါ့. အမဲလိုက်ပြိုင်ဘက်ဘဝကနေ အချို့ ဟိုမုန်းအားနည်းတဲ့ ဝံပုလွေတွေဟာ လူသားရဲ့ အကြွင်းအကျန်ကို စားသောက်ပြီး လူသားပတ်ဝန်းကျင်ထဲ ဝင်ဆန့်အောင်နေထိုင်လိုက်ကြတယ်..အဲ့ဒီလိုနဲ့ပဲ နှစ်တစ်သောင်းခွဲလောက်အတွင်းမှာ သူတို့ဟာ သခင်နဲ့ကျွန်ဆက်ဆံရေး၊ မိသားစုဝင်ဆက်ဆံရေး ဖြစ်သွားကြတယ်...အဲ့ဒီအခြေအနေကနေ ဆိုင်နိုဆက်ဖလိုင် လို့ခေါ်တဲ့ လူတပိုင်းခွေးတပိုင်း ဒီသတ္တဝါတွေ ရုတ်တရက်ကြီးပေါ်ပေါက်လာကြတယ်...ဒီသတ္တဝါတွေ ဘယ်က ဘယ်လိုပေါ်လာတယ်ဆိုတာတော့ ဘယ်သူမှသေချာမသိကြဘူး...ဒါပေမယ့် သူတို့ဟာ စေတန်ရဲ့ ကျေးကျွန်တွေလိုမျိုး လူသားမျိုးနွယ်စုအပေါ် မလိုမုန်းထားပြီး အဖျက်တန်ခိုးတွေပါ ပိုင်ဆိုင်ကြတယ်...တရက်မှာတော့ သူတို့ထဲမျိုးနွယ်စုထဲက တစ်ယောက်ဟာ ဘုရားသခင်ရဲ့ ကောင်းချီးကိုခံစားရပြီး မြင့်မြတ်တဲ့သူတော်စင် ဖြစ်လာခဲ့တယ်...အဲ့ဒါဟာ စိန့်ခရစ္စတိုဖာ ပဲ.....စိန့်ခရစ္စတိုဖာဟာ ကမ္ဘာပေါ်မှာရှိတဲ့

ဆိုင်နိုဆက်ဖလိုင်တွေရဲ့ အစွမ်းကို သူ့ရဲ့ တန်ခိုးနဲ့ ရုတ်သိမ်းပစ်ခဲ့တယ်...အစွမ်းကင်းမဲ့သွားတဲ့ ဆိုင်နိုဆက်ဖလိုင်မျိုးနွယ်တွေဟာ အလက်ဇန္ဒားဘုရင်ရဲ့ စစ်တပ်နဲ့ တွေ့ပြီး ချေမှုန်းခံရသလိုမျိုး တခြားသော လူတွေရဲ့ တိုက်ခိုက်မှုကြောင့် မျိုးတုန်းသွားခဲ့တယ်..ဒါပေမယ့်...အဖျက်စိတ်ကြီးပြီး မှော်အစွမ်းမြင့်တဲ့ ဆိုင်နိုဆက်ဖလိုင် တစ်စုကတော့.....လူသားတွေ မမြင်နိုင်တဲ့ မီဒီယမ်တစ်ခုမှာ သူတို့ကိုယ်သူတို့ ဖျောက်ကွယ်ပြီး စုဝေးနေထိုင်လိုက်ကြတယ်."

"အူ...အူ...အူ"

ရုတ်တရက် ဘုရားကျောင်းရှေ့က ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံတွေ။

သီလရှင်ကြီးဟာ လက်ဝါးကပ်တိုင်အနက်ရောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။

"ဒါပေမယ့် သူတို့ဟာ သူတို့ရဲ့ မျိုးဆက်တိုးပွားရေးအတွက် နှစ်ခုနှစ်ဆယ်မှာ တကြိမ် လူသားလောကထဲ တံတားတခုနဲ့ ဆက်သွယ်ကြတယ်..အဲ့ဒီတံတားကို ဆိုင်နိုဆက်ဖလိုင်တံတားလို့ ခေါ်တယ်...အဲ့ဒီတံတားကနေ...လူနဲ့ခွေးကြားက သံယောဇဉ်တွယ်ငြိမှုကြီးမားသူတွေကို ခေါ်ယူပြီး.....ပေါင်းစပ်ပေးလိုက်ကြတယ်....ဥပမာ.အခု သူတို့က..မင်းရဲ့ ခွေးကလေး ကီး နဲ့ မင်း ကို တယောက်တည်းဖြစ်အောင်လုပ်ပြီး ဆိုင်နိုဆက်ဖလိုင်တကောင်အဖြစ် အသွင်ပြောင်းတော့မှာမျိုးပေါ့"

"ဟာ"

ကျွန်တော် အလန့်တကြား မတ်တပ်ထရပ်လိုက်မိတယ်။

"ရှူး...အခုဆို ဒီဘုရားကျောင်းဝန်းရဲ့ အပြင်မှာ မင်းကို ခေါ်သွားဖို့ ဆိုင်နိုဆက်ဖလိုင်တွေ စောင့်နေကြလောက်ပြီ...ဒါပေမယ့် စိတ်မပူပါနဲ့...ဟော့ဒီ စိန့်ခရစ္စတိုဖာရဲ့ တံဆိပ်တော် လက်ဝါးကားတိုင်အနက်ဟာ မင်းကို ကာကွယ်ပေးနိုင်တယ်..ပြီးတော့ ဆိုင်နိုဆက်ဖလိုက်တံတားကို နောက်ဆုံးအနေနဲ့ အပြီးသတ် ချိုးဖျက်ပစ်မယ့်သူကလည်း မင်းပဲ ဖြစ်လိမ့်မယ်..မစ္စတာရိုးမက်စ်"

အပြင်ဘက်က ခွေးအူသံတွေ ပိုကျယ်လာတယ်။ မှန်ပြတင်းတံခါးရဲ့ လိုက်ကာပါးပါးနောက်မှာ အရိပ်တွေ ပြန့်ဝဲနေသလို။

အပိုင်း(၆)

"သူတို့ အပြင်မှာ မင်း ကို စောင့်နေကြပြီ..လူငယ်လေး..ငါတို့တွေ နှစ်ပေါင်းထောင်ချီကြာလာတဲ့ ဒီပြဿနာကို ဒီညမှာပဲ အဆုံးသတ်ကြစို့"

သီလရှင်ကြီးဟာ ကျွန်တော့်လက်နှစ်ဖက်ထဲကို လက်ဝါးကပ်တိုင်အနက်ရောင်ကို ထည့်ပေးပြီး ဆုပ်ကိုင်ထားလိုက်တယ်။

သူ့လက်တွေဆီက ကြမ်းရှရှနဲ့ အေးစက်နေတာကို ကျွန်တော်ခံစားလိုက်ရ။

အပြင်ဘက်ပြတင်းတံခါးဆီက ဘာမှန်းမသိတဲ့ အသံတွေနဲ့ အရိပ်တွေဟာ အခန်းပတ်လည်ကို ပိုပြီး တိုးဝှေ့လာနေတယ်။

"စေတန်နတ်ဆိုးရဲ့ ဖန်ဆင်းခံ ဆိုင်နိုဆက်ဖလိုင်မျိုးနွယ်များကို အောင်မြင်သူ စိန့်ခရစ္စတိုဖာရဲ့ နာမတော်ဖြင့်၊ ဆိုင်နိုဆက်ဖလိုင်မျိုးဆက်၏ နောက်ဆုံးသော အမိန့်တော်ကို သင်နာခံရမည်"

ပိတ်ထားတဲ့ ပြတင်းတံခါးနှစ်ချပ်ဟာ ဝုန်းခနဲ အပြင်ကို ပွင့်ထွက်သွားတယ်။

ကျွန်တော့်လက်ထဲက လက်ဝါးကပ်တိုင်အနက်ဟာ တဖြည်းဖြည်း ပူလာတယ်။

"စိန့်ခရစ္စတိုဖာရဲ့.တန်ခိုးအာနုဘော်အားဖြင့်..."

သီလရှင်ကြီးရဲ့ ခေါင်းမှာ အုပ်ထားတဲ့ ပုဝါဟာ တဖြည်းဖြည်းအပေါ် ကို ရွေ့လျားလာတယ်။

"အာ..ဘာကြီးလဲ"

နားရွက်တွေ။ ကြီးမားတဲ့နားရွက်ထောင်ထောင်ကြီးတွေဟာ သီလရှင်ကြီးရဲ့ ပုဝါအောက်က ထိုးထွက်လာတယ်။

သီလရှင်ကြီးရဲ့ နှုတ်ခမ်းဟာလည်း ရှေ့ကို တဖြည်းဖြည်းချင်း ချွန်ထွက်လာနေခဲ့တာ။

အစွယ်တွေ။ အစွယ်တွေပါလား။

သီလရှင်ကြီးရဲ့ ခေါင်းဟာ ခွေးတကောင်ရဲ့ခေါင်းအဖြစ်။

"ဒေးဗစ်ရိုးမက်စ်...သင်သည်...ဆိုင်နိုဆက်ဖလိုင်တို့အား...အပြီးတိုင်ရုတ်သိမ်းနိုင်မည့်..တန်ခိုးအာဏာကို
ယနေ့မှစ၍...ကျွန်ုပ်ထံမှ..လွှဲပြောင်းတာဝန်ခံယူမည့်သူဖြစ်စေ"

ကျွန်တော် အလန့်တကြားနဲ့ ရုန်းလိုက်မိတယ်။ သီလရှင်ကြီးရဲ့လက်တွေက ကျွန်တော့်လက်တွေကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားဆဲ။

သူ့လက်ဟာ လက်သည်းညိုညိုတွေရှည်ထွက်။ အမွေးတွေဟာ တဖြည်းဖြည်း ကျွန်တော့်လက်ဖမိုးကိုပါ ထိလာ။

"စိန့်ခရစ္စတိုဖာ၏ အနက်ရောင်လက်ဝါးကပ်တိုင်အားဖြင့် တံတားကိုချိုးဖျက်ရမည်...ဝူး..အူး..အူး"

သူ့မျက်နှာဟာ ခွေးတကောင်အသွင်လုံးဝပြောင်းသွားခဲ့ပြီ။

ကျွန်တော်အားကုန်ရုန်းပြီး သီလရှင်ကြီးကို စောင့်ကန်လိုက်တယ်။

မရဘူး။ ခွေးနက်ကြီးတကောင်လို သူ့မျက်နှာဟာ ကျွန်တော့်ရှေ့တည့်တည့်မှာ။

သွားရည်တွေဟာ ကျွန်တော့်မျက်နှာအထိ။

လက်ဝါကပ်တိုင်ဟာ အငွေ့တွေထွက်လာပြီး အခန်းကို အုံ့ဆိုင်းသွားတယ်။

ခွေးတပိုင်း လူတပိုင်းဖြစ်နေတဲ့ သီလရှင်ကြီးဟာ တဖြည်းဖြည်း..ကျွန်တော်မြင်ကွင်းမှာ မှုန်ဝါးလာတယ်။

နောက်ဆုံးတော့ လက်ဝါးကပ်တိုင်အနက်ရောင်တခုပဲ ကျွန်တော့်လက်ထဲမှာကျန်တော့တယ်။

သီလရှင်ကြီးဟာ လူပုံစံပြန်ဖြစ်နေပြီး ကြမ်းပြင်မှာ ပုံလျက်သား။

အပြင်ဘက်က ခွေးအူသံတွေ ပိုကျယ်လာတယ်။ ပြတင်းတံခါးတချပ်ဟာ ခွမ်းခနဲ ကွဲသွားတယ်။

ကျွန်တော် လက်ဝါးကပ်တိုင်ကို လက်ထဲ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အခန်းတံခါးကို ဖွင့် အပြင်ကို ပြေးထွက်လိုက်တယ်။

ဘုရားကျောင်းဆီက မီးရောင်သဲ့သဲ့မြင်ရတယ်။

"ဂါး..ဂရူး...ဂရူး"

လူလိုလို ခွေးလိုလို ဆိုင်နိုဆက်ဖလိုင် သတ္တဝါတွေဟာ ကျွန်တော့်ပတ်ချာလည်မှာ။

ဘုရားကျောင်းခြံဝန်းရှေ့ခပ်လှမ်းလှမ်းက ကျွန်တော့်ကားဆီကို ကြည့်လိုက်တော့..မိန်းကလေးတစ်ယောက်။

"ကန်ဒီ"

ကျွန်တော် အားတက်သွားတယ်။

ကန်ဒီ ဟာ ကျွန်တော့်ကို လက်ယက်ခေါ်နေတယ်။

လက်ဝါးကပ်တိုင်အစွမ်းကြောင့်လားမသိ။ ဆိုင်နိုဆက်ဖလိုင်တွေဟာ ကျွန်တော့်ကို တိုက်ရိုက်လာမထိခိုက်ကြဘူး။ ဘေးကနေပဲ အသံမျိုးစုံပေးလိုက်လာကြတယ်။

ကျွန်တော့်စိတ်တွေ ထူပူနေပြီ။

ကန်ဒီ ရှိနေတဲ့ဆီ ပြေးသွားလိုက်တယ်။

"ကားပေါ် မြန်မြန်တက်...ဒေးဗစ်..အချိန်မရှိဘူး"

ကျွန်တော်ဘောင်းဘီအိတ်ထဲက ကားသော့ကို နှိုက်လိုက်တယ်။

လက်ထဲကိုင်ထားတဲ့ လက်ဝါးကပ်တိုင်နက်က ရုတ်တရုတ် လက်ထဲကနေ လွတ်ကျသွားတယ်။

လက်ဝါးကပ်တိုင်မရှိတာနဲ့ ဆိုင်နိုဆက်ဖလိုင်တကောင်ရဲ့ ခုန်အုပ်တာခံလိုက်ရတယ်။

မျက်လုံးရဲရဲ၊ သွားစွယ်ဖွေးဖွေးတွေနဲ့ ခွေးခေါင်းကြီးဟာ ကျွန်တော့်ကို ကိုက်ဖို့ အရှိန်ယူလိုက်တုန်းမှာပဲ။

"ဝုန်း"

မောင်းထောင်းတံ ကို ခွစီးထားပြီး ဆန်ကောနှစ်ချပ်လက်မှာ တပ်ထားတဲ့ဟိုလူ။

သူက အရှိန်နဲ့ ကျွန်တော့်ပေါ်ကို ခွထားတဲ့ သတ္တဝါကို ဝင်လုံးထွေးလိုက်တယ်။

"လက်ဝါးကပ်တိုင်ကို ကောက်..ဒေးဗစ်"

ကန်ဒီကလှမ်းအော်တယ်။

ကျွန်တော်လည်း မြေပေါ်ကျနေတဲ့ လက်ဝါးကပ်တိုင်ကို အမြန်ပြေးကောက်လိုက်တယ်။

နောက်ထပ် ဆိုင်နိုဆက်ဖလိုင် တကောင်က ကျွန်တော့်ကို အရှိန်နဲ့ ထပ်ခုန်အုပ်တယ်။

ကျွန်တော့်လက်ထဲက လက်ဝါးကပ်တိုင်နဲ့ ထိမိလိုက်တဲ့အခါ "ဂိန်" ခနဲ အော်သံနဲ့အတူ သတ္တဝါ ဟာ အဝေးကို လွင့်ထွက်သွားတယ်။

ကားဆီကို ကျွန်တော်ပြေးသွားပြီး တံခါးဖွင့်လိုက်တယ်။ ကန်ဒီကလည်း ကျွန်တော့်ဘေးမှာ ဝင်ထိုင်လိုက်တယ်။

"မောင်း..ဒေးဗစ်..မောင်း"

ကျွန်တော်ကားကို စက်နှိုးပြီး ဂီယာထိုးမောင်းထွက်လိုက်တယ်။

သတ္တဝါတွေဟာ ပိုပိုများလာတယ်။ ကျွန်တော့်ကားပတ်လည်မှာ ၊ ခေါင်မိုးပေါ်မှာ တဂျစ်ဂျစ်ကုတ်ခြစ်။

ဘုရားကျောင်းလမ်းကျဉ်းလေးထဲကနေ မီးတွေထိန်နေတဲ့ မြို့ထဲလမ်းကို စဝင်လိုက်တာနဲ့ ကားပေါ်မှာ ခိုကပ်လိုက်ပါနေတဲ့ သတ္တဝါတွေဟာ ပျောက်ခြင်းမလှ ပျောက်သွားတယ်။

အဲ့ဒီတော့မှ ကျွန်တော်လည်း သက်ပြင်းချနိုင်တော့တယ်။

"ကန်ဒီ...မင်းက ဘယ်က ရောက်လာတာလဲ"

"ရှင့်ကို စိတ်မချလို့ပေါ့..တော်ပါသေးတယ်..ကျွန်မမိတ်ဆွေတွေ အကူအညီကြောင့် ဘုရားကျောင်းဆီ ရှင် ချောချောမွေ့မွေ့ရောက်တာ"

"မင်း မိတ်ဆွေဆိုတာ"

"ကရာဟောင်းလေ"

"ဘာလဲ ကရာဟောင်း"

"ရှင့်ကားဘေးမှာ တောက်လျှောက်လိုက်ပြီး ဟိုခွေးသရဲတွေကို တိုက်ပေးနေတဲ့သူတွေပေါ့..."

"ဟို ဆန်ကောနှစ်ချပ်နဲ့ မောင်းတံကို စီးတဲ့ဟာလား"

"ဟုတ်တယ်..."

"သူက ဘာလဲ...စူပါမန်း ဆန်ကောဇားရှင်းလား... မိုးပျံနေတာနော်"

ကန်ဒီက ခစ်ခနဲရယ်တယ်။

"ရှင်လည်း ဒီလောက် စောက်ပြဿနာကြားကနေ ရယ်စရာပြောသေးတယ်..ဒါကြောင့် စစ္စတာက ဒီတာဝန်ရှင့်ကို ပေးခဲ့တာပဲ"

"ပြောပါဦး..အဲ့ သတ္တဝါကရော ဘာလဲ"

"ခရာဟောင် ဆိုတာ တချိန်ကတော့ စုန်းအတတ်လိုက်စားတဲ့ ရွာသားတစ်ယောက်ယောက်ပါ..စုန်းအတတ်လိုက်စားတဲ့အခါ အဆင့်တွေကို ဆရာနဲ့အတူ ကျော်ဖြတ်ရတယ်...အဲ့ဒီမှာ စောင့်ရတဲ့ စည်းတွေလည်းရှိတယ်...သူတို့က စည်းဖောက်မိလို့ အသက်ဆုံးပါးသွားရပြီး သရဲတဝက် စုန်းတဝက်ဖြစ်နေရတာပါ..စုန်းတွေလို မိုးပေါ်ပျံမရပဲ ဆန်ကောနဲ့ မောင်းထောင်းတံကို မှော်သွင်းပြီး ညဘက် ပျံသန်းအစာရှာကြတဲ့ နာနာဘာဝတမျိုးပဲ...ခုန ရှင့်ကို လမ်းမှာ ကယ်လိုက်တာ ကျွန်မ မိတ်ဆွေ ခရာဟောင်ပဲ...အခု ရှင်အိမ်ပြန်လည်း သူ လိုက်စောင့်ရှောက်ပေးလိမ့်မယ်"

"မင်းက သရဲနဲ့လည်း သိတာပဲနော်"

"ကျွန်မက ဝိညာဉ်တွေ၊ တစ္ဆေတွေကို မြင်နိုင် ဆက်သွယ်နိုင်ပါတယ်ဆိုမှ"

ကားကို ရှေ့က ဆဲဗင်းအလဲဗင်းဆိုင်ရှေ့ရပ်ဖို့ ကျွန်တော် အရှိန်ရှော့လိုက်တယ်။

"ငါ စိတ်တွေအရမ်းလှုပ်ရှားနေတယ်...တခုခု ဝင်ဝယ်သောက်မှဖြစ်မယ်..မင်းရော ဘာသောက်မလဲ..လာလေ"

"ကျွန်မ မလိုက်တော့ဘူး..ကားပေါ်ကပဲ စောင့်မယ်..ဩော်..နေဦး...ဒီလက်ဝါးကပ်တိုင်ကို ရှင်ဘယ်သွားသွားယူသွားနော်..ခရာဟောင် ရှိနေပေမယ့်.ဟိုဆိုင်နိုဆက်ဖလိုင်တွေက မှောင်ပြီးလူရှင်းတာနဲ့ ရှင့်ဆီရောက်လာမှာ "

ကျွန်တော် လက်ဝါးကပ်တိုင်ကိုယူပြီး ကားပေါ်က ဆင်းလိုက်တယ်။

ဆဲဗင်းအလဲဗင်း ထဲဝင်ပြီး ဘီယာတစ်ဗူးနဲ့ လိမ္မော်ရည်တစ်လုံး ဝယ်လိုက်တယ်။

လက်ဝါးကပ်တိုင်ကြီး လက်တဖက်မှာကိုင်ပြီး ဘီယာဗူးကို ငွေရှင်းနေတဲ့ ကျွန်တော့်ကို ငွေရှင်းကောင်တာက ကောင်မလေးက အူလည်လည်နဲ့ ကြည့်နေတယ်။

ပြန်ထွက်လာတော့ ကားပေါ်မှာ ကန်ဒီမရှိတော့ဘူး။

"ဒီကောင်မလေး..ဘယ်ဆင်းသွားပြန်တာလဲ"

ကျွန်တော် ဟိုဟိုဒီဒီ လိုက်ကြည့်သေးတယ်။ မတွေ့တော့ဘူး။

သူ့အတွက် ဝယ်လာတဲ့လိမ္မော်ရည်တောင် မပေးလိုက်ရဘူး။

ကျွန်တော်ဘီယာဗူးကို ဖောက်ပြီး တကျိုက်တည်းမော့လိုက်တယ်။

အား။ ခုန ကြုံခဲ့ရတဲ့ ရုပ်ရှင်လိုလို စိတ္တဇလိုလို ကြောက်စရာဖြစ်ရပ်ဆိုးထဲက ခဏတော့လွတ်သွားသလိုပဲ..ဟူး။

အိမ်ကိုရောက်တဲ့အထိတော့ ဟိုသတ္တဝါတွေ ပေါ်မလာကြတော့ဘူး။

လက်ဝါးကပ်တိုင်ကြောင့်လား၊ ကန်ဒီပြောတဲ့ ခရာဟောင်း ကြောင့်လားတော့မသိပါဘူး။

ဝီစကီနည်းနည်းသောက်ပြီး ရေခဲသေတ္တာထဲရှိတဲ့ ရေညှိထမင်းလိပ်တလိပ်ကို မက္ကရိုဝေ့ဖ်မှာနွှေးပြီး စားလိုက်တယ်။

သမ္မာကျမ်းစာအုပ်ရော၊ လက်ဝါးကပ်တိုင်နက်ကိုပါ ဘယ်ညာနှစ်ဖက်ကိုင်ပြီး ဆိုဖာပေါ် ကျွန်တော်လှဲချလိုက်တယ်။

တဂျစ်ဂျစ် ကုတ်သံနဲ့ ဟိုသတ္တဝါတွေ ဘယ်အချိန်ပေါ်လာမလဲ။

လရောင်သဲ့သဲ့ည။

အမည်းရောင် အရိပ်ကြီးတခု တရွေ့ရွေ့လာနေတာ ကျွန်တော် မြင်နေရတယ်။

လက်ထဲမှာလည်း တခုခုကို ပိုက်လို့။

အဲ့ဒီအရာကြီးဟာ တိုက်ခံအိမ်တစ်လုံးရှေ့မှာ ရပ်လိုက်တယ်။

ခွေးတကောင်ရဲ့ ဆွဲဆွဲငင်ငင်အူသံကနေ နောက်ထပ် ခွေးအူသံတွေ။

မည်းမည်းအရာကြီးရဲ့ နားရွက်တွေက အမှောင်ထဲမှာ ထောင်နေတယ်..သူနှုတ်သီးချွန်ချွန်တွေရော။

လူတယောက် ဟာ အိမ်ရှေ့ကို သုတ်သီးသုတ်ပြာထွက်လာတယ်။

အမည်းရောင်အရိပ်ကြီးဟာ သူ့လက်ထဲက အရာကို ပစ်ချပြီး ချက်ခြင်းပဲ လေးဘက်တွားသွားပုံစံ ခွေးနက်ကြီး ဖြစ်သွားတယ်။

ပြီးတော့.... အဲ့ဒီလူနောက်ကို လိုက်တော့တယ်။

ဟိုလူဟာ လဲကျသွားတယ်။ ပြီးတော့ သူ့လက်ထဲ အနှီးထွေးလေးနဲ့ ကလေးငယ်တစ်ယောက်။

"ကလေးနဲ့ဘာမှမဆိုင်ဘူး..ကလေးကို တော့ ချမ်းသာပေးပါ...ကိုယ်တော်ကြီး...ချမ်းသာပေးပါ..ကိုယ်တော်ကြီး"

ခွေးနက်ကြီးဟာ သွားရည်တမြားမြား၊ သွားအစွယ်တွေနဲ့ အသနားခံနေတဲ့လူကို ခုန်အုပ်လိုက်တော့တယ်။

ဟာ။

ခွေးနက်ကြီးရဲ့ ကိုက်ခဲမှုကနေ ထိတ်လန့်ဖွယ်အကြည့်နဲ့ အဲ့ဒီလူမျက်နှာကို လရိပ်အောက်မှာ ကျွန်တော်ဖြတ်ခနဲ မြင်လိုက်ရတယ်။

အဲ့ဒီ သူဟာ..... ကျွန်တော်ကိုယ်တိုင်ပဲ။ အား။

"သား...လွတ်အောင်ပြေး...လွတ်အောင်ပြေး"

ဘုရားရေ...ဒါ အမေ့အသံ။ အမေဟာ အနှီးထွေးလေးထဲကနေ.. အော်နေတာ။ ဘာတွေလဲ။

"အူး..ဝူး...ဝူး..ဝူး"

ခွေးအူသံတွေကြောင့် ကျွန်တော် ဖြတ်ခနဲ လန့်နိုးသွားတယ်။

အိပ်မက်ပါလား။ဟူး။

နာရီကို ကြည့်တော့ ဆယ့်နှစ်နာရီခွဲ။

အိမ်မှန်တံခါးကနေ အပြင်ဘက်လမ်းကို ကျွန်တော်

တချက်သွားကြည့်လိုက်တယ်။

"ဟာ"

ကျွန်တော့်အိမ်ရှေ့ ခြံစည်းရိုးတိုင်ပေါ် အင်္ကျီကိုယ်တုံးလုံးနဲ့ ဆန်ကောနှစ်ချက်လက်မှာတပ်ထားတဲ့..ဟိုအကောင်။ ခရာဟောင်။

ဘယ်လိုစောက်ဘဝမျိုးလဲ။

သရဲပတ်လည်ဝိုင်းခံနေရ။

ခင်ဗျားလည်း ခုချိန် မအိပ်သေးရင်..ကျွန်တော့်လို ခြံအပြင်ဘက် တချက်လှမ်းကြည့်ကြည့်။

မကောင်းဆိုးရွားတကောင်ဖြစ်ဖြစ် ခင်ဗျားအိမ် ခြံစည်းရိုးအိမ်ပေါ် ငုတ်တုတ်လာထိုင်နေတဲ့အခါ ကျွန်တော့်ကို ကိုယ်ချင်းစာလိမ့်မယ်။

အပိုင်း(၇)

ဒီနေ့တော့ ကျွန်တော်ရုံးက ခွင့်ယူလိုက်တယ်။

ရက်ပိုင်းလေးအတွင်းမှာ ကျွန်တော်ကြုံလိုက်ရတဲ့ အဖြစ်တွေက ဘာတွေမှန်းကို မသိတော့ဘူး။

အသက် သုံးဆယ်အထိ ဘဝမှာ မကြုံဘူးတာတွေကြုံရ၊ မမြင်ဘူးတာတွေကို ခဏလေးနဲ့ မြင်လိုက် ကြုံလိုက်ရတယ်။

ညက ဟိုဆန်ကောနှစ်ချပ်နဲ့ ပုဂ္ဂိုလ်လည်း ကျွန်တော့် ခြံစည်ရိုးတိုင်ပေါ် ဘယ်အချိန်ထိ နေသွားတယ်မသိဘူး။

ကျွန်တော်လည်း လူရောစိတ်ပါပင်ပန်းလွန်းလို့ အိပ်ပျော်သွားခဲ့တာ။

အိပ်ရာကနိုးတော့ နေ့လယ် ၁၁ နာရီဖြစ်နေပြီ။

နိုးနိုးခြင်း မနေ့က ဖြစ်ပျက်သမျှဟာဟာ အိပ်မက်တစ်ခုဖြစ်ဖို့ မျှော်လင့်မိသေးတယ်။

ဒါပေမယ့်...ကျွန်တော့် အိပ်ရာဘေးမှာ ရှိတဲ့ လက်ဝါးကပ်တိုင်နက် က ဒီအဖြစ်တွေဟာ အိပ်မက်မဟုတ်ကြောင်း သက်သေပြနေတယ်။

ကျွန်တော်ရေမိုးချိုးပြီး လက်ဝါးကပ်တိုင်ကို အိတ်ထဲထည့် အောင်သိုဒေါ် ဘုရားကျောင်းဆီ ကားမောင်းထွက်လာလိုက်တယ်။

ညက သီလရှင်ကြီးဂါဗီလီယာ ဘာဖြစ်ကျန်ခဲ့မှန်းမသိဘူး။ ဘာပဲ ဖြစ်ဖြစ် သူ့ကိုသွားတွေ့ပြီး သူ့လက်ဝါးကပ်တိုင်ကို ပြန်ပေးမယ်။

သူတို့ရဲ့ မှော်လိုလို စုန်းလိုလို ကိစ္စတွေမှာ ကျွန်တော်ဝင်မပါနိုင်ဘူး။ ကြာရင် ရူးသွားနိုင်တယ်။

ဒါကြောင့် ရုံးမှာ လစာမဲ့ခွင့်ရက်ရှည်ယူပြီး ဂျာမနီကို ပြန်ဖို့ ကျွန်တော် ဆုံးဖြတ်ထားတယ်။

ဘုရားကျောင်းဆီမရောက်ခင် လမ်းမှာ ချင်းမိုင်ရဲ့ နာမည်ကြီး ဝက်ခေါက်ကင်ခေါက်ဆွဲကို မနက်စာဝင်စားရင်း တွေးနေမိတာပါ။

အောင်သိုးဒေါ့ဘုရားကျောင်းဘေးက ကွက်လပ်မှာ ကားရပ်လိုက်တယ်။

ကျောင်းတံခါးဆီ လျှောက်သွားတော့ ညကလို ဖွင့်မထားဘဲ အတွင်းက သော့ခတ်ထားလေရဲ့။

ကျွန်တော် သော့ဂလောက်ကိုလှုပ်ရင်း အော်ခေါ်ကြည့်တယ်။ ဘယ်သူမှ ထွက်မလာဘူး။

ကျွန်တော် နောက်ခေါက်ထပ်အော်ကြည့်တယ်။

ဘုရားကျောင်းရဲ့ အောက်ထပ်တံခါးဟာ ပွင့်လာတယ်။

ညက ကျွန်တော်နဲ့ဆုံခဲ့တဲ့ ရက်စပြူတင်ပုံစံ အောင်သိုဒေါ့ဘုန်းတော်ကြီး ထွက်လာတယ်။

သူ့ပုံစံက ကျွန်တော့်ကို ညတုန်းကလို ကြိုဆိုဟန်မပြဘူး။ မျက်နှာထားက တင်းမာနေတယ်။

"ဖာသာ...ကျွန်တော် စစ္စတာဂါဗီလီယာ နဲ့ တွေ့ချင်လို့ပါ"

"သူ မရှိတော့ဘူး"

"ဗျာ..သူ ဘယ်သွားတာလဲ"

"ဒီမနက်ပဲ သူ့အလောင်းကို ဟိုအဆောက်အဦထဲမှာ တွေ့ရတယ်..ခုနကပဲ ဂရိသံရုံးကို အကြောင်းကြားပြီး သူ့အလောင်းကို ဆေးရုံဆီ ပို့လိုက်ကြပြီ..ဆေးစစ်ချက်အရတော့ နှလုံးအစို့ရှင်ချို့ယွင်းတာပဲ..သူ့အသက်ကလည်း ကိုးဆယ့်ငါးနှစ်ရှိပြီ"

"ဟာ..ဒုက္ခပါပဲဗျာ...ဒီမှာ ဒီပစ္စည်း သူ့ကို ပြန်ပေးဖို့ ကျွန်တော်လာတာ"

ကျွန်တော့်လက်ထဲက လက်ဝါးကပ်တိုင်နက်ကိုမြင်တော့ ဖာသာဟာ နောက်ကို တစ်လှမ်းဆုတ်သွားတယ်။

"ဒါ..ဒါ..သူ့ပစ္စည်းလား"

"ဟုတ်ပါတယ်..ဖာသာ..ဒါလေး လာပြန်ပေးတာပါ"

"ဒီမှာ ခဏစောင့်နေဦး"

ဖာသာဟာ ကျွန်တော့်ကို တံခါးမဖွင့်ပေးပဲ အထဲကို ခပ်သွက်သွက်ပြန်လျှောက်သွားတယ်။

သူ့ဦးတည်ရာက ညက ကျွန်တော်နဲ့ သီလရှင်ကြီးတွေ့ခဲ့တဲ့ အဆောက်အဦဆီ။

ခဏအကြာမှာပဲ ဖာသာ သာ အထုပ်တစ်ထုပ်နဲ့ အတူ ကျွန်တော့်ရှေ့ရောက်လာပြန်တယ်။

"စစ္စတာဂါဗီလီယာဟာ သက်တော်ရှည်သီလရှင်ကြီးပါ...ဒါပေမယ့် သူနေသွားတဲ့ အခန်းဆီကနေ ဒီလိုမျိုး အော်သို့ဒေါ့ကျောင်းတော်က တားမြစ်ထားတဲ့ ပစ္စည်းတွေ အများကြီးတွေ့ခဲ့ရတယ်....သူ ဒီကျောင်းတော်မှာ နေထိုင်တာ တစ်နှစ်ရှိခဲ့ပြီ...သူ့ဆီလာဖူးတဲ့ ဧည့်သည်ဆိုလို မင်းပဲရှိတယ်..မင်းပြန်သွားတဲ့ညမှာပဲ သူသေသွားခဲ့တာ..ဒီတော့ သူ့ပစ္စည်းတွေ မင်းပဲ လက်ခံလိုက်ပါ..နောက်ကို ကျောင်းတော်ဆီ ဘယ်တော့မှ မလာပါနဲ့တော့"

ဖာသာဟာ ခြံစည်းရိုးသံတိုင်ကြားကနေ အထုတ်ကို ကျွန်တော့်လက်ထဲအတင်း ထိုးထည့်တယ်။

"မဟုတ်ဘူး..ဖာသာ..မဟုတ်ဘူး...ကျွန်တော်က ဒီလက်ဝါးကပ်တိုင်ကို လာပြန်ပေးတာ"

"ဒေးဗစ်...လက်ဝါးကပ်တိုင်ကို ရှင်ယူထားမှဖြစ်မှာ"

ရုတ်တရုတ် ကျွန်တော့်နောက်က အသံကြောင့် လှည့်ကြည့်လိုက်မိတယ်။

ဘုရားကျောင်းရှေ့ သစ်ပင်အောက်မှာ ရပ်နေတဲ့ ကန်ဒီ။

"ကန်ဒီ..မင်းနဲ့ သီလရှင်ကြီး သိကြတယ်မဟုတ်လား..ဒီမှာ..ဖာသာကို..လာပြောပေးပါဦး''

ကျွန်တော် ကန်ဒီကို လှမ်းအကူအညီတောင်းလိုက်တယ်။

"ဖာသာ...သူက စစ္စတာဂါဗီလီယာ ရဲ့ အသိပါ...သူပြောလိုက်လို့ ကျွန်တော်က စစ္စတာကြီးဆီလာတာ..သူ့ကို မေးကြည့်ပါ"

ကျွန်တော်က ကန်ဒီရှိရာ လက်ညိုးထိုးပြလိုက်တယ်။

ဖာသာဟာ ကျွန်တော် လက်ညိုးညွှန်ပြရာကို ကြောင်ပြီးကြည့်နေပါတယ်။ ပြီးတော့ အထုပ်ကို ဘုရားကျောင်းတံခါးရှေ့ ပစ်ချပြီး အနောက်ကို ချာကနဲ လှည့်ထွက်သွားပါတော့တယ်။

အဝတ်စအနီနဲ့ထုပ်ထားတဲ့ အထုပ်ဟာ မြေပေါ်မှာ ပြေကျနေတယ်။

အဝတ်စအနီဟာ ညက လက်ဝါးကပ်တိုက်ကို ပတ်ထားတဲ့ စိန့်ခရစ္စတိုဖာပုံနဲ့ အဝတ်စပဲ။

နောက် အနက်ရောင်သားရေဖုံးနဲ့စာအုပ်တစ်အုပ်။ အပေါ်မှာ လက်တင်လို ရေးထားတဲ့ စာတွေ။ နောက်လက်ကိုင်ကနုတ်တွေပါတဲ့ မှန်ဘီလူးတစ်ခု။ ထူးထူးခြားခြားမှန်ဘီလူးရဲ့ မှန်သားဟာ အနက်ရောင်။

"ကောက်လိုက်...ဒေးဗစ်...ဒါတွေက ရှင့်အတွက် လိုအပ်လာလိမ့်မယ်"

ကန်ဒီဟာ ကျွန်တော့်ဘေးမှာလာရပ်တယ်။

"ငါနဲ့ မဆိုင်တာတွေလေ"

"ဆိုင်တယ်..ဒေးဗစ်..ရှင် အရူးမထစမ်းပါနဲ့...ရှင်ဒီအခြေအနေက ထွက်ပြေးလွတ်မြောက်ဖို့ မမျှော်လင့်နဲ့..ရှင်ဆိုင်ဖို့ပဲ ကြိုးစားရမှာ"

"မင်းက ဘယ်ကနေ ပေါ်ပေါ်လာပြီး ဘာတွေလာလာပြောနေတာလဲ..မင်းနဲ့ဘာဆိုင်လို့လဲ"

"ကဲ..ဒါတွေယူပြီး ကားပေါ်တက်စမ်းပါ..ဒေးဗစ်ရယ်..ဒီပြဿနာဟာ ရှင့်အတွက်ရော ကျွန်မအတွက်ရော တခြားသူတွေအတွက်ပါ အရေးကြီးတယ်.. လောလောဆယ် ဒီပြဿနာကို ဖြေရှင်းနိုင်မယ့်လူကလည်း ရှင်ပဲ ဖြစ်နေတယ်..လုပ်ပါ..အစ်ကို"

"အစ်ကို" လို့ ခေါ်လိုက်တဲ့ ကန်ဒီ့အသံမှာ ကျွန်တော် ဆတ်ခနဲ ဖြစ်သွားတယ်။

ကန်ဒီဟာ ဒီနေ့ မက်စ်မတက်လာပါဘူး။

ထူးထူးခြားခြား နှုတ်ခမ်းနီရဲရဲကို ဆိုးထားပြီး တီရှပ်အနက်ကို ဝတ်ထားတဲ့ ကန်ဒီရဲ့ ပါးလုပ်လုပ်အလှဟာ ဆွဲဆောင်မှုရှိနေပါလား။

"သွားရအောင်...အစ်ကို...ဒီပစ္စည်းတွေထဲမှာလည်း အဖြေတစ်ခုခုရှိနေနိုင်တယ်"

အောက်မှာ ပြန့်ကြဲနေတဲ့ ပစ္စည်းတွေကို ကျွန်တော် ကောက်လိုက်တယ်။

ပြီးတော့ လက်ဝါးကပ်တိုင်အနက်ကိုပါ ရောထုပ်လိုက်ပြီး ကားဆီလျှောက်သွားလိုက်တယ်။

ကန်ဒီက ကျွန်တော့်နောက်က လိုက်လာတယ်။

"အခု ငါက ဘယ်ကိုမောင်းရမှာလဲ..ကန်ဒီ"

"ရှင့်အိမ်ကိုမောင်းပေါ့..ဒေးဗစ်...ဒီပစ္စည်းတွေထဲ တစ်ခုခု ရှာကြည့်တာပေါ့"

"ဒါနဲ့ နေပါဦး...မင်းက ဘာလဲ..ကန်ဒီ..လူလား..သရဲလား"

ကန်ဒီက ကားမှန်ပြတင်းကို ငေးရင်း တခစ်ခစ်ရယ်တယ်။

"တကယ်မေးနေတာ..မင်းက သရဲတွေလည်းမြင်နေရတယ်..ပြီးတော့ သူတို့နဲ့လည်း မိတ်ဆွေ..ညကလည်း မင်းရဲ့ မိတ်ဆွေ ဆန်ကောနှစ်ချပ်ကြီးက ငါ့အိမ်ရှေ့ ခြံစည်းရိုးထိပ်မှာ တစ်ညလုံး ငုတ်တုတ်ကြီး"

"ခရာဟောင် က ရှင့်ကို ကာကွယ်ဖို့ ကင်းစောင့်ပေးနေတာပါ..သူက ဗိုက်ဆာနေတဲ့အချိန်ကလွဲပြီး သဘောကောင်းပါတယ်..ကျွန်မရဲ့ အားကိုးရတဲ့ မိတ်ဆွေကြီးပေါ့"

"ဟုတ်ပါပြီ..ငါက မင်းအကြောင်းမေးနေတာ..မင်းက ဘယ်သူလဲ ကန်ဒီ..ဒီပြဿနာမှာရော မင်းက ဘာကိစ္စ ငါ့ကို လာကူညီနေတာလဲ"

ကန်ဒီဟာ သူ့ဆံပင်တိုနှံ့နှံ့လေးတွေကို ခါလိုက်တယ်။ ပြီးတော့ ကုန်းတံတားကို အဖြတ် ကားရှေ့မှန်တည့်တည့်မှာ ပေါ်လာတဲ့ ဒွိုက်ဆူတက်တောင်တန်းကြီးကို ကြည့်ရင်း ပြုံးတယ်။

"ဒေးဗစ်....ရှင် ချားလ်စ်ဒါဝင် ရဲ့ "Origins of Species" ကို ဖတ်ဖူးလား"

"နေပါဦး..ငါမေးတာနဲ့..ချားလ်စ်ဒါဝင် နဲ့ ဘာဆိုင်လို့လဲ"

"အဲ့ဒီစာအုပ်တစ်အုပ်လုံးရဲ့ အနှစ်ချုပ်ဟာ တစ်ခုပဲ...ဟော့ဒီကမ္ဘာမြေပြင်ပေါ်က သက်ရှိတွေဖြစ်တဲ့ ဘက်တီးရီးယားတွေ၊ လူတွေ၊ သတ္တဝါတွေ၊ သစ်ပင်တွေဟာ ဟိုးနှစ်သန်းပေါင်းများစွာကာလမှာ တူညီတဲ့ DNA တစ်ခုတည်းက ဆင်းသက်လာတဲ့ ဆွေမျိုးတွေပဲ..အဲ့ဒီကာလတွေ အတွင်း...အသီးသီးဆင့်ကဲပြောင်းလဲမှုတွေကြောင့်သာ..ကျွန်မတို့ ဟာ မျိုးစိတ်တွေ ကွဲပြားသွားကြတာ"

"လခွမ်း..လုပ်ပြန်ပြီ..အဲ့ဒါနဲ့ ငါ့မေးခွန်းက ဘာမှမဆိုင်ဘူးလေ"

"ရှင်တို့ ခရစ်ယာန်အယူအဆမှာလည်း စကြဝဠာ၊ ကောင်းကင်၊ မြေကြီး၊ လူသား၊သတ္တဝါ၊သစ်ပင် အားလုံးဟာ ဘုရားသခင်ဖန်ဆင်းမှုအောက်က လာတယ်လို့ဆိုတယ်မဟုတ်လား...ဗုဒ္ဓဘာသာမှာလည်း အားလုံးဟာ သံသရာမှာ ဆွေမျိုးတွေချည်းပဲတဲ့"

"တော်ပြီ..ငါမေးတာလည်း မဖြေနဲ့တော့...စိတ်ရှုပ်နေရတဲ့အထဲ ဘာတွေလာရောင်းနေလဲ..မသိဘူး"

ကျွန်တော်စိတ်တိုတိုနဲ့ အော်ပြောလိုက်မိတယ်။

ကန်ဒီက လျှာကလေးကို တစ်လစ်လုပ်ပြီး ဇက်ပုပြတယ်။

"အဟဲ...ဒီလိုပါ..အစ်ကိုရဲ့...ဒီတော့ ဒီလောကမှာ လူဖြစ်ဖြစ် ဝိညာဉ်ဖြစ်ဖြစ် သစ်ပင်ဖြစ်ဖြစ် တိရိစ္ဆာန်ဖြစ်ဖြစ် အားလုံးဟာ တစ်နည်းမဟုတ်တစ်နည်း အပြန်အလှန် အမှီသဟဲ ပြုနေကြရတာကိုး...ဒီတော့ အစ်ကို့ပြဿနာဟာလည်း ကန်ဒီနဲ့တစ်ခုခုသက်ဆိုင်နေလို့ပါ"

"ကဲ..တော်ပြီဆို...ဒါလေးမေးမိတာ စကြဝဠာ အစကနေ လာပြောနေတယ်..တော်ပြီ..တော်ပြီ..ရပြီ..မမကန်ဒီရေ..ဘာမှ..မသိချင်တော့ဘူး"

ကန်ဒီက တဟားဟားရယ်ပါတယ်။

သူ့ရယ်သံလေးတွေကြား ကျွန်တော်ပါ လိုက်ရယ်မိ။

ကြည်နူးမိသွားခဲ့လား။ ကျွန်တော် မဝေခွဲတတ်ပါ။

ဒီလိုပဲ ဒုက္ခဆူးတောထဲ ပြေးလွှားနေချိန်မှာတောင် ပန်းရောင်စုံလေးတွေမြင်တဲ့အခါ တစ်ချက်လောက် လှည့်ငေးဖို့ အသိတရားရှိသေးရင်..ခင်ဗျားဟာ လူဖြစ်ရကျိုးနပ်နေပါသေးတယ်။

ဂရိလိုရေးထားတဲ့ အနက်ရောင်သားရေစာအုပ်အဖုံးကို ကျွန်တော် လှန်လိုက်တယ်။

အရှေ့ဆုံးစာမျက်နှာပေါ်မှာတော့ " the order of cynocephali'' ဆိုတဲ့ ရှေးခေတ်အင်္ဂလိပ်စာလုံးကို အနက်ရောင်နဲ့ ရေးထားတယ်။

နောက်တစ်မျက်နှာမှာတော့ လက်ဝါးကပ်တိုင်အနက်ကို ထမ်းထားတဲ့ စိန့်ခရစ္စတိုဖာရဲ့ ခွေးဦးခေါင်းနဲ့ လူခန္ဓာကိုယ်ပန်းချီပုံတစ်ခု။

နောက်ဘက်စာမျက်နှာမှာတော့ ဂရိလိုရေးထားတဲ့ စာတွေ။

"အကုန် ဂရိလိုတွေချည်းရေးထားတယ်..ဘယ်လိုလုပ်ဖတ်မလဲ"

ကျွန်တော် စာအုပ်ကို စိတ်ပျက်လက်ပျက်နဲ့ စားပွဲပေါ်ပစ်တင်လိုက်တယ်။

စာအုပ်ကြားက ကတ်ပြားလေးတစ်ပြားဟာ အောက်ကို ပြုတ်ကျသွား။

"Dr.Sam Ottewill" လို့ရေးထားတဲ့ လိပ်စာကတ်တစ်ခု။ ဟားဗတ်တက္ကသိုလ်သမိုင်းဌာန နဲ့အတူ အီးမေးလ်လိပ်စာပါ ရေးထားတယ်။

"ဒေါက်တာဆန်အော့တီဝဲလ်..ဒါ သီလရှင်ကြီး ပြောသွားတဲ့ ဆိုင်နိုဆက်ဖလိုင်တွေအကြောင်း နောက်ဆုံးစာတမ်းတင်ထားတဲ့ ပုဂ္ဂိုလ်ပဲ"

"ရှင်...သူ့ဆီကို..ရှင်..ရှင်.........."

ကန်ဒီက သီလရှင်ကြီးအထုပ်ထဲက အနက်ရောင်မှန်ဘီလူးကို ကြည့်နေရင်းက ကျွန်တော့်ဘက်ကို လှည့်လိုက်ရင်း ပြောတယ်။

"ဘာလဲ ကန်ဒီ"

ကန်ဒီဟာ စကားပြောနေရင်း ရပ်သွားတယ်။ ပြီးတော့ မှန်ဘီလူးကို ခုံပေါ်တင်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။

"ဩော်..သူ့ဆီ ရှင် အဆက်အသွယ်လုပ်သင့်တယ်လို့.."

"ဒါပေါ့..လုပ်ရမှာပေါ့"

"ဒါနဲ့ ကျွန်မ အလုပ်ရှိလို့ ပြန်လိုက်ဦးမယ်''

"ကိုယ်လိုက်ပို့ပေးမယ်လေ...ကန်ဒီ"

"ရပါတယ်...ဒီနားမှာ ကျွန်မမိတ်ဆွေတွေပေါတယ်"

"နေ့လယ်စာစားမသွားတော့ဘူးလား..အပြင်မှာနေကလည်းပူနေတာကို"

"ရတယ်..ကျွန်မက နေပူထဲ မှာဆို ဗိုက်မဆာဘူး"

ဘာလဲဟ။ ဒီကောင်မလေး အူကြောင်ကြောင်စကားတွေသိပ်လွှတ်တာပဲ"

"ဩော်..ဒါနဲ့...ဒီည...ခရာဟောင် အစား ရှင့်အိမ်ကို ကျွန်မမိတ်ဆွေ နောက်တစ်ယောက်က
လာစောင့်ရှောက်ပေးလိမ့်မယ်...ဘာဖြစ်ဖြစ်.လက်ဝါးကပ်တိုင်နက်ကိုတော့ ကိုယ်နဲ့မကွာဆောင်ထားနော်..သွားပြီ..အစ်ကို"

ကန်ဒီဟာ ပြောပြောဆိုဆိုနဲ့ အိမ်ထဲကနေ ထွက်သွားတော့တယ်။ ဘယ်လိုဟာမလေးလည်းမသိ။ ပဟေဠိပါပဲ။

ကျွန်တော်လည်း...ဒေါက်တာဆန်အော်တီဝဲ ရဲ့ လိပ်စာကတ်ကို ယူပြီး လက်တော့ပ်စားပွဲရှေ့ ထိုင်လိုက်တယ်။

အကျိုးအကြောင်းစုံရေးပြီး သူ့ဆီ စာရေးရမယ်။

အမည်းရောင် အရိပ်ကြီးတစ်စ်ခု တရွေ့ရွေ့လာနေတာ ကျွန်တော် မြင်နေရတယ်။

လက်ထဲမှာလည်း တစ်ခုခုကို ပိုက်လို့။

အဲ့ဒီအရာကြီးဟာ တိုက်ခံအိမ်တစ်လုံးရှေ့မှာ ရပ်လိုက်တယ်။

ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင်အူသံကနေ နောက်ထပ် ခွေးအူသံတွေ။

မည်းမည်းအရာကြီးရဲ့ နားရွက်တွေက အမှောင်ထဲမှာ ထောင်နေတယ်..သူနှုတ်သီးချွန်ချွန်တွေရော။

နောက် သူဟာ သက်န်းလိုလို ဝတ်ရုံလိုလိုအရာကြီးကို ခြုံထားတာမြင်ရတယ်။

ရုတ်တရက် လူတစ်ယောက် ဟာ အိမ်ရှေ့ကို သုတ်သီးသုတ်ပျာထွက်လာတယ်။

အမည်းရောင်အရိပ်ကြီးဟာ သူ့လက်ထဲက အရာကို ပစ်ချပြီး ချက်ခြင်းပဲ လေးဘက်တွားသွားပုံစံ ခွေးနက်ကြီး ဖြစ်သွားတယ်။

ပြီးတော့.... အဲ့ဒီလူနောက်ကို လိုက်တော့တယ်။

ဟိုလူဟာ လဲကျသွားတယ်။ ပြီးတော့ သူ့လက်ထဲ အနီးထွေးလေးနဲ့ ကလေးငယ်တစ်ယောက်။

"ကလေးနဲ့ဘာမှမဆိုင်ဘူး..ကလေးကို တော့ ချမ်းသာပေးပါ... ကိုယ်တော်ကြီး...ချမ်းသာပေးပါ..ကိုယ်တော်ကြီး"

ခွေးနက်ကြီးဟာ သွားရည်တမြားမြား၊ သွားအစွယ်တွေနဲ့ အသနားခံနေတဲ့လူကို ခုန်အုပ်လိုက်တော့တယ်။

ဟာ။

ခွေးနက်ကြီးဟာ ဟိုလူကို မကိုက်သေးပဲ...ကျွန်တော့်ဘက်ကို လှည့်ပြန်ကြည့်လိုက်တယ်။

ဟာ...။

အဲ့ဒီ ခွေးနက်ကြီးရဲ့ မျက်လုံးတွေကို...ကျွန်တော် တစ်နေရာရာမှာ

မြင်ဖူးတယ်။ ဒီမျက်လုံးတွေ။ ဒီမျက်လုံးတွေ။

"တီ..တီ..တီ..တီ..တီ"

ဖုန်းမြည်သံကြောင့် အိပ်မက်ဆိုးကနေ ကျွန်တော်လန့်နိုးသွားတယ်။

မြန်မာပြည်က ကျွန်တော့်ညီမလေး အစ္စဘယ်လာ ရဲ့ ဖုန်း။ ဖေ့ဘွတ်မက်ဆင်ဂျာကနေ ခေါ်လာတာ။

"အစ္စဘယ်.."

"အစ္စဘယ်မဟုတ်ဘူး..သားကြီး...အမေ"

မကြားရတာကြာတဲ့ ဗမာသံ။

"ဟုတ်ကဲ့..အမေ"

မပြောဖြစ်တာကြာတဲ့ ဗမာစကား။

အမေဟာ အကြာကြီးတိတ်ဆိတ်နေတယ်။ ကျွန်တော်တို့ ဖုန်းမဆက်ဖြစ်တာ ဆယ်စုနှစ်တွေတောင်ကြာပြီ။

ညီမလေးအစ္စဘယ်လာသာ ကျွန်တော့်ကို ဆက်သွယ်တာ။ အမေက ဆက်သွယ်လေ့မရှိ။

ကျွန်တော်တို့သားအမိကြား ဘာပြဿနာမှလည်းရှိတာမဟုတ်။ အဖေနဲ့လည်း အိမ်ထောင်ကွဲနေပေမယ့် အဆက်အသွယ်ရှိတာပါပဲ။ ကျွန်တော်နဲ့သာ။

"သား...သူတို့ ရောက်လာကြပြီလား"

"ဗျာ..အမေ..ဘာကိုလဲ"

"သူတို့လေ...သူတို့..သားဆီ ရောက်လာကြပြီလား.."

"အမေ..ပြောတာ ကျွန်တော်နားမလည်ဘူး"

"အမေ အခုရက်ပိုင်း ဟိုအိပ်မက်ဆိုးတွေ မက်တယ်...သားရော..အိပ်မက်ဆိုးတွေ မက်တယ် မဟုတ်လား"

"ဟုတ်..ကဲ့"

"သူတို့ သားဆီရောက်လာကြပြီပေါ့"

"အမေ..သူတို့ဆိုတာ..ဘယ်သူတွေလဲ"

အမေဟာ ခဏ တိတ်သွားပြန်တယ်။ ပြီးမှ။

"ဆိုင်..နို..ဆက်..ဖ..လိုင်..တွေ.."

"ဗျာ..အမေ..အမေက သိနေတာလား"

ကျွန်တော့်လက်ထဲက ဖုန်းပါ လွတ်ကျမတတ်ဖြစ်သွားတယ်။

အပိုင်း(၈)

၁၉၆၃ ဖေဖော်ဝါရီလ ၂၈ ရက်နေ့။ နံနက် ၁၁ နာရီ။

နတ်ရေကန်ကျေးရွာ။

ပြည့်ဝ ကုန်မျိုးစုံဆိုင် ဆိုင်းဘုတ်တပ်ထားသည့် တိုက်ခံအိမ်ရှေ့သို့ ဂျစ်ကားနှစ်စီး က အရှိန်ဖြင့် မောင်းဝင်လာသည်။

ကားများရပ်လိုက်သည်နှင့် ကားပေါ်မှ စစ်ဝတ်စုံဝတ်ဆင်ထားသူတစ်စုက လက်နက်ကိုယ်စီဖြင့် ဆင်းလာကြ၏။

ပခုံးပေါ်တွင် လိုင်းနှစ်လိုင်းဖြင့် အရာရှိဖြစ်သူနှင့် အရပ်ဝတ်လူတစ်ဦးက ဂျစ်ကားပေါ်မှ ဆင်းကာ ဆိုင်အတွင်းသို့ ခပ်ကြမ်းကြမ်းဝင်သွားသည်။

"ဦးလှဆောင်....ဘာလိုချင်လို့လဲ"

ဆိုင်ကောင်တာတွင် ထိုင်နေသော ကိုယ်ဝန်ဆောင်အမျိုးသမီးရှိရာသို့ လှဆောင်က တန်းတန်းမတ်မတ်ဦးတည်လာ၏။

"သဇင်အေး...နင်တို့ဆီက ဂိုထောင်သော့၊ ကောင်တာအံဆွဲသော့၊ မီးခံသေတ္တာသော့၊ ဆိုင်ခန်းသော့ အကုန်လုံး ဒီက ဗိုလ်ကြီးကို အပ်"

"ဘာ..ဘာကိစ္စ အပ်ရမှာလဲ"

"တော်လှန်ရေးကောင်စီက ထုတ်ပြန်လိုက်တဲ့ ဥပဒေအမှတ် ၃၃၊ လုပ်ငန်းများအားနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေအရ ဒီဆိုင်နဲ့ ဂိုထောင်ကို တပ်မတော်က သိမ်းယူပါမယ်"

စစ်အရာရှိအသံက တင်းမာနေ၏။

"ဒါ ကျွန်မတို့ ထူထောင်ရင်းနှီးထားတဲ့
စီးပွားရေးလေ...ဟဲ့..ဦးလှဆောင်..ရှင် ပြောပြလိုက်လေ..ဒါ
ကျွန်မတို့လင်မယားရိုးရိုးသားသား ရှာဖွေလုပ်ကိုင်ထားတာလေ..ဥပဒေနဲ့ ငြိတာ
ဘာမှမရှိဘူး"

ဆံပင်ဘိုကေကို ဆီရွှဲနေအောင်လိမ်းပြီး ပိပိပြားပြားဖြစ်အောင်ဖီးထားသည့် ဦးလှဆောင်က တစ်ချက်ပြုံးလိုက်သည်။

"ငါလည်း မတတ်နိုင်ဘူး..သဇင်အေး...ဒါ အစိုးရအမိန့်ပဲ..မြို့ပေါ်မှာလည်း ပုဂ္ဂလိကပိုင်လုပ်ငန်းတွေ ပြည်သူပိုင်သိမ်းတာပဲလေ"

"ဦးလှဆောင်..ရှင်တို့ဟာက မဟုတ်သေးဘူးနော်...ကျွန်မတို့ဆိုင်က ရွာဆိုင်သေးသေးလေးပါ...မြို့ပေါ်ကလို ဆိုင်ကြီးတွေလည်းမဟုတ်ပါဘူး..ဒီမယ်..ဗိုလ်ကြီးရှင့်.. ကျွန်မတို့က မိသားစုလုပ်ငန်းလေးပါ..အစိုးရက သိမ်းရလောက်အောင် မကြီးကျယ်ပါဘူး"

စစ်ဗိုလ်ဖြစ်သူက စကားပြန်မပြော။ ခါးကြားမှ ပစ္စတိုသေနတ်ကို ထုတ်ကာ မောင်းတင်လိုက်သည်။

"ကဲ..သော့တွေအပ်ပြီး..ခင်ဗျား..သွားတော့"

"မသွားဘူး...ကျွန်မယောက်ျားလည်း အိမ်မှာမရှိဘူး...ဒါ ကျွန်မအိမ်..ကျွန်မဆိုင်..ရှင်တို့ လုံးဝမထိနဲ့..."

သဇင်အေးသည် ကောင်တာအံဆွဲထဲတွင်ရှိနေသော ကတ်ကြေးကို ထုတ်လိုက်သည်။

စစ်သားများက သဇင်အေးကို သေနတ်ဖြင့် ချိန်ထားကြ၏။

"ကိုလှဆောင်..ခင်ဗျား ကြည့်ပြောဗျာ..ကိုယ်ဝန်ကြီးနဲ့မို့ ကျုပ်တို့ ဘာမှ မလုပ်ချင်ဘူး"

ဦးလှဆောင်က သဇင်အေးနားသို့ ကပ်သွားသည်။

"သဇင်အေး..ငါ ရပ်ရွာလူကြီးတစ်ယောက်အနေနဲ့..ပြောနေတာ"

"ဘာလူကြီးလဲ..ကိုယ့်အရပ်သူအရပ်သားတွေကို ကာကွယ်ပေးရမယ့်အစား...ပထွေးတွေကို ပင့်လာပြီး..ကျွန်မတို့စီးပွားကို လာဖျက်တာ..လူယုတ်မာ..အောက်တန်းစားပဲ.."

"ဟာ..ဒီကောင်မလေး....ပေးဆို..ပေးလိုက်"

ဦးလှဆောင် က ရှေ့ကို တိုးလာစဉ် သဇင်အေးက ကတ်ကြေးဖြင့် ဝင်ထိုးလိုက်သည်။

ဦးလှဆောင်က ရှောင်လိုက်သဖြင့် သဇင်အေးမှာ ပုံလျက်သားလဲကျသွား၏။

ကိုယ်ဝန်နေ့စေ့လစေ့မို့ ရုတ်တရက်မထနိုင်။

စစ်ဗိုလ်က စိတ်မရှည်တော့။ "ဒီကောင်မကို ခြံပြင် ဆွဲထုတ်လိုက်ကြ"

စစ်သားနှစ်ယောက်က သဇင်အေးကို လက်မောင်းနှစ်ဖက်မှဆွဲကာ ခြံပြင်ဆွဲထုတ်သွားကြ၏။

ကျန်နေသောစစ်သားများက ဆိုင်အတွင်းမှ ပစ္စည်းများကို အလုအယက် ယူနေကြသည်။

"ဟော့..ဆရာကျော်မြင့်...ခင်ဗျားကပါ ရဲဘော်တွေနဲ့ရောပြီး လောဘတက်အနေနဲ့.ဆိုင်းဘုတ် တက်ဖြုတ်ဖို့လုပ်...ကျုပ် အပေါ်ထပ်မှာ ရှာစရာရှိတာရှာဦးမယ်"

စစ်ဗိုလ်က အမိန့်ပေးကာ ဦးလှဆောင်နှင့်အတူ အိမ်ပေါ်သို့တက်သွားကြ၏။

သဇင်အေးကိုမူ ခြံဝတွင် စစ်သားနှစ်ယောက်က သေနတ်ဖြင့်ထောက်ထားကြသည်။

ထိုအချိန်တွင် စက်ဘီးတစ်စီးက ခြံရှေ့သို့ ရောက်လာ၏။ သဇင်အေး ၏ ခင်ပွန်း ထွန်းကျော်။

"ကိုထွန်းကျော်..လုပ်ပါဦး..ဟိုမှာ ကျွန်မတို့ဆိုင်ကို သူတို့ သိမ်းနေကြပြီ"

"သဇင်...ဘယ်လိုဖြစ်တာလဲ"

ထွန်းကျော်က သဇင်အေးနားတွင် ဒူးထောက်ကာ မေးလိုက်၏။

"ထွန်းကျော်...မင်းရောက်လာပြီလား"

ခြံဝတွင် ဦးလှဆောင်။

"ဦးလှဆောင်...ဒါက ဘာတွေဖြစ်နေတာလဲ"

"မင်းတို့ဆိုင်ကို ပြည်သူပိုင်သိမ်းဖို့ ရောက်နေကြတာလေ"

"ဘာဗျ..ခင်ဗျား..ခင်ဗျား..ကျုပ်နဲ့ မတည့်တာနဲ့ပဲ..ဒီကောင်တွေကို လက်ထောက်ချပြီးသွားခေါ်လာတာမဟုတ်လား"

"ဒါ အစိုးရအမိန့်ပဲ ထွန်းကျော်.... ငါနဲ့ ဘာမှမဆိုင်ဘူး..ငါစိတ်မကောင်းပါဘူး"

"ခွေးသူခိုးတွေ..ဒါငါ့ဆိုင်၊ ငါ့စီးပွားရေးကွ..မင်းတို့နဲ့

ဘာမှမဆိုင်ဘူး...ခွေးတွေ"

ခြံဝင်းအတွင်း ဝင်မည်ပြုနေသော ထွန်းကျော်၏ ရင်ဘတ်အား စစ်သားနှစ်ယောက်က သေနတ်ဖြင့် ထောက်ထားလိုက်ကြသည်။

နောက်စစ်သားတစ်ယောက်က ထွန်းကျော်၏ စက်ဘီးကို ထွန်းကာခြံအတွင်း ယူသွား၏။

ခြံဝင်းရှေ့တွင် ရွာသားများလည်း တဖြည်းဖြည်း အုံလာနေပြီဖြစ်သည်။

"ဟယ်..သဇင်အေး...မွေးတော့မယ်ထင်တယ်"

ပေါင်မှ သွေးများစီးကျလာသော သဇင်အေး အား အမျိုးသမီးအချို့က ဝိုင်းဝန်းသယ်သွားကြ၏။

"ကိုထွန်းကျော်..စိတ်ကိုလျှော့ပါဗျာ...ဟိုမှာ..ခင်ဗျားမိန်းမလည်း..မွေးတော့မလား မသိဘူး..စီးပွားက ပြန်ရှာလို့ရပါတယ်..လာ"

ရွာသားများက စစ်သားများရှေ့တွင် ရပ်နေသော ထွန်းကျော်ကို ဖျောင့်ဖျခေါ်ယူကြသည်။

ထိုအချိန်တွင် စစ်တပ်အရာရှိက ပစ္စတိုကိုခါးချိတ်ကာ ခြံရှေ့သို့ထွက်လာ၏။

"ဝိသမလောဘသားတွေရဲ့ လက်ဝါးကြီးအုပ်စီးပွားရေးကို တော်လှန်ရေးကောင်စီအစိုးရအမိန့်နဲ့ ဖျက်သိမ်းလိုက်ပြီး..ပြည်သူပိုင်စီးပွားရေးအဖြစ် အသွင်ပြောင်းလိုက်ပြီ...ဒီဆိုင်ဟာ ဒီနေ့ကစပြီး ပြည်သူ့ဆိုင်ဖြစ်သွားပြီ..ဆိုင်ရဲ့ တာဝန်ခံအဖြစ် ဒီရွာရဲ့ လူကြီးတစ်ဦးဖြစ်တဲ့ ဟောဒီ ဦးလှဆောင်က တာဝန်ယူလိမ့်မယ်...ဒါ အမိန့်ပဲ"

"ဝုန်း"ခနဲ အသံနှင့်အတူ ဖျက်စီးဖြုတ်ချခံလိုက်ရသော "ပြည့်ဝ ကုန်မျိုးစုံဆိုင်" ဆိုသည့် ဆိုင်းဘုတ်ကို ထွန်းကျော်က ကြောင်တောင်တောင်ဖြင့် ငေးကြည့်နေသည်။

"ကလေးရော..သဇင်အေးရော..မကယ်နိုင်လိုက်ဘူး...ထွန်းကျော်."

သားဖွားဆရာမ ဒေါ်သက်မြိုင် ၏ အသံက တိမ်ဝင်သွား၏။

သွေးဆုတ်ဖြူလျော်လျက် အသက်မဲ့နေပြီဖြစ်သော သဇင်အေးနှင့် မွေးကင်းစကလေးငယ်၏ ခန္ဓာကိုယ်ဘေးတွင် ထွန်းကျော် ထိုင်ချလိုက်သည်။

ဒေါ်သက်မြိုင် ၏ စကားကိုလည်း ထွန်းကျော် မကြားတော့။

လွန်ခဲ့သော နာရီပိုင်းကပင် သူပိုင်ဆိုင်ခဲ့သည့် ပြီးပြည့်စုံသော မိသားစုဘဝလေးမှာ အချိန်ခဏလေးအတွင်း ပျက်စီးခဲ့ရပြီ။

နောက်တစ်နေ့ နံနက် ရွာအနောက်ဘက်ရှိ မန်းကျည်းပင်တွင် ကြိုးဆွဲချနေသော ထွန်းကျော်၏ အလောင်းကို ရွာသားများက တွေ့လိုက်ကြသည်။

"ဒီကိစ္စတွေသာ ဖွားဒေါင်းညို ပြန်လာလို့ သိသွားရင်တော့"

ရွာသားတစ်ဦး ထံမှ ထွက်လာသော စကားသံ။ အားလုံးက တစ်ခုခုကို စိုးရိမ်သွားသော မျက်လုံးများဖြင့်။

သား၊ ချွေးမ၊ မွေးကင်းစမြေးမလေး၏ အသက်မပါသော ရုပ်ကလာပ်များကို ဖွားဒေါင်းညို ငေးကြည့်နေသည်။

ဆံပင်ဖြူလျော်လျော်ကို ဘီးစပတ်ထုံး၊ ယောဂီဝတ်စုံဖြင့် အဘွားအိုမှာ အံကို တင်းတင်းကြိတ်လျက်။

အလောင်းများမြေကျပြီးသည်နှင့် ရွာသားအချို့က ဖွားဒေါင်းညို ကို ဖေးမကာ ပြန်လာကြသည်။

ရွာလယ်ရှိ သားဖြစ်သူမိသားစု၏ ခြံဝင်းအဟောင်းရှေ့အရောက်တွင် ဖွားဒေါင်းညို ခဏရပ်လိုက်၏။

"ပြည်သူ့ဆိုင် အမှတ် (၀၁၉)၊ နတ်ရေကန်ကျေးရွာ"

ယခင်က "ပြည့်ဝ" ကုန်စုံဆိုင်ဆိုသည့် ဆိုင်းဘုတ်နေရာတွင် အပြာရောင်ဆိုင်းဘုတ်က နေရာယူလျက်။

ထွန်းကျော်တို့ မိသားစုပိုင်ဆိုင်သမျှအား ပြည်သူပိုင်သိမ်းသွားခဲ့ပြီ။

ထွန်းကျော်တို့ ပိုင်ဆိုင်သည့် ငွေကြေးနှင့် အတွင်းပစ္စည်းများကို စစ်ဗိုလ်နှင့်အဖွဲ့က ယူဆောင်သွားကြ၏။

ပြည်သူ့ဆိုင်အဖြစ် ပြောင်းလဲဖွင့်လှစ်ပြီး တာဝန်ခံအဖြစ်ဦးလှဆောင်က တာဝန်ယူလိုက်သည်။

ထွန်းကျော်တို့မိသားစုအလောင်းပင် မြေမကျသေး။ ဦးလှဆောင်တို့ မိသားစုက ယခင်တဲအိမ်ကလေးမှ ထိုနှစ်ထပ်အိမ်အပေါ်ထပ်သို့ ပြောင်းရွှေ့လာကြသည်။

ထို့ကြောင့် စစ်တပ်အား လက်ထောက်ချခေါ်လာသူမှာ ဦးလှဆောင်ပင် ဖြစ်ကြောင်း ရွာသားများမှ ထင်ကြေးပေးကြ၏။

ယခင်ကလည်း စားသောက်ကုန်များကို အကြွေးယူသည့် ကိစ္စဖြင့် ဦးလှဆောင် နှင့် ထွန်းကျော် စကားများဖူးကြသည်။

ဦးလှဆောင်မှာ ရပ်ရွာလူကြီးဟုနာမည်ခံထားသော်လည်း အလုပ်အကိုင်မယ်မယ်ရရမရှိ။ အိမ်ထောင်သည်သားနှစ်ယောက်၏ မယားများနှင့် မြေးများလည်း ရှိသေးသည်။

သားနှစ်ယောက်မှာ လယ်စာရင်းငှားလိုက်ကြသော်လည်း လောက်ငှခြင်းမရှိကြ။

ထို့ကြောင့် တခါတရံ ဦးလှဆောင်က ထွန်းကျော်တို့ဆိုင်တွင် ဆန်၊ဆီများ အကြွေးယူရသည်။

အကြွေးယူသည်မှာများလာသောအခါ ထွန်းကျော်က ထပ်မပေးတော့သဖြင့် အကြီးအကျယ်စကားများကြ၏။

ထိုအညိုးအတေးဖြင့် ထွန်းကျော်တို့ မိသားစုကို ဒုက္ခပေးခြင်းဟု ရွာက မှတ်ယူကြသည်။

ဖွားဒေါင်းညို ကား ခြံရှေ့တွင် မတ်တတ်ရပ်ကာ ကြည့်နေဆဲ။

"ကလင်..ကလင်.."

စက်ဘီးဘဲလ်သံကြောင့် ဖွားဒေါင်းညို နောက်လှည့်ကြည့်သည်။

ဦးလှဆောင်။ တစ်ချိန်က ထွန်းကျော်ပိုင်ဆိုင်ခဲ့သော မောင်ဗမာစက်ဘီးကို နင်းလျက်။ ဘားတန်းတွင် သားကြီး လှစိုး မွေးသည့် မြေးအကြီးကလေးနှင့် နောက်ခုံတွင် မြေးအငယ်ကို တင်လာသည်။

ဖွားဒေါင်းညို ကို မြင်သည့်အခါ ဦးလှဆောင်လန့်ဖြန့်သွားသည်။

ဖွားဒေါင်းညိုမှာ မြို့ပေါ်က တရားစခန်းတွင် သွားနေနေသည်မှာ သုံးနှစ်ပင်ရှိခဲ့ပြီ။

"မဒေါင်းညို...ဟို...ဟို"

ဦးလှဆောင်က စက်ဘီးပေါ်မှဆင်းပြီး မျက်စိပျက် မျက်နှာပျက်ဖြင့်။

"ကျွန်တော်...ကျွန်တော်..ထွန်းကျော်တို့အတွက် စိတ်မကောင်းပါဘူး..ပြီးတော့..ဟို..ဟိုဟာ..ကျွန်တော်နဲ့ အဲ့ဒါ..ဘာမှမဆိုင်ဘူးနော်"

ဖွားဒေါင်းညိုက ဦးလှဆောင်ကို စေ့စေ့ကြည့်လိုက်သည်။

"ဩော်...ဒါ နင့် မြေးလေးတွေလား..လှဆောင်"

ဖွားဒေါင်းညို ၏ အသံခြောက်ကပ်ကပ်ကြောင့်..ဦးလှဆောင်မှာ တုန်တက်သွားသည်။

"ကျွန်တော်..ကျွန်တော်..တောင်းပန်ပါတယ်..မဒေါင်းညို"

ဦးလှဆောင်က အသံတုန်တုန်ရီရီဖြင့် ခြံထဲသို့ စက်ဘီးတွန်းဝင်သွား၏။

ဖွားဒေါင်းညို ကား တစ်ချိန်က အောက်လမ်းပညာသည်ဟု တစ်ရွာလုံးက သိထားကြသည်။

အောက်လမ်းပညာသည်တွင်မှာ ရှားရှားပါးပါး ကိုးတွင်းအောင်း အဆင့်။

ကိုးတွင်းအောင်းအဆင့်ဆိုသည်မှာ သင်္ချိုင်းကိုးခုတွင် တွင်းတူးလျက် အမဲသားတုံးကို ပါးစပ်တွင်ကိုက်ကာ ပညာခန်းတက်ယူခဲ့ရသည့် အဆင့်။

သို့သော် သားဖြစ်သူ အိမ်ထောင်ကျပြီးသည့်နောက် ပဲခူးမှ ဆရာတော်တပါးနှင့်တွေ့ကာ ပညာခန်းကို စွန့်လွှတ်ပြီး တရားစခန်းတွင် သွားရောက်နေထိုင်ခဲ့သည်။

ယခုတော့။ သား၊ ချွေးမ၊ မြေးကလေးတို့၏ အဖြစ်ဆိုးကြောင့် ရွာသို့ ပြန်လာခဲ့ရသည်။

ဖွားဒေါင်းညိုကား နေစရာအိမ်မရှိတော့။ ထို့ကြောင့် ရွာသင်္ချိုင်းရှိ ဇရပ်တွင် ရက်လည်ပြီးသည်အထိ နေမည်ဖြစ်သည်။

ရက်လည်သည့် မနက်က သင်္ချိုင်းဇရပ်တွင်ပင် ဘုန်းကြီးဆွမ်းကပ်လိုက်ကြသည်။

ညနေပိုင်းရောက်လာသည်နှင့်အမျှ ဖွားဒေါင်းညိုကို ကူညီပေးကြသော ရွာသားများလည်း ဇရပ်မှ တဖြည်းဖြည်းပြန်သွားကြလေပြီ။

နေရောင်ကား နီညိုရောင်မှ အပြာဘက်သမ်းချိန်။

ဖွားဒေါင်းညိုသည် ဆံပင်ကို ဖားလျားချလျက် ဇရပ်ဘေးတွင်

ထောင်ထားသော ပေါက်ပြားကို ကိုင်ကာ သင်္ချိုင်းဘက် လျှောက်လာနေသည်။

သင်္ချိုင်းမြေပုံတခုပေါ်မှ ထမင်းထုတ်ကို စားနေသည့် ခွေးနက်ကြီးတစ်ကောင်။

ဖွားဒေါင်းညိုက ခွေးနက်ကြီး၏ အနောက်တွင် ရပ်လိုက်သည်။

ထို့နောက် ဂါထာမန္တာန်တစ်ခုကို နှုတ်မှ ခပ်တိုးတိုးရွတ်လိုက်၏။

အိုမင်းချိနဲ့နေသော ဖွားဒေါင်းညိုမှာ ရုတ်တရက် လူငယ်တစ်ယောက်၏ အားအင်မျိုးဖြင့် ပေါက်ပြားကို လွဲလိုက်၏။

"ဂုတ်"

"ဂိ..ခိ"

ခွေးနက်ကြီးမှာ အသံပင် ကြာကြာမထွက်လိုက်ရ။ မြေပုံရှေ့တွင်ပင် အသက်ငင်နေသည်။

ထို့နောက် ဖွားဒေါင်းညိုက မသေမရှင်ဖြစ်နေသော ခွေးနက်ကြီးကို ခြေထောက်မှ တရွတ်တိုက်ဆွဲသွား၏။

ဇရပ်ဘေးတွင် အသင့်တူးထားသော ကျင်းတစ်ကျင်း။

ဖွားဒေါင်းညို က ဇရပ်ပေါ်တက်သွားပြီးနောက် သင်တုန်းဓားတစ်ချောင်းနှင့် သင်္ကန်းအဟောင်းတစ်စုံကို ယူလာသည်။

ထို့နောက် သူ့ခါးကြားမှ အင်းပြားများကို ယူကာ ခွေးနက်ကြီး၏ ပတ်ပတ်လည်တွင် စည်းတားလိုက်၏။

ခွေးနက်ကြီး၏ ခေါင်းမှ အမွေးများအား သင်တုန်းဓားဖြင့် ရိတ်ပေးပြီးနောက် သင်္ကန်းအဟောင်းအား အင်းပြားများနှင့်ကပ်ကာ ကိုယ်တွင် ပတ်ပေးလိုက်သည်။

ထို့နောက် မသေမရှင်ဖြစ်နေသော ခွေးနက်ကြီးအား ကျင်းထဲသို့ ပစ်ချလိုက်လေသည်။

"မောင်ရင်လောင်းကိုယ်တော်ကြီး...မနက်ဖြန်ကစလို့..နတ်ရေကန်ရွာ၊ အရှေ့အရပ်က ပြည်သူ့ဆိုင် အမှတ် (၁၁၉) ကို လူသားဆွမ်းစားကြွဖို့ ဖိတ်ကြားပါတယ်....တစ်မိသားစုလုံးကို လူသားဆွမ်းအဖြစ် သုံးဆောင်တော်မူပါ"

ဖွားဒေါင်းညိုက ပါးစပ်မှရေရွတ်ရင်း ပေါက်ပြားဖြင့် မြေကြီးများကို ဖို့ချနေ၏။

မသေမရှင်ဖြစ်နေသော ခွေးနက်ကြီးမှာလည်း...တဖြည်းဖြည်း။

အပိုင်း(၉)

"အူဝဲ...အူဝဲ"

ဦးလှဆောင်က ဝမ်းသာအားရဖြင့် အပေါ်ထပ်သို့ ပြေးတက်သွား၏။

"မွေးပြီလား..မွေးပြီလား"

"မွေးပြီ...အဖေ...မိန်းကလေး..မိန်းကလေး"

အခန်းထဲမှ ချွေးမအကြီး၏ အသံကြောင့် ဦးလှဆောင် ပျော်သွား၏။

သားငယ်ဖြစ်သူ လှမျိုး၏ ဇနီး၊ သူ့ချွေးမအငယ် မှ သူတို့မိသားစု၏ အငယ်ဆုံးမြေးမလေးကို မွေးပေးခဲ့ပြီ။

သားကြီးလှစိုးက ယောက်ျားလေးနှစ်ယောက်မွေးထားသည့်အတွက် ယခု မြေးမိန်းကလေး ရလျှင် ပိုကောင်းမည်ဟု တွေးထားခဲ့၏။

ဒီမြေးမလေးမွေးခါနီး အချိန်မှစပြီး သူလာဘ်လာဘများ ကောင်းခဲ့သည်။

ပြည်သူ့ဆိုင်တာဝန်ခံလည်းဖြစ်ပြီ..နေစရာအိမ်ကောင်းကောင်းလည်း ရခဲ့ပြီ။

အခြားမြေးများတုန်းက တဲပုတ်လေးတွင် မွေးခဲ့ရသော်လည်း မြေးမလေးကတော့ ဟော့ဒီတိုက်ခံအိမ်ကြီးပေါ် မွေးခဲ့ရသည်။

"ဟိုကောင်လှမျိုးကလည်း ဒေါ်သိန်းကြည်ကို သွားခေါ်တာ ခုထိ ပေါ်မလာသေးဘူး"

သားကြီးဖြစ်သူ လှစိုးက ဆေးပေါ့လိပ်ဖွာနေရင်းမှ ပြောလိုက်၏။

"ဘိုးဘိုးကြီး..ဘိုးဘိုးကြီး...အိမ်ရှေ့မှာ ဘုန်းဘုန်းကြီး ဆွမ်းခံကြွတယ်"

အိမ်အောက်ထပ်ခြံထဲတွင် ဆော့နေသော မြေးနှစ်ယောက်က ဦးလှဆောင် လက်ကို လာဆွဲကာ ပြော၏။

"ဟာ...ဒီကလေးတွေ..ပေါက်တတ်ကရ...ဒီလိုညကြီးမင်းကြီး...ဘယ်ဘုန်းကြီးက ဆွမ်းခံကြွမလဲ.."

လှစိုးက သူ့သားနှစ်ယောက်ကို ဟောက်လိုက်သည်။

"ကိုလှစိုး..ရေတစ်ဇလုံ ယူပေးပါဦး...ဒီမှာ.."

"အေး..အေး"

လှစိုးက ရေခပ်ရန်အောက်ထပ်သို့ ဆင်းသွား၏။

"ဘိုးဘိုးကြီး..သားတို့ တကယ်ပြောတာ...ရှေ့မှာ ဘုန်းဘုန်းဆွမ်းခံကြွတယ်..မယုံရင်..လာကြည့်"

မြေးအကြီးကောင်မှ လက်ဆွဲခေါ်သွားသဖြင့် ဝရန်တာသို့ ဦးလှဆောင်ပါသွားသည်။

"ဟိုမှာလေ..ဘိုးဘိုးကြီးရဲ့...ဘုန်းဘုန်းက စိတ်မရှည်လို့ထင်တယ်..ကြွတောင်သွားပြီ"

မှောင်ရိပ်ထဲတွင် သင်္ကန်းကဲ့သို့အရာကို ခြုံထားသည့် မည်းမည်းအရာကြီးတစ်ခု။

ဦးလှစိုးက ရေနံဆီမီးအိမ်ကို ဖြုတ်ပြီး လမ်းမဘက် သို့ သေချာကြည့်လိုက်သည်။

မည်းမည်းအရာကြီးက ဦးလှဆောင်ကို နောက်ပြန်လှည့်ကြည့်သည်။

နားရွက်ထောင်ထောင်နှင့် နှုတ်သီးရှည်ရှည်။ ဘုရား..ဘုရား။

မတ်တတ်ရပ်နေသောခွေးနက်ကြီးတစ်ကောင်။ ခေါင်းနေရာတွင်လည်း အမွေးတစ်ပင်မှမရှိ။

သွားရည်တမြားမြား လျှာကြီးနှင့် အစွယ်ဝါညစ်ညစ်များ။

ပြီးတော့.... မျက်လုံးရဲရဲကြီးများက သူ့ထံသို့ တည့်တည့်။

"အူ..ဝူး..ဝူး"

ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံကြီး။

သူအံ့ဩမင်တက်နေစဉ်။

"အဖေ..အဖေရေ..လာပါဦး..ဒီမှာ..မခင်ဝင်း..မခင်ဝင်း"

အခန်းထဲမှ ချွေးမကြီးဖြစ်သူ၏ အသံကြောင့် ဦးလှဆောင် အမြန်ပြေးသွားလိုက်သည်။

အခန်းဝတွင် လှစိုး မတ်တတ်။

"အဖေ...မခင်ဝင်း...သွားပြီထင်တယ်"

အိပ်ခန်းထဲတွင် အောက်ပိုင်းကို စောင်တစ်ထည်ဖြင့်အုပ်ထားသော ချွေးမငယ် မခင်ဝင်း က မျက်ဖြူလန်နေချေပြီ။ မျက်နှာတစ်ပြင်လုံးလည်း သွေးဆုတ်ဖြူလျော်စွာဖြင့် ။ စောင်တစ်ထည်လုံးလည်း သွေးများစိုရွှဲနေ၏။

ချွေးမကြီး ထားရီ က တရှုံ့ရှုံ့ငိုသည်။

"ဘာလုပ်နေတာလဲ..လှစိုး..မင်းညီနောက် အမြန်လိုက်သွားလေ...မသိန်းကြည်ကို အမြန်ခေါ်လာခဲ့...ဟော့ကောင်"

ထိုအခါမှ လှစိုးလည်း အသိဝင်လာပြီး အိမ်အောက်ထပ်သို့ ကမန်းကတန်းပြေးဆင်းသွားတော့သည်။

"ကလေး...အဖေ့..ကိုပေး..ထားရီ..ချက်ကြိုးဖြတ်ရဦးမယ်..မဟုတ်လား"

သားနှစ်ယောက်တုန်းက အတွေ့အကြုံအတိုင်း.ကလေးကို ဦးလှဆောင်ပွေ့ယူလိုက်သည်။

တကယ်တမ်းကျ..ချက်ကြိုးဖြတ်သည့်ကိစ္စကို ဘယ်ကဘယ်လို စလုပ်ရမည်မသိ။

"ထားရီ..လာပါဦးဟယ်...ချက်ကြိုးဖြတ်ဖို့က"

ထိုအချိန်တွင် အိမ်ပေါ်သို့ ခြေသံတဒုန်းဒုန်းဖြင့် လှစိုးတက်လာသည်။ သူ့နောက်တွင် သားဖွားဆရာမ ဒေါ်သိန်းကြည်။

"ဟဲ့..မွေးတောင်မွေးသွားပြီလား"

"ဟုတ်တယ်..မမသိန်းကြည်..ဟိုအထဲမှာ..မခင်ဝင်းကို တစ်ချက်သွားကြည့်ပေးပါဦး..အထဲမှာ ထားရီရှိတယ်"

သားဖွားဆရာမက ဆေးအိတ်ကိုဆွဲလျက် အခန်းထဲသို့ ဝင်သွားသည်။

"ဟော့ကောင်..မင်းညီရော"

"မသိဘူးအဖေ...ဒေါ်သိန်းကြည်ဆီလည်း ဒီကောင်ရောက်မလာဘူးတဲ့"

"ဟာ...ဒီကောင်ကွာ...မိန်းမက မီးဖွားနေတာကို...မသန်းလှအရက်ဖိုမှာများ ဝင်ကစ်နေလားမသိ"

"ကိုလှဆောင်"

ထိုအချိန်တွင် အခန်းတံခါးဝမှ သူနာပြုဆရာမ မသိန်းကြည် ပေါ်လာသည်။

"ကျွန်မကို ကလေးပေးပါ...ချက်ကြိုးဖြတ်ပြီး
သန့်ရှင်းရေးလုပ်ရမယ်...ပြီးတော့...ကိုလှဆောင်နဲ့ လှစိုးက မခင်ဝင်းလေး
အလောင်းကို အောက်ထပ်သယ်ဖို့လုပ်ပါ"

"ဗျာ"

မီးနေသည်အစိမ်းသေဖြစ်သည့်အတွက် မခင်ဝင်း၏ နာရေးအား
နောက်တစ်နေ့ တွင် အပြီး သင်္ဂြိုဟ်ရမည်ဖြစ်သည်။

သို့သော်ငြား မခင်ဝင်း၏ ယောကျ်ား လှမျိုးမှာ ပေါ်မလာသေး။

ရွာသားများလည်း မခင်ဝင်းအလောင်းကို ထည့်ရန် အိမ်ဘေး
ဘေးကွက်လပ်တွင်ပင် သစ်သားများဖြင့် အခေါင်းစပ်နေကြ၏။

"ဦးလှဆောင်...ဦးလှဆောင်"

ရွာကာလသား စိုးတင့်က အမောတကောပြေးလာသည်။

"ဘာလဲ...စိုးတင့်..ဘာဖြစ်လာတာလဲ"

"လှမျိုး...လှမျိုး....အလောင်း..ကို..ကိုအေးသန်းခြံ ခေါင်းရင်းလမ်းကြား
မှာ..တွေ့လို့"

ကိုအေးသန်းခြံမှာ ဒေါ်သိန်းကြည်အိမ်သို့သွားရာဖြတ်လမ်းတွင်ရှိသည်။
ထိုလမ်းသည် ခြုံနွယ်ထူထပ်သဖြင့် သွားလေ့သွားထမရှိကြ။

"ညကတည်းက ပိုးထိတာထင်တယ်..အခု တစ်ကိုယ်လုံး ပြာနှမ်းနေတာပဲ"

"ဟုတ်ရဲ့လားကွာ"

အခေါင်းစပ်သည့်ဘေးတွင် ထိုင်နေသော ဦးလှဆောင်မှာ ဒယီးဒယိုင်ဖြင့်
မတ်တတ်ထရပ်လိုက်သည်။

သူ့မျက်စိထဲ ဖွားဒေါင်းညိုကို ပြေးမြင်မိ၏။

သားနှင့် ချွေးမ တစ်ပြိုင်တည်းဆုံးရှုံးရသည့် ခံစားချက်။

ပြီးတော့...ညက..ညက..သူ့အိမ်ရှေ့မှာ လာရပ်သည့် လူလိုလိုခွေးလိုလို သတ္တဝါကြီး။

"ဟိုမှာ လှမျိုး အလောင်းသယ်လာနေပြီ...ဘေးဖယ်..ဘေးဖယ်"

ဦးလှဆောင် အမှောင်ရိပ်ထဲတွင် ထိုင်နေသည်။

ဖဲဝိုင်းမှ ဆူညံနေသည့်အသံများ၊ ရက်လည်အလုပ်အကိုင်ရက်မို့ ချက်ပြုတ်နေကြသည့်အသံများက ဆူညံနေ၏။

"ဘိုးဘိုးကြီး..ဘိုးဘိုးကြီး...အိမ်ပေါ်မှာ..ဟိုနေ့က ဘုန်းဘုန်းကြီးရောက်နေတယ်"

မြေးအကြီးကောင်က ဟင်းချက်သည့်နေရာနားတွင် ထမင်းစားနေရင်းမှ ထလာကာ ဦးလှဆောင်လက်ကို လာဆွဲရင်းပြောသည်။

ဦးလှဆောင် ဆတ်ခနဲ ဖြစ်သွားသည်။ လည်ပင်းတွင် စွပ်ထားသည့် သိမ်ဝင်ပုတီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

အိမ်ပေါ်တွင် မွေးကင်းစသူမြေးမလေးရှိသည်။ မြေးမလေးကို ရွာထဲမှ သားသည်မိခင်တစ်ဦး၏ နို့ကို ညှစ်ယူပြီးတိုက်ထားပြီး သိပ်ထား၏။

နာရေးကာလမို့ အိမ်တွင်းအုန်းကိုလည်း ဖြုတ်ထားရသည်မဟုတ်လား။

ဦးလှဆောင် အိမ်ပေါ်ထပ်သို့ အမြန်ပြေးတက်လိုက်သည်။

"ငါ့အိမ်...ဒါငါ့အိမ်..ငါ့အိမ်ပေါ်မတက်နဲ့"

ရုတ်တရက် အိမ်လှေကားဝမှ အော်သံနှင့်အတူ ဖြူဖတ်ဖြူလျော် မျက်နှာသေကြီးဖြင့် သဇင်အေး ကို မြင်လိုက်ရသည်။ သဇင်အေး လက်ထဲတွင် သွေးတွေရွှဲစိုနေသည့် မွေးကင်းစ ချက်ကြိုးတန်းလန်း ကလေးငယ်တစ်ဦး။

"အား"

"အဖေ...အဖေ...ဘာဖြစ်တာလဲ"

လှစိုး က အလန့်တကြားပြေးလာသည်။

ဦးလှဆောင်ရှေ့တွင် အိမ်လှေကားထစ်များမှ လွဲပြီး ဘာမှ ရှိမနေ။

"ဘာမှမဖြစ်ဘူး..အပေါ်မှာ.ကလေး..ကလေးတစ်ယောက်တည်း သိပ်ထားတာလား"

"ကလေးဘေးမှာ..ကျွန်တော့်မိန်းမရှိပါတယ်..အဖေ..ဘာမှစိတ်မပူနဲ့...စိတ်ပြေလက်ဖြေ ဖဲဝိုင်းနားလာနေပါလား..အဖေရော..အမှောင်ထဲ တစ်ယောက်တည်းသွားထိုင်နေတယ်"

"ရတယ်..ငါမြေးနှစ်ကောင်ကို ထိန်းရင်းပဲ ငါနေမယ်"

"ဒါဆိုလည်း..ပြီးရော..အဖေရော..အဖေလည်းဂရုစိုက်ပါဦး.."

ဦးလှဆောင်က သူ့ထိုင်ခဲ့သည့်နေရာသို့ ပြန်လျှောက်လာသည်။

"ဟာ"

မြေးငယ်နှစ်ယောက် ထမင်းစားနေသည့် စားပွဲနောက်ဘက် ခြံစည်းရိုးတွင် ရပ်နေသည်က မည်းမည်းအကောင်ကြီး။

လူလိုလို ခွေးလိုလိုသတ္တဝါက ထမင်းကို ပလုတ်ပလောင်းငုံ့စားနေကြသည့် သူ့မြေးများကို မတ်တတ်ရပ်လျက် ငုံ့ကြည့်နေသည်။

ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူလိုက်သံကြီး။

ဦးလှဆောင် က ထင်းခွဲသည့်နေရာတွင် ရှိနေသော ဓားမကို ကောက်ကိုင်ကာမြေးများရှိရာသို့ ပြေးသွားလိုက်သည်။

မည်းမည်းကောင်ကြီးမှာ အမှောင်ထဲတရွေ့ရွေ့ပျောက်သွား၏။

"ကဲကွာ..ကဲကွာ..ငါ့မိသားစုကို မထိနဲ့ကွ"

ညအမှောင်ထုထဲကို ဓားမတစ်ချောင်းဖြင့်လိုက်ခုတ်နေသည့် အဘိုးဖြစ်သူကို မြေးများမှ ကြောင်ကြည့်နေကြ၏။

ရက်လည်ကျင်းပရာ တစ်ချိန်က ပြည့်ဝ ကုန်စုံဆိုင်တဖြစ်လဲ...ပြည်သူ့ဆိုင်ရှေ့သို့ စစ်သုံးဂျစ်ကားတစ်စီး ထိုးဝင်လာသည်။

"ဟာ..ဗိုလ်ကြီးကိုယ်တိုင် ကြွလာတယ်..ကြွပါ..ကြွပါ..ဟေ့..ဗိုလ်ကြီးတို့အတွက် ခေါင်းရင်းဝိုင်းကို ပြင်ထားဟေ့"

ဦးလှဆောင်၏ ကျေးဇူးရှင် ဗိုလ်ဝင်းခိုင် နှင့် ဇနီးကိုယ်တိုင် ရက်လည်သို့

ရောက်လာခြင်း။

ဗိုလ်ဝင်းခိုင် ကတော် ဆွဲထားသည့် ဇီးကွက်ပုံလောကတ်သီး၊ ဆွဲကြိုးကို ဦးလှဆောင် ချက်ချင်းမှတ်မိလိုက်သည်။

ဒါ..ဟိုနေ့က ဤဆိုင်နှင့်အိမ်ကို ပြည်သူ့ပိုင်သိမ်းစဉ် အိမ်အပေါ်ထပ် သဇင်အေး၏ ဘီဒိုထဲမှရသည့် ရွှေဆွဲကြိုး။

ထိုနေ့က ထွန်းကျော်နှင့် သဇင်အေးတို့ အိပ်ခန်းကို သူနှင့် ဗိုလ်ဝင်းခိုင်တို့ နှစ်ယောက်သာ ဝင်ရောက်ပြီး မွှေနှောက်ခဲ့ကြသည်။

ရွှေနှင့်ရတနာပစ္စည်းအချို့ကို ဗိုလ်ဝင်းခိုင်က ယူသည်။

"ခင်ဗျားကို ဒီဆိုင်ရဲ့ တာဝန်ခံအဖြစ်ထားဖို့ ကျုပ်တာဝန်ယူတယ်...ဘယ်လိုလဲ ဖြစ်ရဲ့လား"

"ဟုတ်..ဟုတ်ကဲ့..ဗိုလ်ကြီးဖြစ်ပါတယ်"

ဒီလိုနှင့်သူတို့ အပေးအယူတည့်ခဲ့ကြသည်။ အဆစ်အနေဖြင့် ထွန်းကျော်၏ စက်ဘီးကိုပါ သူရလိုက်၏။

"ဗိုလ်ကြီးနဲ့ ဗိုလ်ကြီးကတော် သုံးဆောင်ပါခင်ဗျ"

ဦးလှဆောင်ကာ ဝိုင်းဘေးတွင် ကြဲ့ကြဲ့လေးထိုင်ကာ ယပ်ခတ်ပေးရင်း ပြောလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ..ကြားကြားချင်း..ကျုပ်လည်း စိတ်မကောင်းပါဘူး..နာရေးတုန်းက တပ်ထဲကိစ္စတွေရှိနေလို့ မလာနိုင်တာပါ"

"ရပါတယ်..ဗိုလ်ကြီးရယ်..အချင်းချင်းတွေပဲ"

ထိုအချိန်တွင် အိမ်အောက်ထပ်ဆီမှ ဆူဆူညံညံအသံများကြားလိုက်ရ၏။

"လုပ်ကြပါဦး...ကယ်ကြပါဦး"

ချွေးမဖြစ်သူ ထားရီ၏ အသံ။

ဦးလှဆောင်လည်း အလန့်တကြားထကြည့်လိုက်သည်။

"ကျွန်မသားလေးတွေကို ကယ်ကြပါဦး"

"ဟင်..ငါ့မြေးတွေ"

ဦးလှဆောင် အလန့်တကြားအောက်သို့ဆင်းလိုက်သည်။

ကလေးနှစ်ယောက်မှာ ပါးစပ်မှ အမြှုပ်များထွက်နေကြသည်။ ခန္ဓာကိုယ်မှာလည်း ပြာနှမ်းနေ၏။

"လုပ်ကြပါဦး"

ဗိုလ်ဝင်းခိုင် နှင့် ဇနီးလည်း စားနေရင်းတန်းလန်းမှ ဆင်းလာကြ၏။

"အစာအဆိပ်သင့်တာ ထင်တယ်...ဦးလှဆောင်..ကလေးတွေကို ချက်ချင်း သနပ်ပင်ဆေးရုံပို့မှရမယ်..လာလာ..ကျွန်တော့်ကားပေါ်တက်ကြ"

လှစိုးနှင့် ရှာသားတစ်ယောက်တို့က ကလေးတစ်ယောက်ဆီကို ပွေ့ကာ ဂျစ်ကားပေါ်တင်ကြသည်။

"ထားရီ..နင်လည်း လိုက်သွားလေ...သွား.လိုက်သွား..ကလေးတွေက အရေးကြီးတယ်..ဟိုကောင်တစ်ကောင်တည်းမနိုင်လောက်ဘူး"

လှစိုးနှင့် ထားရီလည်း ကားနောက်ခန်းမှ ဝင်ထိုင်လိုက်ကြသည်။

ဗိုလ်ဝင်းခိုင်က ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်သွား၏။

"အူဝဲ..အူဝဲ..အူဝဲ"

ထိုအချိန်တွင် အိမ်ပေါ်ထပ်မှ မွေးကင်းစမြေးမလေး၏ စူးစူးဝါးအော်ငိုသံကြောင့် ဦးလှဆောင် အထိတ်တလန့်ဖြင့် အိမ်ပေါ် ပြန်ပြေးတက်လိုက်သည်။

အပိုင်း(၁၀)

"အူဝဲ..အူဝဲ..အူဝဲ"

မှောင်ချေပြီ။

ပုခက်ထဲမှ ကလေးငယ်ကား အငိုမတိတ်သေး။

ရက်လည်အိမ်တို့၏ ထုံးစံအတိုင်း ခုနစ်ရက်သတ္တပတ်လုံး ကူသူဝိုင်းသူများဖြင့် စည်ကားခဲ့သမျှ နောက်ဆုံးရက်တွင်တော့ အားလုံးပြန်သွားကြ။

ဦးလှဆောင်ကား ကလေးကို မချော့နိုင်အား။

သားလင်မယားနှင့် မြေးနှစ်ယောက်ထံမှ မည်သည့်သတင်းမျိုးကြားရမလဲ။ မျှော်တော်ဇောနှင့် မော။

ဟော့..မီးရောင်များ။ ဦးလှဆောင် မတ်တတ်ရပ်လိုက်သည်။

မှန်အိမ်ကို မီးစာမြှင့်လိုက်၏။ လက်နှိပ်ဓာတ်မီးကို အသင့်ဖွင့်လျက် ခြံဝသို့ ဆင်းလိုက်သည်။

ဂျစ်ကားမီး၊ ဂျစ်ကားစက်သံပဲ။

လှမျိုးတို့ပြန်လာပြီ။ ကလေးတွေ ဘာမှမဖြစ်ကြပါစေနဲ့။

ထင်သည့်အတိုင်း ကားက သူ့အိမ်ရှေ့တွင် အရှိန်လျော့ကာ ရပ်လိုက်၏။

"လှမျိုးလား...ဗိုလ်ကြီးလား..ကလေးတွေ..ဘယ့်နှယ့်"

ကားပေါ်မှ ဆင်းလာသူများက ရဲဝတ်စုံများနှင့်။ ရှေ့ခန်းကလူကို ဦးလှဆောင်သိသည်။

သနပ်ပင်ရဲစခန်းမှူး။

"ဟာ..စခန်းမှူးကြီး"

"ဦးလှဆောင်..."

"စခန်းမှူးကြီး ဒီအချိန်ကြီး ကိုယ်တိုင်ကြွလာတာ..ဘာကိစ္စများရှိလို့လဲ"

"ဦးလှဆောင်..အစောလေးကပဲ ကျွန်တော့်စခန်းကို ဖုန်းဝင်လာတယ်ဗျာ"

"နေ့ခင်းပိုင်းမှာ သနပ်ပင်နဲ့ ပဲခူးကြားမှာ ကားအက်ဆီးဒင့်တစ်ခုဖြစ်တယ်"

"ခင်ဗျာ"

"ဟုတ်တယ်..တပ်နယ်က ဗိုလ်ဝင်းခိုင်ရဲ့ ဂျစ်ကားပဲ...ခင်ဗျားမြေးတွေ ကို သနပ်ပင် တိုက်နယ်ဆေးရုံကနေ ပဲခူးဆေးရုံကြီးကို လွှဲတော့.. မောင်းသွားရင်း ပဲခူးအဝင် ဟသ်ာကုန်းအဆင်းမှာ.. လော်ရီကားနဲ့တိုက်မိကြတာ"

"ဟာ"

"ဗိုလ်ဝင်းခိုင်ကတော်က လွဲလို့......အားလုံး...."

"......."

"ဆုံးသွားကြပြီဗျာ...အဲ့ဒါ..အလောင်းတွေအတည်ပြုဖို့နဲ့ ဈာပနကိစ္စ."

စခန်းမှူး၏ စကားပင်မဆုံးခင် ဦးလှဆောင်မှာ ခြံစည်ရိုးတိုင်ကို မှီလျက် ခွေကျသွားသည်။

"ဦးလှဆောင်..စိတ်ကိုထိန်းပါဗျာ...ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး....အချိန်မလင့်ခင် သနပ်ပင်ပြန်တက်ရမှာမို့..ခွင့်ပြုပါဦး"

ဂျစ်ကားက ပြန်ထွက်သွား၏။

ဦးလှဆောင်က မြေပေါ်လူးနေရာမှ ခြံဘေးပစ္စည်းကိုထောင် သို့ ထသွားသည်။

"မဒေါင်းညို....စုန်းမကြီး..ခင်ဗျားလုပ်တာ..ဒါခင်ဗျားလုပ်တာပဲ"

ဦးလှဆောင်က ဂိုထောင်ဘေးတွင်ထောင်ထားသော ပုဆိန်ကို ဆွဲရန်ပြင်လိုက်၏။ သို့သော်..ဘေးတွင်ရပ်ထားသည့် စက်ဘီးက ခါးမပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။

"ဒီငါလိုးမသားဘီးက တမျောက်"

ဦးလှဆောင်က စက်ဘီးကို ဖယ်ရယ်ပြင်လိုက်စဉ် ခြေထောက်တစ်ဖက်က သူ့လက်ပေါ်နင်းတော့မည့်ဟန် မြင်လိုက်သဖြင့် လက်ကို ရုတ်လိုက်သည်။

"ဟာ..ထွန်းကျော်"

ထွန်းကျော်က သူ့အရှေ့ ဂိုထောင်ထုတ်တန်းတွင် ကြိုးတန်းလန်းဖြင့်။ မျက်လုံးများကို ပွင့်လျက် သူ့ကို စိုက်ကြည့်နေသည်။

"အား..မလာကြနဲ့"

ဦးလှဆောင်က ဂိုထောင်ပြင်သို့ ကမူးရှူးထိုး ပြေးထွက်သွားသည်။

"အူး..ဝူး..ဝူ"

အိမ်ရှေ့လမ်းဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံ။

တရွေ့ရွေ့လာနေသော မည်းမည်းအရိပ်ကြီး။

ဦးလှဆောင်က တစ်စုံတစ်ခုကို သတိရသွားပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်လိုက်သည်။

ထို့နောက် ဘုရားစင်မှ သိမ်ဝင်ပုတီးကိုယူ၏။ ပုခက်ထဲမှ ကလေးငယ်ကို ပုတီးဖြင့်ပတ်လိုက်ကာ ပွေ့ချီလိုက်သည်။

ထို့နောက်..အိမ်အောက်သို့ ပြေးဆင်းလိုက်၏။

အိမ်ရှေ့အရောက်တွင် မည်းမည်းအကောင်ကြီးမှာ လေးဖက်ထောက်အသွင်ပြောင်းသွားပြီး အမီလိုက်လာသည်။

"ကလေးနဲ့ဘာမှမဆိုင်ဘူး..ကလေးကို တော့ ချမ်းသာပေးပါ...ကိုယ်တော်ကြီး...ချမ်းသာပေးပါ..ကိုယ်တော်ကြီး"

သွားရည်တမြားမြား၊ သွားအစွယ်များဖြင့် ခွေးနက်ကြီးသည် အသနားခံနေသော ဦးလှဆောင်ကို ခုန်အုပ်လိုက်တော့သည်။

ခွေးနက်ကြီးက ဦးလှဆောင်၏ လည်မျိုကို ခဲရန်ပြုလိုက်သော်လည်း ဦးလှဆောင်က ကလေးအား ပတ်ထားသော သိမ်ဝင်ပုတီးဖြင့် ရိုက်လိုက်သဖြင့် ရုတ်တရက် အနောက်သို့ လွင့်ထွက်သွား၏။

သိမ်ဝင်ပုတီးလုံးများလည်း မြေပြင်တွင် တစစီ ပြန့်ကြဲထွက်သွားသည်။

ဦးလှဆောင်မှာ လူးလဲထပြီး ကလေးငယ်ကို ကျစ်နေအောင် ပွေ့လျက် ပြေးသည်။

အားကုန်ပြေးသည်။ သူ၏ ဦးတည်ရာကား ရွာစွန် သင်္ချိုင်းဆီသို့။

သင်္ချိုင်းအဝင်လမ်းကား မညီညာ။ မိုးတွင်းကာလ မသာချစဉ်

အလောင်းကစားကြသူများကြောင့် အဖုအထစ် ခဲဂမူများ၏။

အနောက်မှ တဂီးဂီးတဂဲဂဲ ဖြင့် အသံကိုလည်း ကြားနေရပြီ။

ညောင်ကြပ်ပင်ကြီးအောက်မှာ သင်္ချိုင်းဇရပ်မှာ မီးခွက်ရောင်လေး မှိန်တုတ်တုတ်ဖြင့်။

"မဒေါင်းညို...မဒေါင်းညို...မဒေါင်းညိုရေ..အီးဟီးဟီး."

ဦးလှဆောင်သည် ကြောက်စိတ်ဝမ်းနည်းစိတ်တို့ ရောပြွန်နေသော အသံပြာကြီးဖြင့် အော်လျက် ဇရပ်ရှိရာ ပြေးဝင်လာ၏။

ပြေးပင်ပြေးသော်ငြား ဇရပ်ဆီသို့ မရောက်နိုင်။ ဇရပ်ကား သူပြေးသလောက် လိုက်ရွှေ့နေသလိုပင်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ..အားလုံးအတွက် တောင်းပန်ပါတယ်..ကယ်ပါဦးဗျာ..ကျွန်တော် မှားပါတယ်..အီးဟီးဟီး..မှားသွားပါတယ်"

ဦးလှဆောင်မှာ မြေပုံတစ်ခုပေါ် ခလုတ်တိုက်ကာ အရှိန်ဖြင့် လဲကျသွား၏။ မြေပုံတွင် စိုက်ထူထားသော မှတ်တိုင်သစ်သားချောင်းမှာ ဦးလှဆောင်၏ လည်မျိုဆီသို့။

ဒုတ်ခနဲ။

လက်ထဲမှ ကလေးမှာမူ မြေပုံပေါ်သို့ ကျသွား၏။

ခွေးနက်ကြီးကား ကလေးငယ်ဆီသို့ တစ်လှမ်းချင်း လှမ်းလာနေသည်။

လေးဖက်ထောက်လှမ်းလာနေရင်းမှ တဖြည်းဖြည်းမတ်တတ်ဖြစ်ကာ ခန္ဓာကိုယ်က လူသဏ္ဍာန် အသွင်ပေါ်လာ၏။

မွေးကင်းစကလေးငယ်လေးမှာ အဖြစ်အပျက်များကို သိနေသည့်အလား မျက်လုံးပြူးလေးဖြင့် လိုက်ကြည့်ကာ တိတ်ဆိတ်နေသည်။

ထိုစဉ် မီးအလင်းရောင်တစ်ခုကြောင့် လူတစ်ပိုင်းခွေးတစ်ပိုင်းသတ္တဝါကြီးမှာ ရပ်တန့်သွားသည်။

စောင်တစ်ထည်ကို ခေါင်းမြီးခြုံပတ်ထားသော ဖွားဒေါင်းညိုက ရေနံဆီမီးခွက်ကို လက်တစ်ဖက်မှကိုင်လျက်..တစ်ဖက်မှ တောင်ဝှေးတစ်ချောင်းကို ထောက်ထား၏။

"သဘောတူထားတဲ့အထဲမှာ ဒီကလေးငယ် မပါပါဘူး..ကိုယ်တော်ကြီး"

ခွေးခေါင်းကြီးက လျှာတစ်လစ်ဖြင့် မာန်ဖီလိုက်သည်။

"မင်းကိုယ်တိုင် ငါ့ကို ပင့်ဖိတ်ခဲ့တာပါ..ပညာသည်မ...မင်းစည်းကို မင်းဖျက်ရင်..မင်းခံရမှာ မင်းသိပါတယ်"

"မဟုတ်ဘူး...ငါ မင်းကို စီရင်ခေါ်ယူတုန်းက ဒီမိသားစုမှာ ဒီကလေးလေး မမွေးသေးဘူး"

"မင်း...ကတိမတည်ဘူး...ပညာသည်မ..ငါတို့ကြားက စည်းမျဉ်းကို ဖောက်တယ်...မင်း.ပါ သူတို့နောက်လိုက်သွားရမယ်...."

ခွေးခေါင်းကြီးက ရုတ်တရက် ဖွားဒေါင်းညိုကို ခုန်အုပ်ရန်ပြင်သည်။ သို့သော် ဖွားဒေါင်းညိုမှ လက်ထဲမှ တောင်ဝှေးဖြင့် ထိုးလိုက်သဖြင့် မြေပြင်တွင် ပုံကျသွား၏။

သတ္တဝါကြီးမှာ ချက်ချင်းပြန်ထလာသည်။

"မင်းဘက်က ရန်စမှုရင် စည်းတွေပြယ်ပြီ..ငါ့လောကသားတွေပါ..မင်းနဲ့ တိုက်ခိုက်ရလိမ့်မယ်...ပညာသည်မ"

"ငါက ဒီပညာကို ယူပြီးကတည်းက ငရဲကို တန်းသွားရမှာပဲ..ငါဘာမှ မကြောက်ဘူး...ငါ့ဘဝမှာ ဒါတွေကို စွန့်လွှတ်ပြီးမှ အာဃာတတစ်ခုကြောင့် ပြန်လုပ်မိတဲ့ ဒီအစီအရင်မှာ အပြစ်ကင်းတဲ့ ဒီကလေးကိုတော့ ငါ ဘယ်နည်းနဲ့ ဖြစ်ဖြစ် ကယ်တင်မှာပဲ."

"ငရဲမရောက်ခင်မှာ သူတို့ရဲ့နယ်ပယ်ထဲ ဒီလို အစီအရင်စည်းဖောက်မှုအတွက် မင်းတို့ရဲ့ လမိုင်းသခင်တွေက မင်းကို ဒဏ်ခတ်လိမ့်မယ်...ငါ့ကိုလည်း ငါ့လောက က ဒဏ်ခတ်လိမ့်မယ်..."

"မလိုဘူး....ဒီကလေးအတွက် ဒီနယ်ပယ် သုသာန်များရဲ့ လမိုင်းသခင်မ ရှင်ဖဲဝါ ဆီ ငါ ခွင့်ပြုချက်တောင်းပြီးပြီ...မယုံရင် သခင်မ ကို ငါအခုပင့်ဆိုမယ်"

ဒေါ်ဒေါင်းညိုက ရုတ်တရက်ဒူးထောက်ချကာ ဂါထာတစ်ပုဒ် ရွတ်ဆိုလိုက်၏။

သင်္ချိုင်းပတ်လည်မှ ခွေးအူသံများ။

လူတစ်ပိုင်းခွေးတစ်ပိုင်း သတ္တဝါပင်

သံတူကြောင်းကွဲဘော်ဒါများအသံကြောင့် မနေနိုင်တော့ပဲ.. နှစ်ချက်ခန့်ထအူလိုက်၏။

ရုတ်တရက် သင်္ချိုင်းအုတ်ဂူများ၊ မြေပုံများမှ မီးစုန်းကဲ့သို့ ရောင်စဉ်များလင်းလာသည်။

ထိုအလင်းများက အပြင်သို့ ထွက်လာကြပြီး သင်္ချိုင်းအလယ်တွင် တဖြည်းဖြည်း စုစည်းသွားကြ၏။

ထို့နောက် အဝါရောင်မီးလုံးအဖြစ်အသွင်ပြောင်းသွားပြီးကောင်းကင်ပေါ်သို့ ထိုးတက်သွားသည်။

ကောင်းကင်မှ မီးလုံးအဝါရောင်မှာ အရှိန်ဖြင့်ထိုးဆင်းလာပြီးနောက် တဖြည်းဖြည်း ရွှေဝါရောင်တောက်ပနေသည့် လင်းတ တစ်ကောင်အဖြစ် အတောင်ပံတဖြတ်ဖြတ်ခပ်ကာ ပျံဝဲနေ၏။

လင်းတသည် သင်္ချိုင်းပတ်လည် ကောင်းကင်ယံတွင် လေဟုန်စီးပြီးနောက် မြေပြင်သို့ တဖြည်းဖြည်းဆင်းသက်လာပြီး ဇရပ်ထိပ်ခေါင်မိုးတွင် နားလိုက်သည်။

တဖြည်းဖြည်းနှင့် ဇရပ်ခေါင်မိုးပေါ်မှာ လင်းတ မှာ မိန်းကလေးငယ်တစ်ယောက် အသွင်ပြောင်းလဲသွား၏။

အဖြူရောင်ဇာရင်ဖုံးအင်္ကျီခါးတို အောက်မှ အဝါရောင်ဘော်လီအင်္ကျီက လင်းလက်နေ၏။

ထဘီအနက်ရောင်ပေါ်တွင် အဝါရောင်ပန်းပွင့်ဆင်ကြီးများက လှပစွာ။

အနက်ရောင်ဆံပင်အုံထူထူများကို ထိုကာလတွင် ခေတ်စားနေသော The Bouffant ခေါ် ခပ်မြင့်မြင့်လှိုင်းလိပ်ပုံစံ ထုံးဖွဲ့ထားသည်။

မျက်ခုံးမွှေးသေးသေးကလေးများအောက်မှ မျက်လုံးညိုညို့ မျက်တောင်ကော့ကော့လေးများ။

အနီရောင်ဆိုးထားသော နှုတ်ခမ်းလွှာအစုံကို ခပ်ဟဟဖွင့်လျက် လွယ်ထားသော ဆလင်းဘတ်အဝါရောင်ထဲမှာ စီးကရက်ဘူးကို ထုတ်လိုက်သည်။

ထို့နောက် စီးကရက်တစ်လိပ်ကို ဆေးဆိုးထားသော နှုတ်ခမ်းရဲရဲကလေးများပေါ်တွင် တေ့ရုံကလေး တပ်လိုက်၏။

လက်တစ်ဖက်မှ မီးခြစ်ကို ခြစ်လိုက်ပြီး တစ်ချက်ရှိုက်လိုက်သည်။

ထို့နောက် စီးကရက်မီးခိုးများကို လေထဲ မှုတ်ထုတ်လိုက်ရင်း။

"ဒေါင်းညို..နင်ပြောထားတာ..ဒီကလေးကိစ္စ မဟုတ်လား"

"ဟုတ်ပါတယ်..သခင်မ"

"ဟဲ့..ဟိုခွေးဆိုးက...ငါ့ရှေ့မှာ ဘာလို့ ဒူးမထောက်ရသလဲ"

ရှင်ဖဲဝါက လက်ထဲမှ ဆေးလိပ်မီးဖြင့် တောက်လိုက်ရာ ခွေးခေါင်းသတ္တဝါ၏ ခေါင်းကို ထိမှန်ပြီး တွန့်လိမ်သွား၏။

သတ္တဝါကြီးကား မြေကြီးပေါ်တွင် အလန့်တကြား ဝပ်တွားလိုက်သည်။

"ခွင့်လွှတ်ပါ သခင်မ..နယ်ပိုင်လမိုင်းသခင်မှန်း မသိလို့ပါ...ပြီးတော့...ဒီလို ပုံစံမျိုးဆိုတော့"

"တိတ်စမ်း....ဒီစောက်...."

"သခင်မ..ဒီပြဿနာကို အမြန်.ဆုံးဖြတ်ပေးပါ..ကလေးက ဒဏ်ရာရထားတယ်ထင်တယ်"

ဖွားဒေါင်းညိုက ဝင်ပြောလိုက်သည်။

"ခက်တာပဲ...မိဒေါင်းညို...နင်လည်း သူတော်ကောင်းဖြစ်လိုက် အောက်လမ်းသူယုတ်ဖြစ်လိုက်နဲ့ ဒီတစ်ဘဝစံမှာတောင် ကာရိုက်တာက အလီလီချိန်းနေတယ်..ဟူး...အေးလေ..ဘာပဲ ဖြစ်ဖြစ်... နင် ကောင်းမှုကုသိုလ်တွေလုပ်နေတဲ့အချိန်တုန်းက ငါ့ကို အမြဲသတိတရ အမျှဝေပေးနေတာတွေ ငါကြားနေရနေခဲ့တာပဲ..ငါ ကူညီပါ့မယ်"

ရှင်ဖဲဝါက စီးကရက်ကို နောက်တစ်ကြိမ် ရှိုက်လိုက်သည်။

"ခွေးဆိုး"

"ကျွန်တော်မျိုးနာမည် အာလီကပ် ဆိုင်နိုဆက်ဖလိုင်ပါ..သခင်မ"

"ဟိတ်...ရှည်တယ်...ခွေးဆိုးပဲ"

"အူဝဲ..အူဝဲ.အူဝဲ"

ထိုအချိန်တွင် ကလေးငယ်က ထငို၏။ ဖွားဒေါင်းညိုက ကလေးကို ပွေ့ချီလိုက်သည်။ အာလီကပ်ဆိုင်နိုဆက်ဖလိုင်ကလည်း ဂီးခနဲ မာန်ဖီ၏။

"ဟဲ့...တော်ကြတော့..ငါပြောမယ်..ခွေးဆိုး...ဒီကလေးကို လွှတ်ပေးရင် နင်ဘာဖြစ်မှာလဲ"

"အမှောင်အစီအရင်လောကရဲ့ စည်းမျဉ်းများကို သခင်မနားလည်ပြီးသားပါ...အစီအရင်အမိန့်တွေဟာ လောကတစ်ခုနဲ့ တစ်ခုကြား စနစ်တကျ ဆက်သွယ်ကူးလူးကြတာပါ....ကျွန်တော်မျိုးတို့လောကမှာ ဒီအမိန့်တွေဟာ တာဝန်တစ်ခုမို့..."

"ဟာ..ဒီဖွေး.....တော်တော်စကားရှည်တယ်...ဒီကလေးကို မသတ်ရင် နင်ဘာဖြစ်မလဲ ပြော"

"ကျွန်တော်မျိုးတို့ လောကဆီ ပြန်ရင် ကျိန်စာပြစ်ဒဏ်သင့်ပါမယ်..ပြီးတော့..ဒီကလေးမှာလည်း ကျိန်စာပြစ်ဒဏ်သက်ရောက်ပါမယ်...."

"နင်..ဒီမိစ္ဆာဘဝကနေ လူ့လောကမှာ မနေချင်ဘူးလား"

"ဗျာ..နေ..နေချင်ပါတယ်...သခင်မ"

"အမှောင်စည်းမျဉ်းအတိုင်းဆို ငါ့နယ်မြေထဲမှ စီရင်ခဲ့တဲ့ အစီအရင်တစ်ခုရဲ့ အပြီးမသတ်နိုင်မှုအတွက်.. လမိုင်းသခင်တစ်ယောက်အနေနဲ ငါ့မှာ နင့်အတွက်အဆင်ပြေမယ့်. ကျိန်စာတစ်ခုပေးခွင့်ရှိတယ်"

ရှင်ဖဲဝါက ဇရပ်ထိပ်ဖျားတွင် ခြေချိတ်ထိုင်လိုက်သည်။ ထို့နောက် စီးကရက်ကို လက်ကြားညှပ်ထားရင်း ဆလင်းဘတ်ထဲမှ စာအုပ်ငယ်တစ်အုပ်ကိုယူထုတ်ကာ လှန်လိုက်သည်။

"အင်း..တွေ့ပြီ..ဒါဆို အဆင်ပြေမယ်"

ရှင်ဖဲဝါက စာအုပ်ကို ပြန်ထည့်ပြီး..လက်နှစ်ဖက်ကို ဇရပ်ခေါင်မိုးတန်းများဆီ ထောက်ထားရင်း အောက်ဘက်ကို စီးမိုး ကြည့်လိုက်သည်။

"ငါ..သုဿာန် နှင့် လူသေကောင်တို့၏ အရှင်မ ရှင်ဖဲဝါ ကျိန်ဆိုမယ်...အာလီကပ် ဆိုင်နိုဆက်ဖလိုင်..သင်သည် ယနေ့မှစ၍ နာမ်ရုပ်ပျောက်စေ၊ နာနာဝိညာဉ်အဖြစ် သင်မစီရင်နိုင်ခဲ့သူ ဤကလေးငယ်၏ ခန္ဓာတွင် ကလေးငယ်၏ ဝိညာဉ်နှင့်အတူ ယှဉ်တွဲခိုအောင်းစေ၊ ကလေးငယ်၏ နောင်မျိုးဆက်လူသား ပွားလာသောအခါမှ ထိုလူသား၏ ခန္ဓာသို့ ပြောင်းရွှေ့ရစေ.ထိုမှတစ်ဆင့်..မျိုးဆက်တစ်ခုပွားတိုင်း..သင်သည် ခန္ဓာပြောင်းခိုအောင်းနေရမည်..ဤကျိန်စာပြယ်ချိန်မှာ သင်တို့၏

ဆိုင်နိုဆက်ဖလိုင်မျိုးဆက် ပျောက်ကွယ်သွားချိန် ထိတည်စေ"

ရှင်ဖဲဝါက လက်ထဲမှ တောက်လောင်လက်စ စီးကရက်တိုကို အာလီကပ်ဆိုင်နိုဆက်ဖလိုင်ထံသို့ တောက်လိုက်သည်။

စီးကရက်တိုမှာ အဝါရောင်မီးခိုးတန်းအဖြစ် အာလီကပ်၏ ခေါင်းကို ထိမှန်ပြီး..အာလီကပ်မှာ တဖြည်းဖြည်း အမည်းရောင်ပြာမှုန်များအဖြစ် ကြွေကျသွားတော့သည်။

"ကျေးဇူးတင်ပါတယ်..သခင်မ..ဒီကလေးကို ကယ်ပေးလို့"

ဖွားဒေါင်းညိုက ဝမ်းသာအားရပြောလိုက်သည်။

"ပျော်မနေနဲ့..ဒေါင်းညို...နင်မွေးထားတဲ့ အခုကိစ္စ..ငါ့မှာ ရေယဉ်ကတော်ကြီးနဲ့ မနည်း ရှင်းရဦးမယ်..ဘွားအိုကြီး အကြောင်းလည်း နင်သိသားပဲ..ဟူး..ကဲ..သွားပြီဟေ့"

ရှင်ဖဲဝါက ရုတ်တရက် လင်းတအသွင် ပြောင်းကာ အမှောင်ကောင်းကင်ထဲ ပျံသန်းသွားတော့၏။

အပိုင်း(၁၁)

"အဲ့ဒီ..အသက်ရှင်ကျန်ရစ်တဲ့..ကလေးမ လေးဟာ...အမေ ပဲ သား"

"ဒါဆို...ဒါဆို...ကျွန်တော်က..."

"အမေ ပြောတာကို ဆုံးအောင်နားထောင်ပါဦး..သားကြီး"

"အမေ..ခဏ"

မရတော့ဘူး။ ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှားနေတယ်။ ဖုန်းရှေ့ကနေခွာပြီး ရေခဲသေတ္တာထဲ သောက်စရာတခုခုရှာတယ်။ အေးတာတခုခု။

သောက်လက်စ ဘီယာတစ်ဘူး တွေ့တော့ အဲ့ဒါကိုပဲ မော့သောက်လိုက်တယ်။

ပြီးတော့..ကျွန်တော့်အခန်းထဲက မှန် ကို သွားကြည့်လိုက်တယ်။

"ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ တကယ်ပဲ ကြောက်စရာမိစ္ဆာတစ်ကောင်ရှိနေတာလား"

ကျွန်တော် ဖုန်းရှေ့မှာ ပြန်ထိုင်လိုက်တယ်။ အမေ က ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်နေဆဲ။

"နောက်ပိုင်းဖြစ်ရပ်တွေကို..အမေ...ဆက်ပြောပြမယ်..သား...ဒါဟာ သားအတွက် အတော်လေးအရေးကြီးတယ်"

"ဒီကလေးက တပည့်တော်မရဲ့ မြေးလေးပါ..ဘုရား..မိဘတွေကတော့ သူမွေးမွေးပြီးချင်းပဲ ဆုံးပါးသွားကြပါပြီ...ဒီဘုန်းကြီးကျောင်းမှာပဲ သူကလေးကို ပြုစုစောင့်ရှောက်ခွင့်ပေးပါ..ဘုရား"

ဆရာတော်က ဒေါ်ဒေါင်းညိုဘေးမှ ကလေးငယ်ကို တချက်ကြည့်လိုက်သည်။

"ဒကာမကြီး...ရွာပြန်သွားတာ..ဦးဇင်းကို ပေးထားတဲ့ ကတိကို ဖျက်ခဲ့တယ်မဟုတ်လား"

ဆရာတော်၏ စကားကြောင့် ဒေါ်ဒေါင်းညိုက ခေါင်းကို ငုံ့လိုက်သည်။

"တပည့်တော်မ...တပည့်တော်မ...ဒီကလေးငယ် အသက်ကိုတော့ ကယ်တင်လာနိုင်ပါတယ်..ဘုရား"

"အေးလေ..ထားပါတော့..ဒကာမကြီး..ဒုက္ခရောက်ရှာတဲ့ ကလေးပဲ..ဘုန်းကြီးတို့
ကယ်တင်ထားရမှာပေါ့..တခုပဲ..ဒကာမကြီး...ဒီကလေးကိုတော့ ဒကာမကြီးရဲ့ မကောင်းတဲ့ပညာရပ်တွေ၊ လောကီအစီအရင်ပညာရပ်တွေ နည်းနည်းမှ လက်ဆင့်မကမ်းမိစေပါနဲ့"

"တင်ပါ့..ဘုရား..တပည့်တော်လည်း အသက်ကြီးနေပါပြီ...ဒီမြေးမလေးရဲ့ ရှေ့အနာဂတ်ကို ဘုန်းဘုန်းလက်ကိုပဲ အပ်ခဲ့ရမှာပါ"

"အိမ်း..တခုတော့ရှိတယ်..ဒကာမကြီးရဲ့....သမီးမိန်းကလေးဆိုတော့..အရွယ်သင့်လ ဘုန်းကြီးကျောင်းနဲ့တော့ မသင့်တော်လှဘူး..ဒီတော့ ဒကာမကြီး မျက်ကွယ်မပြုခင် သင့်တော်တဲ့ တနေရာရာဆီ ရှာဖွေအပ်နှံပြီး ပညာသင်ပေးမှ ဖြစ်မယ်"

"ဒါလည်း...ဘုန်းဘုန်းပဲ စီစဉ်ပေးပါ..ဘုရား"

၁၉၇၄ ခုနှစ်။ ဧပြီလ ၁၇ ရက်နေ့။ ပဲခူးမြို့။
ကသစ်ဝိုင်ဘုန်းတော်ကြီးကျောင်း။

သင်္ကြန်ကာလပြီးခါစ မို့ တရားစခန်းဝင်သူများ၊
အလှူအတန်းလုပ်သူများနှင့် ဘုန်းကြီးကျောင်းဝင်း ကား စည်ကားနေ၏။

ဘုန်းကြီးကျောင်း၏ အနောက်ဖက် သစ်သားအိမ်ကလေးပေါ်တွင် ခင်သစ် က အဝတ်အစား အထုတ်အပိုးများကို အဆင်သင့်ပြင်ဆင်နေ၏။

ဒေါ်ဒေါင်းညိုသည် ဘုရားရှိခိုးပြီးနောက် တုန်တုန်ချိချိဖြင့် ခင်သစ်အနားသို့ ထလာသည်။

"ဖွားညို....သမီး တကယ်ပဲ လိုက်သွားရတော့မှာလား"

"လိုက်သွားရမယ်..သမီး..ဘွားညိုက အသက်ကြီးပြီ...သမီးကလည်း မကြာခင် အရွယ်တခုရောက်လာတော့မို့..ဒီကျောင်းဝင်းထဲ
မနေသင့်တော့ဘူး...ဘာပဲ ဖြစ်ဖြစ် မမွေး လက်ထဲမှာပဲ သမီးကို
ဖွားညိုစိတ်ချတယ်...ဆရာမကြီးက ဆရာတော်ရဲ့ နှမလည်းဖြစ်၊ ပိုက်ဆံရှိ ပညာတတ်ဆိုတော့ သမီးကို ကောင်းကောင်းစောင့်ရှောက်မှာပါ..သူလည်း သမီးကို ချစ်ပါတယ်"

"သမီးက ဖွားညို ကို စိတ်မချတာပါ"

ခင်သစ် က ဒေါ်ဒေါင်းညို၏ အရိုးဂေါက်ဂတ်လက်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။

"မခင်သစ်လေး..မြေးရဲ့ ဘဝအစစ်အမှန်ကိုလည်း ငယ်ငယ်ကတည်းက ဖွားညို အမြဲ ပြောပြဖူးတာပဲ…ဖွားညိုကို သမီး စိတ်မနာဘူးလား"

"မဟုတ်တာပဲ..ဖွားညိုရယ်…ဒါတွေက ဖြစ်ချင်လို့ ဖြစ်ခဲ့ကြတာမှ မဟုတ်ပဲ..သမီး နားလည်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ဖွားညို ပြောခဲ့တာတွေကို သမီးစိတ်ထဲ အမြဲမှတ်ထားပါ…သမီးဟာ သာမန်လူမဟုတ်ဘူး..အမှောင်လောကထဲက ကျိန်စာတခုရဲ့ အစိတ်အပိုင်းပဲ.သမီးခန္ဓာကိုယ်ထဲ ဟိုသတ္တဝါ ဟာ ခိုအောင်းရှင်သန်နေရတယ်.အခုထိ ဖွားညို က သမီး ဘေးနားမှာ တချိန်လုံးရှိနေတော့..တခါတရံ သမီးရဲ့ ခန္ဓာကိုယ်ထဲ သူ အားသာနေတဲ့အခါ ဖွားညိုပညာနဲ့ ထိန်းချုပ်နိုင်သေးတယ်…သမီးဘေး ဖွားညို မရှိတဲ့အခါ သမီးဖာသာ ဒီပြဿနာကို ဖြေရှင်းရမှာ…ပြီးတော့ အရွယ်ရောက်တဲ့အခါ.အိမ်ထောင်မပြုပါနဲ့.လို့ ပြောရင် ဖွားညို မတရားရာကျမယ်..ဒါပေမယ့်.သမီးရဲ့ ခန္ဓာကိုယ်ထဲ ပုန်းနေတဲ့ ဟိုသတ္တဝါကို..နောက်ထပ် ခန္ဓာတခုဆီ ထပ်ပေးမကူးစေချင်ဘူး…သူက ခန္ဓာတခုကနေ တခုကို ကူးတိုင်း.ပိုအားကောင်းလာမယ်..အဲ့ဒီ ခန္ဓာကိုယ်ကို လွှမ်းမိုးနိုင်စွမ်းအားတွေ ပိုများလာမယ်.. အဖျက်စွမ်းအား ပိုကြီးလာနိုင်တယ်…ဒါကြောင့်..တခုခုဆို…ဒီပြဿနာကို အရင်စဉ်းစားပြီးမှ သမီး သေချာဆုံးဖြတ်ပါ "

ဖွားညိုက စကားပြောရင်း မောလာသဖြင့် ခဏရပ်လိုက်သည်။

"ဖွားညိုရေ..မခင်သစ်လေး အဆင်သင့်ဖြစ်ပြီလားလို့"

ထိုစဉ် အိမ်ရှေ့မှ ဆရာတော်ကြီး၏ နှမဖြစ်သူ မော်လမြိုင်ကောလိပ်မှ အငြိမ်းစား ကထိကဆရာမကြီး ဒေါ်နုနုရီ၏ အသံ။

ဒေါ်နုနုရီ အငြိမ်းစားယူပြီး မကြာမီပင် ရေနံအင်ဂျင်နီယာဖြစ်သူ ခင်ပွန်းသည်မှာ မတော်တဆမှုဖြင့် ကွယ်လွန်သွားခဲ့သည်။

သားထောက်သမီးခံမရှိ တကိုယ်တည်းဖြစ်နေသော ဒေါ်နုနုရီမှ မောင်ဖြစ်သူ ဆရာတော်ကျောင်းတွင်နေထိုင်သော မခင်သစ် ကို မွေးစားရန် လာရောက်ခေါ်ယူခြင်းပင်။

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်။ ညနေခင်း။

စူနီယံပတ်ရပ်ကွက်၊ ရန်ကုန်မြို့။

ဂျာမနီသံရုံး ယဉ်ကျေးမှုဌာနမှ ခေတ်ပုံဆရာလေး ဖရက်ဒရစ်ရိုးမက်စ် နှင့် ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ ဆရာမလေး မခင်သစ် တို့ ဇနီးမောင်နှံ စီးနင်းလာသော ကားကလေးက တစ်ထပ်တိုက်တစ်လုံးရှိသော ခြံဝန်းထဲတွင် ရပ်လိုက်သည်။

"ဖရက်ဒီ...ဘာတွေဖြစ်လာဦးမလဲ..သူ့အတွက်ပဲ..ကျွန်မ စိတ်ပူတယ်"

မခင်သစ် က ဗိုက်ဖုံးအင်္ကျီအောက်မှ သူမ၏ ဗိုက်လုံးလုံးလေးကို ပွတ်ရင်း ပြောလိုက်၏။

ဖရက်ဒရစ်က မခင်သစ်၏ လက်ကို အသာဆုပ်ကိုင်လိုက်သည်။

"ဒါတွေဟာ စိတ်အစွဲအလန်းတွေလည်း ဖြစ်နိုင်ပါတယ်..ဟန်နီရဲ့...မွေးရမယ့် ရက်နီးလာပြီဆိုတော့ စိတ်ကို လန်းလန်းဆန်းဆန်းနေပါ..လာ..ကားပေါ်က ဖြည်းဖြည်းဆင်းနော်"

ဖရက်ဒရစ်က ကားပေါ်ကမှဆင်းပြီး မခင်သစ်ဘက်ခြမ်းကို တံခါးဖွင့်ပေးကာ အိမ်ထဲသို့ ထိန်းခေါ်ပေးသွား၏။

မခင်သစ်က ဧည့်ခန်းထဲရှိ ထိုင်ခုံတွင် ခပ်ဖြည်းဖြည်းထိုင်ချလိုက်သည်။

"ဖရက်ဒီ...ရှင်လည်း ကျွန်မငယ်ဘဝအကြောင်းသိပါတယ်...ဖွားညို ပြောသလိုဆို ဒီပြဿနာတွေကြား ကျွန်မတို့ ကလေး ဟာ ရောက်ရတော့မယ်"

"ဟန်နီရယ်...ဒီအသက်အရွယ်ရောက်လာပြီ...ဟန်နီ့ ခန္ဓာကိုယ်ထဲ ရှိနေပါတယ်ဆိုတဲ့ အဲ့ဒီသတ္တဝါကို ဟန်နီ ဘယ်နှစ်ခါမြင်ဖူးလို့လဲ..စိတ်ကြောင့် ဖြစ်နေတာတွေပါ"

"မဟုတ်ဘူး..ဖရက်ဒီ..အဲ့ဒီကောင်ကို ကျွန်မ မမြင်ဖူးပေမယ့်..ကျွန်မ မွေးစားအမေ က တကြိမ်မြင်ဖူးတယ်... ကျွန်မ ရာသီသွေးစပေါ်တဲ့အချိန်မှာ အမေက ကျွန်မ အိပ်ရာထဲက အကြာကြီးပျောက်နေလို့ ထ ကြည့်လိုက်တော့...ဟော့..ဟို အိမ်ရှေ့က မြက်ခင်းမှာ ခွေးခေါင်းကြီးနဲ့ အမျိုးသမီးခန္ဓာကိုယ်ကို တွေ့လိုက်ရဖူးတယ်တဲ့...အမေလည်း လန့်ပြီး အိမ်ခန်းထဲ ဝင်ပြေးပြီး ခေါင်းမြီးခြုံထားတယ်..ခဏနေတော့ ကျွန်မ အခန်းထဲကို ပြန်ဝင်လာချိန် အမေက ဘယ်သွားတာလဲ..မေးတယ်..ကျွန်မက အဲ့ဒီတော့မှ ရုတ်တရက်အိပ်ရာက လန့်နိုးသလိုပုံစံနဲ့ ဘယ်မှ မသွားပါဘူးလို့ ပြန်ဖြေသတဲ့.... အဲ့ဒီကတည်းက အမေဟာ ကျွန်မနဲ့ အခန်းခွဲအိပ်တော့တာပဲ"

ဖရက်ဒရစ်က ဇနီးဖြစ်သူကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"ရှင်မယုံဘူးမဟုတ်လား..ဖရက်ဒရစ်..ကျွန်မလည်း အဲ့ဒီသတ္တဝါကို တကြိမ်တခါမှ မမြင်ဖူးပါဘူး..ဘယ်မြင်ဖူးမလဲ...ကျွန်မကိုယ်တိုင်က သူ ဖြစ်နေတာကိုး.."

ဖရက်ဒရစ်က ရေတခွက်ကို ဖန်ခရားထဲမှ ငှဲ့ကာ မခင်သစ် အား ကမ်းပေးလိုက်သည်။

"ဟန်နီ့ကို လက်ထပ်ခွင့်တောင်းတုန်းက ကိုယ်ဘာကတိပေးခဲ့လဲ...ဘယ်လို ပြဿနာတွေ ဟန်နီ့မှာ ရှိရှိ ကိုယ်တို့ ရင်ဆိုင်ဖြေရှင်းမယ်လို့ ပြောထားတယ်လေ...အခုလဲ ကိုယ်တို့ကလေးအတွက် ကိုယ်တို့ ရင်ဆိုင်ကြမှာပေါ့"

ည ၁ နာရီ။ ကမ္ဘာအေးဘုရားလမ်းဘက်မှ တချက်တချက် ကားသံများမှလွဲပြီး စိတ်ငြိမ်ရပ်ကွက်ဖြစ်သည့် စူနီယံပတ်မှာ တိတ်ဆိတ်နေသည်။

ဆောင်းဝင်ပြီမို့ ရာသီဥတုကလည်း ခပ်စိမ့်စိမ့်။

"ပလပ်..ပလပ်..ပလပ်...ပလပ်"

တိတ်ဆိတ်မှုများထဲ စည်းချက်ကျလွန်းသောအသံကြောင့် ဖရက်ဒရစ်နိုးလာသည်။

ညကြည့်မီးကို ထ ဖွင့်လိုက်၏။

"ဟင်"

နဘေးတွင် အိပ်နေသော မခင်သစ် မရှိတော့။

ဖရက်ဒရစ်က အိပ်ရာမှ ထလိုက်သည်။

"ပလပ်..ပလပ်..ပလပ်..ပလပ်"

ဧည့်ခန်းဆီမှ အသံ။

ဖရက်ဒရစ် ခြေကိုဖွနှင်းပြီး အခန်းတံခါးဝမှ ချောင်းကြည့်လိုက်သည်။

အမှောင်ထဲတွင် အရိပ်တခု။ ဧည့်ခန်းထိုင်ခုံတွင် ထိုင်နေ၏။

အခန်းထဲမှ ညလင်းမီးရောင်က ဧည့်ခန်းကို သဲ့သဲ့မျှလင်းစေသည်။

ဖရက်ဒရစ်က အမှောင်ထဲတွင် မျက်လုံးကို ကျင့်သားရအောင် ခဏထားကြီး

မြင်ကွင်းကို ချောင်းကြည့်လိုက်သည်။

"ဝက်ဖွန်တာဖဲ(Was zum Teufel)"

What the hell ဟု ဂျာမန်လို အဓိပ္ပါယ်ရသော အာမေဋိတ်ကို ခပ်တိုးတိုးရေရွတ်လိုက်၏။

သူမြင်လိုက်ရသည့် မြင်ကွင်းကား ထိတ်လန့်စရာ။

ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်တွင် ခွေးတကောင်၏ ဦးခေါင်း။

ထိုခွေးဦးခေါင်းကြီးမှာ အောက်သို့ငုံ့လျက် ကိုယ်ဝန်ဆောင်ထားသည့် ဗိုက်ပူပူကို လျှာရှည်ကြီးဖြင့် ယက်နေသည်။

ဖရက်ဒရစ်မှာ မယုံနိုင်စရာ မြင်ကွင်းကို ကြက်သေသေလျက် ကြည့်နေသည်။

မခင်သစ် ညနေက ပြောခဲ့သော စကားများကို ကြားယောင်လာ၏။

သူ ဘာလုပ်ရမည်နည်း။

ဒီခွေးခေါင်းကြီးက သူ့ဇနီး မခင်သစ်လား။ ဖရက်ဒရစ်က သူ့စာရေးစားပွဲဆီ ခပ်ဖြည်းဖြည်းလှမ်းသွားသည်။

ထို့နောက် Kodak အမျိုးအစား ကင်မရာကို ယူသည်။

"ဝူ..အူ..အူ..အူ"

လမ်းမထက်ဆီမှ ခွေးအူသံများက ခပ်ဝေးဝေးမှတဆင့်ခြင်း နီးကပ်လာနေသည်။

"ဝူ..အူ..အူ..အူ"

ရုတ်တရက် ဧည့်ခန်းထဲ ထိုင်နေသော သတ္တဝါကြီးမှ ထအူလိုက်သံကို ဖရက်ဒရစ် နားထဲ နီးကပ်စွာကြားလိုက်ရသည်။

ဖရက်ဒရစ်က ကင်မရာကို လက်တဖက်ဖြင့် အသင့်ပြင်ပြီး..အပြင်သို့ ထွက်ကာ..ခလုတ်ကို တဖြောင်းဖြောင်းနှိပ်လိုက်၏။

"................"

ဖလက်ရှ်မီးရောင်က တဖြတ်ဖြတ်။

သူ ကင်မရာခလုပ်နှိပ်သည်ကို ရပ်လိုက်ချိန် ဧည့်ခန်းထဲတွင် မည်သူမျှ ရှိမနေတော့။

ဖရက်ဒရစ်က အလန့်တကြားဖြင့် နံရံမှ မီးခလုတ်ကို ဖွင့်လိုက်၏။

"ဖရက်ဒီ"

"အား.."

အနောက်ဖက်မှ အသံကြောင့် ဖရက်ဒရစ်မှာ လန့်ဖြန့်သွား၏။

သူ့နောက်တွင် မတ်တပ်ရပ်နေသော မခင်သစ်။

"ဟန်နီ....မင်း...မင်း"

"ကျွန်မညက ဟိုတွေးဒီတွေးနဲ့ အိပ်မပျော်လို့ ပေါ်တီကို က ခုံမှာ သွားထိုင်နေတာ..ဘယ်လိုဘယ်လို အိပ်ပျော်သွားတယ်မသိဘူး...ရှင် မီးဖွင့်လိုက်မှ နိုးသွားတာ..ဘာဖြစ်လို့လဲဟင်..လက်ထဲမှာလဲ..ကင်မရာကြီးနဲ့"

"ဟန်နီ..ဟန်နီ..မင်း..မင်း"

ဖရက်ဒရစ်က နံရံကို ကျောကပ်သည်အထိ နောက်ဆုတ်လိုက်သည်။

"ဟော့..ဖရက်..ကျွန်မ လန့်လာပြီ..ရှင်ဘာဖြစ်တာလဲလို့..ညကြီးမင်းကြီး ဘာကို ဓာတ်ပုံရိုက်မလို့လဲ"

"အိုကေ..အိုကေ..ဟန်နီ...လာ..လာ..အခန်းထဲ ပြန်ဝင်ကြစို့..ညဥ့်နက်နေပြီ..အေးလည်းအေးနေပြီ"

ဖရက်ဒရစ်က မခင်သစ်၏ ပုခုံးကို မရဲတရဲကိုင်ကာ အခန်းထဲသို့ ဝင်လိုက်၏။

"ဒုန်း...ဒုန်း...ဒုန်း"

ဓာတ်ပုံကူးခန်းထဲ ဖလင်များဆေးနေချိန် အပြင်မှ တံခါးထုသံကြောင့် ဖရက်ဒရစ်က တံခါးကို ခပ်ဟဟဖွင့်လိုက်သည်။

"အား..ဖရက်ဒီ...ကျွန်မ ဗိုက်အရမ်းနာနေပြီ..မွေးတော့မယ်ထင်တယ်"

ဖရက်ဒရစ်က မခင်သစ်ကို တွဲလိုက်သည်။ ထို့နောက်

နံရံတွင်ချိတ်ထားသော ကားသော့ကို ယူကာ..ကားနောက်ခန်းတွင် တင်ပေးလိုက်သည်။

ပိုက်ဆံအိတ်ကို ပြန်ယူလိုက်ပြီး ကားပေါ်တက်ကာ ဂျမခါနာ အမျိုးသမီးဆေးရုံကြီးဆီသို့ ဦးတည်လိုက်၏။

ဖရက်ဒရစ်က မခင်သစ် နှင့် သားကလေးအား တလှည့်စီကြည့်ရင်း ပြုံးပြလိုက်သည်။

"နောက်နှစ်ရက်ဆိုရင်တော့ ဆေးရုံက ဆင်းရပြီ..ဟန်နီ..ဟန်နီနဲ့ ကလေးကို ကူဖို့ စပါယ်ရှယ်နပ်စ်တစ်ယောက်ရယ်၊ အိမ်အကူမိန်းကလေးတစ်ယောက်ရယ်လည်း ကိုယ်စီစဉ်ထားတယ်..ရုံးကလည်း ခွင့် သုံးလ ယူလိုက်ပြီ..ပြီးတော့ ဂျာမနီက ကိုယ့်ဦးလေး အန်ကယ်ဝုဖ်ဂိုင်း လည်း အိမ်မှာ ခဏလာနေလိမ့်မယ်"

"အန်ကယ်ဝုဖ်..ဟုတ်လား...ရှင့်ဦးလေးတွေထဲ ဒီနာမည် ကျွန်မ မကြားဖူးပါဘူး"

"အန်ကယ် ဝုဖ်ဂိုင်း(Wolfgang)က ကိုယ်တို့ကို ကူညီပေးမယ့်သူပါ..ကဲ..မင်း ဆေးရုံဆင်းတဲ့နေ့ ပြင်ဆင်စရာတွေပြင်ဆင်ဖို့ ကိုယ်အိမ်ခဏပြန်လိုက်ဦးမယ်"

ဖရက်ဒရစ်က ဓာတ်ပုံကူးခန်း တံခါးကို ဖွင့်လိုက်သည်။

ထို့နောက် ကြိုးတန်းပေါ်တွင် ချိတ်ထားသော ကူးပြီးသား ဓာတ်ပုံအချို့ကို ဖြုတ်ယူသည်။

ဖလင်လိပ်ကိုပါ ယူပြီး ခြံနောက်ဖေးသို့ ထွက်လိုက်၏။

ထို့နောက် အသင့်ယူလာသော မီးခြစ်ဖြင့် ဖလင်များ၊ ဓာတ်ပုံများကို မီးထိုင်ရှို့တော့သည်။

နောက်ဆုံး တမြေ့မြေ့ လောင်ကျွမ်းသွားသော ဓာတ်ပုံမှ ခွေးဦးခေါင်းနှင့် ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်၏ ခန္ဓာကို ဖရက်ဒရစ်က ကြည့်ရင်း သက်ပြင်းခိုးများ မှုတ်ထုတ်လိုက်တော့သည်။

အပိုင်း(၁၂)

အန်ကယ် ဝုဖ် က ဆေးတံကို မီးညှိလိုက်သည်။ ထို့နောက် ဖရက်ဒရစ်ထံတွင် တစ်ပုံတည်းသာ သိမ်းဆည်းထားသော ခေတ်ပုံကို သေချာကြည့်နေ၏။

"သမန်းဝံပုလွေ တွေမှာ အမျိုးအစား(၄)မျိုးရှိတယ်..ဖရက်ဒရစ် ။ အသွင်ပြောင်းသမန်းဝံပုလွေ၊ လူတစ်ပိုင်းသမန်းဝံပုလွေ၊ သမန်းဝံပုလွေအစစ် ၊ သန္ဓေပြောင်းသမန်းဝံပုလွေ ဆိုပြီး အမျိုးအစားတွေ ခွဲထားတယ်။

ဝိဇာကာချီရဲ့ ကောင်းချီးနဲ့ ကျိန်စာကနေ ဖြစ်ပေါ်လာကြတာ။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မာယာလူမျိုးတို့ရဲ့ နတ်ဘုရားဝိဇာကာချီ ဟာ သူ့အပေါ်ကျေးဇူးရှိခဲ့တဲ့ Fox tribe မျိုးနွယ်စုထဲက ညီအစ်ကိုနှစ်ယောက်ဖြစ်တဲ့ ကီမိနဲ့ မက်ချိဟူး တို့ကို သမန်းဝံပုလွေအစွမ်း ကောင်းချီးပေးခဲ့တယ်။ ဒီအစွမ်းဟာ ကိုယ်အလိုရှိသလို သမန်းဝံပုလွေအဖြစ်အသွင် ပြောင်းလဲနိုင်ပြီး အမဲလိုက်တဲ့အခါမှာပဲ သုံးဖို့ နတ်ဘုရားဝိဇ္ဇာကာချီက မှာကြားခဲ့တယ်။

တစ်နေ့မှာတော့ အငယ်ကောင် မက်ချိဟူးဟာ လူငယ်တစ်ယောက်နဲ့ ရန်ဖြစ်ရာက စိတ်မထိန်းနိုင်ပဲ ဝံပုလွေအသွင်ပြောင်းပြီး ကိုက်သတ်လိုက်မိတယ်။ ဒါကို အကြီးကောင် ကီမိ ကလည်း မတားဆီးခဲ့ပါဘူး။

အဲဒီမှာ နတ်ဘုရား ဝိဇာကာချီဟာ စိတ်ဆိုးသွားပြီး ညီအစ်ကိုနှစ်ယောက်ကို ပြစ်ဒဏ်ခတ်ခဲ့တယ်။

ညီအစ်ကိုနှစ်ယောက်လုံးဆီက ကိုယ်အလိုရှိသလို ဝံပုလွေအဖြစ် ပြောင်းလဲနိုင်တဲ့ အစွမ်းကို ရုတ်သိမ်းပစ်ခဲ့တယ်။ ပြီးတော့ လပြည့်လကွယ်ညတွေမှာမှ ဝံပုလွေအဖြစ် အသွင်ပြောင်းစေဖို့ မတူညီတဲ့ ကျိန်စာနှစ်ခုတိုက်ခဲ့တယ်။

ညီဖြစ်သူ ကို မတားဆီးခဲ့တဲ့ ကီမိ ကို လူတွေကြားမတိုးဝံ့အောင် မျက်နှာနဲ့ ခန္ဓာကိုယ်မှာ အမွေးအမျှင်၊အစွယ်တွေပေါက်လာပြီး လပြည့်လကွယ်မှာတော့ လုံးဝဝံပုလွေအဖြစ်ပြောင်းလဲမယ်။ ဒါပေမဲ့လည်း ဝံပုလွေဖြစ်နေစဉ်မှာ တော့ လူတစ်ယောက်ရဲ့ စိတ်ခံစားချက်၊ ထိန်းချုပ်နိုင်စွမ်းတွေရှိနေမယ်။

ပြစ်မှုကျူးလွန်တဲ့ မက်ချိဟူးကတော့ သာမန်လူတစ်ယောက်လိုပါပဲ။

သူဟာ လပြည့်လကွယ်တွေမှာ လုံးဝ တိရိစ္ဆာန်ဝံပုလွေဖြစ်သွားပြီး လူအသိထိန်းချုပ်နိုင်စွမ်းပျောက်ကွယ်စေခဲ့တယ်။ လပြည့်ညမှာ တိရိစ္ဆာန်တစ်ကောင်လို ကျူးလွန်နေထိုင်ခဲ့သမျှ နောက်တစ်ရက်မှာ ဘာမှ မှတ်မိနိုင်စွမ်းမရှိတော့ဘူး။ တဖြည်းဖြည်းနဲ့ လပြည့်လကွယ်မဟုတ်ဘဲ အသွင်ပြောင်းတာတွေစိပ်လာပြီး.နောက်ဆုံးမှာ လုံးဝ ဝံပုလွေတစ်ကောင်အဖြစ် ပြောင်းလဲသွားမယ်။

အဲ့ဒီအဖြစ်အပျက်ကနေ သမန်းဝံပုလွေ လေးမျိုးကွဲထွက်သွားခဲ့တာပဲ။

"အသွင်ပြောင်းဝံပုလွေ" တွေဟာ ဝိဇ္ဇာကာချီနတ်ဘုရားပေးခဲ့တဲ့ ကောင်းချီးအစွမ်းအတိုင်း လူအဖြစ်ကနေ ဝံပုလွေအဖြစ် စိတ်ကြိုက်ပြောင်းလဲနိုင်တဲ့ အမျိုးအစားပဲ။

သူတို့ဟာ သမန်းဝံပုလွေအဖြစ် အသွင်ပြောင်းပြီးတာတောင် လူတစ်ယောက်ရဲ့ အသိအဉာဏ်၊ ခံစားမှု မျိုး ဆက်ရှိနေကြတယ်။ တစ်ခါတစ်ရံ စိတ်ခံစားချက်ပြင်းထန်လွန်းရင်လည်း ဝံပုလွေအဖြစ် ပြောင်းသွားတတ်ကြတယ်။ သူတို့က သမန်းဝံပုလွေမျိုးစိတ် ထဲ နတ်ဘုရားအနွယ်ဝင်မို့ လူတွေကြားနေထိုင်နိုင်ပြီး လူတွေကို ကူညီတတ်ကြတယ်။ အန္တရာယ်မပေးကြဘူး။ သူတို့က အဆင့်အမြင့်ဆုံးအနွယ်ပဲ"

"နောက်..လူတစ်ပိုင်းဝံပုလွေ..သူတို့ကတော့..ကျိန်စာမိနေတဲ့ အကြီးကောင်ကီမီ ရဲ့ အနွယ်တွေ..သူတို့ရဲ့ ရုပ်ရည်သွင်ပြင်ဟာ အမွေးအမျှင်တွေ၊ အစွယ်တွေ၊ လက်သည်းတွေနဲ့ သာမန်အချိန်မှာတောင် ဝံပုလွေနဲ့တူတယ်။ ဒါကြောင့် သူဟာ လူတွေနဲ့ ခပ်ဝေးဝေးမှာ လျှို့ဝှက်နေထိုင်တယ်။ လပြည့်လကွယ်ဆို ဝံပုလွေအသွင်ပြောင်းပေမယ့် လူတစ်ယောက်ရဲ့ အသိစိတ်နဲ့ ထိန်းချုပ်နိုင်စွမ်းရှိတယ်..သူတို့က ဒုတိယအဆင့်မြင့်ဆုံး သမန်းဝံပုလွေပဲ"

"သမန်းဝံပုလွေအစစ် ကတော့ မက်ချိဟူးကနေ ဆင်းသက်လာတာပဲ..ကျိန်စာသင့်ခံစစ်စစ်တွေပေါ့ ၊ သူတို့ဟာ လပြည့်လကွယ်မှာ ဝံပုလွေဖြစ်ပြီးရင်
တိရိစ္ဆာန်စိတ်လုံးလုံးဖြစ်သွားတာပဲ..ဘာထိန်းချုပ်နိုင်စွမ်းမှမရှိဘူး..ဝံပုလွေဖြစ်ခဲ့တာရော၊ ဝံပုလွေဘဝမှာ လုပ်ခဲ့တာတွေရော လုံးလုံး မမှတ်မိဘူး...သူတို့က အဆင့်အနိမ့်ဆုံးသမန်းဝံပုလွေတွေပဲ"

"သန္ဓေပြောင်းသမန်းဝံပုလွေဆိုတာကတော့ ကောင်းချီးတစ်ခုခု၊ ကျိန်စာတစ်ခုခု ကြောင့်
သမန်းဝံပုလွေဖြစ်လာတာမဟုတ်ဘဲ..လူသားကနေ..အပေါ်က သမန်းဝံပုလွေသုံးမျိုး ကိုက်တာခံရရာက မျိုးဗီဇပြောင်းလဲပြီး

သမန်းဝံပုလွေဖြစ်လာသူတွေပဲ...သူတို့ကတော့ အစပိုင်းမှာ ဘာအမျိုးအစားဆိုတာ မခွဲခြားနိုင်ဘူး..အသိစိတ်တစ်ဝက်၊မသိစိတ်တစ်ဝက်နဲ့ မို့ ထိန်းချုပ်နိုင်စွမ်းလည်းနည်းသေးတယ်...သူတို့ကို ဆယ်ကျော်သက်သမန်းဝံပုလွေလို့လည်း အမည်ပေးထားကြသေးတယ်"

အန်ကယ်ဝုဖ် က မောသွားသဖြင့် စကားကိုရပ်လိုက်ပြီး ရှေ့မှ ဘီယာပုလင်းကို မော့သောက်လိုက်သည်။

"ဒါဆို..ကျွန်တော့်ဇနီးကရော..ဘယ်အမျိုးအစားထဲကလဲ"

အန်ကယ်ဝုဖ်က ခေါင်းခါလိုက်သည်။

"မင်းဓာတ်ပုံကို ကြည့်ရသလောက် သူက သမန်းဝံပုလွေ မဟုတ်ဘူး"

"ဒါဆို..ဘာလဲ"

"သမန်းဝံပုလွေဆိုတာ လူကနေ ဝံပုလွေအဖြစ်ပြောင်းလဲသွားတာ...သူကတော့..အဲ့ဒီလိုမဟုတ်ဘူး...သူ့ခန္ဓာကိုယ်ထဲမှာကို တခြားအဆင့်မြင့်မိစ္ဆာတစ်ကောင်က အတူယှဉ်တွဲ နေထိုင်နေတာ..."

"သူ့ခန္ဓာကိုယ်ထဲက ဘယ်သူလဲ"

"ဆိုင်နိုဆက်ဖလိုင်"

"ဗျာ"

"မင်း..ဆိုင်နိုဆက်ဆလိုင် ကို ကြားဖူးလား..ဖရက်ဒရစ်"

"မကြားဖူးဘူး"

"လူခန္ဓာကိုယ်နဲ့ ခွေးဦးခေါင်းရှိပြီး တန်ခိုးအစွမ်းရှိတဲ့ မိစ္ဆာမျိုးနွယ်တစ်ခုပဲ..မင်း ပြောတဲ့ ဓာတ်လမ်းအတိုင်းဆို..မင်းရဲ့ ဇနီးဟာ အပြီးမသတ်နိုင်တဲ့ မှော်အစီအရင်တစ်ခုကနေ ဖြစ်လာတဲ့ ကျိန်စာသင့်နေတာ...အဲ့ဒီမှော်အစီအရင်ဟာ ဆိုင်နိုဆက်ဖလိုင်တွေရဲ့ လောကနဲ့ လူသားလောကို ဆက်သွယ်ထားတဲ့တံတား ကို ဖွင့်နိုင်ခဲ့တဲ့ ရှားပါး အစီအရင်တစ်ခု ပဲ..ဒီတော့..ကျိန်စာပြေယ်ဖို့ဆိုတာ ဆိုင်နိုတံတား နောက်တစ်ကြိမ်ပွင့်ဖို့ကို စောင့်မှရမယ်"

"ဆိုင်နိုဆက်ဖလိုင်တံတား ဟုတ်လား"

"ဟုတ်တယ်...တကယ်တော့ နှစ်ထောင်ပေါင်းများစွာကတည်းက

လူသားလောကနဲ့ ကပ်လျက်ဒိုင်မေးရှင်းတစ်ခုမှာ ပုန်းကွယ်နေထိုင်နေကြတဲ့ ဆိုင်နိုဆက်ဖလိုင်တွေရှိတယ် ..သူတို့ဟာ လူသားဗီဇနဲ့ ခွေးဗီဇပေါင်းစပ်ထားကြပေမယ့်..လူသားတွေကို မုန်းတီးသလို လူသား ခွေးခန္ဓာကိုယ်ထဲက မျိုးဗီဇကို စားသောက်ရှင်သန်ကြတယ်..ဒီတော့ မှော်အစွမ်းရှိတဲ့ လူသားတချို့ဟာ သူတို့ပညာရပ်နဲ့ ဆိုင်နိုတံတားကိုဖွင့်ပြီး ဆိုင်နိုဆက်ဖလိုင်တွေကို ခေါ်ယူ အပေးအယူလုပ်အသုံးချကြတယ်..အပေးအယူမပြေတာဖြစ်ဖြစ် အစီအရင်မအောင်မြင်တာဖြစ်ဖြစ် တစ်ဖက်လောကကို ပြန်မရတဲ့ ဆိုင်နိုဆက်ဖလိုင်ကောင်တွေဟာ ဒီဘက်ဒိုင်မေးရှင်းမှာ ရှင်သန်ဖို့အတွက် လူသားခန္ဓာကိုယ်ထဲ ဝင်ရောက်နေထိုင်နေကြရတာပဲ"

ဖရက်ဒရစ်ကား စားပွဲပေါ်မှ ခွက်ပုံကိုသာ ငေးကြည့်ရင်းက မေးလိုက်သည်။

"အဲ့ဒီတော့ မခင်သစ်ရဲ့ ခန္ဓာကိုယ်ထဲက သတ္တဝါ ကို ကျွန်တော် ဘယ်လိုမောင်းထုတ်နိုင်မလဲ"

"ငါက သမန်းဝံပုလွေတွေကို တားဆီးပေးနိုင်တဲ့ Moon Catcher အစီအရင်ကိုပဲ ကျွမ်းကျင်တာ..ဒါပေမဲ့ ဆိုင်နိုဆက်ဖလိုင်တွေနဲ့ ပတ်သက်လို့ ငါသိထားတာတွေတော့ရှိပါတယ်....ပထမဆုံး ဆိုင်နိုဆက်ဖလိုင် တံတားကို ဖွင့်နိုင်ဖို့လိုတယ်...ဒါပေမဲ့..ဆိုင်နိုဆက်ဖလိုင်တံတား ကို ဖွင့် ခေါ်ယူနိုင်တဲ့ မှော်ပညာအစီအရင်တွေဟာ ကမ္ဘာမှာ တဖြည်းဖြည်းရှားပါးသွားခဲ့ပြီ..မင်းမိန်းမရဲ့အဖြစ်အပျက်ထဲက ဗမာပြည်ကမှော်ပညာရှင် အဘွားကြီးဟာလည်း အတော်လေးရှားပါးတဲ့ပညာရှင်ပဲ...တစ်ခုရှိတာက ဆိုင်နိုတံတားဟာ နှစ်ပေါင်း ခုနှစ်ဆယ်မှာတော့ တစ်ကြိမ် သူ့အလိုလိုပွင့်လေ့ရှိတယ်..ပွင့်ရတဲ့ အကြောင်းအရင်းကတော့ အပြန်အလှန်သံယောဇဉ်မော်လီကျူးကြီးမားတဲ့ လူသတ္တဝါ နဲ့ ခွေးသတ္တဝါ တချို့ကို အဲ့ဒီတံတားကနေ နည်းမျိုးစုံနဲ့ ခေါ်ယူပြီး..ဆိုင်နိုဆက်ဖလိုင်အဖြစ် အသွင်ပြောင်းပေးဖို့ပဲ....သူတို့ကို ဖျက်ဆီးချင်တယ်ဆို..အဲ့ဒီတံတားပွင့်တဲ့ကာလကို စောင့်ရမယ်"

"နှစ်ပေါင်းခုနှစ်ဆယ်ဟုတ်လား"

"ဟုတ်တယ်..အဲ့ဒီဆိုင်နိုတံတားပွင့်လာချိန်ကို စောင့်နေတဲ့ လူတစ်စုရှိတယ်.. သူတို့ကို Order of Cynocephali တွေလို့ခေါ်ကြတယ်...သူတို့ဟာ ဆိုင်နိုဆက်ဖလိုင်သူတော်စဉ် စိန့်ခရစ္စတိုဖာကို လျှို့ဝှက်ကိုးကွယ်ကြတယ်...သူတို့ရဲ့ ယုံကြည်ချက်က..လူလောကထဲကနေ ဆိုင်နိုဆက်ဖလိုင်မိစ္ဆာတွေကို သူတို့လောကဆီ အပြီးနှင်ထုတ်.ပြီးရင်. ဆိုင်နိုတံတားကို

အပြီးဖျက်စီးပစ်ပဲ....ဒီအတွက် သူတို့ဟာ တံတားပွင့်လာမယ့်အချိန်နဲ့ နေရာကို နှစ်ပေါင်းများစွာစောင့်ဆိုင်းရှာဖွေနေကြတယ်..သူတို့ဟာ ဆိုင်နိုတံတားကို ဖျက်စီးနိုင်မယ့် အစီအရင်ပစ္စည်း လေးခု ကိုလည်း သိကြတယ်"

"အန်ကယ်ဝုဖ်က အနက်ရောင်မှော်ပညာနဲ့ပတ်သက်ပြီး ကျမ်းတွေလည်း ပြုနေတာဆိုတော့..အဲ့ဒီ အဖွဲ့တွေနဲ့ သိနိုင်မလား...ကျွန်တော် သူတို့နဲ့ တွေ့ချင်တယ်..ကျွန်တော့်မိန်းမကို ကယ်တင်နိုင်မယ့်နည်းလမ်း သူတို့မှာရှိမှာပဲ"

အန်ကယ်ဝုဖ်က လက်ကျန်ဘီယာပုလင်းကို အကုန်မော့သောက်လိုက်၏။

"စစ္စတာဂါဗီလီယာ...ငါသိထားတဲ့ တစ်ဦးတည်းသော Order of Cynocephali ဂိုဏ်းဝင်ပဲ"

"သူ့ကို ဘယ်လိုရှာရမလဲ"

"မသိဘူး..သူက အော်သိုဒေါ့သီလရှင်တစ်ပါးပဲ..သူက ကမ္ဘာအနှံ့ ဆိုင်နိုတံတားပွင့်မယ်လို့ ယူရတဲ့ ဒေသတွေမှာ လှည့်လည်နေထိုင်နေတတ်တယ်."

"ဒါဆို ကျွန်တော်လမ်းစ ပျောက်ပြီပေါ့"

"ခဏစောင့်..ဖရက်ဒရစ်"

အန်ကယ်ဝုဖ်က သူတို့ထိုင်နေသည့် ခြံဝင်းတွင်း မြက်ခင်းပြင်ပေါ်မှ ထလိုက်သည်။

ထို့နောက် တုတ်ကောက်ကို အားပြုရင်း...အိမ်လေးဆီသို့ လျှောက်သွား၏။

သူ့အားတည်းခိုရန်ပေးထားသည့် အခန်းလေးအတွင်းသို့ ဝင်သွားသည်။ ထို့နောက် သတင်းစာတစ်စောင်ကို ယူကာ ဖရက်ဒရစ်ရှေ့တွင် ပြန်ထိုင်လိုက်၏။

"ဒါ အနက်ရောင်မှော်ပညာကို လိုက်စားတဲ့ပညာရှင်တွေအတွက်ပဲ လျှို့ဝှက်ထုတ်ဝေတဲ့ဂျာနယ်... Holy Occultists ဂျာနယ်လို့ခေါ်တယ်.၁၉၇၀ မှာ နောက်ဆုံးထုတ်ဝေခဲ့တာပဲ..ဒီဂျာနယ်ထဲမှာ "Has the bridge appeared in Thailand" ဆိုတဲ့ ဒီဆောင်းပါး ပါတယ်...ရေးတဲ့သူက ငါခုနပြောတဲ့ စစ္စတာဂါဗီလီယာပဲ"

အန်ကယ်ဝုဖ် ထိုးပေးသော ဂျာနယ်ကို ဖရက်ဒရစ်က လှမ်းယူကာ ကြည့်လိုက်သည်။

"အဲ့ဒီဆောင်းပါးဟာ ၁၉၅၂ ခုနှစ် ဘန်ကောက်ပို့စ်သတင်းစာထဲ

မထင်မရှားပါတဲ့ ထူးထူးဆန်းဆန်း လူသတ်မှုသတင်းကို အခြေခံထားတာ......၁၉၅၂ ခုနှစ်က ထိုင်းမြောက်ပိုင်း၊ ချင်းမိုင်မြို့နားက ရွာတစ်ရွာမှာ "ထိုဆန်" ဆိုတဲ့ အဘိုးအိုနဲ့ ခွေးတစ်ကောင်ရှိတယ်..တစ်ရက်မှာတော့ ထိုဆန်ရဲ့ အိမ်ခြံဝင်းထဲမှာ လူသုံးယောက်ဟာ အသတ်ခံထားရတယ်..အဲ့ဒီလူတွေရဲ့ မျက်နှာတွေမှာလည်း ထူးထူးဆန်းဆန်း ခွေးတစ်ကောင်ရဲ့ အစိတ်အပိုင်းတွေနဲ့ ကပ်ချုပ်ထားတာခံရတယ်လို့ သိရတယ်..လူသတ်တရားခံလို့ ယူဆရတဲ့.."ထိုဆန်"ကိုတော့ လုံးဝရှာမတွေ့ခဲ့ကြဘူးတဲ့... ဒီသတင်းဟာ ထူးခြားတဲ့လူသတ်မှု သတင်းဆိုပေမယ့်.. Order of Cyno တွေအတွက်တော့ လူသတ်မှုထက်ပိုတယ်လို့..စစ္စတာဂါလီဗီယာက ရေးထားတယ်...ဒါဟာ ဆိုင်နိုဆက်ဖလိုင်တံတားပွင့်ချိန်မှာ မတော်တဆလွဲချော်သွားတဲ့ လူနဲ့ခွေးဗီဇ ပေါင်းစပ်မှုတွေကနေ ကြွင်းကျန်ခဲ့တဲ့ တချို့တဝက်တဲ့..ဆိုလိုတာက အဘိုးကြီးထိုဆန်ဟာ မှော်ပညာရှင်တစ်ယောက်ဖြစ်နိုင်ပြီး..ရုတ်တရုတ် ဆိုင်နိုတံတားပွင့်ချိန်မှာ ဆိုင်နိုဆက်ဖလိုင်တွေက သူနဲ့ သူ့ခွေးလေးကို ဗီဇပေါင်းပေးဖို့ ကြိုးစားချိန်တစ်ခုခုလွဲချော်ပြီး..ဟိုလူသုံးယောက်ပါ ခွေးအစိတ်အပိုင်းတွေနဲ့ ကျန်ရစ်ခဲ့တယ်လို့ ယူဆကြတယ်...ဆိုတော့...ဆိုင်နိုတံတားဟာ ၁၉၅၂ ခုနှစ်က ထိုင်းနိုင်ငံမြောက်ပိုင်း၊ ချင်းမိုင်နားက ရွာလေးတစ်နေရာမှာ ပွင့်သွားခဲ့တယ်လို့ ဂါလီဗီယာက ရေးထားတယ်"

"ဟူး..ရှုပ်နေတာပဲဗျာ"

"အေး..အဲ့ဒီရှုပ်နေတာကို..မင်းက ရှင်းချင်နေတာကို.. မလွယ်ပါဘူးကွာ ဆိုင်နိုတံတားကို ဖွင့်နိုင်တဲ့ပညာရှိရင် ဖွင့်.. မဟုတ်ရင်တော့..သူ့အလိုလိုပွင့်ဖို့ ၂၀၂၂ ခုနှစ်မှကွ... အခုက ၁၉၈၆ ဆိုတော့..နောက် ၃၆ နှစ်စောင့်ရမယ်...ဒါတောင်..တံတားဟာ ဘယ်နေရာမှာ ပွင့်မယ်မှန်း..ဘယ်သူမှ မသိဘူး"

ဖရက်ဒရစ်က စိတ်ပျက်လက်ပျက်ဖြင့် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ပုစ္ဆာရှိရင် အဖြေတော့ရှိမှာပါ..အန်ကယ်ဝုဖ်ရာ"

အန်ကယ်ဝုဖ်က ထိုင်ရာမှထလာပြီး ဖရက်ဒရစ်၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"အေးပါ..ငါလည်း ဂျာမနီပြန်ရောက်တဲ့အခါ..မင်းအတွက် အဲ့ဒီအဖြေကို ရှာဖွေပေးနေမှာပါ"

သုံးလခန့်အကြာ။

အန်ကယ်ဝုဖ်လည်း ဂျာမနီသို့ ပြန်သွားခဲ့၏။

ဖရက်ဒရစ်၏ ခွင့်ကာလမှာလည်း ပြီးဆုံးခဲ့ပြီ။

"မစ္စတာရိုးမက်စ်..ကျွန်မ ရှင်နဲ့ စကားပြောချင်ပါတယ်"

ရုံးမှအပြန် ကားပေါ်မှ ဆင်းဆင်းခြင်း သူနာပြုဆရာမ နော်စေးထူး က ကားနားတွင် ဆီးကြိုပြီး ခပ်တိုးတိုးပြောလိုက်၏။

"လာ..အိမ်ထဲမှာ ပြောကြတာပေါ့..ဆရာမ"

"အိမ်ထဲမှာ မခင်သစ် ကလေးနို့တိုက်နေတယ်..မစ္စတာရိုးမက်စ်.. သူ့ရှေ့မှာ ကျွန်မတို့ ပြောလို့မဖြစ်ဘူး"

ဖရက်ဒရစ်က မျက်မှောင်ကြုံ့လိုက်၏။

"အိုကေလေ...ပြောပါ"

"ကျွန်မကို အလုပ်ထွက်ခွင့်ပြုပါ"

"ဘာများအဆင်မပြေတာရှိလို့လဲ..ဆရာမ...ကျွန်တော့်ဇနီးနဲ့ တစ်ခုခုများ.."

"ဟင်အင်း..မခင်သစ်နဲ့ ကျွန်မ ဘာပြဿနာမှ မရှိပါဘူး"

"ဒါဆို..ဟိုကောင်မလေး ပုညို နဲ့လား"

နော်စေးထူးက ခေါင်းကို ခပ်ဖြည်းဖြည်းခါသည်။

"ကျွန်တော်ပေးတဲ့လစာ အဆင်မပြေလို့များလား"

"အဲ့ဒီလိုလည်း မဟုတ်ပါဘူး"

"ဟာ..ဆရာမရယ်..ဒါဆို ဘာကြောင့်များလဲ"

"ကျွန်မ ကြောက်လို့"

"ဗျာ..ဘာကို ကြောက်တာလဲ"

နော်စေးထူးက ခေါင်းငုံ့သွားသည်။

"ပြောပါ..ဆရာမ"

"ကျွန်မ…ကျွန်မ…ဒေးဗစ်လေးကို ကြောက်တယ်"

"ဟင် ဘာဖြစ်လို့လဲ..ကျွန်တော့်သားလေးက အခုမှ လသားလေးလေဗျာ"

"မိဘတိုင်းက ကိုယ့်သားသမီးကို ကိုယ်ချစ်တာ ကျွန်မ သိပါတယ်..ကျွန်မ ဒီစကားကို ပြောရင် ရှင် ကျွန်မကို စိတ်ဆိုးမှာကို နားလည်ပါတယ်..ဒါကြောင့်.. ကျွန်မကို ဘာမှ မမေးပဲ အလုပ်ထွက်ခွင့်သာပြုပါ"

"ကဲ..ဆရာမ…ကျွန်တော့်မိသားစုအခြေအနေကို ကျွန်တော်သိပြီးသားတွေရှိပါတယ်..ဆရာမ ဘာတွေဖြစ်တယ်ဆိုတာကိုသာ ပြောပြပါ..ကျွန်တော် စိတ်မဆိုးပါဘူး"

"လွန်ခဲ့တဲ့လက ညသန်းခေါင်ကြီး ကျွန်မ နိုးလာတယ်…ကျွန်မရဲ့ ဟိုဘက်ကုတင်က မခင်သစ်ကို ကြည့်လိုက်တော့…ဒေးဗစ်လေးကို ရင်ခွင်ထဲထည့်ပြီး နို့တိုက်တန်းလန်းနဲ့ အိပ်ပျော်နေတာ…အဲ့ဒါနဲ့ ကျွန်မလည်း..ကလေးက နို့လည်းဝလောက်ပြီ…ပြီးတော့ သူ့ကို ဖိမိမှာလည်းစိုးလို့ အသာလေးသွားဆွဲယူလိုက်တော့…."

နော်စေးထူးက ပြောလက်စ စကားရပ်သွား၏။ ထို့နောက် အိမ်ထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒေးဗစ်လေးဟာ…လူမဟုတ်တော့ဘူး.ား"

"ဟင်..ဘယ်လို"

"သူ့ ခေါင်းက ခွေးတစ်ကောင်လိုပဲ…နှုတ်သီးလုံးလုံး အစွယ်ကြီးတွေနဲ့..ကျွန်မကို လှည့်ပြီး မာန်ဖီတယ်…အဲ့ဒါ…အဲ့ဒါ..ဒေးဗစ်မဟုတ်ဘူး..ဘာကြီးလဲမသိဘူး..အဲ့ဒါဟာ စက္ကန့်ပိုင်းပဲ…ပြီးတော့ သူက ပုံမှန်ပြန်ဖြစ်သွားတယ်"

ဖရက်ဒရစ်မှာ စကားမပြန်နိုင်ဘဲ ဆွံ့အနေသည်။

"အဲ့ဒီလိုမျိုးကို ကျွန်မ မြင်ခဲ့တာ..မနေ့က ညနဲ့ဆို နှစ်ကြိမ်ရှိပြီ.ဖရက်ဒရစ်..ကျွန်မ အမြင်မှားနေတာမဟုတ်ဘူး…သေသေချာချာမြင်ရတာ..ဟို..ကျွန်မကို အလုပ်ထွက်ခွင့်ပြုပါ"

"ဟုတ်ပါပြီ…ကျွန်တော်နားလည်ပါပြီ..ဆရာမ..ဒါပေမဲ့..ကျွန်တော် ဆရာမကို တစ်ခုတောင်းဆိုပါရစေ…ကျွန်တော်တို့ မိသားစုရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာတဲ့အနေနဲ့…ဒီအဖြစ်အပျက်ကို ဘယ်သူ့ကိုမှ မပြောပြပါနဲ့"

"ကျွန်မ နားလည်ပါတယ်...အဲ့ဒီအတွက် စိတ်မပူပါနဲ့..မစ္စတာရိုးမက်"

ဖရက်ဒရစ်က စိတ်လေးလံစွာဖြင့် အိမ်ထဲသို့ ဝင်လာလိုက်သည်။

အိမ်ရှေ့ခန်းရှိ ပုခက်ထဲတွင် ဒေးဗစ်လေးက အိပ်မောကျနေ၏။

မခင်သစ်ကို မတွေ့သဖြင့် မခင်သစ်တို့သားအမိနှင့် သူနာပြုတို့ ယာယီခွဲနေသော အခန်းသို့ ကြည့်လိုက်သည်။ မည်သူမျှ မရှိ။

ထို့ကြောင့် ဖရက်ဒရစ်က သူတို့လင်မယားအိပ်ခန်းကို ဖွင့်လိုက်၏။

"ဟန်နီ"

အိပ်ခန်းကုတင်တွင်ထိုင်လျက် သူ့ကို ကြည့်နေသော မခင်သစ်။

"တံခါးပိတ်လိုက်..ဖရက်ဒီ"

ထို့နောက် မခင်သစ်က ဖရက်ဒရစ်ကို ဖက်ပြီး တရှုံ့ရှုံ့ငိုတော့သည်။

"ဘာဖြစ်လို့လဲ..ဟန်နီရဲ့"

"ကျွန်မ အကုန်ကြားပြီးပြီ..ဖရက်ဒီ...ဘာမှ အပြစ်မရှိတဲ့ သားလေးကို ကျွန်မရဲ့ ကျိန်စာသင့်ဘဝထဲ ဆွဲသွင်းမိပြီ..အဟင့်..အဟင့်"

"ဟန်နီ..ဒါ ဟန်နီ အပြစ်မဟုတ်ဘူး..ကိုယ်တို့ ရင်ဆိုင်ဖြေရှင်းနိုင်မှာပါ"

"ကျွန်မသားလေးရဲ့ ခန္ဓာကိုယ်ထဲက...ဒီသတ္တဝါ ကို ကျွန်မ ရအောင်ဖယ်ရှားမယ်"

"စိတ်ကိုလျှော့ပါ..ဟန်နီ..ကိုယ်ရှိတယ်လေ..ဒီပြဿနာကိုယ်ရှင်းပေးပါ့မယ်..စိတ်ချ

"ပယောဂတွေ၊ အောက်လမ်းဖမ်းတာတွေမပြောနဲ့၊ သာမန်ဆေးကုတာတောင် ရဟန်းတို့အလုပ်မဟုတ်ပေဘူး ဒကာမကြီးရဲ့..ဒါပေမဲ့လည်း..ကိုယ့် ဒကာမတွေရဲ့ ပူပန်မှုတွေအတွက်၊ ကလေးအတွက် ဟော့ဒီက ပရိတ်ကြိုးလေး ဘုန်းဘုန်း စွန့်ခဲ့မယ်..လည်ပင်းမှာစွပ် ပေးထားချေ။

ဒေးဗစ်ရိုးမက်စ် ခေါ် ဝဏ္ဏသွေး ၏ တစ်နှစ်ပြည့် ကင်ပွန်းတပ် ဆွမ်းလှူဒါန်းပွဲ။

သက်တော်ရှည်ဆရာတော်ကြီးက မခင်သစ်၏ ခပ်တိုးတိုး လျှောက်ထားမှုအဆုံးတွင် ပရိတ်ချည်ကြိုးလေးအား ယပ်တောင်ပေါ်တင်ကာ

ပေးလိုက်၏။

"ဝါး..ဝါး..ဝါး"

ရုတ်တရုတ် အာခေါင်ခြစ်၍ ထငိုလိုက်သော ဒေးဗစ်ကြောင့် ပုဆိုးနှင့်တိုက်ပုံကို သေသေသပ်သပ်ဝတ်ထားသော အလှူ့ဒကာ ဖရက်ဒရစ် နှင့် မခင်သစ်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

အပိုင်း(၁၃)

"အန်တီသစ်ရေ...အန်တီသစ်"

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် ဖရက်ဒရစ်က တံခါးထဖွင့်လိုက်သည်။

မခင်သစ်၏ ဝေယျာဝစ္စကိစ္စများကူပေးရန် ပဲခူးဘက်မှခေါ်ထားသော ကောင်မလေး ပုညို။

သူနာပြုဆရာမအလုပ်ထွက်သွားသဖြင့် မခင်သစ်တို့သားအမိ အခန်းတွင် ဖရက်ဒရစ် က ပြောင်းရွှေ့အိပ်ပေးသည်။

မခင်သစ်ကလည်း ဖရက်ဒရစ်နောက်မှ ထလာသည်။

"ပုညို...ဘာဖြစ်လို့လဲ"

"သမီး...သမီး..မအိပ်ရဲတော့ဘူး"

"ဘာလို့ မအိပ်ရဲတာလဲ..သမီး"

"ဟို..ခွေးဟောင်သံတွေ"

"သြော်..ပုညိုရယ်..ဒီလိုပဲ..ရပ်ကွက်ထဲက ခွေးတွေက ညဘက် ဟောင်နေကျလေ"

"အပြင်..အပြင်..လာထွက်ကြည့်ပါဦး"

ပုညိုက ဖရက်ဒရစ်နှင့် မခင်သစ်ကို ပြတင်းတံခါးပေါက်နားသို့ ခေါ်သွား၏။

"ဟိုမှာ ကြည့်ပါဦး"

အမှောင်ထုထဲ၊ မည်းမည်းအရိပ်များ၊ မည်သည့်အရပ်က မည်သို့ရောက်လာမှန်းမသိသည့် အရွယ်စုံ ခွေးများ။

"သမီး ပြတင်းပေါက်လိုက်ကာတွေ လိုက်ပိတ်ရင်း ခြံဝမှာ မည်းမည်းအရိပ်တွေတွေ့တော့...သေချာကြည့်လိုက်မှ..ခွေးတွေ..အုပ်လိုက်ကြီးပဲ"

ခွေးများက သူတို့ခြံရှိရာသို့ တည့်တည့်စိုက်ကြည့်နေသည်။

"ဝါး..ဝါး...ဝါး..ဝါး"

အခန်းထဲမှ ကလေးငယ်၏ စူးစူးဝါးဝါးငိုသံထွက်လာ၏။

"အူ..ဝူး..ဝူး..ဝုတ်...ဝုတ်...ဝုတ်"

သူတို့ခြံအား တိတ်ဆိတ်စွာ စိုက်ကြည့်နေကြသည့် အမှောင်ထဲမှ မျက်လုံးရှင်များ၏ ဟောင်သံ၊အူသံများကလည်း တပြိုင်နက်တည်း ဆူညံစွာ။

ကလေးငိုသံကြောင့် အခန်းထဲသို့ ဝင်သွားသော မခင်သစ်မှာ မြင်လိုက်ရသော မြင်ကွင်းကြောင့် အလန့်တကြားဖြစ်သွား၏။

ဒေးဗစ်လေးမှာ ပုခက်တွင်းမှ ကြမ်းပြင်သို့ ရောက်ကာ အာခေါင်ခြစ်အော်ရင်း လူးလိမ့်နေသည်။

လည်ပင်းမှ ပရိတ်ကြိုးကိုလည်း လက်သေးသေးဖြင့် ရုန်းကန်ဖယ်ရှားနေ၏။

ဖရက်ဒရစ်က ဒေးဗစ်၏ လည်ပင်းမှ ပရိတ်ကြိုးကို ဆွဲဖြုတ်ကာ ယူလိုက်သည်။

ထိုအခါမှ ကလေးငယ်မှာ ပုံမှန်အတိုင်းပြန်ဖြစ်သွား၏။ အိမ်ပြင်ပမှ ခွေးအူသံ၊ဟောင်သံများလည်း ချက်ချင်းပင် တိတ်ဆိတ်သွားတော့၏။

"ကိုယ်တို့ နောက်ထပ်နည်းလမ်းရှာတွေ့မှာပါ...ဟန်နီ...ခုတော့ ကလေးကို အန္တရာယ်ဖြစ်လာမှာစိုးရတယ်"

ပုညိုကတော့ အခြေအနေကို နားမလည်စွာဖြင့် သူတို့မိသားစုကို ကြောင်ကြည့်နေသည်။

၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မှိုင်းညို့နေသော ကောင်းကင်ကြီးအောက်၌။

မခင်သစ်သည် ငါးနှစ်အရွယ်သမီးငယ်ကို ချီပိုးလျက် ကားထဲသို့ဝင်ထိုင်ကာ မောင်းထွက်လိုက်သည်။

လေယာဉ်ကြီးတစ်စင်းကလည်း မခင်သစ်တို့ ကားကလေး၏ အပေါ်ဘက် ကောင်းကင်ဆီသို့ ဝေါခနဲ ပျံသန်းသွား။

ဒီလိုနဲ့ သားဆယ်နှစ်သား၊ သမီးလေး ငါးနှစ်မှာ..မင်းအဖေနဲ့ အမေ ခွဲနေဖို့ ဆုံးဖြတ်လိုက်ကြတယ်။

တကယ်တော့ အဖေနဲ့ အမေကြားမှာ ဘာပြဿနာမှ မရှိကြပါဘူး။

တကယ့်ပြဿနာက သားရဲ့ ခန္ဓာကိုယ်ထဲက သတ္တဝါကို သားညီမလေးဟာ မကြာခဏ မြင်ပြီး ကြောက်လန့်လာတာမို့ပဲ။

အမေ့တုန်းက ဒီသတ္တဝါဟာ တစ်ခါတစ်ရံမှသာ ပေါ်လာတတ်ပေမယ့် သား ငယ်စဉ်မှာ မကြာခဏ ပေါ်လာတယ်။ အဖွားညီး ပြောခဲ့သလို ခန္ဓာနှစ်ခုပြောင်းပြီးတဲ့နောက် သူ့ရဲ့စွမ်းအားဟာ ပိုမြင့်လာတာထင်ရဲ့။

အမေတို့က အစောကတည်းက ဒီပြဿနာကို ရင်ဆိုင်လာရလို အကြောင်းမဟုတ်ပေမယ့်..

သားရဲ့ ခန္ဓာကိုယ်ထဲက ဆိုင်နိုဆက်ဖလိုင်ဟာ နုနယ်သေးတဲ့ သားညီမလေးကို တစ်ချိန်ချိန် ဘယ်လို ဒုက္ခထပေးမလဲစိုးရိမ်ခဲ့ကြတယ်။

အဲ့ဒီအချိန်မှာပဲ အန်ကယ်ဝုဖ်ဆီကနေ သားအဖေဆီကို ဖုန်းဆက်လာတယ်။ Order of Cynocephali တွေရဲ့ သဲလွန်စကို ဟန်ဂေရီဘက်မှာ တွေ့ပြီတဲ့။

ဒါနဲ့ပဲ...ဒီပြဿနာကြီးကို ဖြေရှင်းဖို့ သားအဖေ ဟာ သားကိုခေါ်ပြီး ဂျာမနီကို ပြန်သွားခဲ့တာပဲသား။

ဒီမြေဒီရေကနေ ထွက်ခွာသွားရင် သားအပေါ်ကျနေတဲ့ ဒီကျိန်စာကြီးကနေ လွတ်လိုလွတ်ငြားဆိုတဲ့ အတွေးလည်းပါတာပေါ့။

ဇာတ်လမ်းအရှည်ကြီးကို ပြောပြအပြီးမှာ အမေဟာ မောပန်းသွားဟန်နဲ့ ရေသောက်နေပါတယ်။

"ဒါဆို အဖေ က ဟန်ဂေရီကိုထွက်သွားပြီး ပျောက်သွားတာလည်း သားနဲ့ ပတ်သက်နေတာပေါ့"

အမေ က ပြန်မဖြေတော့ဘူး။ စိတ်ထိခိုက်တဲ့ဟန်နဲ့ ခေါင်းပဲ ညိတ်ပြတယ်။

"စိတ်ချပါ..အမေ...ဒီပြဿနာကို အဖေ့လိုပဲ သားလည်း ဆက်ဖြေရှင်းဖို့ ကြိုးစားသွားမှာပါ...ဘာမှ စိတ်ပူမနေနဲ့...ဒီလောက်သိရရင်ကို သားအတွက် အထောက်အကူဖြစ်ပါတယ်..ပြီးတော့ အမေပြောတဲ့ဇာတ်လမ်းထဲက သီလရှင်ကြီးနဲ့လည်း..သားတွေ့ပြီးပါပြီ....ကျန်းမာအောင်ပဲနေပါ..အမေ"

ကျွန်တော် ဖုန်းကို ချလိုက်တယ်။ ဖုန်းပြောရင်း ဗီဒီယိုကောပါ ဖွင့်ပြောကြရင်း မထင်မှတ်ပဲ ကြာသွားတာ။

အမေနဲ့ ဖုန်းပြောတာ ဘယ်လောက်တောင်ကြာသွားတယ်မသိ။

ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ဆိုင်နိုဆက်ဖလိုင် တစ်ကောင်ရှိနေသတဲ့။ နာမည်က အာလီကပ်ဘာဆိုလား။

သိပြီ။ အဲ့ဒီစောက်ပြဿနာကို။ ကျွန်တော့်ကို စော်တွေ ထားထားသွားတာ ကျွန်တော့်ခန္ဓာကိုယ်ထဲက ဒီခွေးကောင် ကြောင့်ပဲ။

ဒီအသက်ဒီအရွယ်အထိ စော်ပစ်တာ ငါးခါလောက် ခံရဖူးတယ်။

သူတို့က ကျွန်တော့်အိမ်ကို ညအိပ်လိုက်လည်ပြီး နောက်ရက်ဆို ပစ်ပစ်ခါခါကို လစ်သွားကြတာ။

ဒီဟာမတွေ ငါ့ကို ဘာလို့ပလစ်သွားပါလိမ့်ပေါ့။ ခုမှ အဖြေကိုပေါ်လာတယ်။ ကျွန်တော့် ခန္ဓာကိုယ်ထဲက သတ္တဝါကို သူတို့ တစ်နည်းနည်းနဲ့ မြင်သွားကြလို့ပဲ။

ခွေးဆိုး..တော်တော်ဒုက္ခပေးတဲ့အကောင်။

ဒီကောင့်ရုပ်ကို ကျွန်တော်ဖြင့် တစ်ခါမှ မမြင်ဖူးသေးဘူး။ ဒါနဲ့ပဲ မှန်တင်ခုံရှေ့ မတ်တတ်ရပ်လိုက်တယ်။

"မင်း...ဘယ်မှာလဲ..ဟေ့ကောင်..ငါ့ခန္ဓာကိုယ်ထဲက ကောင်.."

ဘာမှ မထူးခြားပါဘူး။

မှန်ရှေ့က စားပွဲခုံပေါ် မှာ သီလရှင်ကြီးပေးသွားတဲ့ မှန်ဘီလူးအနက်။

မနက်က ကန်ဒီဟာ ဒီမှန်ဘီလူးနဲ့ ကျွန်တော့်ဘက်ကိုကြည့်ပြီး မျက်စိမျက်နှာပျက်သွားတာ မြင်လိုက်ရတယ်။

ကျွန်တော် မှန်ဘီလူးနက်ကို ကောက်ကိုင်ပြီး..မှန်ထဲကို ကြည့်လိုက်တယ်။

"အား"

ကျွန်တော်နောက်ဆုတ်လိုက်မိတယ်။

မှန်ထဲမှာ ခွေးနက်ကြီးတစ်ကောင်။ ကျွန်တော့်ကို သွားဖြီးပြနေတာ။

သတိကို ပြန်ကပ်ပြီး မှန်ဘီလူးနဲ့ မှန်ကို သေချာပြန်ကြည့်လိုက်တယ်။

မှန်ထဲက ကျွန်တော့်ခန္ဓာကိုယ်နဲ့ ခွေးနက်ကြီးကလည်း ကျွန်တော့်ကို ပြန်ကြည့်နေတယ်။

"တောက်...ဒီလောက်ချောတဲ့ ငါ့မျက်နှာနေရာမှာမှ..ဒီခွေးဆိုးစောက်ခွက်က လာဝင်နေရတယ်လို့"

"အေး..မင်းလောက် ရုပ်ဆိုးတဲ့ကောင်..ခန္ဓာကိုယ်ထဲ ငါလည်း မနေချင်ပါဘူးကွ"

"ဟ"

မှန်ထဲက ခွေးကောင်က ပြန်ပြောလိုက်တာ။ ပီပီသသကြီး။

မှန်ဘီလူးကို ပြန်ချပြီး ကြည့်လိုက်တော့ ဘာမှ မရှိတော့ဘူး။ သိပြီ။ မနက်က ကန်ဒီက ဒီမှန်ဘီလူးကို ကောက်ကိုင်ကြည့်ပြီး ကျွန်တော့်ခန္ဓာကိုယ်ထဲက ခွေးဆိုးကို မြင်သွားပုံပဲ။

လခွမ်း..ဒီတစ်ယောက်လည်း ကျွန်တော့်နားက ပြေးပြီထင်ပါရဲ့။

ညနေဟာ မမှောင်သေးဘူး။

ဒီနေ့ မိုးနည်းနည်းအုပ်ပြီး လေတိုက်နေတယ်။

တိမ်တွေက အပြာရောင်လိုလို အညိုရောင်လိုလို နဲ့ ဝင်လက်စနေရောင်ကိုတောင် အုပ်မိုးထားလေရဲ့။

ရေမလောင်းတာကြာပေမယ့် ခြံထဲက ပန်းပင်လေးတွေကတော့ စိမ်းစိုနေတုန်းပဲ။

ကီးရှိတုန်းကဆို အဲ့ဒီပန်းပင်တွေကြားမှာ ပြေးဆော့နေတတ်တာ။

ခုတော့ သူမရှိတော့။

နောက် ကျွန်တော့်အဖေ။

ကျွန်တော် ဂျာမနီကိုရောက်ပြီး နှစ်နှစ်အကြာမှာ ဟန်ဂေရီကို အလုပ်ကိစ္စဆိုပြီး ထွက်သွားရင်း သူပျောက်သွားခဲ့တာပဲ။

ကျွန်တော်ဟာ အိမ်ထောင်မရှိတဲ့ အဒေါ်တွေရဲ့ စောင့်ရှောက်မှုနဲ့ပဲ ဟမ်းဘတ်မှာ ကြီးပြင်းခဲ့ရတယ်။

ကျွန်တော့်ဘဝထဲ ပျောက်ဆုံးသွားတဲ့သူတို့ဟာ ဒီ ဆိုင်နိုဆက်ဖလိုင် ဆိုတဲ့

သတ္တဝါတွေနဲ့ ပတ်သက်နေတာချည်းပဲ။

ဒီပြဿနာတွေကို အပြီးသတ်ဖြေရှင်းပြီးတဲ့အခါ အဲ့ဒီသူတွေကို ကျွန်တော်ပြန်ရမှာလား။

ဟူး။

ခြံထဲက ထိုင်ခုံပေါ်မှာ ကျွန်တော်ထိုင်ရင်း တွေးနေမိတာ ဘယ်လောက်တောင်ကြာသွားလဲမသိ။

ပတ်ဝန်းကျင်ဟာ မှောင်နေပြီ။

"တောက်" ခနဲ..ကျွန်တော့်လက်ပေါ် မိုးရေတစ်စက်။

မဟုတ်သေးပါဘူး။ ဒီမိုးရေက ပျစ်ချွဲချွဲနဲ့။ ဘာလဲဟ။

ကျွန်တော်မော့ကြည့်လိုက်မိတယ်။

"ဘာလဲဟ..လာပြန်ပြီ"

ကျွန်တော့်အိမ်ခေါင်မိုးရဲ့ နှစ်ပြန်လောက်ရှိတဲ့အမြင့်မှာ ပါးစပ်ကြီးတစ်ခု။ နှာခေါင်းကြီးရော။ မျက်လုံးကြီးပြူးပြူးက ဟိုဘက် ဒီဘက် ပေကလပ်ပေကလပ်ကြည့်လို့။

လက်အရှည်ကြီးကတွဲလောင်းနဲ့ ခြေတံရှည်ကြီးတွေက ကျွန်တော့်နောက်ကျောမှာ။

ဟာ...လခွမ်း..ဒီလောရှည်ကောင်ကြီးက ကျွန်တော့်ကို ခွပြီးရပ်နေတာပဲ။

သူ့ပါးစပ်က သွားရည်တစ်စက်က.... ဟော့..ကျပြီ...ကျလာပြီ။

ကျွန်တော် အလန့်တကြားရှောင်လိုက်မိတယ်။

"ခစ်..ခစ်..ခစ်"

ရယ်သံကြောင့် ကျွန်တော်လှမ်းကြည့်လိုက်တော့...ကျွန်တော့်ရှေ့က ခုံမှာ ထိုင်နေတဲ့ ကန်ဒီ။

ဒီဟာမလေးက ဒီလိုပဲ ဟိုကပေါ်လာလိုက်..ဒီကပေါ်လာလိုက်ဆိုတော့ ထူးပြီး အံ့သြမနေတော့ပါဘူး။ ကျွန်တော့်ဘဝက ဒီရက်ပိုင်းထဲ ဒီစောက်တလွဲ သရဲလိုလို ဘာလိုလိုအကောင်တွေနဲ့ ချည်းတွေ့နေရတာ။

ဟိုဟာမလေးက အရယ်မရပ်သေးဘူး။

"ရှင့်မှာ တခုခုစားစရာမရှိဘူးလား"

ကဲ.ကန်ဒီ..လုပ်ပြီ။

"ရေခဲသေတ္တာထဲ မှာရှိတဲ့ စားစရာတစ်ခုခုသွားယူလိုက်ပါရှင်..မဟုတ်ရင်..ဒီ ဖိဖရက်ကြီး ဆီက သွားရည်တွေ မိုးရွာသလို ကျလာတော့မှာ"

"ဘာတွေလဲကွာ"

ကျွန်တော်လည်း အိမ်ထဲဝင်ပြီး ရေခဲသေတ္တာကိုဖွင့်လိုက်တယ်။ Blue Cheese တစ်ထုပ်တွေ့တာနဲ့ ယူလာပြီး ကန်ဒီလက်ထဲထည့်ပေးလိုက်တယ်။ အရေးထဲ ဟိုကောင်ကြီးရဲ့ ခြေတံရှည်ကို ရှောင်ရသေး။

"ဖိဖရက်ကြီး..ဒါစားပြီး..လစ်လိုက်တော့..ဒီည သူ့ကို ကျွန်မ စောင့်ပေးလိုက်မယ်"

ကန်ဒီက Blue Cheese ထုပ်ကို မြှောက်တင်ပေးလိုက်တော့ ဟိုကောင်ကြီးက လျှာအရှည်ကြီး ဘတ်ခနဲထွက်လာပြီး သူ့ပါးစပ်ထဲ သွင်းလိုက်တယ်။

ဟို..ဆင်ကြီးတွေ ကြံစားသလိုပဲဗျာ။ ပြီးတော့ ပလက်စတစ်အိတ်ကို ထွေးထုတ်ပြီး ကျွန်တော့်အိမ် ခြံစည်းရိုးကို ခွကျော်ထွက်သွားလေရဲ့။

ကုန်ပါပြီ။ ရှားရှားပါးပါး ကျွန်တော့်မိတ်ဆွေတစ်ယောက် နယ်သာလန်က ပြန်လာတော့ ဝယ်လာပေးတဲ့ Blue Cheese လေး။ ကိုယ့်မှာ ဝီစကီနဲ့ မြည်းဖို့ ချန်ထားတာလေး။

"ကန်ဒီ..အဲ့ဒါကရော..ဘာကောင်လဲ"

"ဖိဖရက် လေ...အမြဲဆာလောင်နေတဲ့ ကျွန်မ မိတ်ဆွေကြီးပေါ့...ဒီည ကရာဟောင်း အစား..ရှင့်ကို ကာကွယ်ဖို့ သူ့ကို ပြောထားတာ"

"ဖိဖရက်..ဒီခြေတံရှည် လန်ဘားကြီးက သရဲပဲပေါ့"

"ဟုတ်တယ်လေ"

ကျွန်တော့်စိတ်ထဲ..ငယ်ငယ်က အမေပြောပြဖူးတဲ့..မြန်မာပြည်ကျေးရွာတွေက သဘက် ဆိုတဲ့ သရဲကြီးတွေအကြောင်း သတိရမိတယ်။

သဘက်ကြီးတွေဟာ လူကောင်က ထန်းပင်လောက်မြင့်ပြီး လျှာက အရှည်ကြီး။ နားရွက်တစ်ဖက်ကို ခင်းပြီး နားရွက်တစ်ဖက်ကို ခြုံအိပ်တတ်သတဲ့။ အမြဲတမ်းဆာလောင်နေတတ်တာဆိုတော့ ဒီ ဖိဖရက်နဲ့ သွားတူနေတယ်။

အဲ့ဒီတော့မှ သတိထားမိသွားတယ်။ ကန်ဒီ ကရော ဘာလဲ။

ကျွန်တော် ချက်ချင်းထသွားပြီး အခန်းထဲက မှန်ဘီလူးနက်ကို သွားယူလိုက်တယ်။

အပြင်ပြန်ထွက်လာပြီး ထိုင်ခုံပေါ် ထိုင်နေတဲ့ ကန်ဒီရှိရာကို မှန်ဘီလူးနဲ့ ကြည့်လိုက်တဲ့အခါ..။

အပိုင်း(၁၄)

အရွက်၊ အခက်၊ အလက်တွေနဲ့ သစ်ပင်တစ်ပင်။

ဟုတ်တယ်။

မှန်ဘီလူးထဲ ကျွန်တော်မြင်နေရတာက သစ်ပင်တစ်ပင်။ ကန်ဒီထိုင်နေတဲ့ နေရာမှာ သစ်ပင်တစ်ပင်ရောက်နေတာ။

ဘာလဲဟ။

ကျွန်တော်ဒီအတိုင်း ပြန်ကြည့်လိုက်တော့....ကန်ဒီက သူ့နေရာမှာ သူထိုင်နေဆဲ။

"မင်းက ဘာလဲ...ကန်ဒီ"

ကန်ဒီက ပြုံးတယ်။ သူ့အပြုံးက သစ်ရွက်လေးတစ်ရွက် ဖန်းခနဲ ပွင့်ဝေလာသလိုအပြုံးမျိုး။

"ငါတော့ ရူးတော့မှာပဲ"

"အဲ့ဒီ မှန်ဘီလူးနက်က လူတွေ၊သတ္တဝါတွေရဲ့ ခန္ဓာထဲက ဗီဇဝိညာဉ်တွေကို မြင်ရတဲ့ မှန်ဘီလူးပဲ..ဒေးဗစ်...ကျွန်မလည်း ရှင့်ခန္ဓာကိုယ်ထဲက ဗီဇကို တွေ့လိုက်ရတယ်...ရှင့်ထဲက အကောင်က အတော်ရုပ်ဆိုးတာပဲ...ခစ်ခစ်"

ကျွန်တော် ကန်ဒီကို မှန်ဘီလူးနဲ့ ပြန်ကြည့်လိုက်ပါတယ်။

သစ်ပင်စိမ်းစိမ်းလေးတစ်ပင် လေတိုက်လို့ ယိမ်းနေသလိုမျိုး မြင်ရတယ်။

"မင်းက ဘာလဲလို့...ငါမေးနေတယ်လေ..ကန်ဒီ"

"ဩော်..ဒေးဗစ်ရယ်...ရှင် ကျွန်မကို မှန်ဘီလူးနဲ့ ကြည့်နေတာမဟုတ်ဘူးလား...ကျွန်မဘာလဲ ရှင်တွေ့နေရတာပဲလေ"

"မဟုတ်ဘူးလေ...မင်းက ..."

"ဟုတ်တယ်...ကျွန်မက သစ်ပင်ပဲလေ"

"ဟာ..ဘာတွေတုန်း"

"သစ်ပင်တွေဟာ သက်ရှိတွေဆိုတာ ရှင်လက်ခံတယ်မဟုတ်လား..တကယ်တော့ လူသားတွေရော၊ တိရိစ္ဆာန်တွေရော၊ သစ်ပင်တွေရောဟာ ဟိုးနှစ်သန်းပေါင်းများစွာကတည်းက တူညီတဲ့ မျိုးစိတ်တစ်ခုတည်းကနေ ဆင်းသက်လာကြတာပဲ...ဒီတော့..သစ်ပင်တွေဟာလည်း ရှင်တို့လူတွေရဲ့ ခန္ဓာကိုယ်လိုပဲ..DNA တွေ၊ ဆဲလ်တွေနဲ့ ရှင်သန်နေကြတယ်...ရှင့်ကိုယ်ထဲ ဆိုင်နိုဆက်ဖလိုင်တစ်ကောင် ရှိနေသလို.သစ်ပင်ထဲမှာလည်း ကျွန်မရှိနေတယ်လေ"

လုပ်ပြီ။ ဒီဟာမလေးက သရဲလိုလို တစ္ဆေလိုလိုသာ ဖြစ်နေတာ ပြောလိုက်ရင် DNA တွေ၊ ဆဲလ်တွေက စတာ။

"ကျွန်မတို့က "တာခီယန်" တွေပါ...ထိုင်းဘာသာစကားနဲ့ဆို.. တလေးတစား.နန်းတာခီယန်(Nang Ta Khian) လို့ခေါ်ကြတယ်..အင်္ဂလိပ်လိုဆို Lady of Tree ဖြစ်မယ်ထင်တယ်...တာခီယန် တွေဟာ လူသားခန္ဓာကိုယ်အစား... သက်န်းပင်တွေမှာ ခိုအောင်းနေရတဲ့ တန်ခိုးရှိဝိညာဉ်တွေပဲ"

"ငါ့အမေ တစ်ခါပြောပြဖူးတဲ့ ရုက္ခစိုးနတ်လိုလား...ဗမာလို ရုက္ခစိုးလို့ခေါ်မယ်ထင်တယ်"

"ဟုတ်တယ်...အခေါ်အဝေါ်တွေကတော့ အမျိုးမျိုးကွဲတာပါပဲ...ဒါပေမဲ့ ကျွန်မတို့ဟာ ရှင်တို့ လူသားတွေနဲ့ နီးနီးကပ်ကပ်ပတ်ဝန်းကျင်မှာပဲ ရှင်သန်နေကြတာပါ...ရှင်တို့ကို ကျွန်မတို့ ပြချင်တဲ့ပုံစံနဲ့ ပြလို့ရတယ်...ရှင့်လက်ထဲက မှန်ဘီလူးနဲ့ ဟိုးဘေးခြံက ငှက်ပျောပင်အုပ်ကို တစ်ချက်ကြည့်လိုက်"

ကန်ဒီပြောတဲ့အတိုင်း လူမနေနဲ့ ကျွန်တော့်ဘေးခြံက ငှက်ပျောပင်အုပ်ကို မှန်ဘီလူးနဲ့ ကြည့်လိုက်ပါတယ်။

"ဟာ"

အစိမ်းရောင်ထိုင်းရိုးရာဝတ်စုံဝတ်ထားတဲ့ မိန်းကလေးတွေဟာ စည်းချက်ကျကျ ကခုန်နေကြတယ်။

မှန်ဘီလူးကို ဖယ်လိုက်တော့ ညဦးလေပြေည်မှာ တဖျတ်ဖျတ်လွင့်နေတဲ့ ငှက်ပျောရွက်တွေပဲတွေ့ရပြန်တယ်။

ဘယ့်နှယ့်..ဒီအိမ်မှာနေလာတာကြာပြီ... ကိုယ့်ခြံချင်းကပ်မှာ ဒီလိုဟာမလေးတွေ ရှိနေတာ ခုမှ သိတယ်။

"သူတို့ကရော..မင်းတို့လို "တာခီယန်" တွေပဲလား"

ကန်ဒီက ခေါင်းခါတယ်။

"သူတို့ကို "ထာနီ" လို့ခေါ်တယ်..နန်းထာနီ (Nang Tani) ပေါ့..သူတို့ကတော့ ကျွန်မတို့ရဲ့ ညီမငယ်တွေပါပဲ...ကျွန်မတို့ထက်တော့ ပါဝါနိမ့်တယ်..သူတို့က ကျွန်မတို့လို သစ်ပင်ကြီးတွေမှာ မနေနိုင်ကြပဲ ငှက်ပျောပင်တွေမှာပဲ နေကြတာ...ကျွန်မတို့ တာခီယန်တွေလိုမျိုးလူတွေနဲ့ အချိန်မရွေးကိုယ်ထင်ပြဆက်သွယ်တဲ့ တန်ခိုးလည်းမရှိကြဘူး..သူတို့က လပြည့်လကွယ်မှ လူသားတွေနဲ့ ဆက်သွယ်လို့ရကြတယ်..အထူးသဖြင့် လပြည့်လကွယ် မနက် သုံးနာရီလောက်ဆို ငှက်ပျောပင်တွေကြားမှာ သူတို့ကိုတွေ့နိုင်တယ်..ဟင်းဟင်း..တချို့ ဆို လူယောက်ျားတွေနဲ့ ချစ်ကြိုက်ကြသေးတာ"

"ဒါဆို သူတို့နဲ့ ဟိုဟာလုပ်လို့ရတာလား"

ကန်ဒီက ကျွန်တော့်ကို နှာခေါင်းရှုံ့ပြီးကြည့်တယ်။

"ရှင်ဟာလေ....ငှက်ပျောစေးလောင်မှမှတ်မယ်ထင်တယ်"

ကျွန်တော် မှန်ဘီလူးနဲ့ သေချာကြည့်တော့..ငှက်ပျောပင်မလေးတွေက အတော်ချောချောလေးတွေဗျ။ ထိုင်းရုပ်ရှင်ကားတွေထဲက ရှေးရိုးရာအဝတ်အစားလေးတွေအောက်မှာ အသားလေးတွေက စိမ်းဖန့်ဖန့်နဲ့ အိစက်။

"နန်းမိုင် ဆိုတာ ရှိသေးတယ်...အဲ့ဒါကတော့ ကျွန်မတို့ရဲ့ အစ်မကြီးတွေပေါ့...သူတို့က ညောင်ပင်လို ၊ကညင်ပင်လို ရှေးဟောင်းအပင်ကြီးတွေထဲ နေကြတာ..သူတို့ကတော့ ကျွန်မတို့ထဲ သက်တမ်းအရင့်ဆုံးနဲ့ တန်ခိုးအကြီးဆုံးပဲ...သူတို့ကတော့ ယောက်ျားမုန်းတယ်...သူတို့နေတဲ့ အပင်ကြီးတွေနား သေးပန်းတာဘာညာလုပ်မိလို့ကတော့..အရင်းကနေ ပုတ်ပြီး ကြွေအောင် လုပ်ပစ်တာ"

"ဟ"

ကျွန်တော်တောင် နည်းနည်းတွန့်သွားပါတယ်။

"နေဦး..မင်းတို့ဟာက အမျိုးသမီးဝါဒီတွေလား...ယောက်ျားရောမရှိဘူးလား"

"ရှိတော့ရှိပါတယ်...ဒါပေမဲ့ နည်းတယ်...ရှင့်မှာ မှန်ဘီလူးရှိနေတာပဲ...ပတ်ဝန်းကျင်ကို လိုက်လေ့လာကြည့်ပေါ့...ဒိုင်မေးရှင်းတွေကိုကျော်လွှားပြီး မြင်ရတဲ့အခါ တချို့အရာတွေက ချစ်စရာမကောင်းပဲ ကြောက်စရာကောင်းတာ၊ တချို့က ကြောက်စရာမကောင်းဘဲ သနားစရာကောင်းတာ ရှင်တွေ့ရလိမ့်မယ်...ဟိုမှာ ခုနရှင်တွေ့ခဲ့ရတဲ့ ကျွန်မမိတ်ဆွေကြီး ဖိဖရက်ကို ကြည့်လိုက်ပါဦး"

ကျွန်တော်မှန်ဘီလူးနဲ့ ခြံရှေ့ကို ကြည့်လိုက်တယ်။ ခုန ခြေတံရှည်ရှည် အရပ်ကြီးမိုးထိုးနေတဲ့ ကြောက်စရာ ဖိဖရက်ကြီးဟာ ဗိုက်ပူနံကားအကျီချွတ်နဲ့၊ မျက်မှန်အထူကြီးတပ်ပြီး မြေကြီးမှာ တစ်ခုခုစားဖို့လိုက်ရှာနေတဲ့ အဘိုးကြီးပုံစံ ဖြစ်နေပါတယ်။

"အဲ့ဒါ သူ့ခန္ဓာကိုယ်ထဲ က ဗီဇအမှန်ပဲ..ဒေးဗစ်..တကယ်တော့ ဖိဖရက်ကြီးတွေက.သနားစရာနာနာဘာဝကြီးတွေပါ"

ကန်ဒီ က စကားပြောနေရင်း သူ့ဆံပင်တိုတိုလေးတွေကို လက်နဲ့ လိမ်ဆွဲနေတယ်။

"ရှင်လည်း ပတ်ဝန်းကျင်ဒိုင်မေးရှင်းတော်တော်များများက သက်ရှိတွေကို မြင်ပြီးပြီ၊ သိလည်းသိနေပြီဆိုတော့...ကျွန်မတို့ ရှေ့ဆက်လို့ရပြီ"

"ဟမ်..မင်းနဲ့ငါက ဘာကို ရှေ့ဆက်ကြမှာလဲ"

သစ်ပင်မလေးကတော့ ရင်ခုန်အောင်လုပ်ပြီ။

"ကျွန်မ မှာ ရှင်နဲ့တွဲပြီး ရှေ့ဆက်လုပ်ရမယ့်..တာဝန်တွေရှိတယ်လို့ ပြောတာ...ဆိုင်နိုဆက်ဖလိုင်တံတားကို ကျွန်မတို့ အပြီးသတ် ဖျက်စီးပစ်ရမယ်"

"နေပါဦး..မင်းကို ဘယ်သူက တာဝန်ပေးထားတာလဲ"

"သခင်မ ရှင်ဖဲဝါ"

"ဟင်..မဖဲဝါလား"

"ဟုတ်တယ်...ရှင့်ကို ကျွန်မပြောပြဖူးပါတယ်...ကျွန်မ တက္ကသိုလ်ဒုတိယနှစ်မှာ ဒွိုင်အီသန္တန်တောင်ပေါ်က ရေတွင်းလေးထဲ ပြုတ်ကျခဲ့တယ်ဆိုတာလေ..တကယ်တော့..အဲဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်က ဖြစ်ခဲ့တာ...အဲ့ဒီကတည်းက ကျွန်မခန္ဓာကိုယ်က ပျက်စီးသွားခဲ့ပြီ...ကျွန်မဝိညာဉ်ကို သခင်မရှင်ဖဲဝါ က ကယ်တင်စောင့်ရှောက်ပေးထားခဲ့တာ...ကျွန်မ ဒီ

တာခီယန်အဆင့်ကိုရောက်ဖို့လည်း သခင်မပဲ ကူညီပေးခဲ့တာ"

ကန်ဒီ ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်က ကွယ်လွန်ပြီးသား ကောင်မလေးတဲ့လေ။

"ရှင်ရဲ့ ဘိုးဘေးတွေ ဗမာပြည်မှာ ဖြစ်ခဲ့ကြတဲ့ ပြဿနာမှာ သခင်မရှင်ဖဲဝါက ပါဝင်ပတ်သက်ခဲ့ရတယ်..မွေးကင်းစ..ရှင့်အမေကို ကယ်တင်ဖို့ အတွက် သခင်မရှင်ဖဲဝါ ဟာ သူ့ရဲ့ အရှင်သခင် ရေယဉ်ကတော်ကြီး ရဲ့ ခွင့်ပြုချက်မယူဘဲ ကျိန်စာကို သုံးခဲ့တဲ့အတွက် အပြစ်ပေးခံရတယ်..အဲ့ဒီအပြစ်ကတော့ ဗမာပြည်ရဲ့ပြင်ပ ဒီဇင်းမယ်ပြည်မှာ နန်းမိုင် အဖြစ် အဆင့်လျှော့နဲ့ နေခဲ့ရတာပဲ...လမိုင်းသခင်မ ဘဝကနေ သာမန်သစ်ပင်စောင့်နတ်ဝိညာဉ်အဖြစ်နဲ့ အိမ်နိမ့်စံနေရတုန်းမှာ သူက ကျွန်မကို ကယ်တင်စောင့်ရှောက်ပေးခဲ့ရတာပဲ...ဆိုင်နိုဆက်ဖလိုင်တံတားကို ချိုးဖျက်ပြီးရင်တော့...သခင်မရှင်ဖဲဝါဟာ မူလ လမိုင်းသခင်မ အဆင့်ကို ပြန်ရလိမ့်မယ်"

"အဲ့ဒါကြောင့်..မင်းက ငါ့ဘေးနားရောက်နေတာပေါ့"

"ဟုတ်တယ်...ကျွန်မတင်မဟုတ်ဘူး...ခရာဟောင်းတို့၊ ဖိဖရက်တို့ အားလုံးက သခင်မ ရှင်ဖဲဝါ အမိန့်နဲ့ရှင့်ကို ကူညီစောင့်ရှောက်နေကြတာ"

"ဟုတ်ပြီ..အခုမှ ငါ့ဇာတ်လမ်းကို ငါလိပ်ပတ်လည်လာပြီ..အဲ့ဒီတော့ ဆိုင်နိုဆက်ဖလိုင်တံတားကို ဖျက်စီးဖို့က ငါ လုပ်မှရမှာပေါ့"

"တကယ်တော့ ရှင့်ကျိန်စာပြယ်ဖို့နဲ့ ရှင်ဖဲဝါ ပြစ်ဒဏ်က လွတ်ဖို့ တစ်ခုတည်းအတွက် မဟုတ်ပါဘူး...ဒီထက် ပိုလေးနက်တဲ့ အကြောင်းအရာရှိပါသေးတယ်...အဲ့ဒါကတော့ ..ဆိုင်နိုဆက်ဖလိုင်တွေဟာ အခုဆို အင်အားကြီးသည်ထက်ကြီးလာနေပြီး ဒိုင်မေးရှင်းတွေအားလုံးက သက်ရှိတွေကို ဆိုင်နိုဆက်ဖလိုင်အဖြစ် ပြောင်းပစ်ဖို့ ကြိုးစားနေကြတယ်...သူတို့ အင်အားကောင်းလာရင် လူသားမျိုးနွယ်စုတွေ၊ အခြားဒိုင်မေးရှင်းကမျိုးနွယ်တွေ အကုန်လုံးကို တိုက်ခိုက်ဖျက်စီးကြလိမ့်မယ်...ဒီပြဿနာကို ဖြေရှင်းဖို့ အကိုက်ညီဆုံးက ရှင်ပဲ..ရှင်ဟာ သီလရှင်ကြီးဂါလစ်ဗီယာ သေသွားပြီးတဲ့နောက် နောက်ဆုံးကျန်ခဲ့တဲ့ ဆိုင်နိုဆက်ဖလိုင်ဗီဇခိုကပ်ခံနေရတဲ့ လူသား...ဆိုင်နိုတံတားကို ချိုးဖျက်ပစ်နိုင်မှာလည်း ဆိုင်နိုဆက်ဖလိုင်နဲ့လူသားဗီဇယှဉ်တွဲနေတဲ့ ရှင်ပဲ"

"ဟုတ်ပြီ...ဒီတော့ ငါက ဘာဆက်လုပ်ရမှာလဲ ပြောပါဦး..မသစ်ပင်"

"လောလောဆယ်က မှောင်နေပြီ...ရှင် အိမ်ထဲဝင်သင့်ပြီး..ပြီးတော့ ဒေါက်တာဆန်အော်တီဝဲလ်ဆီက အီးမေးလ်လည်း ရောက်နေလောက်ပြီ..သူက

ဆိုင်နိုဆက်ဖလိုင်တွေအကြောင်း အသိဆုံးလူပဲ"

"ချစ်လှစွာသော ဒေးဗစ်ရိုးမက်စ်

မင်းရဲ့စာကို ရလို့ ငါ အံ့ဩဝမ်းသာရတယ်။

တစ်ဆက်တည်းမှာပဲ ငါတို့ရဲ့ သုတေသနလုပ်ငန်းအတွက် အရေးပါတဲ့ သီလရှင်ကြီး ဂါလီဗီယာရဲ့ သတင်းကြောင့် ဝမ်းနည်းမိတယ်။

ဘာပဲ ဖြစ်ဖြစ် သူမရှိတော့ပေမယ့် သူ့ကိုယ်စား လက်ဆင့်ကမ်းတာဝန်ယူမယ့် မင်း ရှိနေလို့ ငါ စိတ်အေးရပါတယ်။

မင်းလက်ထက်မှာတော့ မိစ္ဆာမျိုးနွယ်စုတွေကို ဒီကမ္ဘာကြီးကနေ အပြီးဖျက်စီးနိုင်မယ်လို့ ငါယုံတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေက ငါ့ရဲ့ သုတေသနလုပ်ငန်းတွေမှာ စိတ်ပါဝင်စားပြီး ဆိုင်နိုတွေကို ဖျက်စီးဖို့ စိတ်အားထက်သန်တဲ့ လူတစ်ယောက်ကို ဟန်ဂေရီမှာ ငါတွေ့ခဲ့ရတယ်။

"ဖရက်ဒရစ်ရိုးမက်စ်" တဲ့။ သူ့ဇာတ်လမ်းအရ မင်းနာမည်ကို ငါကြားဖူးနေခဲ့တာပါ။ အခုတော့ သူ ပျောက်ဆုံးနေခဲ့ပြီ။

မင်းရဲ့ ဖခင်ဖြစ်တဲ့သူ့အတွက် မင်းအလုပ်လုပ်ရမယ်။

ဆိုင်နိုတံတားကို ဖျက်စီးနိုင်မယ့် ပစ္စည်းတွေထဲက စိန့်ခရစ္စတိုဖာရဲ့ လက်ဝါးကပ်တိုင်နက်နဲ့ အနူဘစ်မှန်ဘီလူးနက်ကို မင်း ရရှိထားပြီးပြီ။

နောက်ထပ်လိုအပ်မယ့်အစီအစဉ်တွေအတွက် Order of Cynocephali ဂိုဏ်းဝင်တစ်ယောက်က မင်းကို ကူညီနိုင်လိမ့်မယ်။ ကံကောင်းတာက သူလည်း မင်းနေတဲ့ ချင်းမိုင် မြို့နားက "လန်ပန်း" ဆိုတဲ့ မြို့မှာပဲ။

သူ့နာမည်က "ရှေးဖရက်" ။ သူ့က လန်ပန်း Amok Tower ရှေ့က သစ်သားအိမ်လေးမှာနေတယ်။

မင်း သူ့ကိုသွားရှာပါ။ ငါ မင်းကိုယုံတယ်။

ဒေါက်တာဆမ်အော်တီဝဲလ်

ကန်ဒီပြောတဲ့အတိုင်းပဲ ဒေါက်တာဆမ်အော်တီဝဲလ်ဆီက အီးမေးလ်ရောက်နေပါပြီ။

"အူ..ဝူ..ဝူး"

အပြင်မှာ ခွေးအူသံတွေက ထုံးစံအတိုင်း။

ကျွန်တော်လည်း လက်ဝါးကပ်တိုင်အနက်ကို ယူပြီး ဆုပ်ကိုင်ထားလိုက်တယ်။

"ဒေးဗစ်"

ဘယ်အချိန်က အခန်းဝရောက်နေမှန်းမသိတဲ့ ကန်ဒီ။

"ဒီညတော့ ညစာကောင်းကောင်းစားပြီး..ရှင်အိပ်လိုက်ဦး..မနက်ဖြန်ကျ ကျွန်မတို့ လန်ပန်း ကို ခရီးဆက်ရမယ်"

"မင်းကလည်း အီးမေးလ်ကိုတောင် သိနေပါလား"

"ကဲ..ညစာစားပြီး..အိပ်ဖို့သာလုပ်..ဒီညတော့...အပြင်မှာ ရှင့်ဆီလာတဲ့ ဟိုသတ္တဝါတွေကို ကျွန်မနဲ့ ကျွန်မမိတ်ဆွေတွေ ထိန်းထားပေးမယ်"

ကန်ဒီဟာ ရုတ်တရက် နွယ်ပင်တစ်ပင်လိုဖြစ်သွားပြီး ကျွန်တော့်အခန်းပြတင်းတံခါးကတစ်ဆင့် ရှောခနဲ ထွက်သွားတယ်။

ဟုတ်တယ်။ ကျွန်တော်အိပ်ရေးဝဝ မအိပ်ရတာကြာပြီ။

ဒီညတော့ အိပ်ဆေးသောက်အိပ်မှပဲ။ ဒီစောက်သရဲတွေနဲ့ ရှေ့လျှောက် ဘယ်လိုနပန်းလုံးရဦးမယ်မသိ။

အပိုင်း(၁၅)

လန်ပန်း။

ထိုင်းမြောက်ပိုင်းမှာ ကျွန်တော်သဘောကျတဲ့ မြို့လေးတွေထဲက တစ်ခုပဲ။

အထပ်မြင့်တိုက်ကြီးတွေမရှိဘဲ ရှမ်းပုံစံ၊ ဗမာပုံစံ သစ်သားအိမ်လေးတွေ အစီအရီနဲ့။

မြို့လယ်မှာလည်း မြစ်တစ်စင်းက ဝေ့ဝိုက်စီးဆင်းလို့။

မြင်းလှည်းကြီးတွေဆွဲတဲ့ ရထားလုံးလေးတွေကိုလည်း မြင်ရသေးတယ်။

ပိုစိတ်ဝင်စားဖို့ကောင်းတာက အဲ့ဒီ ရထားလုံးတွေဟာ ၂၀ ရာစုအစ က မန္တလေးကနေ တိုက်ရိုက်ယူလာတဲ့ ရထားလုံးတွေပါ။

၁၉၀၀ ပြည့်နှစ်တွေမှာ ထိုင်းမြောက်ပိုင်း လန်နာဘုရင် ကာဝီလ က ဘုံဘေဘားမားသစ်ကုမ္ပဏီကို လန်ပန်းမှာအခြေချပြီး သစ်လုပ်ခွင့်ပေးခဲ့တယ်။

အဲ့ဒီမှာ ဗြိတိသျှကိုလိုနီဖြစ်တဲ့ မြန်မာပြည်ကနေ ရှမ်း၊မွန်၊ဗမာ ဝန်ထမ်းတွေ၊ သစ်ကန်ထရိုက်တွေ၊ ဆင်ကန်ထရိုက်တွေရောက်လာကြပြီး မြန်မာအငွေ့အသက်တွေ ယူဆောင်လာတဲ့ မြို့လေးဆိုပါတော့။

ဗမာသွေးတစ်ဝက်ပါတဲ့ ကျွန်တော့်အတွက် လန်ပန်းမြို့ဟာ စွဲဆောင်မှုရှိနေတာ ဒီအချက်တွေလည်းပါမယ်ထင်ပါတယ်။

ကျွန်တော်နေတဲ့ ချင်းမိုင်ကနေဆို တစ်နာရီခွဲ၊ နှစ်နာရီဝန်းကျင်လောက် ကားမောင်းရင် လန်ပန်းကို ရောက်ပါတယ်။

ခွန်တန်ဆိုတဲ့ တောင်တန်းကို ကျော်လိုက်တဲ့အခါ "တောင်ခွင်း" ဆိုတဲ့ ရွာဈေးလေးကို အရင်မြင်ရလိမ့်မယ်။

တစ်ချိန်က ဗမာတပ်တွေဟာ ဇင်းမယ်ကို စစ်ချီတဲ့အခါ အဲ့ဒီနေရာမှာ စခန်းချပြီး ဒီတောင်တန်းကြီးကို ခွင်းပြီးရင် ဇင်းမယ်ကိုရောက်ပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ ပေးခဲ့တဲ့ ဗမာနာမည်လို့လည်း ပါးစပ်ပြောရာဇဝင်တွေကြားဖူးတယ်။

အဲ့ဒီနောက်တော့ လန်ပန်းမြို့ထဲ ဝင်လာပါပြီ။

ကျွန်တော်ကားမောင်းလာတဲ့တစ်လျှောက် ကန်ဒီဟာ ဘေးကနေ အိပ်ငိုက်လာပါတယ်။ ညက ဆိုင်နိုဆက်ဖလိုင်တွေရန်ကနေ ကျွန်တော့်ကို သူ့ဘော်ဒါတွေနဲ့အတူ ကင်းစောင့်ပေးထားရလို့ထင်ပါရဲ့။

မနက်အစောကတည်းက ထွက်လာတာဆိုတော့ မြို့အဝင်မှာ ဗိုက်က ဆာလာပါတယ်။

ဆီဆိုင်တစ်ခုထဲက Seven Eleven ရှေ့ ကားကို ထိုးရပ်လိုက်တယ်။

"ကန်ဒီ...တစ်ခုခုစားရအောင်"

ကန်ဒီက နေအလင်းရခါစ ပွင့်ဖတ်ကလေးလို လူးလွန့်ထလာတယ်။

"အစ်ကိုပဲ..သွားဝယ်ပါ"

ကျွန်တော်လည်း ဆိုင်ထဲဝင်ပြီး ပူတင်းမုန့်နှစ်ခုနဲ့ အအေးတစ်ဘူးဝယ်လာလိုက်တယ်။ ဆိုင်ရှေ့က ခုံမှာထိုင်ပြီး စားနေတုန်း နေရောင်အောက်မှာ မျက်နှာမော့ပြီး ရပ်နေတဲ့ ကန်ဒီကို သတိထားမိသွားတယ်။

နေရောင်အောက်မှာ ကန်ဒီရဲ့ တစ်ကိုယ်လုံးဟာ စိမ်းဖန့်လို့။

"ဘာလုပ်နေတာပါလိမ့်"

သူ့နားကို ထသွားပြီး မုန့်တစ်ခု ထိုးပေးလိုက်တယ်။

"ရော့..စား"

ကန်ဒီက ကျွန်တော့်ကို ပြုံးပြတယ်။

"တော်ပြီ...ကျွန်မ ဗိုက်ဝနေပြီ"

"ဟင်...မင်းက ဘယ်လိုဗိုက်ဝတာလဲ...ဘာမှလဲ စားတာမတွေ့ဘူး"

"ကဲ...မလိုဘူးလေ...အခု နေရောင်ထဲ မတ်တတ်ရပ်နေတာ ကျွန်မ အစာစားနေတာပဲ"

"ဘယ်လို"

"ရှင် ရုက္ခဗေဒ မသင်ဖူးဘူးလား"

ကျွန်တော်သဘောပေါက်ပြီ။ ကန်ဒီဟာ သစ်ပင်ပဲ။ ဒီတော့ သူက နေရောင်ခြည်နဲ့ အဆာချက်နိုင်တာပဲ။

"အလင်းမှီအစာချက်ခြင်း။ Photosynthesic"

"ဟုတ်တယ်...ရှင်တော်တယ်..အစ်ကို..လာ..ခရီးဆက်ကြစို့"

ကျွန်တော့်ရဲ့ စိမ်းမြတဲ့ ကရိုလိုဖီးလ်မလေးက တက်တက်ကြွကြွနဲ့ ကားပေါ်တက်သွားပါတယ်။

"ခဏနေဦး..ကန်ဒီ"

ကျွန်တော် သူ့လက်ကို ဖမ်းဆွဲထားလိုက်တယ်။

"ဘာဖြစ်လို့လဲ..အစ်ကို"

"ငါ..ပြောစရာရှိလို့..သေချာနားထောင်"

"ဟုတ်"

"မင်းနဲ့ ငါ လက်ထပ်လို့ရမလား"

"ရှင်"

"ဟုတ်တယ်...ကန်ဒီ...ဒီတိုင်းဆို မင်းနဲ့ငါ လက်ထပ်လည်း စားသောက်စရိတ်က ငါ့တစ်ယောက်စာပဲ ကုန်မှာ...မင်းက နေရောင်ခြည်ရှိရင် အစာချက်လို့ရတာဆိုတော့လေ..ကိုက်တယ်"

"အာ...အရေးထဲ လာနောက်နေတယ်...သွားမယ်..သွားမယ်..အချိန်မရှိဘူး..ညနေစောင်းလေ ရှင့်အတွက် အန္တရာယ်ရှိလေပဲ"

Amok Tower..

လန်ပန်းမြို့လယ်ကောင်က ခပ်ကျဉ်းကျဉ်း ကတ္တရာလမ်းလေးအတိုင်း ဝင်သွားလိုက်တာနဲ့ ရေညှိတွေတက်နေတဲ့ အုတ်မျှော်စင်အဟောင်းကြီးတစ်ခုကို တွေ့ရမှာပါ။

မျှော်စင်ကြီးရဲ့ အောက်မှာလည်း သံချေးတက်နေတဲ့ အမြောက်ငယ်နှစ်လက် ကို ချထားတာတွေ့ရမယ်။

တကယ်တော့ Amok ဆိုတာ မြန်မာစကား အမြောက် ကိုပဲ အသံဖလှယ်ယူထားတာပေါ့။

ကားကို မလှမ်းမကမ်းမှာရပ်ပြီး ကျွန်တော်နဲ့ ကန်ဒီဆင်းလာလိုက်တယ်။

မျှော်စင်ရှေ့က သစ်သားအိမ်လေးတွေ့ပါပြီ။

အိမ်ရှေ့မှာ ခေတ်ကြိုးတွေက သွေးကြောမျှင်တွေလို ရှုပ်ယှက်အိထွေးပြီး ကျနေတယ်။

အိမ်က တော်တော်ဟောင်းနွမ်းနေပါပြီ။

"ဒီအိမ်ပဲ..ဖြစ်မယ်..ကန်ဒီ"

အုတ်နံရံ အဟောင်းဘေးက ခြံတံခါးကို တွန်းဖွင့်လိုက်တယ်။ အိမ်ခြံဝင်းထဲလည်း မြက်ပင်တွေ၊ ပေါင်းပင်တွေ ရှုပ်ယှက်လို့။

"မစ္စတာရှေးဖရက်....မစ္စတာရှေးဖရက်"

ပြတင်းတံခါးက ခပ်ဖြည်းဖြည်းပွင့်လာတယ်။

ဟာဝိုင်အီရှပ်ကို ဝတ်ပြီး ဝိ တစ်တိုင်ကို ခဲထားတဲ့ လူမည်းအဘိုးကြီးတစ်ယောက်။ ဆံပင်ကို ရက်ဂေးပုံစံကျစ်ထားသေး။

"ရှေးဖရက်"ဆိုတာက ဂျူးနာမည်မို့ ဂျူးတစ်ယောက်လို့ ထင်ထားတာ။ ခုကျ ဘော့မာလေအထာနဲ့ လူမည်း အဘိုးကြီးတစ်ယောက်ဖြစ်နေတယ်။

"ငါ ရှေးဖရက်ပဲ..ဘာကိစ္စလဲ..ငါ့လူ"

"ကျွန်တော် ဒေးဗစ်ရိုးမက်စ် ပါ...ဒေါက်တာအော်တီဝဲလ်က ခင်ဗျားဆီ လွှတ်လိုက်ဆိုလို့"

အဘိုးကြီးက ကျွန်တော့်ကို သေချာကြည့်တယ်။ ပြီးတော့ ကန်ဒီကို ကြည့်လိုက်တယ်။

"ဒီတစ်ယောက်က လူမှ မဟုတ်တာ...နန်းတာခီယန် ပဲ....ဒီပြဿနာမှာ သူနဲ့ ဘာဆိုင်လို့လဲ"

"သူက ကျွန်တော့်မိတ်ဆွေပါ...ကျွန်တော့်ကို ကူညီပေးနေတာ"

"အင်းလေ...ခုက ဒိုင်မေးရှင်းတွေအားလုံးရဲ့ ပြဿနာဖြစ်နေတာပဲ...လာ..တက်ခဲ့ကြ"

သစ်သားတံခါးကို လာဖွင့်ပေးတယ်။ အိမ်ပေါ်မှာ ဘာပရိဘောဂမှ မရှိဘူး။ ဟာလာဟင်းလင်း ပြောင်ချောနေတဲ့ ကြမ်းပြင်ကြီး။ တစ်အိမ်လုံးလည်း ဆေးခြောက်နံ့တွေ လှိုင်လို့။

"ရော့..နားနားနေနေ နေကြ"

အဘိုးကြီးက ခေါင်းအုံးဖြူဖြူလေးနှစ်လုံး လှမ်းပစ်ပေးတယ်။

သူကလည်း ခေါင်းအုံးတစ်လုံးပေါ် တံတောင်ထောက်ရင်း ကြမ်းပြင်ပေါ် လှဲလို့။

ကားမောင်းရတာလည်းညောင်း၊ ဟာလာဟင်းလင်းကြမ်းပြင်ကလည်း လွတ်လွတ်လပ်လပ်လှဲချင်စရာဆိုတော့ ကျွန်တော်လည်း သူ့အတိုင်းပဲ ခေါင်းအုံးပေါ် တံတောင်ထောက်ပြီး ဘေးတစောင်းလှဲလိုက်တယ်။

ဇိမ်ပြဲဟ။

ကန်ဒီကတော့ ခေါင်းအုံးကို ပေါင်ပေါ်တင်ပြီး တင်ပလ္လင်ခွေ ထိုင်နေလိုက်တယ်။

"ဝိ သောက်ကြလား"

"ကျွန်တော် မသောက်ချင်သေးဘူး"

"ဒါဆို ဝီစကီ"

"ကျွန်တော်တို့ လာရင်း ကိစ္စ ပြောရအောင်ဗျာ"

ဒီတော့မှ အဘိုးကြီးက တဟားဟားရယ်တယ်။

"ဟော့ဒီ မြေကမ္ဘာပေါ်က ရုပ်လောက၊နာမ်လောက သက်ရှိတွေကြား မမြင်အပ်၊မြင်အပ် ဆိုပြီး လောက အချင်းချင်းပိုင်းခြားထားတဲ့ ဒိုင်မေးရှင်းတွေရှိတယ်...ဒါဟာလည်း ကမ္ဘာတစ်ခုတည်းမှာ ရှင်သန်နေထိုင်ကြတဲ့ ဇစ်မြစ်မတူတဲ့ သက်ရှိခြင်းကြားက လိုအပ်ချက်တစ်ခုပဲ...အခုတော့ ရှိသမျှ ဒိုင်မေးရှင်းတွေက သက်ရှိတွေကို ဖျက်စီးပြီး ဒီကမ္ဘာမှာ သူတို့မျိုးစိတ်တွေပဲ ရှင်သန်ဖို့လုပ်နေတဲ့ ဆိုင်နိုဆက်ဖလိုင်တွေရဲ့ စစ်တပ်ကြီးက အသင့်နီးပါး ဖြစ်နေပြီ...

ကိုယ်ချင်းစာတရားကင်းမဲ့..ချစ်ခြင်းမေတ္တာ..သံယောဇဉ်တရားခေါင်းပါးတဲ့ ခွေးတစ်ပိုင်းလူတစ်ပိုင်းတွေပေါ့....သူတို့ကို ရပ်တန့်သွားအောင်လုပ်မယ့် သူရဲကောင်းတွေကို ဆေးခြောက်ဖြစ်ဖြစ် ဝီစကီနဲ့ ဖြစ်ဖြစ် ကြိုဆိုတာ..မှားသွားလို့လား..ငါ့ကောင်ရာ"

"အား..ကျွန်တော် ဘာသူရဲကောင်းမှ မဟုတ်ဘူး...အဓိက

ကျွန်တော့်ခန္ဓာကိုယ်ထဲက ခွေးကို ဖယ်ထုတ်ဖို့ရယ်...ကျွန်တော့်အဖေနဲ့ ကျွန်တော့်ခွေးလေး ကီး ကို ပြန်ရှာတွေ့ဖို့ရယ်ပဲ"

"အေးပေါ့..မင်းရဲ့ ကိုယ်ရေးကိုယ်တာ တွေကပဲ..ငါတို့အားလုံး စောင့်မျှော်နေကြတဲ့ အဆုံးသတ်ဆီကို ခေါ်သွားပေးမှာပါပဲ....ကဲ...ကောင်လေး စစ္စတာဂါဗီလီယာဆီက မင်းဆက်ခံထားတဲ့ ပစ္စည်းတွေ ငါ့ကို အရင်ပြ"

သီလရှင်ကြီး ကျွန်တော့်ကို ပေးခဲ့တဲ့ အနက်ရောင်လက်ဝါးကပ်တိုင်နဲ့ မှန်ဘီလူးနက်ကို သူ့ဆီ ကျွန်တော်ထိုးပေးလိုက်တယ်။

အဘိုးကြီးဟာ လက်ဝါးကပ်တိုင်ကို တယုတယပွတ်သပ်ပြီး နမ်းတယ်။ ပြီးတော့ သူ့နဖူးမှာ ကပ်တယ်။

"အရှင်စိန့်ခရစ္စတိုဖာရဲ့ သန့်ရှင်းသောနာမ်ဝိညာဉ်ကို ငါ မသေခင် မြင်ရပြီပဲ..သခင်...ကျွန်တော်မျိုး နောက်ဆုံးအကြိမ်အထိ တာဝန်ကျေပွန်ပါ့မယ်"

အဘိုးကြီးက စိတ်ကျေနပ်သွားပုံပါပဲ။ ကျွန်တော့်ကို ပစ္စည်းနှစ်ခုလုံး ပြန်ပေးတယ်။

"ဆိုင်နိုဆက်ဖလိုင်တွေ အင်အားကြီးလာပြီး ဒိုင်မေးရှင်းအားလုံးကို ဖျက်စီးကြီးစိုးချင်တဲ့ အစ ဇာတ်လမ်းကို မင်း မြင်ခဲ့ပြီးသားပဲ..မဟုတ်လား"

"ဘယ်လို...ကျွန်တော် ဘာမြင်ခဲ့လို့လဲ"

"ဘန်တဝမ် ရွာလမ်း မှာ လွန်ခဲ့တဲ့ နှစ် ခုနှစ်ဆယ်က ဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေ"

"ထိုဆမ် တို့ ကိစ္စလား"

"ဟုတ်တယ်....ဒီကိစ္စကို ဒီကမ္ဘာမှာ သိတာ ငါတစ်ယောက်တည်းပဲရှိတယ်...စစ္စတာဂါလီဗီယာရော၊ မင်းအဖေရဲ့ မိတ်ဆွေ အန်ကယ်ဝုဖ်ဂိုင်းရော၊ ဒေါက်တာဆမ်အော်တီဝဲလ် ရော ဘယ်သူမှ မသိခဲ့ကြဘူး...အခု ငါပြီးရင် ပထမဆုံးသိရမှာက မင်းပဲ...ဟိုဟာမလေးကတော့ လူမဟုတ်လို့ ထားပါတော့"

"အဲ့ဒီနေ့က ဘာတွေဖြစ်ခဲ့တာလဲဗျ"

"တကယ်တော့ အဘိုးကြီးထိုဆမ် မွေးထားခဲ့တဲ့ ခွေးလေးဟာ Skin Walker တစ်ကောင်ပဲ"

"Skin Walker ဟုတ်လား"

"မြောက်အမေရိက မှာ Navajo မျိုးနွယ်စုဆိုတာရှိတယ်။ အဲ့ဒီမျိုးနွယ်စုထဲက စုန်းအတတ် တတ်မြောက်သူတွေဟာ သူတို့ရဲ့ သက်တမ်းကို နှစ်ရာထောင်ချီနေနိုင်ဖို့အတွက် Skin Walker အဖြစ်အသွင်ပြောင်းနေထိုင်တဲ့ မှော်အတတ်ကို တီထွင်နိုင်ခဲ့ကြတယ်…အဲ့ဒီမှော်အတတ်ဟာ အင်မတန်ကြောက်စရာကောင်းတယ်..ကိုယ်အသက်ဆက်ဖို့အတွက် သက်ရှိသတ္တဝါတစ်ကောင်ရဲ့ ခြေလက်ဦးခေါင်း အင်္ဂါတွေကို တစစီ ဖြတ်တောက်ပြီးမှ ကိုယ့်ခန္ဓာကိုယ်နဲ့ ပြန်ဆက်…နောက်ခန္ဓာအသစ်တစ်ခုရအောင်လုပ်တာ…သူတို့အစွမ်းက ခွေးတစ်ကောင်နဲ့ ပေါင်းစပ်ထားရင် သာမန်အချိန် ခွေးလိုရော၊ လူလိုပါ ဟန်ဆောင်နေထိုင်နိုင်ကြတယ်..လူတွေကို တိုက်ခိုက်ချင်ရင် အဲ့ဒီ ပုံမှန်မဟုတ်ဘဲ တပ်ဆင်ထားတဲ့ အစိတ်အပိုင်းတွေနဲ့ Skin Walker သတ္တဝါပုံအမှန်ပေါ်လာပြီး တိုက်ခိုက်တတ်ကြတာပဲ…သက်တမ်းကြာလာလေ..ပေါင်းစပ်တဲ့ သတ္တဝါခန္ဓာများလာလေ စက်ဆုပ်ဖို့ ကောင်းလာလေပဲ…Skin Walker တွေဟာ သမင်၊ နွား၊ ဝံပုလွေ၊ ကြောင်၊ ဝက်၊ ခွေး ပုံသဏ္ဌာန်မျိုးစုံနဲ့ ရှိနေတာကွာ"

"အား…ကျွန်တော် တက္ကသိုလ်ဘွဲ့ရလာတာ ဒီလောက်တစ်ခါမှ ခေါင်းမရှုပ်ဖူးဘူး…ခုကာလလေးမှာမှ မှတ်လိုက်တဲ့နာမည်အသစ်တွေ၊ တစ်ခါမှ မကြားဖူးတဲ့ဟာတွေ…အား..ဖြည်းဖြည်း ပြောပြပါဗျာ"

"အေးပါ..ငါ့ကောင်ရ…ခပ်တိုတိုပြောရရင်…အဘိုးကြီးထိုဆမ် က ဒုတိယကမ္ဘာစစ်ကာလတုန်းက ဂျပန်စစ်တပ်နဲ့အတူ ထိုင်း-မြန်မာနယ်စပ်ကို အထမ်းသမားအဖြစ်လိုက်သွားတယ်…လမ်းမှာ လေယာဉ်အပျက်တစ်စီးနဲ့ လူသေကောင်တွေကြား အဲ့ဒီခွေးလေးကိုတွေ့လို့ မွေးစားဖို့ခေါ်လာခဲ့တာပဲ…တကယ်တော့ အဲ့ဒီခွေးဟာ မြန်မာ- အိန္ဒိယနယ်စပ်၊ ပြန်လမ်းမဲ့ရေအိုင်လို့ခေါ်တဲ့ ကန်ကြီးနားမှာ ဂျပန်စစ်တပ်က ဖမ်းဆီးမိထားတဲ့ Skin Walker တစ်ကောင်ပဲ။ တိုကျိုကို စမ်းသပ်ဖို့ ပြန်အပို့မှာ လေယာဉ်ပျက်ကျပြီး သူတစ်ကောင်တည်း အသက်ရှင်နေတာ"

ဘိုးတော်က ဖင်ကပ်ကျန်တဲ့ ဝိ ကို ခပ်ပြင်းပြင်းဖွာလိုက်ပါတယ်။

"Skin Walker ဟာ အဘိုးကြီးဘေးမှာ ခွေးလေးတစ်ကောင်အဖြစ် အယောင်ဆောင်နေရင်း သူသက်တမ်းထပ်ဆက်နိုင်မယ့် အခွင့်အရေးကို စောင့်နေခဲ့ပုံပဲ…တိုက်တိုက်ဆိုင်ဆိုင် တခြားဒိုင်မေးရှင်းက ဆိုင်နိုဆက်ဖလိုင်တွေကလည်း အဘိုးကြီးနဲ့ ဒီခွေးလေးကို ပေါင်းစပ်ပြီး အသွင်ပြောင်းမှုတစ်ခု ဖြစ်ဖို့ တံတားကနေတဆင့် ကြိုးပမ်းခဲ့ကြတယ်…အဲ့ဒီနေ့မှာပဲ…Skin Walker ဟာ အဘိုးကြီးအစား…ငါးဖမ်းသမားသုံးယောက်လုံးကို တိုက်ခိုက်ပြီး ပေါင်းစပ်ဖို့

လုပ်နေချိန်နဲ့ သွားတိုက်ဆိုင်တယ်"

"အဘိုးကြီးကိုကျ သူက ဘာလို့မလုပ်တာလဲ"

"အသက်ကြီးပြီလေ..အဘိုးကြီးဆီက သူရနိုင်တဲ့ ရှင်သန်မှုသက်တမ်းက နည်းနည်းပဲရှိတာ...အဲ့ဒီတော့ နုပျိုတဲ့ ငါးဖမ်းသမားသုံးယောက်ကို ပစ်မှတ်ထားတာပေါ့"

"အဘိုးကြီးက ဘာမှမလုပ်ဖူးလား"

"အဲ့ဒီတစ်ချိန်တည်းမှာပဲ ဆိုင်နိုဆက်ဖလိုင်တွေကလည်း ရောက်လာပြီး အဘိုးကြီးနဲ့ ခွေးလေးကို ပေါင်းစပ်ခြင်းလုပ်ဖို့ တံတားဆီခေါ်ဖို့ရောက်လာရင်း တိုက်ခိုက်မှုတွေဖြစ်ကြတယ်"

"တရုတ်သိုင်းကားကျလို့ ရှုပ်နေတာပဲ"

"ထပ်ရှုပ်ဦးမှာဟ....အဲဒီပွဲမှာ ဆိုင်နိုတွေက အင်အားကောင်းတော့..Skin Walker ရဲ့ အသွင်ပြောင်းမှု အပြီးမသတ်ခင်မှာပဲ..အဘိုးကြီးရော...ခွေးယောင်ဆောင်ထားတဲ့ Skin Walker ကိုပါ ပေါင်းစပ်ပေးလိုက်ပြီး ဆိုင်နိုဆက်ဖလိုင်အသစ်တကောင် လုပ်ပေးနိုင်လိုက်ကြတယ်..ဒါကြောင့် အသတ်ခံရတဲ့ လူတွေဟာ ခွေးနားရွက်တွေ ခွေးနှာခေါင်းတွေနဲ့ ကျန်ခဲ့ကြတာပေါ့....အဲ့ဒီမှာပဲ...စုန်းအတတ်ပညာတတ်တဲ့ Skin Walker ဗီဇ နဲ့ ဆိုင်နိုဆက်ဖလိုင်တစ်ကောင်ပေါ်လာတယ်...နှစ်ခုနှစ်ဆယ်ကြာတဲ့အခါ အဲ့ဒီကောင်ဟာ....ကမ္ဘာကြီးရဲ့ ဒိုင်မေးရှင်းအားလုံးက သက်ရှိတွေကို ဖျက်စီးပေါင်းစပ်ပြီး ဆိုင်နိုဆက်ဖလိုင်ကမ္ဘာကြီးအဖြစ် အသွင်ပြောင်းမယ်ဆိုတဲ့ အယူဝါဒ နဲ့ ဆိုင်နို တွေကို စည်းရုံးတယ်..ပြီးရင် အလက်ဇန္ဒားသည်ဂရိတ်ကို ရှုံးနိမ့်ပြီး တခြားဒိုင်မေးရှင်းဆီ ကွယ်ပျောက်နေခဲ့ရတဲ့ ဆိုင်နိုင်စစ်တပ်ကြီးကို ပြန်တည်ဆောက်လာတာပဲ...မင်းတားဆီးရမှာက...အဲ့ဒီ မျိုးမစစ်သတ္တဝါ ပေါ်လာတဲ့ ကိစ္စကို မဖြစ်လာအောင် တားရမယ်..."

"ဟာ..ဘာကြီးတွေလဲဗျာ..ကန်ဒီ..လုပ်ဦးဟ..ရှုပ်ကုန်ပြီ"

ကန်ဒီကလည်း စိတ်ပျက်လက်ပျက်နဲ့ ရယ်တယ်။

"ဒီမှာဗျာ...ကျွန်တော့်ကိုယ်ထဲလည်း ခွေးဆိုးတစ်ကောင်က ရှိသေးတယ်...ကျွန်တော် ဘာဆက်လုပ်ရမလဲသာပြော"

"မင်းအခု..ငါနဲ့ မျှော်စင်ပေါ်လိုက်ခဲ့"

ဘိုးတော်က ဖြတ်ခနဲ ထလိုက်တယ်။ ပြီးတော့ လှေကားကနေဆင်းပြီး ကတ္တရာလမ်းဒီဘက်ခြမ်းက မျှော်စင် ဆီကို ကူးလာတယ်။

"ကျွန်မ နေခဲ့မယ်"

မျှော်စင်ထဲ ဝင်ခါနီး ကန်ဒီက ရပ်နေခဲ့ပါတယ်။

"ဘာလို့လဲ..ကန်ဒီ"

"ဟိုမှာလေ"

သူ မေးငေါ့ပြတဲ့နေရာကို ကြည့်တော့ မျှော်စင်ရဲ့ အနောက်ဘက်မှာ မြင်ရတဲ့ နတ်နန်းအကြီးကြီးတစ်ခု။

"အဲ့ဒါ ဘာလဲ"

"Pho Mok Mg Mg နတ်နန်းလေ...သူက ဒီနယ်က လမိုင်းသခင်ပဲ..သူခွင့်မပေးပဲ ကျွန်မတို့ သူ့နန်းမြေကို နင်းခွင့်မရှိဘူး..၁၈၈၈တုန်းက ဗမာတွေ လန်ပန်းကို လာတိုက်တော့ သူက ဒီမျှော်စင်ပေါ်ကနေ အမြှောက်တပ်ကို ကွပ်ကဲပြီး ပြန်တိုက်ခဲ့တာ..စစ်ပွဲနိုင်ပေမယ့် သူကတော့ ကျဆုံးခဲ့တယ်..ဒါကြောင့် အဘိုးအမြှောက်မောင်မောင် ဆိုပြီး မြို့စောင့်နတ်ရာထူးရခဲ့တာ.."

"မောင်မောင် ဆိုတာ ဗမာနာမည်ပဲ...ဗမာဆိုရင်တော့ ငါလည်း ဗမာသွေးတစ်ဝက်ပါတယ်..မင်းဝင်လို့ရအောင် ပြောပေးမယ်လေ"

ဘိုးတော်က ကျွန်တော့်ပခုံးကို ဖက်လိုက်ပါတယ်။

"ကောင်လေး...တချို့အရာတွေကို သူ့စည်းမျဉ်းအတိုင်းထားလိုက်စမ်းပါ...လာ..အထဲ ဝင်ကြစို့..အထဲမှာ မင်းအတွက် ဒီထက် ခေါင်းမူးစရာတွေ ကျန်သေးတယ်"

အပိုင်း(၁၆)

နီဆွေးဆွေးရှေးအုတ်တွေနဲ့ စနစ်တကျတည်ဆောက်ထားတဲ့ အမြောက်မျှော်စင်အဟောင်းကြီးဟာ နှစ်လိုဖွယ်တော့ သိပ်ကောင်းမနေပါဘူး။

အတွင်းဘက်မှာလည်း ဘယ်သူတွေလာထားမှန်းမသိတဲ့ ပစ္စည်းအဟောင်းအစုတ်တချို့နဲ့ သံချေးတက်နေတဲ့လှေကားတစ်စင်းကို မြင်နေရတယ်။

မျှော်စင်အဝင်အဝ ဘေးနှစ်ဖက်မှာ ချထားတဲ့ သံချေးတက်နေတဲ့ အမြောက်နှစ်လက်ကို ကြည့်ရတာလည်း ပရိုးမီးယားလိဂ်ဘောလုံးအသင်းတစ်သင်းကိုတောင် ကြေကွဲဖွယ်သွားသတိရစေတယ်။

သူတို့ခမျာ သံပေါလို့သာ အမြောက်နာမည်ခံထားရတာ စင်ပေါ်ကနေ တက်မပစ်ရတာလည်းကြာပြီကိုး။

"ကောင်လေး..လာ..လာ"

အထဲကို ရောက်နှင့်နေပြီဖြစ်တဲ့ ရှေးဖရက်က ကျွန်တော့်ကို ခပ်အုပ်အုပ်လှမ်းခေါ်လိုက်တယ်။

အထဲကိုရောက်တော့ ထင်တဲ့အတိုင်း လင်းနို့ချေးနံ့တွေရော၊ အောက်သိုးသိုးအနံ့တွေပါ ရနေတယ်။

မျှော်စင်အပေါ်ကို မော့ကြည့်လိုက်တော့ အမြောက်တင်ပစ်ရတဲ့ ပတ်ပတ်လည် အပေါက်ငယ်တွေကလွဲလို့ မှောင်မည်းလို့။

"ငါတို့..အပေါ်တက်ရမယ်...သတိတော့ထားကွာ...လှေကားက အတော်ကြာနေပြီဆိုတော့ သံချေးတွေချည်းပဲ"

ရှေးဖရက်က ဘော့မာ့လေရဲ့ Buffalo Soldier သီချင်းအလိုက်ကို လေချွန်ပြီး လှေကားအတိုင်းတွယ်တက်သွားတယ်။

ကျွန်တော်လည်း နောက်ကနေ တွယ်တက်လိုက်တယ်။

မျှော်စင်ပေါ်တက်ရတာက ရည်းစားဦးနဲ့ ပထမဆုံး အတူတူ အိပ်သလိုပဲ။

ဒါများ အလွယ်လေးကွာ လို့ အစောပိုင်းက ထင်ရပေမယ့် တကယ်တက်ကြည့်တဲ့အခါ တော်တော်လေး အပေါက်အလမ်းမတည့်ဘဲ ရင်တုန်စရာကောင်းပါတယ်။

မျှော်စင်အပေါ်မှာတော့ အမြောက်တွေ တင်ပစ်ရတဲ့ ပတ်ချာလည်အပေါက်တွေက ဝင်လာတဲ့ နေခြည်ဖျော့ဖျော့ကလွဲလို့ မှောင်နေတယ်။

"ဟိုးတုန်းက အရှေ့တောင်အာရှနိုင်ငံတွေမှာ စစ်ပွဲတွေဖြစ်ရင် လူတွေတင်မကဘဲ နှစ်ပြည်ထောင်က သက်ဆိုင်ရာနတ်တွေပါ စစ်တိုက်ကြသတဲ့.."

အဘိုးကြီးရှေးဖရက်ရဲ့ အသံ က လှိုဏ်ခေါင်းထဲမှာလို ပဲ့တင်ထပ်နေတယ်။

"ဒီခံတပ်မျှော်စင် ကလည်း စစ်ထိုးလာတဲ့ ဗမာနတ်တွေကို တိုက်ခိုက်နိုင်ဖို့ အစီအရင်တွေ အများကြီး လုပ်ထားခဲ့တာ...ဒီဘက်ကိုလာခဲ့ ကောင်လေး"

ကျွန်တော် ရှေးဖရက်ရှိရာကို ဖြည်းဖြည်းချင်း လျှောက်သွားလိုက်တယ်။

ရှေးဖရက်ဟာ ကျွန်တော်နားမလည်တဲ့ ဘာသာစကားတစ်ခုနဲ့ မန္တာန်တစ်ခုကို မန်းမှုတ်နေတယ်။

ရုတ်တရုတ် အလင်းရောင်ဖျဖျဝင်နေတဲ့ အမြောက်တင်တဲ့ အပေါက်တွေဟာ ဖျော့တော့တော့အမှောင် ဖြစ်သွားတယ်။ မျှော်စင်ကြီးအတွင်းဘက်ဟာ ပိုအေးစက်လာသလိုပဲ။

"ဒီအပေါက်ကနေ အပြင်ကို တစ်ချက် ငုံ့ကြည့်လိုက်စမ်းပါ"

အပေါက်ဝမှာ ရပ်ပြီး အောက်ကို ကျွန်တော်ကြည့်လိုက်တယ်။

အောက်မှာ ရေညှိတက်နေတဲ့ ကန်တစ်ခုရဲ့ မျက်နှာပြင်လိုမျိုး စိမ်းပုပ်ပုပ်အရောင်ဖြစ်နေတဲ့ မြေပြင်။

"ဂါး...ဂရဲ...အာဝုးးး"

အသံပေါင်းစုံလာရာဘက်ဆီ ကြည့်လိုက်တော့ ရာနဲ့ထောင်နဲ့ ချီနိုင်မယ့် ဆိုင်နိုဆက်ဖလိုင်တွေ။

ခွေးအမျိုးအစားအစုံရဲ့ ခေါင်းတွေနဲ့ လူ့ခန္ဓာကိုယ်အမျိုးမျိုး။ သူတို့ဟာ စစ်တပ်တစ်ခုလိုမျိုး တပ်စုလိုက် စနစ်တကျ တန်းစီနေကြတယ်။

အခြားတစ်ဖက်မှာလည်း ဆိုင်နိုဆက်ဖလိုင်အထီးတွေ၊ အမတွေဟာ လူသေကောင်တွေနဲ့ ခွေးေသကောင်တွေကို သယ်ပြီးလျှောက်သွားနေကြတယ်။

ဈေးတန်းလို နေရာမျိုးမှာ လူနဲ့ခွေးတွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ၊ တခြားတိရိစ္ဆာန်အစိတ်အပိုင်းတွေကို ရောင်းဝယ်နေကြသလို စည်ကားလို့။

ထူးထူးခြားခြား တစ်နေရာမှာတော့ သံလှောင်အိမ်အကြီးကြီးထဲ လည်ပင်းကို သံကြိုးခတ်ခံထားရတဲ့လူတွေ။

ကျွန်တော်တို့ဆီမှာ အိမ်မွေးတိရိစ္ဆာန်ရောင်းသလို လူတွေကို ရောင်းနေကြတာပဲ။

"မင်း..မြင်နေရတာ..ငါတို့နဲ့အတူတကွရှိနေပေမယ့် ငါတို့ မမြင်နိုင်တဲ့ ဒိုင်မေးရှင်းက ဆိုင်နိုတွေရဲ့ ကမ္ဘာပဲ...ဒီမျှော်စင်ပေါ်က တစ်ပေါက်စီတိုင်းဟာ ရှေးအစီအရင်တွေကြောင့် ဒိုင်မေးရှင်းတစ်ခုစီကို မြင်ရတယ်...စုစုပေါင်း အပေါက် ၈ ပေါက်မှာ ငါတို့မမြင်နိုင်တဲ့ ဒိုင်မေးရှင်းတွေကို မန္တာန်တစ်ခုရွတ်ရုံနဲ့ မြင်ရနိုင်တယ်.....ကောင်လေး"

"ဟာ...ဟိုဟာ..ဟိုမှာ"

ရှေးဖရက်စကားမဆုံးခင် မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် ကျွန်တော် စိတ်တွေ ဝုန်းခနဲ လှုပ်ရှားသွားတယ်။

"ဒယ်ဒီ...ကျွန်တော့်...အဖေ...ပဲ"

အဖေဟာ လည်ပင်းမှာ ကြိုးတန်းလန်းနဲ့ ဆိုင်နိုဆက်ဖလိုင်တစ်ကောင်ရဲ့ ဆွဲခေါ်ရာကို လိုက်ပါနေတာ တွေ့လိုက်ရပါတယ်။

အဲ့ဒီဆိုင်နိုဆက်ဖလိုင်က အဖေ့ကို ပေါင်မုန့်တစ်လုံး ပစ်ကျွေးသေးရဲ့။ အဖေက ပေါင်မုန့်ကို အငမ်းမရစားနေသေးတာ။

ရုတ်တရက် ကျွန်တော့် ခန္ဓာကိုယ်ဟာ လေးလေးလံလံကြီး ခံစားလာရတယ်။ ကျွန်တော့်ကိုယ်ထဲက အမွှေးရှည်ရှည်၊ လက်သည်းချွန်ချွန်နဲ့ လက်တစ်ဖက်ထွက်လာပြီး အောက်ကို ခုံဆင်းဖို့လုပ်နေတယ်။

ကျွန်တော့်လျှာမဟုတ်တဲ့ လျှာကြီးတစ်ချောင်းနဲ့ ကျွန်တော့်ပါးစပ်ထဲက အစွယ်ရှည်ကြီးတွေဟာ တအိအိအသံထွက်လာနေတယ်။

ကျွန်တော့် အသိစိတ်တွေကို ထိန်းမရတော့ဘူး။ မျှော်စင်ပေါ်ကနေ ဆိုင်နိုအုပ်ကြီးဆီ ခုန်ချသွားချင်နေပြီ။

ရှေးဖရက်ရဲ့ မန္တာန်ရွတ်သံ သဲ့သဲ့ကြားတယ်။ ကျွန်တော့်ရှေ့က မြင်ကွင်းဟာ ပျောက်ကွယ်သွားပြီး မျှော်စင်အောက်မှာ လူနဲ့ကားတွေ သွားနေတဲ့

မြင်ကွင်းပဲ ပြန်ပေါ်လာတယ်။

ကျွန်တော့်ခန္ဓာထဲက တိုးထွက်ဖို့လုပ်နေတဲ့ သတ္တဝါလည်း ပြန်ပျောက်သွားလေရဲ့။

ကျွန်တော်လည်း အိတ်ထဲက မှန်ဘီလူးနက်ကို ထုတ်ပြီး ကြည့်ဖို့လုပ်လိုက်တယ်။

"မရဘူး..ကောင်လေး... မှန်ဘီလူးနက်က လူ့ခန္ဓာကိုယ်နဲ့ ဆက်နွယ်နေတဲ့ ဝိညာဉ်တွေ၊ မိစ္ဆာတွေကိုပဲ ကြည့်လို့ရတာ၊ ကွယ်နေတဲ့ ဒိုင်မေးရှင်းကြီးတစ်ခုလုံးကို ကြည့်ဖို့လောက်ထိ မစွမ်းဘူး"

"ကျွန်တော့်အဖေကို တွေ့လိုက်တယ်"

"ဟုတ်တယ်...မင်းအဖေ ဖရက်ဒရစ်ဟာ မင်းရဲ့ ကျိန်စာအတွက် ဆိုင်နိုဆက်ဖလိုင်တွေနောက်ကိုလိုက်ပြီး အဖြေရှာနေခဲ့တာ..အန်ကယ်ဝုဖ်ဂိုင်း သေပြီးတဲ့နောက် ဟန်ဂေရီ ရဲ့ တောနက်တစ်နေရာမှာ မင်းအဖေ ပျောက်သွားခဲ့တာပဲ....တကယ်တော့ ဆိုင်နိုတွေရဲ့ အိမ်မွေးကျွန်အဖြစ် သူ ခေါ်ခံလိုက်ရတာ"

"ကျွန်"

"ဟုတ်တယ်....ဆိုင်နိုတွေလောကမှာ အသွင်ပြောင်းပေါင်းစည်းလို့မရတဲ့ လူတွေနဲ့ ခွေးတွေကိုကျ သတ်ဖြတ်ပြီး အသားကို အဓိက စားကြသလိုမျိုး... အိမ်မွေးတိရိစ္ဆာန်အဖြစ်၊ ကျွန်အဖြစ်လည်း မွေးတတ်ကြသေးတယ်"

"ဒါဆို...ကျွန်တော့်..အဖေက.."

"ဟုတ်တယ်..ခုနကတောင် မင်းခန္ဓာကိုယ်ထဲက ဆိုင်နိုကောင်က မင်းကိုပါ အဲ့ဒီ ဒိုင်မေးရှင်းထဲထိ ဆွဲခေါ်ဆင်းသွားတော့မလို့လုပ်နေတာ...ငါ မန္တာန်ရွတ်လိုက်လို့ပေါ့"

"ကျွန်တော့် အဖေကို ကျွန်တော် ရအောင် ပြန်ခေါ်မယ်"

"ဆိုင်နိုဆက်ဖလိုင်တံတားကို ချိုးပြီး Skin Walker နဲ့ ဆိုင်နိုဗီဇ ပေါင်းစပ်မှုကို ပြန်သွားပြီး တားဆီးနိုင်ရင် ကျိန်စာတွေအားလုံး ပျက်ပြီပဲ...ဒီတာဝန်ကို မင်းပဲ ယူရမှာ ..မပူနဲ့...ကဲ...မင်းအတွက် တစ်ခုတည်းကျန်တော့တဲ့ လိုအပ်တာကို ငါမင်းကိုပေးမယ်"

အဘိုးကြီးရေးဖရက်က လေတစ်ချက်ချွန်လိုက်ပြီး မှော်စင်ခေါင်မိုးရှိရာကို

ယက်မတွေကနေ တစ်ဆင့် တက်သွားတယ်။

ပြီးတော့ အုတ်ချပ်တစ်ချပ်ကို လက်နဲ့ အသာလေး လှပ်ပြီး ယူလိုက်တယ်။

အဘိုးကြီး ပြန်ဆင်းလာတော့ လက်ထဲမှာ အနက်ရောင်သေတ္တာလေးတစ်လုံး။

သေတ္တာကို ဖွင့်လိုက်ပြီး ကျွန်တော့်ဆီ ထိုးပေးလိုက်တယ်။ သေတ္တာထဲမှာ ရှေးခေတ် ဖန်နဲ့လုပ်ထားတဲ့ သဲနာရီလေးတစ်ခု။

သဲနာရီရဲ့ အနားကွပ်တွေကတော့ အနက်ရောင်သတ္တုတစ်မျိုးနဲ့လုပ်ထားတယ်။

"ဒါကြီးက ဘာလုပ်ရမှာတုန်း"

"ငါမှာတာတွေကို သေချာနားထောင်ပါ…ကောင်လေး…မင်းလုပ်ရမယ့် အလုပ်တွေက အရေးကြီးတယ်…အဆင့်လိုက်လွဲချော်လို့မရဘူး..လွဲချော်တာနဲ့ ဒိုင်မေးရှင်းအလွှာတွေ မကြာခင် ကျိုးပေါက်ပြီး ဆိုင်နိုဆက်ဖလိုင်စစ်တပ်ကြီးဟာ လူသားကမ္ဘာထဲ ဝင်ရောက်လာမယ်… Skin Walker တွေနဲ့ ပေါင်းစည်းကြမယ်…ပြီးရင် တစ်ချိန်တုန်းက လူသားဒိုင်မေးရှင်းထဲကနေ နှင်ထုတ်ခံထားရတဲ့ သူတို့ရဲ့ နာကျင်မှုအတွက် လက်စားချေမှုကို ပြန်ယူကြမယ်…"

"ကျွန်တော် ဘာလုပ်ရမလဲသာပြောပါ"

"ဒီသဲနာရီဟာ ဆိုင်နိုဆက်ဖလိုင်တံတားနောက်ဆုံးပွင့်ခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ခုနှစ်ဆယ်ဆီကို မင်းကို ပြန်ခေါ်သွားပေးလိမ့်မယ်…. ဒီကနေပြန်ရင် နေ့ရဲ့ နောက်ဆုံးအချိန် ညရဲ့ အစောဆုံးအချိန်မှာ တံတားပွင့်လာဖူးတဲ့နေရာကို သွားပါ.. အဲ့ဒီရောက်ရင် ဒီသဲနာရီကို မင်းရဲ့ လက်နဲ့ကိုင်ပြီး ထောင်ထားလိုက်… သဲတွေကျလာတာနဲ့အမျှ အချိန်တွေက နောက်ပြန်သွားလိမ့်မယ်…နောက်ဆုံးသဲတွေကုန်သွားတာနဲ့..မင်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနှစ်ဆယ်က အဲ့ဒီအဖြစ်အပျက်ဖြစ်ခဲ့တဲ့ နေရာကို ပြန်ရောက်သွားလိမ့်မယ်"

"သဲနာရီ အလုပ်လုပ်နေချိန်မှာ ဆိုင်နိုတွေဟာ မင်းကို ဝိုင်းနှောင့်ယှက်လိမ့်မယ်..ဒါပေမယ့် ဘာပဲ ဖြစ်ဖြစ် သဲနာရီထဲ သဲအကုန်မကျမချင်း လက်ကို မလွှတ်လိုက်နဲ့…ပြီးတော့..မင်းကို သူတို့ အသက်သေအောင်တော့ မလုပ်ကြဘူး..ဘာကြောင့်လဲဆိုတော့..ဆိုင်နိုတွေ လူသားဒိုင်မေးရှင်းဆီ ဝင်ရောက်ကြဖို့ရာ..မင်းခန္ဓာကိုယ်ထဲရှိနေတဲ့ အာလီကပ်ဆိုင်နိုဆက်ဖလိုင်ရဲ့ စွမ်းအင်ကို လိုကြတယ်"

"အဘိုးကြီးထိုဆမ် နဲ့ Skin Walker သူ့ခွေး တို့ကြား အဖြစ်အပျက် မင်းရှေ့မှာ မြင်ရတဲ့အခါ Skin Walker ရော..ဆိုင်နိုတွေကိုရောပါ.... ဖျက်စီးဖို့နည်းကတစ်ခုပဲရှိတယ်...သူတို့နဲ့ ရင်ဆိုင်တွေ့တဲ့အခါ လက်ဝါးကပ်တိုင်အနက်ကို သေချာကိုင်ထားပါ..မင်းဆီမှာရှိတဲ့ လူ့စွမ်းအင်၊ အာလီကပ်ဆိုင်နိုဆက်ဖလိုင် ရဲ့စွမ်းအင် ရယ်၊ လက်ဝါးကပ်တိုင်နက်ရဲ့ အစီအရင်တွေပေါင်းစီးပြီးရင် ရောင်စဉ် စက်ကြိုးတွေ ထွက်လာလိမ့်မယ်... အဲ့ဒီရောင်စဉ်စက်ကြိုးတွေရှေ့မှာ မှန်ဘီလူးခံပေးပြီး အလင်းစုစည်းမှုဖြစ်အောင်လုပ်၊ သူတို့ခန္ဓာပေါ် ကျပေးလိုက်တာနဲ့...သူတို့.အငွေ့ဖြစ်ကုန်လိမ့်မယ်"

"တံတားကိုရော..တံတားကို"

"တံတားဟာ အဲ့ဒီနေ့ အဲဒီနေရာမှာ ပေါ်နေမှာပဲ...တံတားအလယ်ကို သွားပြီး စကြာဝဠာထဲရှိတဲ့ ကြယ်တွေဆီက အစွမ်းကို မှန်ဘီလူးနဲ့စုစည်းပြီး တံတားတည့်တည့် ကျအောင်လုပ်ပါ.... ဆိုင်နိုဆက်ဖလိုင်တွေအားလုံးကို အဆုံးမဲ့ ပျက်စီးခြင်းဖြစ်တဲ့ အာကာသတွင်းနက်ကြီးတွေထဲ ဆွဲခေါ်သွားပါလိမ့်မယ်"

"ဟုတ်ပြီ....ကျွန်တော်..ဘယ်တော့လုပ်ရမလဲ''

"ဒီညနေပဲ...တစ်ခုတော့ရှိတယ်..သဲနာရီကိုတော့ မပျောက်ပျက်ပါစေနဲ့.. ကိစ္စပြီးရင် အဲ့ဒီသဲနာရီကို ပြန်ထောင်ပြီး သဲအပြည့်ပြန်ကျမှ ပစ္စုပ္ပန်ကို မင်းပြန်ရောက်မယ်..မဟုတ်ရင်..အတိတ်မှာ မင်းပိတ်မိနေလိမ့်မယ်"

အပြန်ခရီးမှာတော့ ကန်ဒီဟာ အသွားတုန်းကလို မအိပ်တော့ဘူး။

သတိကြီးကြီးထားနေတဲ့ ပုံစံနဲ့ လမ်းဘေးဝဲယာကို ကြည့်ရင်း လိုက်လာပါတယ်။

"ကန်ဒီ...မင်းဘာတွေ စိုးရိမ်နေတာလဲ"

"ရှင့်လက်ထဲမှာ ဆိုင်နိုကောင်တွေကို ဖျက်စီးပစ်နိုင်တဲ့ လက်နက်ကိရိယာက စုံနေပြီ... ဒါကို သူတို့လည်း သိမှာပဲ...ရှင့်ကို သူတို့ မရရအောင် တိုက်ခိုက်ကြလိမ့်မယ်"

"မင်းရှိနေတာပဲ...ကန်ဒီရယ်..ဘာကို ကြောက်ရမှာလဲ"

"အံမယ်လေး..မလုပ်နဲ့..ဒီလန်ပန်းနယ်မြေထဲမှာ ကျွန်မ မိတ်ဆွေတွေမရှိဘူး...လမိုင်းသခင်လည်း မတူတဲ့အတွက် ကျွန်မမှာလည်း ဘာတန်ခိုးမှ သုံးခွင့်မရှိဘူး"

လှေခွင်းရွာဈေးကို ကျော်ပြီး ခွန်တန်တောင်ကို စဖြတ်ပါပြီ။

လမ်းတွေက ကောင်းပေမယ့်လည်း အတက်အဆင်း၊ကွေ့တွေက များပြီး လမ်းဘေးမှာလည်း ကျောက်နံရံတွေချည်းမို့ ကားကို စတင် သတိထားမောင်းရပါတယ်။

ဒီနေ့မှ ဒီလမ်းဟာ ဖြတ်သွားဖြတ်လာနည်းနေသလိုပါပဲ။

ရုတ်တရက်မိုးက အုံ့လာတယ်။ ပတ်ဝန်းကျင်က မှောင်လာသလိုပဲ။

"သတိထားဦး..ဒေးဗစ်....ဒါ ပုံမှန်အခြေအနေမဟုတ်ဘူး..ထင်တယ်"

"ဝုန်း"

ဟော့..ကျွန်တော့်ကားခေါင်မိုးပေါ် တစ်ခုခု ခုန်ချလိုက်တဲ့အသံ။

"ဝေါ"

မိုးက အချိန်မဟုတ်၊ အခါမဟုတ် သဲသဲမဲမဲ ရွာချလိုက်တယ်။ သဲသဲမဲမဲဆိုတာမှ ရှေ့ ကားမှန်မှာ ဝိုက်ဘာနဲ့ ရှင်းမရအောင်ကို ရွာတာ။

ကျွန်တော်ကားကို အရှိန်ရှော့လိုက်တယ်။

"ဟင်"

ကျွန်တော့် ခြေထောက်တွေဟာ လီဗာနင်းထားရာက ရွေ့မရဘူး။ တစ်စုံတစ်ယောက်က လီဗာဝင်နင်းနေသလိုပဲ။

ကားက အရှိန်မြင့်ပြီးရင်း မြင့်နေတာ။ မိုးကလည်း သဲသည်ထက်သဲမဲ။ ရှေ့ကိုလည်း ဘာမှ မမြင်ရတော့ဘူး။

"ဘတ်" ကျွန်တော့်ဘေးက ကားမှန်ပြတင်းပေါ် လျှာအရှည်ကြီး တစ်ခု ကျလာတယ်။

"ဒေးဗစ်...သူတို့ ရောက်လာကြပြီ..အရှိန်ကိုရှော့"

"မရတော့ဘူး...ကန်ဒီ...ငါ့ခြေထောက်တွေ လီဗာက ကြွလို့မရတော့ဘူး"

မိုးတင်မက လေကပါ ခပ်ကြမ်းကြမ်းတိုက်လာတယ်။

မိုးရေတွေနဲ့ ဘာမှသိပ်မမြင်ရတဲ့ မှန်ရှေ့မှာ အစွယ်ဖြဲထားတဲ့ ခွေးကြီးတစ်ကောင်ရဲ့ မျက်နှာ ပေါ်လာတယ်။

"ရှင့်..လက်ဝါးကပ်တိုင်ကို..ထုတ်လိုက်...ကျွန်မ စီယာတိုင်ကို ကိုင်ပေးထားမယ်..ဒေးဗစ်"

ကျွန်တော်အိတ်ထဲက လက်ဝါးကပ်တိုင်ကို ထုတ်လိုက်ပါတယ်။

"ကိန်..ကိန်..ကိန်"

အသံနဲ့အတူ ဆိုင်နိုကောင်ဟာ ကားဘောနပ်ပေါ်ကနေ ကတ္တရာလမ်းပေါ် ပြုတ်ကျသွားတယ်။

ထူးထူးခြားခြား ကားဟာ အရှိန်တင်မောင်းနေပမယ့် သိပ်မရွေ့တော့သလိုပဲ။

"ဒေးဗစ်...အနောက်ကို ကြည့်လိုက်"

ဘတ်ကြည့်မှန်ကနေ ကျွန်တော်ကြည့်လိုက်တယ်။

ဆိုင်နိုဆက်ဖလိုင်လေးငါးကောင်ဟာ ကျွန်တော့်ပစ်ကပ်ကားရဲ့ အနောက်ဘက်မှာ။

"ဝုန်း"

"ခလွမ်း"

ရှေ့မှန်ပြတင်းကို အားနဲ့ ရိုက်လိုက်သံအဆုံးမှာ မှန်ဟာ ကွဲသွားတယ်။ မျက်နှာဆီ ဦးတည်လာတဲ့ မှန်စတွေကို ကျွန်တော်လက်နဲ့ ကာလိုက်ချိန်မှာပဲ။

"ဝုန်း..ဂရုန်း"

အသံကြီးနဲ့အတူ ကားဟာ ချောက်ထဲကို ထိုးဆင်းသွားလေရဲ့။

"ကန်ဒီ..သတိထား"

ကျွန်တော် အားကုန်အော်လိုက်ပေမယ့်..အသံထွက်မလာတော့ဘူး။

ရှေ့မှာက အမှောင်ထုကြီး။

သွားပြီ။

အပိုင်း(၁၇)

"ပလပ်..ပလပ်..ပလပ်"

စိုစိစိုစိ နဲ့။ စေးကပ်ကပ်နဲ့။

မျက်နှာတစ်ဝိုက်က ထူးဆန်းတဲ့ အထိအတွေ့ခံစားမှုကြောင့် ကျွန်တော်မျက်လုံးတွေ ဖွင့်ကြည့်လိုက်တယ်။

"အား..ကျွတ်..ကျွတ်"

ခေါင်းကလည်း ကိုက်လိုက်တာ။

"ပလပ်..ပလပ်..ပလပ်"

"ဟာ..ဘာကြီးလဲ"

ကျွန်တော့်မျက်နှာကို လျှာကြီးနဲ့ လျက်နေတာ။ နှုတ်သီးရှည်ရှည်၊ နားရွက်ထောင်ထောင် ခွေးကြီးတစ်ကောင်။

မဟုတ်ဘူး။ ခွေးခေါင်းနဲ့ လူခန္ဓာကိုယ်ကြီး။ ဆိုင်နိုဆက်ဖလိုင်ကောင်ကြီး။

"သခင်အာလီကပ်...သတိရပြီလား"

ပလုတ်တုတ်...အင်္ဂလိပ်လိုပြောတယ်ဟ။ လူသံမဟုတ်ဘဲ ခွေးဟောင်သံလိုလိုဖြစ်နေလို့ ခွေးဂလိစ် လို့ ပြောရမလား။

ကျွန်တော် ကားမှောက်ပြီး ဒီကောင်တွေ ဖမ်းခေါ်တာခံလိုက်ရပြီလား။ ဒါဆို ကန်ဒီကရော။ သေပြီလား။

"ဝုန်း"

ကျွန်တော် ရုန်းကန်ထကြည့်လိုက်တယ်။ ဆိုင်နိုဆက်ဖလိုင်က ကျွန်တော့်ရင်ဘတ်ကို သူ့လက်နဲ့ အသာဖိထားလိုက်တယ်။

ဘုရားရေ..သူက ဂါဝန်အနီရောင်ဝတ်ထားတယ်။ ဂါဝန်အောက်မှာလည်း ရင်သားထွားထွားတွေနဲ့။

ဒါ ဆိုင်နိုဆက်ဖလိုင် အမ ပဲ။

"သခင်..အရမ်းမထပါနဲ့ဦး...အာဟာရ ဖြစ်အောင် ကျွန်တော်မျိုးမ စားစရာစီစဉ်ခိုင်းထားပါတယ်"

ကျွန်တော်ရောက်နေတဲ့ အခန်းကို အကဲခတ်လိုက်တယ်။ နောက်ချေးနဲ့ဆောက်ထားတဲ့ အိမ်တွေလိုပဲ။ နံရံပေါ်မှာလည်း အနီနဲ့ အပြာရောင်ဆေးတွေသုတ်ထားတယ်။

"ကျွန်မ နာမည် ဒါဝါ ပါ....သခင်ပြန်အလာကို စောင့်ဖို့ တာဝန်ပေးခံရတဲ့ သခင့်ရဲ့ ကိုယ်လုပ်တော်အဖွဲ့ ခေါင်းဆောင်ပါ"

ဟ..ကိုယ်လုပ်တော်အဖွဲ့ဆိုပါလား။ နှိပ်ရချည်သေး။ အမ်း..ဒါပေမယ့်...ဒီခွေးမျက်နှာနဲ့ ဟာကြီးတွေကို ငါက ဘယ့်နှယ့်ခံစားရမတုန်း။ခုန မျက်နှာကို လျှာနဲ့ အလျက်ခံရတာတောင် တော်တော်အော်ဂလီဆန်နေတာ။

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ကုတင်ပေါ် ပြန်လှဲနေလိုက်တယ်။

"အသွင်ပြောင်းအစီအရင်ပွဲပြီးသွားရင်တော့ အရှင် ကျွန်တော်မျိုးမတို့နဲ့ တစ်သားတည်း ဖြစ်သွားမှာပါ..အခုတော့..နည်းနည်း တစ်မျိုးဖြစ်နေလိမ့်မယ်"

"အသွင်ပြောင်းအစီအရင်"

"ဒီလပြည့်ညဆို သခင် ဟာ အာလီကပ်ဆိုင်နိုဆက်ဖလိုင် ဆိုတဲ့ အရင်က ဘဝကို ပြန်ကူးပြောင်းနိုင်ဖို့ ပွဲတော်လုပ်ကြမှာပါ..အဲ့ဒီအခါကျ...သခင့်ရဲ့ ကြင်ယာတော်နေရာမှာ.ရွေးချယ်ဖို့..."

ဒါဝါ ဟာ စကားကို ဆက်မပြောသေးပဲ သူ့မျက်လုံးကြီးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း...ကျွန်တော့်မျက်နှာကို လျှာနဲ့ လာလျက်ပြန်ပါတယ်။ လခွမ်း..ဟော့။

"ကဲ..လာကြ"

အဲ့ဒီအချိန်မှာ အစားအသောက်ဗန်းတွေနဲ့အတူ အဝတ်အစားတွေကို မပေါ့တပေါ်တွေရော၊ တောက်တောက်ပြောင်ပြောင်တွေပါဝတ်ထားတဲ့ ဆိုင်နိုဆက်ဖလိုင်မ တွေ ဝင်လာကြတယ်။

"ဒီနေ့ သခင်သတိရလာရင် စားဖို့..သခင်ကြီး နာဒစ်ရှ် နန်းတော်က အထူးအစားအသောက်တွေပို့ပေးထားပါတယ်"

ကျွန်တော့်ရှေ့မှာ အစားအသောက်ပွဲတွေကို ခင်းကျင်းလိုက်တယ်။

"ဒါ ဥရောပလူဖြူမတွေရဲ့ တင်ပဆုံသားကို ကျပ်တင်လုပ်ပြီး ပြန်ကြော်ထားတာ..ရှားပါးတဲ့တော်ဝင်အစားအသောက်မို့..အားရှိတယ်..စားကြည့်ပါလား.သ

ဒါဝါက ပန်းကန်ထဲက ဝက်ခေါက်ကင်လို ခပ်ရဲရဲ အသားတုံးကြီး တစ်တုံးကို ညွှန်ပြတယ်။

"ဒါက ဒိုဘာမင်ခွေးရဲ့ အသည်းကို အရွက်နဲ့ ကြော်ထားတာ...ဒါက အာဖရိကန်လူသားရဲ့ ဒူးဆစ်ရိုးကို ဟင်းရည်ချက်....."

ချွဲပျစ်ပျစ်အရည်တွေက အငွေ့တထောင်းထောင်း။

ကျွန်တော်မထိန်းနိုင်တော့ဘူး။ လည်ချောင်းထဲ ပျို့တက်လာတယ်။

"တော်ပါတော့...မရှင်းပြပါနဲ့တော့"

"သခင် ရှိစဉ်တုန်းက ကြိုက်တတ်တဲ့ ဟင်းလျာတွေ စီမံထားတာကို.."

"တော်ပြီ..တော်ပြီ..ကျွန်...ကျွန်တော်.. မစားပါစေနဲ့"

"စားပါ...ဒါမှ အားရှိမှာ..သခင်..အားရှိမှ"

ဒါဝါရဲ့ လက်ဟာ ကျွန်တော့်ပေါင်ကြားထဲကို ရောက်လာပါတယ်။ ကျွန်တော် ပေါင်နှစ်လုံးကို ကျစ်နေအောင် ကျုံ့ထားလိုက်တယ်။

ထိတော့ပေါက်ပါရဲ့။ ပေါက်တဲ့ထိက ချီးဆုဖြစ်နေတယ်ဆိုတာ ဒါမျိုးနေမယ်။

"ကျွန်တော် ရေပဲ သောက်ပါရစေ"

ဒါဝါက အချက်ပြလိုက်တယ်။

ဆိုင်နီဆက်ဖလိုင်မလေးတွေက ရွှေရောင်ဇလုံတခုနဲ့ ရေယူလာပေးတယ်။

"ခွက်ရော"

"အောင်မလေး..သခင်ရယ်..ရေကို ခွက်နဲ့သောက်တာ အိမ်မွေးလူတွေ သောက်တာမျိုးလေ...မြင့်မြတ်တဲ့သခင်က အဲ့ဒီလိုသောက်စရာလိုလို့လား"

ကျွန်တော် ခေါင်းကုတ်လိုက်တယ်။ ဘာတွေမှန်းကို မသိတော့ဘူး။

ဇလုံထဲက ရေကို ဒီတိုင်းပဲ မော့သောက်လိုက်ရတော့တယ်။

"သခင်က နိမ့်ကျတဲ့လူသားလောကထဲ မှာ နှစ်တွေအကြာကြီးနေခဲ့တော့ ရေသောက်နည်းတောင် မေ့နေပြီကိုး"

ဒါဝါက ဇလုံကို ယူပြီး ခွေးတွေရေသောက်သလို လျှာနဲ့ ပလပ်ပလပ်နေအောင် သောက်ပြလိုက်တယ်။

"သခင်ကြီးနာဒစ်ရှ် ရှေ့ရောက်လို့..သခင် ဒီလိုနေထိုင်တာတွေ့ရင် သူ စိတ်ဆိုးမှာ"

"လာပြန်ပြီ...သခင်ကြီး နာဒစ်ရှ် ဆိုတာ ဘယ်သူလဲ"

"အင်း..ဟုတ်သား...သခင် လူလောကဆီထွက်သွားပြီးမှ သခင်ကြီးနာဒစ်ရှ်ဟာ ဆိုင်နိုဆက်ဖလိုင်လောက ကို ပေါင်းစပ်အသွင်ကူးပြောင်းပြီးရောက်ရှိလာတာ..သခင်ကြီးနာဒစ်ရှ်ဟာ လူသားတွေထက် မြင့်မြတ်တဲ့ Skin Walker တစ်ကောင်ပဲ"

ရှေးဖရက်ပြောပြတဲ့ ဇာတ်လမ်းကို ကျွန်တော် သွားသတိရလိုက်တယ်။

"ကျွန်တော် သိပြီ"

"သခင့်ကြည့်ရတာ..လူသားဒိုင်မေးရှင်းမှာ နှစ်တွေအကြာကြီးသွားနေခဲ့တော့ ဆိုင်နိုဒိုင်မေးရှင်းကို မေ့သွားပြီထင်ပါရဲ့..အင်းလေ...အသွင်ပြောင်းပွဲပြီးတဲ့အခါမှာ အရင်လို စိတ်ရောခန္ဓာပါ... အာလီကပ်ဆိုတဲ့ ဘဝကို ပြန်ရသွားမှာပါ...ကဲ..အခု..သခင် ဘာစားချင်လဲ"

"ကဲ..အခု သခင် ဘာစားချင်လဲ..ပြောပါ"

"ပေါင်မုန့်ဖြစ်ဖြစ်..ထမင်းဖြစ်ဖြစ်ရရင် ဖြစ်တယ်"

"ခစ်..ခစ်..ဖြစ်မှဖြစ်ရလေ..သခင်ရယ်"

ဒါဝါနဲ့အတူ တစ်ခန်းလုံးမှာရှိနေတဲ့ ဆိုင်နိုဆက်ဖလိုင်မ တွေဟာ တခစ်ခစ်ရယ်ကြတယ်။

"အဲ့ဒါတွေက.ဒီမှာ..အိမ်မွေးလူတွေစားတဲ့ အစားအသောက်တွေ...နေဦး..ဒီနားက အိမ်တစ်အိမ်မှာ လူမွေးထားတာ ဘယ်အိမ်ရှိလဲဟေ့...လူစာနည်းနည်း သန့်တာရှိရင်..တို့သခင်အတွက် သွားယူပေးခဲ့ကြ"

ဆိုင်နိုဆက်ဖလိုင်မလေးတွေဟာ အခန်းထဲက သုတ်တီးသုတ်ပြာ

ထွက်သွားကြတယ်။

"သခင်..ခဏတော့ စောင့်ပေးပါရှင်"

ကျွန်တော်က အခု ဆိုင်နိုဆက်ဖလိုင်တိုင်းပြည်ကိုရောက်နေတာလား။ နေဦး..ဒါဆို ကျွန်တော့်မျက်နှာကရော။

အခန်းထောင့်မှာ မှန်တစ်ချပ်တွေ့လို့ ကျွန်တော် ထ သွားပြီး ကြည့်လိုက်တယ်။

ဟူး..တော်ပါသေးရဲ့။ ကျွန်တော့်ခေါင်းက ပုံမှန်ပဲ။ ခွေးခေါင်းမဖြစ်သေးဘူး။

"သခင်..ဒီနားရွက်တိုတို၊ နှုတ်သီးပြားပြား ရုပ်ဆိုးဆိုးလူခေါင်းကြီးကို စိတ်ပျက်သွားပြီလား...မကြာခင် အသွင်ပြောင်းပွဲပြီးသွားရင် သခင့်မှာ အရင်ကလို လှပတဲ့ နားရွက်ဖားဖားကြီးနဲ့ ခန့်ညားချွန်မြတဲ့ နှုတ်သီးရှည်တွေ၊ အစွယ်တွေ ပြန်ရတော့မှာပါ..စိတ်မပူပါနဲ့"

ဟ..ဒီလောက်ချောတဲ့ရုပ်ကို ပြောချလိုက်တာ။ မကြာခင် နှုတ်သီးတွေရှည်လာမှာတဲ့။

"ကျွန်တော် နဲ့အတူ ကားမှောက်တဲ့ ကန်ဒီရော..ကျွန်တော် သူ့ကို ရှာရမယ်"

"အခုချိန်မှာ ဘယ်သူ့ကိုမှ သခင်ရှာလို့မရပါဘူး..ဘာလို့လဲဆိုတော့..သခင့်ရဲ့ အခု ဦးခေါင်းနဲ့ လမ်းပေါ်ထွက်ရင်...အိမ်မွေးလူအဖြစ် အထင်မှားခံရမယ်..အဲ့ဒါကမှ တော်သေးတယ်...လေလွင့်လူ၊ လမ်းဘေးလူ ဆိုပြီး အသားထုတ်မယ့် လူသတ်ရုံတွေဆီ ရောင်းစားခံရတာတို့၊ ရိုက်သတ်ချက်စားခံရတာတို့ ဖြစ်လာနိုင်ပါတယ်"

"ဟမ်..ဘယ်လို"

"ဒီပြတင်းပေါက်ကို လာပါ..သခင်"

ဒါဝါ ခေါ်တဲ့ ပြတင်းပေါက်နားကို ကျွန်တော် သွားလိုက်တယ်။

"ဒါ ကျွန်မတို့ မဟာဆက်ဖလိုင်မြို့ကြီးရဲ့ အစည်ကားဆုံး ရပ်ကွက်ပဲ..ဟိုးမှာ ကြည့်လိုက်ပါဦး"

ဈေးဝယ်ထွက်လာတဲ့ ဆိုင်နိုဆက်ဖလိုင်အမျိုးသမီးဟာ သံကြိုးတစ်ခုကို လက်က ဆွဲလာတယ်။ သံကြိုးနောက်မှာ ကိုယ်လုံးတီးနဲ့ လူတစ်ယောက်က တကောက်ကောက်လိုက်လို့။

ပန်းခြံလို
တစ်နေရာမှာတော့..ဆိုင်နိုဆက်ဖလိုင်ပေါက်စလေးတစ်ကောင်က ပေါင်မုန့် တတုံးကို မြက်ခင်းပေါ်ပစ်လိုက်တယ်။ လူတစ်ယောက်က အသည်းအသန်ပြေးသွားပြီး ပေါင်မုန့်ကို ကောက်တယ်။ ပြီးတော့ ဆိုင်နိုကလေးဆီ လာပြန်ပေးတယ်။ အဲ့ဒီလူကို ဆိုင်နိုကလေး က ကျောသပ်ရင်သပ်နဲ့ ချော့မြူနေတာ။

"သူတို့လေးတွေက ကံကောင်းပါတယ်..ကံမကောင်းတဲ့ လူလေးတွေဘဝက…ဒီအနောက်ဘက် ပြတင်းတံခါးမှာ လာကြည့်ကြည့်"

ဒါဝါက အနောက်ဘက် ပြတင်းတံခါးဆီ ခေါ်သွားပြန်တယ်။

"ဟိုးက အဆောက်အဦကြီးကို ကြည့်"

အဆောက်အဦမည်းမည်းကြီးရှေ့မှာ လည်ပင်းမှာ ကြိုးတုပ်ခံထားရတဲ့လူတွေဟာ ရုန်းကန်နေကြတယ်။

ဘေးနှစ်ဖက်မှာ သံဆူးကြိုးကာထားတဲ့ လမ်းကျဉ်းလေးထဲ အော်သံဟစ်သံတွေ။

ဗလတောင့်တောင့် ဆိုင်နိုဆက်ဖလိုင်တွေက ကြာပွတ်တွေနဲ့ရိုက်ပြီး အဆောက်အဦထဲ ဝင်ဖို့ ကြိမ်းမောင်းနေကြပုံပဲ။

"သူတို့ ဘာဖြစ်နေကြတာလဲ"

"အဲ့ဒါ လူသတ်ရုံလေ…..ဒီတိုင်းပြည်ရဲ့ စားနပ်ရိက္ခာအတွက် အရေးပါတဲ့ လူသတ်ရုံတွေထဲက တစ်ရုံပေါ့…ဒီကနေ တစ်နေ့ကို လူသား ကီလိုရာချီပြီး ထွက်တယ်"

"အား"

ကျွန်တော် ဖင်ထိုင်လျက် ကျသွားတယ်။

"ဒါကြောင့်ပြောတာ..သခင့်ခေါင်းက လောလောဆယ် လူခေါင်း ဆိုတော့…အပြင်လျှောက်သွားရင် အဲ့ဒီကို ရောက်သွားနိုင်တယ်…ဒါကြောင့် ဒီမှာပဲ ငြိမ်ငြိမ်လေးနေပါဦး..သခင်..ကျွန်တော်မျိုးမတို့က သခင်လိုရာ ဖြည့်ဆည်းဖို့ အသင့်ပါ"

ကျွန်တော့်ရင်တွေ ပိုတုန်လာတယ်။ ဘယ့်နှယ့် လူတွေကို သားသတ်ရုံကြီးထဲ ပို့ပြီး…အသားထုတ်နေတာပဲ။

သူတို့ အဲ့ဒါတွေကို စားကြတာ။

အား။ ငိုတောင်ငိုချင်တယ်။

"သခင် စားချင်တာ ရပါပြီ..သခင်"

ကျွန်တော့်လက်ထဲ ပေါင်မုန့်အညိုနှစ်ချပ် လာထိုးထည့်ပေးတယ်။

ဘာမှလည်း စားချင်စိတ်မရှိတော့။

မျက်စိထဲ ပန်းခြံထဲ ခွေးလေးတွေလို ဆော့ကစားခံနေရတဲ့ လူတွေရယ်၊ သားသတ်ရုံထဲ တန်းစီဝင်နေကြတဲ့လူတွေရယ်ပဲ မြင်ယောင်လာတယ်။

ခေါင်းတွေ ကိုက်လိုက်တာ။

"ကျွန်တော်..ကျွန်တော်..ပြန်အိပ်ပါရစေ"

ဒါဝါက ကျွန်တော့်ကို ထွေးပွေ့လိုက်ပြီး ကြင်နာတဲ့ မျက်လုံးတွေနဲ့ ကြည့်တယ်။

ပြီးတော့...ကျွန်တော့်မျက်နှာကို။

"ပလပ်..ပလပ်..ပလပ်"

အသံတွေကြားမှာပဲ ကျွန်တော် ပြန်အိပ်ပျော်သွားတော့တယ်။

ကျေးဇူးပြုပြီး...ဒါဟာ အိပ်မက်တစ်ခု ဖြစ်ပါစေ။

ဆုတောင်း မပြည့်ပါဘူး။ ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့..ဒီအဆောက်အဦထဲမှာပဲ။

ဘာလဲဟ။

လက်မောင်းပေါ်က ထုံကျင်နေလို့ ကြည့်လိုက်တော့..ဒါဝါ။

ဘာအဝတ်အစားမှမပါဘဲ ဝတ်လစ်စလစ်နဲ့ ကျွန်တော့်လက်မောင်းပေါ် အိပ်နေတာ။

"ဘုရား"

ဒီဆိုင်နိုမ ငါ့ကို ဘာလုပ်လိုက်ပြီလဲ။ မဟုတ်သေးဘူး။ မဟုတ်သေးဘူးဟ။

ဒါဝါ ရဲ့ ခန္ဓာကိုယ်ဟာ အတော်လှပါတယ်။ ခက်တာက ခေါင်းက

ခွေးခေါင်းကြီး။

ပြတင်းပေါက်က လရိပ်ဟာ ဖြာကျနေတယ်။

ကျွန်တော်လည်း ဝတ်လစ်စလစ်ပဲဟ။ ဒါဆို။ ဒါဆို။

ကျွန်တော့်ခန္ဓာကိုယ်ထဲက ဟိုအကောင်က သူနဲ့ မျိုးနွယ်တူစော်တွေ တွေ့တော့...ကျွန်တော် အိပ်ပျော်နေတုန်းမှာ...ဟာ..ကွိုင်ပဲ။

အိပ်ရာပေါ်က စောင်ကို ပတ်ပြီး ပြတင်းတံခါးဆီ ကျွန်တော် ထွက်လာလိုက်တယ်။

အောက်က လမ်းတွေပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး။ တိတ်ဆိတ်လို့။

မှောင်ရိပ်ထဲ တိတ်တိတ်လေး ရွေ့လျားနေတဲ့ အရိပ်တစ်ခု။

ဒါ..ဒါ လူတစ်ယောက်ပဲ။ သေချာတယ်။

ကျွန်တော် သူနဲ့ဆက်သွယ်ရမယ်။

လရောင်အောက်မှာ တံခါးပေါက်ကိုမြင်ရတယ်။ တံခါးအတိုင်းသွားလိုက်တော့ အောက်ကို ဆင်းတဲ့လှေကား။

"ဟေး....ဟေး...ဟေး"

အောက်ဘက်လမ်းမက လူအော်သံတွေ ရုတ်တရက်ထွက်လာတယ်။ မြို့ထဲ ဟိုမှသည် လူအော်သံတွေ တဆက်တည်း။

"သခင်...ဘယ်သွားမလို့လဲ"

ရုတ်တရက် မီးရောင်လင်းလာပြီး လက်တစ်ဖက်က ကျွန်တော့်ပခုံးပေါ်လာတင်တယ်။

ဒါဝါပဲ။

"ညဥ့်နက်ပြီ..သခင်..အပြင်မှာ လူတွေတောင် အူနေပြီ...လူတွေအူပြီဆို မကောင်းဆိုးရွားတွေ မြင်ရလို့တဲ့...လာပါ...ပြန်အိပ်ကြရအောင်"

လူတွေ အူသတဲ့။ လူတွေအူရင် မကောင်းဆိုးရွားတွေမြင်ရလို့တဲ့။ ဘယ်လိုတုန်းဟ။

"ကျွန်တော် အိမ်သာတက်ချင်လို့"

"ဩော်..ဒါဆို ဒီမီးအိမ်ကို ယူသွား...အောက်ထပ်လှေကားဆင်းဆင်းချင်း ဘယ်ဘက်မှာ အိမ်သာနော်.."

ဟူး..တော်ပါသေးရဲ့။ ကျွန်တော် မီးအိမ်ကို ယူပြီး အောက်ဆင်းလာလိုက်တယ်။

လှေကားရဲ့ ဘယ်ဘက်မှာအိမ်သာဆို ညာဘက်မှာ သစ်သားတံခါးမကြီး။

ကျွန်တော် တံခါးမကြီးကို တွန်းဖွင့်လိုက်တယ်။

"ဟေး...ဟေး..ဟေး" ဆိုပြီး အော်နေတဲ့ လူဟာ အသံရုတ်တရက်တိတ်သွားတယ်။ သူ့မှာ အဝတ်အစားမရှိဘူး။ ညစ်ပတ်ပေရေနေတယ်။

"ဟေ့လူ...ဟေ့လူ..ခင်ဗျား..လူသားမဟုတ်လား"

ကျွန်တော်အသံခပ်အုပ်အုပ်နဲ့ ပြောလိုက်တယ်။

ဟိုလူက ကျွန်တော့်ကို အံ့ဩတကြီးတစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ အမှောင်ထုထဲကို ပြေးသွားတော့တယ်။

တစ်မြို့လုံးတော့ ဟိုမှသည် လူအော်သံတွေကြားနေရတုန်းပဲ။ သူတို့အခေါ် လူအူသံပေါ့လေ။

အပိုင်း(၁၈)

ကျွန်တော်က ဒီနေရာကို ဘာလို့ရောက်လာတာလဲ။ ကျွန်တော် သေသွားခဲ့ပြီလား။ ဒါဝါ ပြောသလိုဆို မကြာခင် ကျွန်တော်က အာလီကပ်ဆိုတဲ့ ဆိုင်နိုဆက်ဖလိုင်ကောင်ဘဝကို ပြန်ရောက်သွားတော့မှာပေါ့။

ကုတင်ပေါ်မှာတော့ ဒါဝါက အိပ်မောကျနေတယ်။

"ကျွန်တော် ခွေး မဖြစ်ချင်သေးဘူး..ဟူး"

အဲ့ဒီညက တစ်ညလုံး အိပ်မပျော်ဘူး။ ဘာတွေဆက်ဖြစ်ဦးမှာလဲ တွေးရင်း မိုးလင်းသွားခဲ့။

"သခင် ညက ကောင်းကောင်းအိပ်မပျော်ဘူးထင်တယ်"

ဒါဝါ ဟာ ကျွန်တော့်မျက်နှာကို ရေစိုအဝတ်နဲ့သုတ်သင်ပေးရင်းက ဆိုတယ်။ တစ်ခါတစ်ရံ သူ့နှုတ်သီးချွန်ချွန်တွေက ကျွန်တော့်မျက်နှာကို လာထိမိနေသေး။

"ဒီနေ့ သခင်ကြီးနာဒစ်ရှ် ရဲ့ နန်းတော်ကို သခင် အခစားဝင်ရမယ်"

"အမ်..ကျွန်တော်က"

"ဟုတ်တယ်...ဝေါယာဉ်လည်း
အဆင်သင့်ဖြစ်နေပါပြီ...သခင်ကြီးနာဒစ်ရှ်က မနက်စာနဲ့ ဧည့်ခံမှာပါ"

ဟာ..စောက်ဂွပဲ။ လာပြန်ပြီ..မနက်စာတဲ့။ သခင်ကြီးနာဒစ်ရှ် ဆိုတာက ဘယ်လိုကောင်မျိုးလဲ။

ဝေါယာဉ်ဆိုတာကတော့..တစ်ခါမှ မစီးဖူးတော့ စီးကြည့်ရမှာပဲ။

ခဏနေတော့ ကျွန်တော်လဲဖို့ အဝတ်အစားတွေလာပေးတယ်။ အနီရောင်တောက်တောက် ဝတ်ရုံလို ဟာမျိုးပါ။

ကြည့်ရတာ တရုတ်သိုင်းကားတွေထဲက ဝတ်စုံလိုလို၊ ပုပ်ရဟန်းမင်းကြီးတွေဝတ်တဲ့ ဝတ်ရုံလိုလိုနဲ့။

"ကြွပါ..သခင်"

ဒါဝါနဲ့ ဆိုင်နိုမတွေ ခြံရံပြီး ကျွန်တော်အောက်ထပ်ကို ဆင်းလာခဲ့တယ်။

"သခင်က အသွင်မပြောင်းရသေးတော့..မြို့ထဲကို ဖြတ်တဲ့အခါ..ဒါလေးကို လည်ပင်းမှာ ပတ်ဖို့ လိုပါလိမ့်မယ်"

ဒါဝါက ကျွန်တော့်ကို လည်ပတ်တစ်ခု ကမ်းပေးတယ်။

"ဒါ မပါရင် သခင်မြို့ထဲကို ဖြတ်တဲ့အခါ ပိုင်ရှင်မဲ့လူ လို ထင်သွားနိုင်တယ်လေ"

ရော်..အခုမှပဲ အိမ်မွေးခွေးတွေဘဝကို ကျွန်တော်ကိုယ်ချင်းစာတော့တယ်။

ဝေါယာဉ်ပေါ် ကျွန်တော်တက်ထိုင်လိုက်တယ်။ ဝေါယာဉ်က ရုပ်ရှင်ဇာတ်ကားတွေထဲမှာ တွေ့ဖူးတဲ့ အတိုင်း လူလေးယောက်ထမ်းတာပါ။ အင်း ...လူဆိုတာထက် ဆိုင်နိုဆက်ဖလိုင်တွေပေါ့။

ဒါဝါတို့ကတော့ ဝေါယာဉ်ဘေးကနေ လမ်းလျှောက်ပြီးလိုက်ကြပါတယ်။

မြို့ဟာ အတော်လေးစည်ကားပါတယ်။ အဆောက်အဦတွေက အုတ်တွေနဲ့ဆောက်ထားပြီး ကန္တာရထဲက အိမ်တွေနဲ့ပုံစံတူပါတယ်။

"ဟာ..ဒက်ဒီ"

အိမ်တစ်အိမ်ရှေ့မှာ လည်ပင်းကို ကြိုးနဲ့ ဆွဲခံထားရတဲ့ ကျွန်တော့်အဖေကို တွေ့လိုက်ရတယ်။

"ရုပ်..ရုပ်ဦး..ဟိုမှာ..ငါ့အဖေ"

ကျွန်တော့်အော်သံကြောင့် အဖေဟာ ဟိုကြည့်ဒီကြည့်လိုက်ကြည့်နေပါတယ်။

ပြီးတော့သူ့လည်ပင်းက ကြိုးကို ဆိုင်နိုတစ်ကောင်က ဆွဲခေါ်သွားတာနဲ့ လူအုပ်ထဲ ပျောက်သွားတယ်။

ဝေါပေါ်က ကျွန်တော့်ကိုလည်း ဆိုင်နိုတွေကစူးစမ်းတဲ့အကြည့်နဲ့ ဝိုင်းကြည့်ကြတယ်။

"သခင်အာလီကပ်..သတိထားပါဦး...ဝေါပေါ်မှာ ဆိုင်နိုဆက်ဖလိုင်မဟုတ်တဲ့ အဆင့်နိမ့်လူသားတစ်ဦးထိုင်နေတာကို တခြားသူတွေအာရုံစိုက်ကုန်ရင် မကောင်းဘူး..သခင်ဟာ အသွင်မပြောင်းသေးခင်မှာ တခြားဆိုင်နိုဆက်ဖလိုင်တွေအတွက် စားစရာတစ်ခုထက် မပိုဘူးဆိုတာလည်း

သတိထားပါ"

ဒါဝါက ကျွန်တော့်လက်ကို ကိုင်ပြီး သတိပေးလိုက်တယ်။

ကျွန်တော်ကတော့ လူအုပ်ကြားထဲ ပျောက်နေတဲ့ အဖေ့ကို လိုက်ရှာနေမိတာပဲ။

"ရှေ့ဆို နန်းတော်ဝင်ပါပြီ"

နန်းတော်ဟာ ကျောက်တုံးတွေနဲ့ ဆောက်ထားတဲ့ နှစ်ထပ်အဆောက်အဦကြီးပါပဲ။ထူးခြားတာက အဝင်အဝမှာ ဦးချိုတစ်ချောင်းတည်းရှိတဲ့ ဆိတ်တစ်ကောင်ရဲ့ ရုပ်တုကြီးရှိနေတယ်။

အော်ဂလီဆန်စရာကောင်းတာက အဲ့ဒီရုပ်တုရှေ့မှာ သွေးသံရဲရဲ လူ့ခြေ၊ လူ့လက်တွေကို ပွဲပေးသလို တင်ထားကြတာ။

အစောင့်တွေကလည်း လှံရှည်တွေကို ကိုင်ထားကြတယ်။ သူတို့ကြည့်ရတာလည်း ဗြာစုလောက်က တက်သေးဟန်မတူဘူး။

တစ်နေရာရောက်တော့ ဝေါယာဉ်ကို ရပ်လိုက်တယ်။

"အပေါ်ထပ်ခန်းမဆီကို လမ်းလျှောက်သွားရပါမယ်"

ဝတ်ကောင်းစားလှတွေဝတ်ထားတဲ့ ဆိုင်နိုတွေဟာ ကျွန်တော့်ကို ကြိုဆိုနေကြတယ်။

"သခင်အာလီကပ်ကို ပြန်လည် ကြိုဆိုပါတယ်"

"သခင်အာလီကပ်...ဒီမျက်နှာပြားကြီးက ခဏပဲနော်..အားတင်းထား"

"သခင်အာလီကပ်..."

ကျွန်တော့်ခန္ဓာကိုယ်ထဲက အာလီကပ်ဆိုတဲ့ ကောင်က ဆရာတော့ ဆရာကြီးပဲ။ ဒါနဲ့များ ဖင်ယားပြီး လူ့လောက က ကျွန်တော့်အမေနဲ့ ကျွန်တော့်ခန္ဓာကိုယ်ထဲဘာလို့ လာဝင်နေရတာပါလိမ့်။

ခန်းမကျယ်ကြီးတစ်ခုထဲမှာ ကျောက်စားပွဲခုံအရှည်ကြီး။

"သခင်က ဒီဘက်မှာ ထိုင်ရမှာပါ"

ဆိုင်နိုတစ်ကောင်က ကျွန်တော့်ကို ဦးဆောင်ခေါ်သွားတယ်။ ဒါဝါကလည်း ကျွန်တော့်လက်ကို တွဲထားရာက ဖြုတ်လိုက်ပြီး ခန်းမ အဝမှာ ကျန်နေရစ်ပါပြီ။

ကျောက်စားပွဲကြီးရဲ့ ထိပ်ဆုံးညာဘက်ခြမ်းမှာ ကျွန်တော်ထိုင်ခွင့်ရပါတယ်။

အားလုံးရဲ့ အာရုံက ကျွန်တော့်ဆီမှာပဲ။

"သခင်ကြီး နာဒစ်ရှ်ကြွလာပြီ"

အားလုံးမတ်တတ်ရပ်လိုက်ကြတယ်။ ကျွန်တော်လည်း ရောယောင်ရပ်ရတာပေါ့။

ဝတ်ရုံရှည်ကြီးနဲ့သခင်ကြီး ဆိုတဲ့သူ ဝင်လာပါပြီ။

ဟာ..ဒါ..ထိုဆမ်..ထိုဆမ်ပဲ။ ရွာလမ်းမှာ ကျွန်တော်အမြဲတွေ့နေကျ အဖိုးပြုံးရဲ့ ခွေးကလေး။

"အီ..အီ..အီ"

သူ့လက်ထဲမှာ ကိုင်ထားတာက...."ကီး"...ဟုတ်တယ်...ကျွန်တော့်ခွေးလေး..ကီး ပဲ။

"တွေ့ရတာ..ဝမ်းသာပါတယ်..သခင်အာလီကပ်...ကျုပ်တို့ရဲ့ အင်ပါယာအတွက် ခင်ဗျား ပြန်ရောက်လာတာ တစ်တပ်တအားပါပဲ...မကြာခင် ကျွန်တော်တို့ ပူးပေါင်းပြီး လူသားဒိုင်မေးရှင်းကို အပြီးတိုင်သိမ်းကြတာပေါ့"

သူပြောတာတွေ ကျွန်တော်တစ်ခုမှ နားမလည်။ ပြီးတော့ ကျွန်တော်က အာလီကပ်လည်း မဟုတ်။

"ဩော်..ဟုတ်သားပဲ..ခင်ဗျားက အသွင်ပြောင်းပေါင်းစပ်မှုလုပ်ရဦးမှာပဲ...အဲ့ဒီအခါကျ မူလ အာလီကပ်ဘဝကို ပြန်ရပြီး..အကုန်လုံးကို ပြန်သတိရပါလိမ့်မယ်...ဒါက ခင်ဗျားနဲ့ ပေါင်းစပ်အသွင်ပြောင်းရမယ့်ခွေးကလေးပဲ...ခင်ဗျား သူ့ကို သိပြီးသားပါ"

ကီးဟာ ကျွန်တော့်အနံ့ကို မှတ်မိဟန်နဲ့ သေချာပြူးကြည့်နေတယ်။

ကျွန်တော့်စိတ်ကူးထဲတော့ ကီးရဲ့ခေါင်းပိစိညှောင့်တောင့် နဲ့ ကျွန်တော့်ခန္ဓာကိုယ် ဘယ်လိုမှ တွဲစပ်လို့ အဆင်ပြေမနေဘူး။

အစားအသောက်တွေရောက်ပါပြီ။ ဘာမှန်းမသိတဲ့ စိမ်းဖန့်ဖန့်အရည်တွေရယ်၊ ထုံးစံအတိုင်း အသားတွေရယ်ပေါ့။ လူသား ဒါမှမဟုတ် သတ္တဝါတစ်ကောင်ကောင်ရဲ့ အသားတွေဆိုတဲ့ အသိက ကျွန်တော့်ကို ပျို့တက်စေတာပဲ။

"အသွင်ပြောင်းပွဲမတိုင်ခင်ကာလထိတော့ ခင်ဗျား
နေရထိုင်ရအဆင်ပြေဦးမှာ
မဟုတ်ဘူး..သခင်အာလီကပ်...နည်းနည်းတော့သည်းခံလိုက်ဦးပေါ့..မနက်ဖန်ညဆို
လပြည့်ပြီပဲ''

နာဒစ်ရှ်ဟာ မျက်လုံးတစ်လုံးကို ခါးရင်းနဲ့ထိုးပြီး ပါးစပ်ထဲပစ်ထည့်ရင်း
ပြောလိုက်တယ်။

ကျွန်တော် အန့်ချင်စိတ်ကို ထိန်းမရတော့ဘူး။

"သခင်ကြီးနာဒစ်ရှ်ဟာ ဆိုင်နိုဆက်ဖလိုင်အစစ်မဟုတ်ဘူး..သူက Skin
Walker တစ်ပိုင်း ဖြစ်နေတယ်...ဒါကြောင့် ဆိုင်နိုစစ်တပ်ကြီးကို သူအမိန့်ပေးနိုင်တဲ့
တန်ခိုးမရှိဘူး...အဲ့ဒီ တန်ခိုးက လူသားခန္ဓာထဲ အကြာကြီးနေခဲ့ဖူးတဲ့
ဆိုင်နိုဆက်ဖလိုင်ဆီမှာပဲ ရှိတယ်...အဲ့ဒါက သခင်အာလီကပ်ပဲ"

အပြန်လမ်းမှာ ဒါဝါက ကျွန်တော့်ကို ရှင်းပြနေပါတယ်။

"ဒါနဲ့ သူက ဘယ်လိုလုပ် မင်းတို့ဘုရင်ဖြစ်လာတာလဲ"

"Skin Walker တစ်ကောင်မှာရှိတဲ့ တန်ခိုးအတတ်ပညာရယ်၊
ဆိုင်နိုဆက်ဖလိုင်ဗီဇရယ် ပေါင်းစည်းထားတော့ သူ့မှာ ပြိုင်ဘက်မရှိဘူးလေ..အရင်
ဆိုင်နိုဘုရင်ကြီးကို သတ်ဖြတ်ပစ်ပြီး ဒီထီးနန်းကို လုယူထားတာပဲ..သူ့ကို
လူတိုင်းကြောက်ရတယ်"

"အာဏာရူးတွေကလည်း ဇာတ်လမ်းတိုင်းပါပဲလား"

"ဟေး...ဟေး..ဟေး"

ညဥ့်နက်နက်ထဲ လူသံတွေ။ သူတို့အခေါ် လူအူသံတွေပေါ့။

တစ်စုံတစ်ယောက်ကို တွေ့ရနိုးနဲ့ ကျွန်တော်
ပြတင်းပေါက်နားလျှောက်လာတယ်။

"သား...ဒေးဗစ်...ဒေးဗစ်"

အသံသဲ့သဲ့ကြားလို့ ငုံ့ကြည့်လိုက်တော့ အိမ်အောက် အမှောင်ထဲမှာ
လူတစ်ယောက်။

ဒါ..ဒါ ကျွန်တော့်အဖေရဲ့အသံ။

ကျွန်တော် အိမ်အောက်ကို ပြေးဆင်းသွားလိုက်တယ်။ တံခါးတွေကို ဖွင့်ဖို့

ကြိုးစားပေမယ့် အားလုံးကို အပြင်က သော့ခတ်ထားကြတာပဲ။

"ဒယ်ဒီ…ဒယ်ဒီ"

"သား..အဖေ့ကို ကယ်ပါဦး"

ကျွန်တော်တံခါးကို ဖျက်ဖို့ တစ်ခုခုလိုက်ရှာတယ်။ အဲ့ဒီအချိန်မှာ အပြင်က အသံတွေကြားရတယ်။

မှန်တံခါးကနေ ချောင်းကြည့်လိုက်တော့ ဆိုင်နိုဆက်ဖလိုင်နှစ်ကောင်ဟာ အဖေ့ရဲ့ လည်ပတ်သံကြိုးကို ကိုင်ပြီး အတင်းဆွဲခေါ်နေကြတယ်။

"ဟေ့ကောင်တွေ..ငါ့အဖေကို လွှတ်"

ဘာပစ္စည်းမှ ရှာမရတဲ့အဆုံး ကျွန်တော်လည်း ပြတင်းတံခါးကို ခြေထောက်နဲ့ ပြေးကန်လိုက်တယ်။

"ခွမ်း"

မှန်ပြတင်းကွဲသွားတော့မှ အိမ်အပေါ်ထပ်က မီးတွေလင်းလာတယ်။

ဓားကိုင်ထားတဲ့ ဆိုင်နိုဆက်ဖလိုင်တွေဟာ အိမ်ပတ်လည်ကို ဝိုင်းလိုက်ကြတယ်။

"သခင်..အပြင်ထွက်လို့မရပါဘူး"

ကျွန်တော့်လက်မောင်းကို ဒါဝါရယ် နောက်ထပ်ဆိုင်နိုမတစ်ကောင်ရယ်က လာချုပ်ထားလိုက်တယ်။

"အဲ့ဒါ..ငါ့အဖေ..ငါ့အဖေကို နင်တို့ အိမ်မွေးတိရိစ္ဆာန်လုပ်ထားလို့မရဘူး…ငါ့အဖေကို ငါပြန်ခေါ်သွားမယ်"

အော်သာအော်နေရတာပါ။ သူတို့ခွန်အားတွေနဲ့ချုပ်ထားလို့ ကျွန်တော့်မှာ ရုန်းမရဘူး။

"သခင်က အခု လူပုံစံပဲ ရှိသေးတယ်..အချိန်မရွေး သခင့်ကို သတ်ပြီး ချက်စားလိုက်လို့ရတယ်"

"အင်"

ဒါဝါရဲ့ စကားအဆုံး ကျွန်တော့်အသံပါ အလိုလိုတိတ်သွားတယ်။

ချက်စားမယ်တဲ့။ ဘယ်လိုင်ရဲလဲ။

"မနက်ဖန်ညအထိ စောင့်လိုက်ရင် သခင့်အရင်ဘဝဟောင်းကို မေ့သွားမှာပါ"

ဒါဝါ တို့က ကျွန်တော့်ကို ချုပ်ပြီး အိမ်ပေါ်ခေါ်တင်သွားတယ်။

အဖေ့ရဲ့ ကယ်ပါယူပါအသံလည်း တဖြည်းဖြည်း တိတ်သွား။

ညက အရင်လို ပြန်တိတ်ဆိတ်သွားပြန်တယ်။ ကျွန်တော့်အတွက် မနက်ဖန်ညအထိပဲ အချိန်ရှိတော့တယ်။

မနက်မိုးလင်းကတည်းက ကျွန်တော်နေတဲ့ အိမ်မှာ ဆိုင်နိုဆက်ဖလိုင်ကောင်တွေနဲ့ ရှုပ်ယှက်နေတယ်။

လက်နက်ကိုင်အစောင့်တွေလည်း ပိုများလာတယ်။ အင်း ဒီည လပြည့်ညပဲ။ သူတို့ပြောတဲ့ အသွင်ကူးပြောင်းပွဲဆိုလား။

တကယ်က ကျွန်တော့်ကို ခွေးဇာတ်သွင်းကြတော့မှာ။ဒါဝါတို့အုပ်စုကတော့ ပွဲတော်တစ်ခုလို ပျော်ရွှင်နေကြတယ်။

လူအသေကောင်တွေကို လှည်းနဲ့သယ်လာကြပြီး ခုတ်ထစ်နေကြတာလည်း မြင်နေရတယ်။

ကျွန်တော်ကတော့ ဒီမြင်ကွင်းတွေမြင်ပြီး မူးမေ့လဲသွားချင်နေပြီ။ မကြာခင် ကျွန်တော်လည်း ဒီလူသားစားကောင်တွေထဲက တစ်ကောင်ဖြစ်တော့မှာလား။ အား။ တွေးမိတာနဲ့တောင် ကျက်သရေကတုံးပြီ။

ညနေစောင်းလာတာနဲ့ လူတွေက ပိုတက်ကြွလာကြတယ်။

ဒါဝါ ဟာ ကျွန်တော့် သွားတွေကို သန့်ရှင်းရေးလာလုပ်ပေးသေးတယ်။ မကြာခင် သန်မာတဲ့အစွယ်တွေနဲ့ နှုတ်သီးရှည်ကြီးတွေရတော့မှာတဲ့။ အဲ့ဒီအခါကျ သူတို့ကို ပစ်မသွားရဘူးဆိုတာ ပါသေး။

အသွင်ပြောင်းပွဲကို ခြံထဲက သစ်ပင်ကြီးအောက်မှာပဲ လုပ်ကြမှာတဲ့။ သခင်ကြီးနာဒစ်ရှ်ဆိုတဲ့လူလည်း တက်ဦးမှာတဲ့လေ။

ခြံထဲမှာတော့ တိုင်တစ်ခုထောင်ထားတယ်။ တိုင်အောက်ခြေမှာ ထင်းတွေ ပုံထားသေး။

မီးပုံပွဲလိုမျိုး ကျင်းပ ကြမှာထင်ပါရဲ့။

နေက တဖြည်းဖြည်း ဝင်သွားပြီ။

"အချိန်ကြပါပြီ..သခင်"

ဒါဝါ ဟာ ကျွန်တော့်ကို ဒူးညွတ်အရိုအသေပေးလိုက်တယ်။ ပြီးတာနဲ့ ထွားထွားကျိုင်းကျိုင်း ဆိုင်နိုကြီး နှစ်ကောင်က ကျွန်တော့်ကို တစ်ဖက်တစ်ချက်ဆီကနေ လာချုပ်လိုက်ကြတယ်။

"ဒါဝါ...ပြောပါဦး..ကျွန်တော့်ဟာကျွန်တော် ဆင်းနိုင်ပါတယ်လို့"

ဒါဝါဟာ ဘာမှမပြောဘဲ လှည့်ထွက်သွားပါတယ်။

အောက်ဘက်မှာလည်း ဆိုင်နိုတွေရဲ့ စကားသံတွေဆူညံနေကြပါတယ်။ ကျွန်တော့်ကို ချုပ်ခေါ်လာတာမြင်တော့ အားလုံးက လက်ခုပ်တွေ တီးကြတယ်။

စစ်ခရာလိုမျိုး သံပြိုင်မှုတ်လိုက်တဲ့ အသံတွေလည်း ကြားရတယ်။

ကျွန်တော်နဲ့ တည့်တည့်မှာပဲ လူတစ်စုက "ကီး"ကို ဝေါပေါ်တင်ခေါ်လာကြတာ။

တိုင်ထောင်ထားတဲ့ ထင်းပုံရှေ့မှာ ရပ်လိုက်ကြတယ်။ ဟာ...သိပြီ။ ကျွန်တော်နဲ့ ကီးကို မီးရှို့ပစ်ကြမှာပဲ...လခွမ်း။

ကျွန်တော် အော်ပြီး အသားကုန်ရုန်းတယ်။

"ခဏပဲ..ပူမှာပါ..သခင်..ပြီးရင် ပေါင်းစည်းမှုအောင်မြင်သွားပါလိမ့်မယ်..ခဏပဲ"

"နင့်အမေလင်ကို..ခဏလား....လွှတ်ပေး..ငါ့ကို အခုလွှတ်"

ထင်းပုံပေါ်ကတိုင်မှာ ကျွန်တော့်ကို သူတို့ ကြိုးတုပ်ကြပါပြီ။ ကီး ကိုလည်း ကျွန်တော့်ဘေးမှာ အတူတူ ကြိုးနဲ့ ချည်ပါတယ်။

ကီးလေးဟာ ကြောက်လွန်းလို့ တအီအီအသံပဲ ထွက်ရှာတယ်။ ကျွန်တော်ကတော့ အသံပါ မထွက်နိုင်တော့ဘူး။ အီးပဲ ထွက်ချင်တော့တယ်။ လူစစ်စစ်က ဘာဘီကျူးဖြစ်ရမှာလေ။

ပြီးတော့ ဒေးဗစ်ရိုးမက်စ် ဆိုတဲ့ ကျွန်တော့်ဖြစ်တည်မှုတစ်ခုလုံး ဒီလောက က အပြီး ပျောက်ကွယ်သွားတော့မှာ။

သခင်ကြီးနာဒစ်ရှ်ဆိုတဲ့ကောင်က သွားကြီးဖြဲလို့..ထိုင်ခုံပေါ်

မိန့်မိန့်ကြီးထိုင်နေတယ်။

ခွေးသားရေခွံလိုဟာကြီးကို ခြုံထားတဲ့ ဆိုင်နိုဆက်ဖလိုင်အိုကြီးတစ်ကောင်ဟာ ရေကရားတစ်ခုကို ကိုင်လာပြီး ကျွန်တော်နဲ့ ကီးကို လောင်းလိုက်တယ်။ ရေမဟုတ်ဘူး။ စိမ်းရွှေရွှေအနံ့နဲ့ အရည်တစ်မျိုးပဲ။

ပြီးတော့ ကျွန်တော့်ခေါင်းနဲ့ ကီးခေါင်းကို လက်နဲ့ကိုင်ပြီး တစ်ခုခုရွတ်နေတယ်။

တစ်ပြိုင်တည်းမှာပဲ မီးတုတ်ကိုင်ထားတဲ့ ဆိုင်နိုကောင်တွေဟာ ကျွန်တော်တို့နား ချဉ်းကပ်လာကြတယ်။

နတ်ဆရာလိုလိုဆိုင်နိုအိုကြီးက အကျယ်ကြီးတစ်ခွန်းအော်ပြီး ပြန်ဆင်းသွားတယ်။

"ခွေးမသားတွေ..မင်းတို့ကို..ဘောပဲ..."

ကျွန်တော်လည်း ဘာမှမတတ်နိုင်တဲ့အဆုံး..အော်ပဲ ဆဲလိုက်တော့တယ်။

မီးတောက်က ဟုန်းခနဲတက်လာပြီ။ အပူဒဏ်က ခြေထောက်မှ စခံစားလာရ။

နှုတ်ဆက်ပါတယ်..ဒေးဗစ်ရိုးမက်စ်ရေ.....။

ကျွန်တော့်ခန္ဓာကိုယ်ထဲက အသံတစ်ခုကြားတယ်။ ဒါ..ဟိုကောင်ကြီး..အာလီကပ်ရဲ့ အသံပဲနေမယ်။

"အာလီကပ်..ခွေးသူခိုးကောင်"

ကျွန်တော် ထပ်ဆဲတယ်။ မီးခိုးတွေ လှိုက်တက်လာလို့ ဘေးနားက ကီးကလည်း တအုအု အော်နေတော့တယ်။

အဲ့ဒီအချိန် ခြံဝင်းကို အုပ်မိုးထားတဲ့ သစ်ပင်ကြီးဟာ ရုတ်တရက်နိမ့်ဆင်းလာပြီး သစ်ကိုင်းရှည်ရှည်တွေဟာ ကျွန်တော့် ဆီ ဦးတည်လာနေတာတွေ့လိုက်တယ်။

သစ်ကိုင်းဟာ လက်တံတခုလို ကြိုးတွေကို ဆွဲဖြည်လိုက်တယ်။

"ဗွီး" ခနဲ အသံနဲ့အတူ... ဆန်ကောနှစ်ချပ် တဖျပ်ဖျပ်ခတ်သံ။

ဒါ ခရာဟောင်းပဲ။

မိတ်ဆွေကြီး ခရာဟောင်း။

ခရာဟောင်းဟာ ကျွန်တော့်ကို သူစီးလာတဲ့ မောင်းတံပေါ် ဆွဲတင်လိုက်တယ်။

ဓားတွေ လှံတွေနဲ့ ဝိုင်းလာတဲ့ ဆိုင်နိုဆက်ဖလိုင်တွေကိုတော့ သစ်ပင်ကြီးက သူ့လက်တံတွေနဲ့ တိုက်ခိုက်နေလေရဲ့။

"ခရာဟောင်း..ကီး..ကိုလည်း ကယ်ရမယ်..ခဏ"

"ရှင် လိုက်သွားမှာ လိုက်သွား..စကားရှည်မနေနဲ့"

သစ်ပင်ကြီးဆီက လာတဲ့အသံ။ ဒါ...ကန်ဒီပဲ။

ခရာဟောင်းဟာ ခပ်မြင့်မြင့်ဆီ ပျံတက်သွားတယ်။

အပိုင်း(၁၉)

ဆိုင်နိုဆက်ဖလိုင်တွေဟာ လုံတံရှည်တွေနဲ့ အောက်ကနေ ဝိုင်းပစ်နေကြတယ်။ လုံတစ်ချောင်းက ကျွန်တော့်ဂွကြားကနေ သီသီလေး။

ခရာဟောင်းကြီးက ဆန်ကောနှစ်ချပ်ကို ခပ်ပြီး မြင့်နိုင်သမျှ မြင့်အောင်ပျံတယ်။

အောက်ကိုကြည့်လိုက်တော့ ဆိုင်နိုတွေဟာ ကနိဒီဝင်ပူးထားတဲ့ သစ်ပင်ကြီးကို တိုက်ခိုက်နေကြတယ်။

"ရှီး"

ဝုန်းခနဲ လက်သည်းကြီးတစ်ဖက်က ကျွန်တော်တို့ကို လှမ်းရိုက်လိုက်တာမြင်ရတယ်။

လှည့်ကြည့်လိုက်တော့..သခင်ကြီးနာဒစ်ရှ် ဆိုတဲ့ သတ္တဝါ။

သူကလည်း ဝတ်ရုံကြီးနဲ့ ခုန်ဆွ ခုန်ဆွလုပ်ပြီး ကျွန်တော်တို့နောက် လိုက်လာနေတာ။ သူတစ်ခါခုန်လိုက်တိုင်း ပေနှစ်ဆယ်သုံးဆယ်လောက်ထိ မြင့်တယ်။

နာဒစ်ရှ်ဟာ ဆိုင်နိုဆက်ဖလိုင်ပုံစံ မဟုတ်တော့ပဲ...ခြေတံ၊ လက်တံတွေအရှည်ကြီးနဲ့ ခန္ဓာကိုယ်က ကိုင်းကိုင်း၊ အစွယ်တဖွားဖွား ပုံစံ ကို တဖြည်းဖြည်း ပြောင်းလာနေတယ်။

Skinwalker ဆိုတာ ဒါမျိုးပဲ။

ခရာဟောင်းနဲ့ ကျွန်တော် စီးလာတဲ့ မောင်းတံနောက်မြီးကို နာဒစ်ရှ်ရဲ့ လက်ဝါးနဲ့ ပုတ်ချတာ ခံလိုက်ရတယ်။

ခရာဟောင်းလည်း ဆန်ကောနှစ်ချပ်လက်က လွတ်ပြီး မြေပေါ် တလိမ့်ခေါက်ကွေး ပြုတ်ကျ။

ကျွန်တော်လည်း ခရာဟောင်းခါးကို ဖက်ထားရာကလွတ်ပြီး အနားက မြေပြင်ပေါ် အရှိန်ပြင်းပြင်းနဲ့ ကျတယ်။

နာဒစ်ရှ်ဟာ မြေပေါ်ကျနေတဲ့ ခရာဟောင်းကို သူ့ခြေတန်ရှည်ကြီးနဲ့

ကန်ထုတ်လိုက်တယ်။ ပိန်ကိုင်းကိုင်းခရာဟောင်းကြီးခမျာ အဝေးကို လွင့်သွားလေရဲ့။

အနောက်ဘက်မှာတော့ ဆိုင်နိုဆက်ဖလိုင်တွေဟာ အုံနဲ့ ကျင်းနဲ့။

သူတို့ရှေ့မှာ ပြေးနေတာက ကန်ဒီ။ ကန်ဒီဟာ သစ်ပင်တစ်ပင်လို လေထဲမှာ ယိမ်းနွဲ့ပြီး ရွေ့လျားနေတာ။

"အာ"

ကန်ဒီ့ဘက် အာရုံစိုက်နေတုန်းမှာပဲ ကျွန်တော့်ရင်ဘတ်ဟာ တစ်ခုခုနဲ့ ဖိနင်းတာခံလိုက်ရတယ်။

နာဒစ်ရှ်ရဲ့ ခြေထောက်ရှည်ကြီးဟာ ကျွန်တော့်ရင်ဘတ်ပေါ်မှာ။ ခြေသည်းဝါဝါကြီးတွေနဲ့ ရိုးတံငေါငေါခြေဖဝါးတွေဟာ ရွံစရာကောင်းလိုက်တာ။

"တောက်"

ပျစ်ချွဲချွဲအရည်တစ်စက်ဟာ ကျွန်တော့်မျက်နှာပေါ်ကျလာတယ်။ ကျွန်တော် မော့ကြည့်လိုက်တော့...ဖိဖရက်ကြီး။ ခြေတံရှည်ရှည်၊ မျက်လုံးပြူးပြူး၊ နားရွက်ရှည်ရှည်နဲ့ ကန်ဒီရဲ့ မိတ်ဆွေသဘက်ကြီး။

ဖိဖရက်ကြီးဟာ နာဒစ်ရှ်ရဲ့ ရင်ဘတ်ကို စောင့်တွန်းလိုက်တယ်။ နာဒစ်ရှ်ဟာ အနောက်ကို ဖင်ထိုင်လျက်ကျသွားလေရဲ့။

"ဟိတ်...ခွေးဆိုး"

ဖိဖရက်ရဲ့ ပခုံးပေါ်မှာ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်။

ဆံပင်က ခပ်တိုတို၊ Black Pink အဖွဲ့ပုံပါတဲ့ တီရှပ်အဖြူနဲ့ ဂျင်းပန်အပြာကို ဝတ်ထားပြီး မျက်လုံးကို လိုင်နာအနက်ဆိုးထားတယ်။

သူ့လက်ထဲမှာ Vape တစ်ချောင်းကို ကိုင်ထားပြီး..ခပ်ပြင်းပြင်းရှိုက်လိုက်တယ်။

"ခွေးဆိုးတွေကို နှိမ်နင်းကြ"

Vape အငွေ့တွေကို မီးခိုးတန်းကြီး ဖြစ်အောင် မှုတ်ထုတ်လိုက်ချိန်မှာတော့ မီးခိုးငွေ့ထဲကနေ အစိမ်းရောင်မိန်းကလေးတွေ ရာနဲ့ချီပြီး ထွက်ပေါ်လာကြတယ်။

ဒါ...ကန်ဒီကျွန်တော့်ကို တစ်ခါပြောဖူးတဲ့ ငှက်ပျောပင်မှာ ကပ်နေတဲ့

နန်းထာနီဆိုတဲ့ တစ္ဆေမလေးတွေ။

ဆိုင်နိုဆက်ဖလိုင်အုပ်စုကြီးနဲ့ နန်းထာနီတို့ဟာ ရောထွေးတိုက်ခိုက်နေကြတယ်။ထူးဆန်းတာက ပတ်ချာလည်က သစ်ပင်ကြီးတွေပါ အသက်ဝင်လာပြီး ဆိုင်နိုတွေကို ဝင်တိုက်တာပဲ။

နာဒစ်ရှ်ဟာလည်း တဖြည်းဖြည်း ခြေတံကြီးပိုရှည်လာပြီး လင်းနို့တစ်ကောင်လိုမျက်နှာဖြစ်သွားတယ်။ ပြီးတော့ ဖိဖရက်ကြီးကို သူ့လက်သည်းတွေနဲ့ ကုတ်ပြီး တိုက်ခိုက်ပါတော့တယ်။

လေးလေးကန်ကန်ကြီးဖြစ်နေတဲ့ ဖိဖရက်ကို နာဒစ်ရှ် ခပ်ခွာခွာနေပြီး လက်သည်းနဲ့တိုက်ခိုက်ပါတယ်။

"ဝုန်း"

နာဒစ်ရှ်ရဲ့ ခြေထောက်တစ်ချောင်းဟာ မြေပေါ် ကနေ မြောက်သွားပြီး လဲကျသွားပါတယ်။

ကျွန်တော်ကြည့်လိုက်တော့..အနက်ရောင် ဖာရာရီ ပြိုင်ကားတစ်စီးက နာဒစ်ရှ်ကို အရှိန်နဲ့ ဝင်တိုက်လိုက်တာ။

ကားက ကျွန်တော့်ဘေးမှာရပ်လိုက်ပြီး တံခါးပွင့်လာတယ်။

"ကဲ..သားကြီး..တက်...အချိန်မရှိဘူး"

ခုန ဖိဖရက်ရဲ့ ပခုံးပေါ်မှာထိုင်ပြီး Vape သောက်နေတဲ့ ကောင်မလေး။ ကန်ဒီရဲ့ သူငယ်ချင်းပဲနေမယ်။

ကျွန်တော်အားယူထပြီး ကားပေါ်တက်လိုက်တယ်။

"ခါးပတ်ပတ်ထား..သားကြီး..ငါက စောက်ရမ်းမောင်းမှာ"

ကောင်မလေးဟာ ကားကို ဝူးခနဲ မောင်းထွက်သွားပါတယ်။ ဟ..စောက်ခွေး..ကားကြီးက မိုးပေါ်ပျံတက်သွားတာဟ။

မိုးပျံကားဟ့။ ဟယ်ရီပေါ်တာရုပ်ရှင်လိုပဲဟ။

"သားကြီး..ဘယ်လိုလဲ..မိုက်တယ်..မဟုတ်လား"

"ငါ့ သားကြီး ခေါ်နေရအောင်...နင်က ဘယ်သူလဲ..ငါ့ညီမလောက်ပဲရှိမယ်"

ကောင်မလေးက တစ်ချက်ရယ်တယ်။

"နင့်အမေဘက်က အဘွားရဲ့ အဘွားတောင် ငါမြေးလောက်ပဲ ရှိဦးမယ်..သားကြီးရေ"

"ခင်ဗျားက ဘယ်သူလဲ"

"ရှင်ဖဲဝါ"

"ဟမ်...သင်္ချိုင်းကုန်းစောင့် မဖဲဝါဆိုတာလား"

"ထို့..အခေါ်အပြောမတတ်လိုက်တာ...အပြည်ပြည်ဆိုင်ရာသင်္ချိုင်းများကော်မတီရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဟဲ့."

"ကျွန်တော့်အမေကို သင်္ချိုင်းမှာ ခင်ဗျားကယ်ခဲ့တာပေါ့"

"အေး..ဟုတ်တယ်..နင်တို့ စောက်ဇယားတွေထဲ ငါပါညပ်သွားတာပေ့...ပေ့..ဟိုမှာ ကရာစူး..နဲ့ နင့်ခွေးလေး"

သူမေးငေ့ါပြတဲ့ဆီ ကျွန်တော်ကြည့်လိုက်တော့ လေထဲ လွင့်မျောနေတဲ့ အမျိုးသမီးခေါင်းပြတ်ကြီးတစ်လုံး။

ခေါင်းပြတ်ကြီးအောက်က တွဲလောင်းကျနေတဲ့အူတွေဟာ ကီး ကို ရစ်ပတ်သယ်လာတယ်။

"ပေ့..ကရာဆူး..ခွေးလေးကို နောက်ခန်းထဲထည့်ပြီး...ဟိုတိုက်ပွဲကို အမြဲသွားကူလိုက်..နင့်ဘဲကြီး ခရာပေါင်း ခံနေရလားမသိဘူး"

ကီး ဟာ ဘုတ်ခနဲ ကားနောက်ခန်းကို ရောက်လာတယ်။

အမြီးကုပ်နေရှာတဲ့ ကီးဟာ ကျွန်တော့်အနံ့ကိုရတော့ ချက်ချင်းပဲ အမြီးနှံ့ပြီး ပေါင်ပေါ်ခုန်တက်တာပဲ။

"ကီးရယ်..တော်ပါသေးရဲ့ကွာ"

"အလွမ်းနောက်မှသယ်..သားကြီး..ကားဒက်ရှ်ဘုတ်ကို ဖွင့်လိုက်..နင့်ပစ္စည်းတွေရှိတယ်...ရှေ့ဆို ဆိုင်နိုဆက်ဖလိုင်တံတားကို ရောက်တော့မယ်"

ကျွန်တော် ကားဒက်ရှ်ဘုတ်ကို ဖွင့်လိုက်တော့ သဲနာရီအနက်၊ မှန်ဘီလူးနက်နဲ့ လက်ဝါးကပ်တိုင်အနက်ကို တွေ့တယ်။

"ပစ္စည်းတွေသေချာထည့်ပြီးရင် ကိုင်ထားတော့..ဒိုင်မေးရှင်းမီဒီယမ်ကို

ဖြတ်ပြီးရင်..အောက်ဆင်းပြီ"

ကားဟာ အလှ္ဖာပါးပါးတစ်ခုလိုအရာကို ဝင်တိုးပြီး ခပ်လေးလေးကျော်ဖြတ်သွားတယ်။

ဒီဘက်ကောင်းကင်ဟာ နေရောင်ခြည်အောက်မှာ ပိုမိုလင်းမြနေသလိုပဲ။

ကားဟာ မြေပြင်ပေါ် ခပ်ကြမ်းကြမ်းဆင်းလာပြီး ဘရိတ်အုပ်လိုက်တယ်။

"ဟဲ့...ဖဲဝါ...ငါ့ကား ဘာမှ ထိခိုက်မလာပါဘူးနော်"

ကားဘေးမှာ ဘယ်တုန်းက ရောက်လာမှန်းမသိတဲ့ သက်လတ်ပိုင်းအမျိုးသမီးတစ်ယောက်။

ရင်ညွန့်ပေါ်နေတဲ့ အနက်ရောင်ကိုယ်ကျပ်အကျႌ၊ လယ်သာဘောင်းဘီအနက်နဲ့ လည်ရှည်ဖိနပ်ကို ဝတ်ထားတယ်။

နှုတ်ခမ်းထူထူတွေကို အနက်ရောင်အပြည့်ဆိုးထားပုံက ဆွဲဆောင်မှုရှိနေတယ်။

ခန္ဓာကိုယ်ကောက်ကြောင်းက တောင့်တောင့်ဖြောင့်ဖြောင့်မှာ ဆံပင်နက်မှောင်မှောင်တွေက အရှည်ကြီး။ ကျွန်တော်တို့ ငယ်ငယ်ကနာမည်ကြီးခဲ့တဲ့ မက်ဒေါနားတို့၊ ရှယ်ရွန်စတုံး တို့ကိုတောင် သွားသတိရမိသေး။

မဖဲဝါဟာ အဲ့ဒီ အမျိုးသမီးအကိတ်ကြီးရှေ့မှာ ဒူးထောက်လိုက်တယ်။

"ကားငှားပေးလို့ ကျေးဇူးတင်ပါတယ်..သခင်မကြီး"

"ကဲ...လုပ်စရာရှိတာဆက်လုပ်ကြတော့..နေဝင်တော့မယ်..ဘာမှ မလွဲစေနဲ့နော်.ငါသွားပြီ"

မက်ဒေါနားကြီးဟာ ကားပေါ်ကို စတိုင်ကျကျတက်ထိုင်တယ်။ ပြီးတော့ အဲဒဲရဲ့ သီချင်းတစ်ပုဒ်ကို ကျယ်ကျယ်လောင်လောင်ဖွင့်ပြီး ကားကို ဝူးခနဲ မိုးပေါ်မောင်းတက်သွားတော့တယ်။

"အဲ့ဒါကရော..ဘယ်သူကြီးလဲ..အကိတ်ကြီးနော်"

"အာမချောင်နဲ့..သားကြီး..အဲ့ဒါ အနောက်ရေယဉ်ကတော်ကြီးလိုခေါ်တယ်..အမေရေယဉ် ဆိုတာပေါ့...စုန်းကဝေအောက်လမ်းတွေရဲ့ အခေါင်အချုပ် CEO ပဲ..နင့်လောက်ကို

ဖင်နဲ့ခေါင်းနဲ့ ဆွဲစိပစ်လိုက်လို့ရတယ်"

"ဩော်...ဒီဇိုင်းက အဂေါ်မို့ သဘောကျလို့ပါ"

"ကဲ..စကားမများနဲ့တော့....ရှေ့ကချောင်းလေးကိုကျော်ရင်..နင့်ပြဿနာစခဲ့တဲ့ ရွာလမ်းပဲ...သဲနာရီနဲ့အတူ အတိတ်ကို ပြန်သွားတော့..ငါလည်း ကန်ဒီကို သွားကူရဦးမယ်"

မဖဲဝါညွှန်ပြတဲ့ နေရာကို ကြည့်လိုက်တော့...ကျွန်တော် လမ်းလျှောက်နေကျ ရွာလမ်း။

"နင့်ခွေးလေးပါ..ခေါ်သွား...နင်တို့အတူရင်ဆိုင်ရမှာ"

ကျွန်တော် ပစ္စည်းတွေကို တစ်ချက်စစ်ပြီး..ကီး ကို ပွေ့ချီလိုက်တယ်။

ခြေသလုံးလောက်ရှိတဲ့ ချောင်းကလေးကို ဖြတ်ကူးပြီးတဲ့နောက်မှာတော့ ရွာလမ်းဆီ ပြန်ရောက်ပါပြီ။

သဲနာရီကို ထုတ်လိုက်တယ်။

ပြီးတော့...သဲအပြည့်ပါတဲ့ဘက်ကို အပေါ်မှာထားပြီး ဝင်လက်စနေရောင်အောက်မှာ ကျွန်တော် ထောင်လိုက်တယ်။

သဲတွေ တဖြည်းဖြည်းကျသံနဲ့အတူ နေရောင်ခြည်ဟာ အရှေ့ဘက်ကို ပြန်ဦးတည်နေသလိုမျိုး။ အလင်းနဲ့ အမှောင်ဟာ ခတ်ပုံကင်မရာမီးလင်းသလိုမျိုး။

အရောင်တွေတဖြတ်ဖြတ်၊ အလင်းတွေ တလက်လက်၊ အမှောင်တွေက အထပ်အထပ်။

ရွာလမ်းရဲ့ ညနေတစ်ခုကို ကျွန်တော် ပြန်ရောက်သွားတယ်။ ကျွန်တော့်ဘေးမှာလည်း ကီး ဟာ သူ့မျက်လုံးပြူးပြူးကြီးနဲ့ ဟိုကြည့်ဒီကြည့်။

ရိုးချောင်းရဲ့ဘေး ကုက္ကိုရ်ပင်အုပ်အုပ်နဲ့ အင်းကန်ရေပြင်ကြားမှာ ဟိုငါးဖမ်းသမား သုံးယောက်ဟာ သူတို့ပစ္စည်းတွေကို သိမ်းဆည်းနေကြတယ်။

ဥယျာဉ်ခြံဘက်ဆီက စူးစူးဝါးဝါးအော်သံတစ်ခုကြားလိုက်တယ်။ ငါးဖမ်းသမားတွေဟာ အလန့်တကြားနဲ့ ဝါးတံတားလေးကနေ ကူးလာကြတယ်။

ဒါ..အဖိုးပြုံး ခေါ် ထိုဆမ်ရဲ့ အသံပဲ။

ကျွန်တော်လည်း သူတို့နောက်က အသာလေးလိုက်သွားတယ်။ အဲ့ဒီနေ့က

ဘာတွေဖြစ်ခဲ့တာလဲဆိုတော့ မကြာခင် အဖြေရတော့မယ်။

ဥယျာဉ်ခြံရဲ့ အနောက်ဘက် သစ်သားနှစ်ထပ်အိမ်လေးဆီ ငါးဖမ်းသမားတွေဟာ ပြေးလွှားဝင်သွားကြတယ်။

ကျွန်တော်လည်း အဆောက်အဦရဲ့ ဘေးဘက်ကို ကပ်ပြီး အသာချောင်းကြည့်လိုက်တယ်။

ငါးဖမ်းသမားသုံးယောက်ဟာ ရုတ်တရုတ်မြင်ကွင်းကို အံ့သြမင်သက်နေကြတာပါ။

အဘိုးကြီးထိုဆမ်ရဲ့ ချစ်စရာခွေးလေးဟာ ခြေတံရှည်ရှည်၊ လက်တံရှည်ရှည်၊ အစွယ်ငေါငေါနဲ့ skinwalker သတ္တဝါတစ်ကောင်အသွင်ပြောင်းပြီး မတ်တတ်ရပ်နေပါတယ်။

သူ့ခြေရင်းမှာတော့ အဘိုးကြီးထိုဆမ်ဟာ သူ့ရဲ့ ချစ်စရာအိမ်မွေးတိရိစ္ဆာန်လေးရဲ့ ကြောက်မက်ဖွယ်ရာအသွင်ပြောင်းလဲမှုကို ထိတ်လန့်နေတဲ့ မျက်နှာနဲ့ ကြည့်ရင်း လဲကျလို့။

ငါးဖမ်းသမားတစ်ယောက်ဟာ သူ့ခါးကြားက ဓားနဲ့ သတ္တဝါကြီးကျောကို ထိုးဆိုက်လိုက်ပါတယ်။

ဒါပေမဲ့လည်း သတ္တဝါကြီးရဲ့ လက်တွေကသူ့လည်ပင်းကို နောက်ပြန်ထိုးဖောက်ပြီး နွယ်ပင်တွေလို ရစ်တွယ်လိုက်တယ်။

ငါးဖမ်းသမားရဲ့ နားရွက်တွေထဲကနေ ခွေးနားရွက်လိုဖားဖားကြီးတွေထွက်လာတယ်။

ကျန်တဲ့ငါးဖမ်းသမားနှစ်ယောက်က သတ္တဝါကြီးကို ဝင်ပြီး တိုက်ခိုက်ကြတယ်။

အဲ့ဒီအချိန်မှာပဲ လေပြင်းသံ ခပ်ကြမ်းကြမ်းကြားရတယ်။

လေထဲမှာ လွင့်မျောလာတဲ့ ဆိုင်နိုဆက်ဖလိုင်တစ်ကောင်ဟာ အဘိုးကြီးရဲ့ ခန္ဓာကိုယ်ထဲ ပူးဝင်သွားတာ မြင်လိုက်ရ။

"တံတားဆီပြေး...တံတားကို ဖျက်စီးရမယ်..တံတားကို"

နားထဲမှာ ကန်ဒီရဲ့အသံလိုလို၊ မဖဲဝါအသံလိုလို ဝေးဝေးကလာတဲ့ အသံကို ကြားလိုက်ရတယ်။

မျက်စိရှေ့မှာပဲ အဘိုးကြီးရဲ့ ခန္ဓာကိုယ်နဲ့ သတ္တဝါကြီးရဲ့ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်း ပေါင်းစည်းသွားကြတယ်။

ဒါ..ဒါ..နာဒစ်ရှ်ပဲ။ ဆိုင်နိုဆက်ဖလိုင်နဲ့ Skinwalker ပေါင်းစပ်မှုကနေ နာဒစ်ရှ်ဖြစ်သွားတာပဲ။

နာဒစ်ရှ်ဟာ မြေပြင်မှာ ချွေးနားရွက်တွေ၊ နှုတ်သီးတွေထွက်ပြီး အော်ဟစ်လူးလိမ့်နေကြတဲ့ ငါးဖမ်းသမားတွေဆီ ဦးတည်သွားနေတယ်။

"ချွတ်"

ရုတ်တရုတ် ကျွန်တော်ခြေထောက်အောက်က သစ်ကိုင်းခြောက်က ကျိုးသွားတဲ့အသံ။

နာဒစ်ရှ်ဟာ အမှောင်ထဲက ကျွန်တော့်ကို စူးစူးရဲရဲကြည့်လိုက်တယ်။

သွားပြီ။ ကျွန်တော်လည်း တံတားရှိရာကို အမြန်ပြေးထွက်လာလိုက်တယ်။

နောက်က လိုက်လာတဲ့ ခြေသံခပ်ပြင်းပြင်း။

လရိပ်အောက်မှာ တံတားကို မြင်နေရပြီ။ ဒါ ဆိုင်နိုဆက်ဖလိုင်တံတားပဲ။

"ဝုန်း"

ကျွန်တော့်ကျောပြင်ဟာ အရှိန်နဲ့ စောင့်တွန်းခံလိုက်ရတယ်။

ပထမတစ်ကြိမ်တုန်းကလိုပဲ နာဒစ်ရှ်ဟာ သူ့ခြေထောက်ကြီးနဲ့ ကျွန်တော့်ရင်ဘတ်တည့်တည့်ကို ဖိနင်းဖို့အလာ။

"ဂါး..ခွီး"

ဘယ်ကပေါ်လာမှန်းမသိတဲ့ ခွေးကလေး ကီး ဟာ နာဒစ်ရှ်ရဲ့ ခြေထောက်ကို ခုန်ပြီး ကိုက်လိုက်ပါတော့တယ်။

ဟန်ချက်ပျက်သွားတဲ့ နာဒစ်ရှ်ဟာ ကီးကို သူ့လက်ကြီးနဲ့ရိုက်ထုတ်လိုက်တယ်။

ကီးဟာ ခပ်ဝေးဝေးကို လွင့်သွားတယ်။

ဘောင်းဘီအိတ်ထဲထည့်ထားတဲ့ လက်ဝါးကပ်တိုင်အနက်ကို ကျွန်တော်ထုတ်ပြီး ဆုပ်ကိုင်လိုက်တယ်။

လရောင်ရဲ့ ရောင်ဝါတွေဟာ လက်ဝါးကပ်တိုင်အနက်ဆီ စီးဝင်နေတာမြင်ရတယ်။

နာဒစ်ရှ်ဟာ ကျယ်ကျယ်လောင်လောင် အူသံကြီး ပေးပြီး…ကျွန်တော့်ဆီ မျက်နှာမူလိုက်ပါတယ်။

"လက်ဝါးကပ်တိုင်ကဖြတ်လာတဲ့လရောင်ကို မှန်ဘီလူးနဲ့ စုပြီး သူ့နှလုံးတည့်တည့်ကို ချိန်ထိုး"

ကန်ဒီလိုလို မဖဲဝါလိုလို အသံကြားရပြန်ပြီ။

ကျွန်တော့်ဘယ်ဘက်လက်က မှန်ဘီလူးကို ထုတ်ပြီး လက်ဝါးကပ်တိုင်ရှေ့မှာ ခံပြီး နာဒစ်ရှ်ဘက် ချိန်လိုက်တယ်။

အနက်ရောင် အတန်းကြီးတစ်ခုဟာ နာဒစ်ရှ်ဆီ တည့်တည့်မတ်မတ်ပြေးဝင်သွားပြီး…နာဒစ်ရှ်ဟာ အမှုန်တွေအဖြစ် တဖြည်းဖြည်း ပျောက်ကွယ်သွားတော့တယ်။

"တံတားကို ချိုး..တံတားကိုချိုး…ဆိုင်နိုဆက်ဖလိုင်တွေကူးလာနေပြီ"

တံတားဆီ ကျွန်တော်ကြည့်လိုက်တော့ ဆိုင်နိုဆက်ထလိုင်တွေဟာ တစ်ဖက်ကမ်းမှာ။

တံတားပေါ် ကျွန်တော်ပြေးတက်လိုက်တယ်။

တံတားအလယ်ကောင်ရောက်တာနဲ့ လက်ဝါးကပ်တိုင်ကို လရောင်အောက်တည့်တည့်ထောင်လိုက်တယ်။

ရှေ့ဆုံးက ဆိုင်နိုဆက်ဖလိုင်တစ်ကောင်ဟာ ကျွန်တော့်ကို ခုန်အအုပ်။

မှန်ဘီလူးကို ထုတ်ပြီး လက်ဝါးကပ်တိုင်ပေါ်တင်လိုက်တော့တယ်။

"ဝေါ…ဝေါ…ဝေါ"

အနက်ရောင်လေပွေလှိုင်းလိုအရာတွေဟာ တံတားအောက်ကနေ တလိမ့်လိမ့်လည်ပြီး တက်လာနေတယ်။

တံတားပေါ်တက်လာနေတဲ့ ဆိုင်နိုဆက်ဖလိုင်တွေဟာလည်း အဲ့ဒီလေပွေလှိုင်းလို တွင်းနက်ကြီးတွေထဲ ပြုတ်ကျကုန်ကြ။

ကျွန်တော်လည်း ဝါးတံတားကို မြဲမြဲကိုင်ထားရတယ်။

ကိုယ်ပါ အဲ့ဒီတွင်းနက်တွေထဲ ကျလုဆဲဆဲပဲ။

"သဲနာရီ...သဲနာရီ...အချိန်ပြန်ပြောင်းတော့"

ဟော့..သတိပေးသံ။

ဟင်..သဲနာရီ..ကျွန်တော့်အိတ်ထဲ မရှိတော့ဘူး။ သွားပြီ။

ကျွန်တော့်ခန္ဓာကိုယ်တစ်ဝက်ဟာ တွင်းနက်ထဲ ဝါးမြိုခံနေရပြီ။

"ဘုတ်"

အခြေအနေတွေ ရှုပ်ထွေးနေတဲ့ကြားက ကီးဟာ တံတားကိုဖြတ်ပြီး ကျွန်တော့်ဘေး ကို ရောက်လာတယ်။

သူ့ပါးစပ်မှာ ကိုက်ထားတာ..သဲနာရီ။

ကျွန်တော် သဲနာရီကို အမြဲယူလိုက်တယ်။ ပြီးတော့ သဲအပြည့်ပါတဲ့ဘက်ကို အပေါ်ထောင်ချလိုက်တော့တယ်။

"လ''ဟာ ကောင်းကင်မှာ ပြောင်းပြန်ပြန်သွား။ အမှောင်ကနေ အလင်း။ အလင်းကနေ အမှောင်။

ကျွန်တော့်ခန္ဓာကိုယ်ကို တစ်စုံတစ်ရာက ဆွဲယူသွားသလိုမျိုး။

ပြီးပြီ။ အားလုံးပြီးပြီ။

အလင်းရောင်ဖျော့ဖျော့က ကျွန်တော့် မျက်လုံးနှစ်လုံးကို စူးခနဲ။

မျက်လုံးတွေကို ဖွင့်လိုက်တယ်။

ငါ လွတ်မြောက်ခဲ့ပြီပဲ။

ကျွန်တော် သက်ပြင်းချလိုက်တယ်။ သက်ပြင်းရှူထုတ်လိုက်တဲ့လေဟာ ကျွန်တော့်ရင်ဘတ်ကို ခပ်ပြင်းပြင်းရိုက်သွား။

''နိုးလာပြီလား''

နူးနူးညံ့ညံ့လက်ကလေး တစ်ဖက်ဟာ ကျွန်တော့်ရင်ဘတ်ပေါ်ရောက်လာတယ်။

ကန်ဒီလား။ မဖဲဝါလား။

"ပလပ်..ပလပ်"

ရုတ်တရက် ကျွန်တော့်ပါးကို အလျက်ခံလိုက်ရတယ်။

"စိတ်ပူလိုက်ရတာ..သခင်ရယ်"

"ဟာ"

ကျွန်တော်ငုတ်တုတ်ထထိုင်လိုက်တယ်။

ကျွန်တော့်ဘေးမှာ ဝစ်လစ်စလစ်ပုံစံနဲ့ လှဲလျောင်းနေတဲ့ ဒါဝါ။

"မဟုတ်သေးဘူး"

ကျွန်တော် ကမန်းကတန်းထပြီး နံရံမှာ ထောင်ထားတဲ့ ရွှေရောင်မှန်ကြီးရှေ့ ရပ်လိုက်တယ်။

ကျွန်တော့် မျက်နှာဟာ...ခွေးတစ်ကောင်လိုမျိုး..နှုတ်သီးရှည်ရှည်၊ နားရွက်ဖားဖားနဲ့။

နောက်ကနေ သိုင်းဖက်လိုက်တဲ့ ဒါဝါရဲ့ နှုတ်သီးချွန်ချွန်တွေဟာ ကျွန်တော့်ကျောပေါ်မှာ လာထောက်။

"နာဒစ်ရှ် မရှိတော့ဘူး..သခင်...ဒီတိုင်းပြည်ဟာ ဟော့ဒီကသခင်ကြီးအာလီကပ်နဲ့ ကျွန်တော်မျိုးမအတွက်ပဲ"

ခက်ဇော်

ရှာလမ်း ပြီးပါပြီခင်ဗျာ။

ကျေးဇူးတင်ခြင်း

တကယ်တော့ ဒီဇာတ်လမ်းဟာ မထင်မှတ်ပဲ ရေးဖြစ်သွားတာပါ။

ကျွန်တော်ဟာ စာရေးခြင်းကို ဝါသနာကြီးသလို စာရေးခြင်းနဲ့ အသက်မွေးပါတယ်။

ဒါပေမယ့်.ကျွန်တော့်ယုံကြည်ချက်အရရော..အခြားသော..အခြေအနေအရပ်ရပ် ကျွန်တော့်ရဲ့ စာအုပ်အသစ်တွေဟာ ပရိသတ်တွေဆီ ထုတ်ဝေဖို့ ခက်ခဲခဲ့ရတယ်။

ပြီးတော့..စာရေးတာကလွဲပြီး ဘာမှမလုပ်တတ်တဲ့ သူတစ်ယောက်အတွက်.တိုင်းတပါး ရပ်ခြားမှာလည်း ဖြစ်တဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာအရ ခက်ခဲလာပါတယ်။

တခြား ဘဝတွေ၊အသက်တွေပေးနေရသူတွေထက်စာရင် ဒီအခက်အခဲက ဘာမှ မဟုတ်ပါဘူး။

ဒီလိုနဲ့ ကိုယ့်ဟာကိုယ် တပွေတည်း စိတ်ဓာတ်ကျနေချိန် ဘာမှ မရေးတော့ပဲ.. ကျွန်တော်လက်ရှိနေတဲ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ပြင် ရွာလေးရဲ့ လမ်းမှာ ညနေခင်းတိုင်း လမ်းလျှောက်ရင်း စိတ်ကို ဖြေသိမ့်ဖို့ကြိုးစားရတယ်။

အဲ့ဒီလမ်းမှာပဲ ဒီဇာတ်လမ်းကို ရေးဖို့စတင်မိတယ်။ တကယ်တော့... စာအုပ်မထုတ်ရလည်းပဲ.. စာဖတ်သူရှိတယ်။ ရေးစရာပလက်ဖောင်းရှိတယ်။

စာဖတ်သူနဲ့ စာရေးသူကြားက ချစ်ခြင်းမေတ္တာအရ...ငါက စာတွေဆက်ရေးနေရမှာပေါ့ဆိုပြီး.... ရွာလမ်းကို ဖန်တီးပါတယ်။

ရွာလမ်းဟာ ကျွန်တော်ရေးနေကျလိုင်းမဟုတ်ပါဘူး။ ကျွန်တော်ကျွမ်းကျင်ရာလည်းမဟုတ်ပါဘူး။

ညစ်ညစ်နဲ့ စိတ်ထွက်ပေါက်အဖြစ် စိတ်ကူးပေါက်ရာတွေရေးရင်း ဝတ္ထုတပုဒ်အဖြစ် ရုပ်လုံးပေါ်လာပါတယ်။

ဒီအထိစောင့်ဖတ်ပေးကြတဲ့ ပရိသတ်ရော၊ ခင်ဗျားဟာက ဘာကြီးလဲဆိုပြီး ဆက်မဖတ်ဖြစ်တော့တဲ့ ပရိသတ်တွေကိုပါ ကျေးဇူးအထူးတင်ပါတယ်ဗျိုး။

ခက်ဇော်။

Whisper Of Words

mm-lib.com